





အမျိုးသားစာပေဆုရ

# မြန်မာ့စဉ်လာနက္ခတ်တာရာ
# အမြင်ကြည့်သင်ခန်းစာ
# နှင့်
# နေ့ပတ်ကြန္တီဇယားချုပ်



ဦးမိုး

# မြန်မာ့စဉ်လာနက္ခတ်တာရာ

# အမြင်ကြည့်သင်ခန်းစာ

၁၉၆၈ ခုနှစ်၊ အမျိုးသားစာပေ

သုတပဒေသာဆု ဒုတိယ

# မြန်မာ့စဉ်လာ နက္ခတ်တာရာ

# အမြင်ကြည့်သင်ခန်းစာ

SARPAY BEIKMAN PUBLIC LIBRARY
Acc. No ..........
E-BOOK

ပထမနှိပ်ခြင်း၊ ၁၉၇၄၊ အုပ်ရေ ၅၀၀၀

ရန်ကုန်မြို့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုး၊ (မှတ်ပုံတင် အမှတ် ၀၄၈၁)က တာဝန်ခံထုတ်ဝေသည်။

စာပေဗိမာန် ပုံနှိပ်တိုက်အတွက်
မဟာသိရိပုံနှိပ်တိုက် ဒေါ်ခင်ယဉ်(၀၂၉၀)
အမှတ် ၁၇၄၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့က
ပုံနှိပ်ပေးသည်။

# နိဒါန်း

## ၁

### မြန်မာနှင့် နက္ခတ်တာရာ

မြန်မာစာပေကို ကျွန်တော်တို့လက်လှမ်းမှီသမျှ ဖတ်ရှုလေ့လာကြရာတွင် အချက်တခုကိုကောင်းစွာ သတိသားမိသည်။ ထိုအချက်မှာ "မြန်မာတို့သည် နက္ခတ္တဗေဒနှင့် ကျွမ်းကျွမ်းဝင်ဝင် ရင်းနှီးဝင်ဆံ့ခဲ့ကြသည်" ဟူသော အချက်ပင်ဖြစ်တော့သည်။

ပုဂံခေတ် ကျောက်စာများတွင် နှစ်အမည်များကို နက္ခတ်နာမည်ပေးထားသည်ကို ကျောက်စာဘိုင်းလိုလို၌ပင် တွေ့ရသည်။

အင်းဝခေတ်ပျို့ မော်ကွန်းချင်း တောလားများ၌ ၎င်း၊ ကုန်းဘောင်ခေတ်ပျို့-လေးချိုး လေးချိုး တေးထပ် ယံချို ဧချင်းတို့၌၎င်း၊ နက္ခတ်အမည်နာမများ အတိုင်း သင်္ကေတန်များ၊ တာရာတို့၏ ပုံပန်းများကို အများအပြား တွေ့မြင်ရဖတ်ရှုရပြန်သည်။

အနယ်နယ်အရပ်ရပ်သို့ သုတေသန ခရီးထွက်ကြသော အခါတွင်လည်း ပေပုံပုရပိုက်ပုံတို့အကြားတွင် နက္ခတ်ကျမ်း အဆူဆူတို့ကို တွေ့မြင်ခဲ့ရသည်။ ရောင်စုံနက္ခတ် ပုရပိုက်များ ကိုလည်း အံ့ဩဖွယ်တွေ့ရသည်။

ဤအခါတွင် ကျွန်တော်သည် မြန်မာတို့၏ရိုးရာစဉ်လာ နက္ခတ်ပညာကို ရှိသေမိလာသည်။ မိရိုးဖလာ အမွေအနှစ် တရပ်ဖြစ်သော နက္ခတ်ပညာသည် ဤမျက်မှောက်ခေတ်၌ တိမ်ကောစပြုလာသည်ကိုလည်း သတိထားမိသည်။

အညာဒေသတွင် ဘုန်းတော်ကြီးကျောင်းများ၌နက္ခတ် ပညာကိုပင် သင်ရိုးတခုအဖြစ် သင်ကြားပို့ချသည်ကို ၁၉၄၀-ခုနှစ်ခန့်အထိ တွေ့ရ သိရသင်ယူခဲ့ရသည်။ ယခုမူ ဤသို့ပို့ချခြင်းရှားပါးလှလေပြီ။

ကျွန်တော်တို့ လက်ထက်တွင်မိရိုးဖလာနက္ခတ်ပညာကို ပိုမိုတိကျအောင် တိုးတက်အောင်သာပြုသို့ရှိသည်။ ဤသို့ မပြုနိုင်သော် ထိန်းသိမ်းထားနိုင်ဘိုကား အများကြီးလိုအပ် သည်။ သို့သော် ဤသို့မဟုတ်ပြီ၊ တစတစ ဆုတ်ယုတ် လာရာနောက်ဆုံး၌လုံးဝ ပျောက်ကွယ်သွားမည်ကိုပင်စိုးရိမ် ရာဖြစ်နေတော့သည်။



ဤသို့ရှိစဉ်တွင် ဆရာမင်းသုဝဏ်က ငွေတာရီမဂ္ဂဇင်း၌ နက္ခတ်ကိစ္စတို့ကိုအစဉ်တစိုက်ရေးသား ပြုစုလာရာ ပညာရှင် အများအသည်ရင်း၊ စာဖတ်ပရိသတ်အချို့သည်ရင်း မြန်မာ့ နက္ခတ်ပညာကို လေးစားရကောင်းမှန်း သိလာကြသည်။ ထို့ကြောင့် ဝမ်းမြောက်အားတက်မိသည်။

၂

## နက္ခတ်ဆရာ ရှာပုံတော်

ကျွန်တော်သည် ဖခင်၏ ညွှန်ပြမှုကြောင့် နက္ခတ် ၂၇လုံး ကို၎င်း၊ တာရာအချို့တို့ကို၎င်း။ ငယ်စဉ်ကပင် သိရှိနား လည်ခွင့်ကြုံခဲ့ရ၏။ နက္ခတ်ပညာကို ပို၍လေးစားမိသည်နှင့် အမျှ ပို၍ ပြည့်စုံအောင် အညီးပွားသင်ယူလိုသဖြင့် ဆရာ အဆူဆူထံချဉ်းကပ်ရတော့၏။ သို့ရာတွင် အရွေ့သာသိ၍ အမြင်မပေါက်ကြသည်ချည်းဖြစ်နေသည်ကိုတွေ့ရ၍ "မြန် မာ နက္ခတ်ပညာကို တိမ်ကော လေပြီလော" ဟု ပူပန် မိ၏။

သို့ဖြင့် စိတ်ပျက်အားလျော့နေရာ တနေ့တွင် မုံရွာ ခရိုင် ဘုတလင်မြို့နယ် ယန်းလေးကုန်းရွာ နက္ခတ်ဆရာကြီး ဆရာမိုးအကြောင်းကို ကြားလာရ၏။ ဆရာမိုးမှာ နက္ခတ်

ပညာကို ကောင်းစွာကျွမ်းကျင် သိမြင်ကြောင်း သတင်းကြားရတော့၏။ ထိုအခါ ကျွန်တော်မှာ များစွာ ဝမ်းမြောက်မိပါသည်၊ ပညာရှာမှီးရန် အားခဲနေမိသည်။ သို့သော်အထွေထွေကိစ္စတို့မှ မရုန်းနိုင် မထွက်နိုင် ဖြစ်နေရာတပည့်အဖြစ် မခံယူနိုင်သေးချေ။

ကျွန်တော်၏ ကျောင်းနေဖက် သူငယ်ချင်း စန္ဒယားချစ်ငွေမှာယုန်လျောကုန်းရွာသားဟု သတိရသည်နှင့်မန္တလေးဆရာအတတ်သင်ကောလိပ်ဂီတကထိက ဦးချစ်ငွေ (စန္ဒယားချစ်ငွေ)ထံ သွားရောက်၍ ဆရာမိုးအကြောင်းကို စုံစမ်းရာသူ၏ဖခင်ဖြစ်နေတော့သည်။ ကျွန်တော့်အကြောင်းကိုသိသော ကိုချစ်ငွေသည် သူ၏ဖခင်ဆရာမိုးကို မန္တလေးသို့ဘုရားဖူးရင်း အလည်ခေါ်လာလေတော့သည်။ သို့ဖြင့်ကျွန်တော်၏အလိုဆန္ဒပြည့်ဝပါတော့သည်။

၃

## ဆရာမိုးနှင့် မြန်မာ့နက္ခတ်ပညာ

ဆရာမိုးသည် အသက်၃၀အရွယ်မှစ၍ နက္ခတ်ပညာကိုအစဉ်တစိုက် အစွဲအမြဲလိုက်စားခဲ့သည်၊ နက္ခတ်အမြင်တို့ကိုဘုတလင်မြေခင်အကျော်ဆရာကြီး ဆရာအံ့ထံမှရင်း၊တွက်



ချက်နည်းအဝဝတို့ကို ဘုတလင်မြို့နယ် ကုက္ကိုစုရွာနက္ခတ်ဆရာကြီး ဦးစိုးရထံမှရင်း သင်ယူပြီးလျှင် နက္ခတ်ဆိုင်ရာပုရပိုဒ် ကျမ်း အထွေထွေတို့ကိုသည်း အပတ်တကုတ် ဖတ်ရှုလေ့လာခဲ့သည်။

ဆရာမိုးသည် ၁၉၃၀-ခုနှစ်မှအစပြု၍ ထိုခေတ်စာနယ်ဇင်းများတွင် သူလေ့လာခဲ့သမျှသော နက္ခတ်တာရာပညာကို ရေးသားခဲ့သည်။

သူရိယမဂ္ဂဇင်းတွင် နေကြတ်လကြတ် စာတမ်းကြီးကို ၂၄ပတ်၂၄ကြိမ်ခွဲခြားသည့်သွင်းရေးသားခဲ့သည်၊

ပညာမဂ္ဂဇင်းတွင် "နက္ခတ်ပုစ္ဆာအဖြေ" ဆောင်းပါး ၁၅စောင်ရေးခဲ့သည်၊

နေကြတ်အကြတ်ကို့တော့မည်ရှိလျှင် ဆရာမိုးက ကြို၍ဆောင်းပါးရေးကာ "သူရိယနေ့စဉ် သတင်းစာ"တွင် ရေးသည်။ ရေးသမျှလည်းမှန်ခဲ့သည်ချည်းဖြစ်သည်၊

ဆရာမိုးတွင် နက္ခတ်ပညာနှင့် ပတ်သက်၍ ကြိုးပမ်းပြုစုထားသော လက်ရေးစာမူများ၊ ပုံများ၊ နက္ခတ်ဇယားများရှိသည်။ ဂျပန်ခေတ် တလျှောက်လုံး ဤပစ္စည်းများကို တထွေ့ထွေ့တပိုက်ပိုက် ပြုကာ ပြေးလွှားနေခဲ့ရသည်။ နောင်သော်ခိတ်သက် မချနိုင်သည်နှင့် မြေကွင်းတွင်းတူး၍ စနစ်တကျ မြှုပ်နှံသည်၊

အိမ်နားနီးပါး၌ မီးလန့်သော် ဆရာမိုးသည် သူ့စာမူများကို ဦးအောင်ယူ၍သာ ပြေးလေ့ရှိသည်။

ယခုအခါ ဆရာမိုးအသက် ၆၆ နှစ် တိုင်ရှိပြီ။ သို့သော် နက္ခတ်ပညာနှင့် ပတ်သက်လာလျှင် ဆရာမိုးသည် မအိပ်မနေ လေ့လာအားထုတ်ဆဲပင် ရှိသေးသည်။

ဆရာမိုးထံတပည့်ခံသင်ယူသော တပည့်များလည်းများလှပြီ။ ဆရာမိုးသည် သက်ကြီးရွယ်ရင့်သော်လည်း နက္ခတ်နှင့်ပတ်သက်လာလျှင် စိတ်ရှည်သည်။ နုပျိုသည်။ သွက်လက်တုန်း ဖျတ်လတ်တုန်းပင်ရှိသေးသည်။

ဆရာမိုးအပတ်တကုတ်လေ့လာလိုက်စားခဲ့သော ပညာတို့ကိုပြန့်ပွားစေချင်သည်။ယင်းတို့မှာမြန်မာ့အမွေယဉ်ကျေးတရပ်လည်းဖြစ်သည်။

ထို့ကြောင့် နက္ခတ်ကျမ်းတကျမ်းကို ပြုစုပါဟု ဆရာမိုးအား ကျွန်တော်တိုက်တွန်းမိသည်။ သို့ဖြင့် ဆရာမိုးသည် ဤကျမ်းကို မအိပ်မနေပြုစုသည်။

သို့သော် ငွေရေး ကြေးရေးမျှသော အခါက ဖြစ်သော ပုံနှိပ်ထုတ်ဝေသူများသည် ဤကျမ်းကို မရိုက်နှိပ်လိုကြပေ။ထို့ကြောင့် တနည်းအခက်ကြုံကြရပြန်တော့သည်။

ဤသို့ဖြင့် ပြန်ကြားရေးဌာန စာပေဗိမာန် အမျိုးသားအနုပညာ စာပေဆုပြိုင်ပွဲသို့ ဝင်ရောက် တင်သွင်းရသည်။ ပုံနှိပ် စာအုပ် ဖြစ်မြောက်လာနိုင်ရေး ဤနက္ခတ်ပညာပြန့်ပွားနိုင်ရေး အတွက် ဤနည်းဖြင့်သာ ထွက်ပေါက်ရှာကြံကြရတော့သည်။



## ၄

## ဆရာမိုး၏ဤကျမ်း

ဆရာမိုးသည် ဤကျမ်းကို ပြုစုရာ၌ ကအစ, အ အဆုံး (ဌာန်ကုန်အောင်) ပြုစုသည်။

အခြေခံမှအစ အဆင့်အမြင့်မားဆုံးအထိ အသေးစိတ် ပြုစုထားသည်။ နက္ခတ် တာရာ ဂြိုဟ်နေ လ အားလုံးကို အပြီးအပိုင်ညွှန်သည်။

တွက်နည်းအားလုံးကို မချွင်းမချန် ပြသည်။ မူကွဲမှန်သမျှကိုပြသည်။ ကျမ်းပေါင်းများစွာနှင့်ညှိသည်။ အာစရိယ အဆူဆူနှင့် တိုက်ဆိုင်သည်။

ဤသို့ဖြင့် ဆရာမိုးသည် ဤကျမ်းကို နှစ်ပေါင်းများစွာ အပတ်တကုတ်ပြုစုခဲ့လေသည်။

ဤကျမ်းသည် လက်ရေးမူမှပုံနှိပ်စာအုပ်ဖြစ်မြောက်လာပါက ဆရာမိုးနှင့်တကွ ဝိုင်းဝန်း ကူညီကြသူ အားလုံးက ကြည်နူးဝမ်းမြောက်နေကြမည်သာဖြစ်ပါသည်။

မောင်သိန်းနိုင်
မန္တလေးမြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဥ္စမ ပိုင်း | |
| ၁။ | နက္ခတ်အမြင်ကြည့်တတ်ရန် ပထဝီဝင်စာအုပ်များမှ အဓိကဘာဝပိုင်းများ။ အပိုင်းအစိတ်များနှင့် အခေါ်အဝေါ် သရုပ် အဓိပ္ပါယ်များကို သိရှိရန်လို အပ်ကြောင်း | ၃၃ |
| ၂။ | ပထဝီဝင် | ၃၃ |
| ၃။ | ကမ္ဘာလုံး | ၃၄ |
| ၄။ | ကမ္ဘာနှင့် ဂြိုဟ်နက္ခတ်တာရာများ | ၃၄ |
| ၅။ | ကမ္ဘာလုံးခြမ်း | ၃၅ |
| ၆။ | အရှေ့နှင့်အနောက် လုံးခြမ်း၊ ပါဝင်သောတိုက်ကြီးများ | ၃၅ |

| | |
|---|---|
| ၇။ မြောက်နှင့် တောင်လုံးခြမ်း၊ ပါဝင်သော တိုက်ကြီးများ | ၃၅ |
| ၈။ ကမ္ဘာ့၏ဝင်ရိုး | ၃၆ |
| ၉။ ဝင်ရိုးများ ဝင်ရိုးစွန်း | ၃၆ |
| ၁၀။ အီကွေတာ | ၃၆ |
| ၁၁။ လန်ဂျီတွဒ် (မရီဒီယန်) | ၃၆ |
| ၁၂။ သုညဒီဂရီလန်ဂျီတွဒ်(မရီဒီယန်) | ၃၇ |
| ၁၃။ အရှေ့လန်ဂျီတွဒ် | ၃၇ |
| ၁၄။ အနောက်လန်ဂျီတွဒ် | ၃၇ |
| ၁၅။ လတ္တီတွဒ် (မျဉ်းပြိုင်တန်း) | ၃၇ |
| ၁၆။ လတ္တီတွဒ်များ | ၃၇ |
| ၁၇။ မြောက်လတ္တီတွဒ် | ၃၈ |
| ၁၈။ တောင်လတ္တီတွဒ် | ၃၈ |
| ၁၉။ လတ္တီတွဒ်ချင်းအကွာ | ၃၈ |
| ၂၀။ လန်ဂျီတွဒ်ချင်းအကွာ | ၃၈ |
| ၂၁။ ယဉ်စွန်းတန်းမျဉ်း | ၃၈ |
| ၂၂။ ဥတ္တရယဉ်စွန်းတန်း | ၃၉ |
| ၂၃။ အာတိတ်စက်ဝိုင်း | ၃၉ |
| ၂၄။ ဒက္ခိဏယဉ်စွန်းတန်း | ၄၀ |
| ၂၅။ အန္တာတိတ်စက်ဝိုင်း | ၄၀ |
| ၂၆။ မှ ) ဇုံများ | ၄၀ |
| ၃၁။ အထိ) | ၄၁ |





| | |
|---|---|
| ၃၂။ မိုးကုတ်စက်ဝိုင်း | ၄၁ |
| ၃၃။ မှ )ကမ္ဘာ့ခွင်ရှိကြသော တိုက်သမုဒ္ဒရာ | ၄၁ |
| ၃၆။ အထိ) နိုင်ငံမြို့ရွာစသည်များကို ရှာယူမှတ်သားရန် | ၄၃ |


ဒုတိယအပိုင်း


| | |
|---|---|
| ၁။ ရာသီ | ၄၈ |
| ၂။ ရာသီစက်ဝန်း | ၄၈ |
| ၃။ အံသာ(အင်သာ) | ၄၈ |
| ၄။ စက်အံသာမျဉ်း | ၄၉ |
| ၅။ အာကာသသမဗျှစက် | ၄၉ |
| ၆။ ဒိဂ်(ကြန္တိ)မျဉ်းများ။ | ၅၀ |
| ၇။ ဥတ္တရဒိဂ် | ၅၀ |
| ၈။ ဒက္ခိဏဒိဂ် | ၅၀ |
| ၉။ ဥတ္တရယဉ်စွန်းတန်း | ၅၀ |
| ၁၀။ ဒက္ခိဏယဉ်စွန်းတန်း | ၅၁ |
| ၁၁။ ဝိထိဌာန | ၅၁ |
| ၁၂။ ဝိထိသုံးပါး | ၅၂ |
| ၁၃။ ဂြိုဟ်တို့ လှည့်ရောက်သောအယဉ်နှစ်ပါး | ၅၂ |
| ၁၄။ ဂြိုဟ်တို့၏အဖြောင့်(ကမ)သွား | ၅၃ |
| ၁၅။ ဂြိုဟ်တို့၏ဝိလာ(ကနု)သွား | ၅၃ |

၁၆။ နက္ခတ်၊ နက်သတ်၊ တာရာ၊ ကြည့်၊ ကြယ်။ ၅၄
၁၇။ ကြယ်များ ကြယ်စုများကို အသာဝကီစ စသည်ဖြင့်ခေါ်မှတ်ခြင်း ၅၆
၁၈။ နက္ခတ်များတွင်ပါဝင်သောကြယ် လုံးရေ များနှင့် နက္ခတ်သဏ္ဍာန်များ၊ ကျမ်းအာ များတွင် ကွဲပြားကြခြင်း ၅၇
၁၉။ နက္ခတ် ၂၇ လုံး၏အမည်များ၊ ယင်းတို့၌ ပါဝင်ကြသောကြယ်လုံးရေများနှင့်နက္ခတ် များ၏သဏ္ဍာန်များ ၅၈
၂၀။ ကြယ်နက္ခတ်တာရာများ၏ အလင်းရောင် အရ သင်္ကေတများ၊ နက္ခတ် ၂၇ လုံးနှင့် အချို့တာရာများ၌ပါဝင်ကြသော ကြယ် များ၏ တည်ရှိကြရာ စက်အံသာနှင့် ဒီဂရီ ဂွဲများ ၆၀
၂၀။ (က)အဘိဇိနက္ခတ် ၆၃
၂၁။ နက္ခတ်စီး စက်အံသာလက်ာ ၆၅
၂၂။ နက္ခတ်အမြင်ကိုသိနိုင်ရန် ၆၆
၂၃။ နက္ခတ်နှင့်ဂြိုဟ်ကိုခွဲနိုင်ရန် ၆၇
၂၄။ နက္ခတ်များသည် ဖိလာသို့မရွေ့ ၆၇
၂၅။ ဂြိုဟ်လမ်းတွင် ရှိသော နက္ခတ် ကြယ်များ ၆၈
၂၆။ နက္ခတ်များအနောက်သို့တရက်တွင် အံသာ ရွေ့မြင်ရခြင်း ၆၈
၂၇။ လစဉ် နေ့နှင့်ည ဗဟိုရ် ရှစ်ပါး၌ မွန်းတည့် နက္ခတ်များ ၆၉



၂၇။ နှစ်စဉ်ခရစ်လရက်များ၌ နက္ခတ် ၂၇ လုံး တွင် နေစီးနေဝင် သန်းခေါင် နေထွက် ချိန်များတွင် မွန်းတည့်ကြုံခြင်း။ ၆၉

## တတိယပိုင်း

၁။ နှစ်စဉ် မဟာသင်္ကြန်စာမှ မှတ်ဖွယ်ရာများ ၇၀
၂။ မဟာသင်္ကြန်စာမှ နေရောက် ရဝိဗုဒ္ဓစက်အံ သာဌာနများ ၇၁
၃။ မဟာသင်္ကြန်ကျခြင်း ၇၁
၄။ မဟာသင်္ကြန်ဟူသည် ၇၂
၅။ ဇျောက်ဆိပ်ကြယ်ပေါ် ၇၂
၆။ ကောက်ကြီးပျိုးကြဲ ၇၃
၇။ ဇျောက်ဆိပ်မွန်းတည့် ၇၃
၈။ ကန်ဆင်း(တနင်္ဂနွေကန်ဆင်း) ၇၄
၉။ သရဝဏ်မွန်းတည့် ၇၅
၁၀။ မုရင်းပျိုးကြဲ ၇၅
၁၁။ ကောက်ကြီး ကောက်သားဝင် ၇၆
၁၂။ ဇျောက်ဆိပ်မြေလူး ၇၆
၁၃။ နဂါးနေရောင်လွှတ် ၇၇
၁၄။ မုရင်း ကောက်သားဝင် ၇၇

၁၅။ နှစ်သစ်ကူးပြောင်း ၇၈
၁၆။ မဟာသင်္ကြန်ကျ - စသည်များကို ခရစ်လ ရက်များဖြင့် မှတ်ရန်။ ၇၈

## စတုတ္ထပိုင်း

၁။ ကပ္ပဟူသည် ၈၀
၂။ ယုဂ်လေးပါး ၈၀
၃။ ဂေါဇာသက္ကရာဇ် ၈၂
၄။ သက္ကရာဇ်ဖြိုခြင်း ၈၃
၅။ ယခုရောက်ဆဲသက္ကရာဇ် ၈၅
၆။ သာသနာတော်နှစ် ၈၅

## ပဉ္စမပိုင်း

၁။ မဟာသင်္ကြန်ကျ၊ တက်နေ့များနှင့် အချိန်များ တွက်ရန်လက်ာ။ ၈၇
၂။ ကျ၊ တက်နေ့နှင့် အချိန်နာရီများ တွက်ယူရန် အခိပ္ပါယ် ၈၈
၃။ မဟာသင်္ကြန်အကျနှင့် အတက် တွက်ယူပုံ ၉၁
၄။ ကျမည့်ရက်ကို သိနိုင်ရန် ၉၃
၅၊ ၁၂၉၉ ခုနှစ်အဖို့ မဟာသင်္ကြန်စာ ၉၃

23.1.75



၆။ ၁၂၉၉ ခုနှစ်အထိ ၂ နှစ်အဖို့ တွက်ယူပြီးပုံစံ။ ၉၄
၇။ မဟာသင်္ကြန်စပ်သောမှတ်ဖွယ်များ ၉၅

8/၅၂၀/မို

## ဆဋ္ဌမပိုင်း

B 40461

၁။ အတွင်းတာရာ ၉ လုံး ၉၆
၂။ အတွင်းတာရာ ၉ လုံး၊ ဆောင်သူလွယ်ရန် ပါဠိ ၉၆
၃။ အတွင်းတာရာ ၉ လုံး၊ ၏အမည်စဉ်လင်္ကာ ၉၇
၄။ အတွင်းတာရာ ၉ လုံး၏ ကြယ်လုံးရေနှင့် သဏ္ဌာန် ၉၇
၅။ အပြင်တာရာ ၂၈ လုံး ၉၈
၆။ တောင်မျက်နှာတာရာ၉လုံး၏ကြယ်လုံးရေနှင့် သဏ္ဌာန်များ ၉၉
၇။ အရှေ့မျက်နှာတာရာ ၆ လုံး၏ ကြယ်လုံးရေနှင့် သဏ္ဌာန်များ ၉၉
၈။ မြောက်မျက်နှာ တာရာ ၆ လုံး၏ကြယ်လုံးရေနှင့် သဏ္ဌာန်များ ၁၀၀
၉။ အနောက်မျက်နှာတာရာ ၇လုံး၏ကြယ်လုံးရေနှင့် သဏ္ဌာန်များ ၁၀၀
၁၀။ အပြင်တာရာ ၂၈ လုံးမှ အချို့ တာရာများ၏ ... များ ၁၀၁

စာပေဗိမာန်ပြည်သူ့စာကြည့်
SARPAY BEIKMAN PUBLIC LIBRARY

၁၁။ အလွှတ်တာရာများ ၁၀၂
၁၂။ အလွှတ်တာရာ ၁၀၂ များ၏ အမည်များ ကြယ်လုံးရေ ၁၀၃

## သတ္တမပိုင်း

၁။ ရာသီစက်ဟူသည် ၁၀၉
၂။ ရာသီစက်ကြီး၏အဝန်းအံသာ ၁၀၁
၃။ ရာသီစက်ကြီး၏ စက်ဦး (အံသာဦး) ကို သိရန် ၁၁၀
၄။ စက်အံသာဦးဌာနကိုရှာယူရန် ၁၁၀
၅။ စက်အံသာဦးမှ အခြားတာဝအစိတ်အံသာ များကို ရှာယူရန် ၁၁၄
၆။ မိဿစသော ၁၂ ရာသီ ရာသီ၏ အပိုင်း အခြားများကို စက်အံသာများဖြင့် ပိုင်း ခြားခြင်း ၁၁၄
၇။ စက်အံသာ ၃၀ ကျစီရှိ၊ တရာသီ၏ ဝဂ္ဂ အစိတ်အပိုင်းများ ၁၁၅
၈။ နက္ခတ်အားဖြင့် ပိုင်းခြားသော ၁၂ ရာသီ၏ အပိုင်းအခြားများ ၁၁၅
၉။ ၁၂ ရာသီတို့၌ ထင်မြင်သော ရုပ်ပုံသဏ္ဌာန် များ ၁၁၆



၁၀။ အမြဲမှတ်သားကြသော ၁၂ ရာသီ၏ရုပ်ပုံ သဏ္ဌာန်များ ၁၁၇
၁၁။ ရာသီစက်ကြီး၏ ဘာဝ အပိုင်းအစိတ်များ ကိုသိနိုင်ရန် ၁၁၈

## အဋ္ဌမပိုင်း

### ရှေးဒေးအာကာသသျှတ္တရ - အရ

၁။ ဂြိုဟ်တို့၏အပြား ၁၁၉
၂။ ဂြိုဟ်တို့၏ပမာဏ ၁၁၉
၃။ ဂြိုဟ်တို့၏အရောင်အဆင်း ၁၂၀
၄။ ဂြိုဟ်တို့၏ရာသီသွား ၁၂၀
၅။ ဂြိုဟ်တို့၏ရာသီနေ ၁၂၁
၆။ ၁၂ ရာသီဂြိုဟ်နေဇယားထပ် ၁၂၂
၇။ ဂြိုဟ်တို့၏အနေအသွား ၁၂၂
၈။ ဂြိုဟ်တို့၏ လင်းမှန်ခရီး ၁၂၃
၉။ ဂြိုဟ်တို့၏ ဖောက်ပြန်သော၊ သွားခြင်း ငါးပါး ၁၂၄
၁၀။ တနည်း ဂြိုဟ်တို့၏အနေ၊ အသွား၊ အဖောက် အပြန်သုံးပါး။ ၁၂၅

၁၁။ ဂြိုဟ်တို့၏ နက္ခတ် အနီးအပါး လမ်းပြောင့် သွား ၁၂၆
၁၂။ ဂြိုဟ်တို့၏နက္ခတ်အနီးအပါး လမ်းကောက် သွား ၁၂၆
၁၃။ ဂြိုဟ်တို့၏နက္ခတ်၌ အစဉ်အယှဉ်သွား ၁၂၆
၁၄။ ဂြိုဟ်ချင်းအပူးအယှဉ်သွား (ဂြဟယုဒ္ဓဂြဟ ယောဂ) ၁၂၇
၁၅။ နက္ခတ်ရာသီစက်ကြီး၌ရာသီကူး၊ ဂြိုဟ်သွား လမ်းစဉ်ကြီး ၁၂၇
၁၆။ ဂြိုဟ်တို့၏အမြင့် ၁၂၈
၁၇။ ဂြိုဟ်တို့သည် လမ်းစဉ် တပတ်ကြာသော အချိန်ကာလများ ၁၂၈
၁၈။ ဂြိုဟ်ကူး ကလမ်းစဉ်ကြီး၌ ဂြိုဟ်တို့ကူး ရောက်ခြင်း ၁၂၉
၁၉။ ဥတုကြီး ၃ ပါး ၁၂၉
၂၀။ ရတု ၆ ပါး ၁၂၉
၂၁။ သူရိယမာသ ၁၂ ပါး၊ ၁၃၀
၂၂။ ဒိဂ် ၂ ပါးသို့ ဂြိုဟ်တို့သွားရောက်ခြင်း ၁၃၀
၂၃။ အယဉ် ၂ ပါးသို့ ဂြိုဟ်တို့သွားရောက်ခြင်း ၁၃၁
၂၄။ ဒိဂ် ၂ ပါးနှင့် အယဉ် ၂ ပါးတို့၌ ဂြိုဟ် တို့ကြာချိန် ၁၃၁



၂၅။ ဝိထိ ၃ ပါးသို့ ဂြိုဟ်တို့ သွားရောက်ခြင်း ၁၃၂
၂၆။ ဂြိုဟ်များအသွားသုံးပါး ၁၃၂

## နဝမပိုင်း

## (နေ၏ကြန္တိကျရောက်ခြင်း)

မြေစကြာဝဠာနှင့် နေစကြာဝဠာ-အယူ အဆ ၁၃၂
၁။ ပထဝီမြေကြီး၌ စိစဉ် ပိုင်းခြားမှတ်ယူအပ် သော အဝေးအကွာ အတိုင်းအတာမျိုး များကို ထန့်ခေတ် ပထဝီဝင်ပညာရပ်များ အရ အခေါ်အဝေါ်များ ၁၃၅
၂။ ပထဝီမြေကြီး၌ ရှေးခေတ် သရကျမ်းများ အရ အခေါ်အဝေါ်များ ၁၃၆
၃။ အာကာသနက္ခတ်ရာသီစက်ကြီး၌ ရှေးသရ ကျမ်းများအရ အခေါ်အဝေါ်များ ၁၃၇
၄။ အာကာသနက္ခတ်ရာသီစက်ကြီး၌ ရှေးသရ ကျမ်းများမှ ခေါ်ဆို ခဲ့သောပါဠိစကား များ(မြန်မာအခေါ်အဝေါ် ခေါ်တာရ များ) ၁၃၈

၅။ ခေါင်းကင်(အာကာသ) နက္ခတ်ရာသီစက်ကြီး၏အယန ဌာန ၁၄၀

၆။ အယန၊ ယဥ္စွန်းတန်းဌာန၊ အယနအဆုံး အဖြတ်ကွဲပြားချက် ၁၄၀

၇။ သရကျမ်းများတွင် တွက်ယူမှတ်သားသော အယန ၁၄၁

၈။ ရဝိဖုဋ္ဌ ၁၄၄

၉။ သာယနရဝိ ၁၄၄

၁၀။ ရဝိဖုဋ္ဌနှင့်သာယနရဝိသို့တူညီသောဗဟိုနှစ် ၁၄၅

၁၁။ အပေါင်းခေတ်နှင့်အနုတ်ခေတ် ၁၄၆

၁၂။ ဗဟိုနှစ် နေသွားကြန္တိ လမ်းအရ အဓိက ဌာနကြီးများသို့ နေဆိုက်ရောက်ခြင်းမျဉ်း ၁၄၈

၁၃။ ဂေါဠ၊ ဥတ္တရဂေါဠ၊ ဒက္ခိဏ ဂေါဠ ၁၄၉

၁၄။ ဒိဂ်-လတ္တိတွဒ် ၁၅၁

၁၅။ ဘုဇ ၁၅၂

၁၆။ ခန်း၊ တန်း၊ ပမာဏ၊ အပိုင်းအခြား ၁၅၄

၁၇။ ကြိုလိယုဂ် သန်းနှစ် တွက်နည်း၊ အယန အံသာတွက်နည်း၊ ရဝိဖုဋ္ဌရှာယူခြင်း၊ သာယန ရဝိ ရာသီ အံသာ စသည် တွက်နည်း၊ တနင်္ဂနွေကြန္တိတွက်နည်း၊ သက္ကရာဇ် ၁၃၄၀





ပြည့်နှစ်အဖို့ မိဿစသော (၁၂) ရာသီများ၌ နေရောက် စဉ် နေ၏ ကြန္တိ အဆိုက် အရောက်ကြန္တိဌာနများကို တွက်ယူပုံများ ၁၂ ပုဒ်။ ၁၅၉-၁၈၁

၁၇။ (ဇ) ကလိယုဂ် သန်းနှစ် ၃၅၁၂ မှ ၈၉၁၂ နှစ်သို့ နှစ်ပေါင်း ၅၄၀၀ အဖို့တွင် ဗဟိုနှစ် အပေါင်းခေတ်နှစ်နှင့်အနုတ်ခေတ်နှစ် စသော အဓိကနှစ်များတွင် နေ အဆိုက်အရောက်ကြန္တိဇယားချုပ် ၁၈၃

၁၈၊ ဇယားမှကြန္တိအညွှန်းများ။ ၁၈၄


## ဒသမပိုင်း


၁။ ယခုခေတ် ပတ္တဒိဝင် သိပ္ပံစာအုပ်များအရ နေလကမ္ဘာနှင့်ဗုဒ္ဓဟူးစသောဂြိုဟ်ခပ်သိမ်း တို့၏ ပမာဏ နေမှအကွာ နေကို ပတ်ရန် ကြာသော အချိန် မိမိဝင်ရိုးကို ပတ်မိရန် ကြာသော အချိန်များနှင့် အရံ လများ ဇယားချုပ်။ ၁၈၄

၂။ ဇယားချုပ်မှ အချို့ အကြောင်းရပ်များ အလင်းနှစ် ပါစက် ပမာဏ ၁၈၅

၃။ နေစက် နေစကြဝဠာ ၁၈၆

၄။ ကြယ်စကြဝဠာ ကုဋ္ဌေ ကုဋ္ဌာ (အနုဋ္ဌ) ၁၈၇
၅။ ကြယ်တို့၏အရောင်အဆင်းများ ၁၈၇

## ဧကာဒသမပိုင်း

၁။ ကပ်ဆန်းသင်္ကရာဇ်(ကပ်ဆန်းနှစ်) ၁၈၈
၂။ ကလိယုဂ်ဆန်းနှစ် ၁၈၈
၃။ တနင်္ဂနွေဂြိုဟ်ခေါ်(နေ)၏ကြန္တိ ၁၈၈
၄။ အယနယိမ်းယိုင်ခြင်း ၁၉၂
၅။ အာကာသနက္ခတ် ရာသီစက်တွင် ရာဟုနှင့် ကိတ်ဌာန ၁၉၆
၆။ တနင်္လာဂြိုဟ်ခေါ်(လ)၏ ကြန္တိမဏ္ဍလ ၁၉၇
၇။ လနှင့်နေကြတ်နိုင် မကြတ်နိုင် ၁၉၇
၈။ လကွယ်လပြည့်တွင်ရာဟုကိတ်ဌာနများနှင့် တွေ့ဆုံ နီးစပ်မှ နေ-လကြတ်ရခြင်း ၁၉၈
၉။ နက္ခတ်နှင့်ဂြိုဟ်ကြယ်များကြတ်နိုင်ကြခြင်း ၁၉၈
၁၀။ အာကာသအဓိကဌာနများသို့နှစ်ဝဉ်ပုံမှန် နေဆိုက်ရောက်ခြင်းများ ၁၉၉
၁၁။ အာကာသမဇ္ဈစက်ဝန်းကို ကြည့်ရှုမှတ် ရှာယူနိုင်ရန် ၂၀၀



၁၂။ ကြယ်နက္ခတ်တာရာများဖြင့် အာကာသ စက်၏အဓိကဌာနများကိုကြည့်မှတ်ရန် ၂၀၀

## ဒွါဒသမပိုင်း

၁။ နေသွားရောက်(ကြန္တိမဏ္ဍလ)နေပတ်လမ်း ၂၀၃
၂။ သုဒ္ဓ-အသုဒ္ဓ (စင်ကြယ်ခြင်းနှင့်မစင်ကြယ်ခြင်း) ၂၀၄
၃။ ဗဟိုနှစ်အပေါင်းခေတ်နှင့်အနုတ်ခေတ်နှစ်များ ၂၀၅
၄။ ရာဟုနှင့် ကိတ်ဂြိုဟ်၏ကြန္တိပတ်လမ်း ၂၀၇
၅။ အင်္ဂါဒေသာဂြိုဟ်များ၏ ကြန္တိပတ်လမ်း ၂၀၈
၆။ ဂြိုဟ်များကို ရှေ့နှင့်နောက်သို့သွဲ့ဆောင်ရာ မန္ဒဌာန ၂၀၈
၇။ ဂြိုဟ်များကိုမြောက်နှင့်တောင်သို့ တွန်းပို့နိုင်ချက်ပါတဌာန ၂၀၉
၈။ ဂြိုဟ်ကြွတ် ဂြိုဟ်ထပ် ဂြိုဟ်ပူး ဂြိုဟ်ယှဉ် ၂၁၀
၉။ နေပတ်ကြန္တိလမ်းစဉ်၌ ဂြိုဟ်များပတ်သော ကာလပမာဏများ ၂၁၀
၁၀။ ရာဟု၏မုချနှင့်ပုစ္ဆာဌာန ၂၁၁
၁၁။ နေ-လကြတ်ခြင်း၏ အကြောင်းရပ်များ ၂၁၁

၁၂ နေနှင့်ကမ္ဘာ၏ကြန္တီပတ်လမ်းဝန်း(မဏ္ဍလ) သို့ဂြိုဟ်တို့ဖြတ်သန်းသော ၁၂ တဌာနများ ၂၁၅
၁၃။ ဂြိုဟ်များတွင် ပကတိမျက်စိဖြင့် မြင်ရ မမြင်ရနှစ်မျိုးနှစ်စား ၂၁၇
၁၄။ ဂြိုဟ်ငယ် ၉လုံး ၂၁၇
၁၅။ မျက်မှောက်ခေတ်သူသိဝိမ်သောဂြိုဟ်ဘုံများ ၂၂၀
၁၆။ ဂြိုဟ်တုများ ကမ္ဘာသို့ လှည့်ပတ်သော အကြောင်းရပ်များ ၂၂၀

## တေရသပိုင်း

၁။ အံသာ နှစ် လ ရက်များ၏ပမာဏများ ၂၂၂
၂။ သူရိယသံဝစ္ဆရနှစ် လ ရက်များ၏ ကာလ ပမာဏ(အချိန်တာ) များ ၂၂၃
၃။ စန္ဒရတိထိ နှစ် လ ရက်များ၏ ကာလ ပမာဏ(အချိန်တာ)များ ၂၂၃
၄။ စန္ဒရနက္ခတ်နှစ် လ ရက်များ၏ အချိန်တာ များ ၂၂၅
၅။ နက္ခတ္တဒိဋ္ဌလပြည့်နှင့်လကွယ်ဌာနများ ၂၂၅
၆။ နက္ခတ္တလများ ၏အမည်များ ၂၂၆
၇။ ခရစ်နှစ်လ၏ ကာလပမာဏ (အချိန်တာ) ၂၂၆
၈။ သူရိယနှင့် စန္ဒရမာသ ၂၂၆



၉။ မိဿစသောရာသီမာသများနှင့်ဇန်နဝါရီလစသော ခရစ်လများ ၂၂၇
၁၀။ မြန်မာသံဒိဋ္ဌပြက္ခဒိန်၌ ဝေါဟာရ စန္ဒရ နက္ခတ္တလများ ၂၂၇
၁၁ ။အမှန်ကန်ဆုံးသောနှစ်အပိုင်းအခြား ၂၂၈
၁၂ ။ ရဝိဖုဋ္ဌနှင့် ရဝိမဇ္ဈ ၂၂၈
၁၃။ နက္ခတ်ရာသီစက်ကြီး၏စက်အံ့သာဦးဌာန ၂၂၉
၁၄။ တနင်္ဂနွေဂြိုဟ်ခေါ် (နေ)၏ကြန္တီပါတ ၂၃၀
၁၅။ နေ လ အင်္ဂါစသော ဂြိုဟ်ခပ်သိမ်း၏ရာသီ အရောက်အနေ အပြောင်းများတွင် ရာသီ နက္ခတ်မှဖုဋ္ဌစက်အံသာသည်သာလျှင်ပမာဏ ၂၃၂
၁၆။ နေ့တာညတာမှ နေထွက် နေဝင် နေကြတ် လကြတ်နှင့် ကြန္တီအလိုက် အရောက်တွက် ယူရာများတွင် သာယနကို အသုံးပြုခြင်း ၂၃၃
၁၇။ မြန်မာနှစ်မှ သင်္ကြန်ရက်များ ၂၃၃
၁၈။ မှန်းတည်နက္ခတ်စီ စက်အံသာမှနေမှန်းတည့် နှစ်ရပ်၏အကြား အန္တရ(ကြား)နာရီကိုရှာ ယူခြင်း ၂၃၄
၁၉။ ဒေသနာရီမှ မှန်းတည်နက္ခတ်စီစက်အံသာ ကိုယူခြင်း ၂၃၆

## စုဒ္ဒသ ပိုင်း

နိဂုံးအကြောင်းအရာများ ၂၃၉

## နောက်ဆက်တွဲ

## ပန္နရသမ ပိုင်း

ရာသီစက်ဝန်း ရာသီ ရာသီဝဂ္ဂနှင့်နက္ခတ်များ၏အစိတ်အပိုင်းတို့၏ နိယာမများ ၂၄၅

တိထိ နာရီ နေရိပ်ဖဝါးများ နှစ် လ ရက်များ၏ အတိုင်းအတာနိယာမများ ၂၄၈

နက္ခတ်ရာသီစက်ဝန်းနှင့် မိဿာစသောတာဝများ၏ ပမာဏစိတ္တာများ ၂၅၀

မြန်မာနှစ်များ ကာလပမာဏ(အချိန်ကာ) ၂၅၁

သူရိယမာသ နက္ခတ္တစန္ဒရမာသနှင့် ဝေါဟာရမာသများ၏ပမာဏ ၂၅၁

အလျား အတိုင်းအတာ မြန်မာ အတိုင်းအတာ (အလျား) ကီလိုမီတာ အတိုင်းအတာ ၂၅၁



ကမ္ဘာသုံးခရစ်နှစ် လ ရက်များ ၂၅၅

နက္ခတ်တာရာအမြင်ကြည့်တတ်အပ်ကြောင်း ပိုဒ်စုံရတု ၂၅၇

မှီငြမ်းစာအုပ်စာတမ်းများ ၂၆၀

ပုံများ ၂၆၃

# ပဌမပိုင်း

၁။ နက္ခတ်တာရာ တို့ကို အမြင် ကြည့်တတ်ရန်မှာ ယခု ကာလတွင် စာသင်ကျောင်းများ၌ သင်ကြားပြသလျက် ရှိသောပထဝီပညာကို အခြေခံထား၍ ကြည့်ရှုသွားပါက သိမြင် လွယ်လိမ့်မည်။ ထို့ကြောင့်ခေတ်ပေါ် ကျောင်းသုံး ပထဝီဝင်များမှ ယခု သင်ခန်းစာနှင့် သက်ဆိုင်ရာ အခေါ် အဝေါ် သရုပ်အဓိပ္ပါယ်များနှင့် အချို့ မှတ်သား ဘွယ်ရာ အချက်များကို ရှေးဦးစွာရေးသားဖော်ပြပါအံ့။

**ပထဝီအခေါ်အဝေါ်အကြောင်း**

**သရုပ် အဓိပ္ပာယ်နှင့် မှတ်သားဘွယ်ရာများ**

၂။ ပထဝီဝင်။ ။ကမ္ဘာ မြေကြီးနှင့် စပ်လျဉ်း သော အရာများကို ပထဝီဝင်ဟုခေါ်သည်။

၃။ ကမ္ဘာလုံး။ ။ကမ္ဘာမြေကြီးသည် လိမ္မော်သီး သဏ္ဌာန်ကဲ့သို့ လုံးလျက်ရှိသောကြောင့် ကမ္ဘာလုံးဟု ခေါ်သည်။

ကမ္ဘာလုံးတွင် တိုက်ကြီး ခြောက်တိုက်နှင့် သမုဒ္ဒရာကြီး ငါးခုတို့ပါဝင်သည်။

**ကမ္ဘာလုံး၌ပါဝင်သောတိုက်ကြီးခြောက်တိုက်မှာ**

(၁) အာရှတိုက် (၂) ဥရောပတိုက် (၃) အာဖရိကတိုက် (၄) ဩစတြေလျတိုက် (၅) မြောက်အမေရိကတိုက် (၆) တောင်အမေရိကတိုက်။ အန္တာတိကတိုက် ပါဆိုလျှင် ကမ္ဘာပေါ်တွင် တိုက်ကြီးခုနစ်တိုက်ရှိသည်။

**ကမ္ဘာလုံး၌ပါဝင်တည်ရှိသော သမုဒ္ဒရာကြီးငါးခုမှာ**

(၁) ပစိဖိတ် သမုဒ္ဒရာ (၂) အတ္တလန္တိတ် သမုဒ္ဒရာ (၃) အိန္ဒိယသမုဒ္ဒရာ (၄) အာတိတ်သမုဒ္ဒရာ (၅) အန္တာတိတ်သမုဒ္ဒရာ။ အန္တာတိတ် သမုဒ္ဒရာကို တောင် သမုဒ္ဒရာ ဟူ၍ ခေါ်ဆိုကြသည်။

၄။ တိုက်ကြီးများနှင့် သမုဒ္ဒရာကြီးများအားလုံးစုရုံး၍ မြေထုနှင့် ရေထုတို့သည် တခုကိုတခု အမှီပြုလျက်ရှိကြခြင်း ကြောင့်သော်လည်းကောင်း၊ ၎င်းတို့၌ရှိသော အာကစုန်-ဆွဲငင်ခြင်းသတ္တိကြောင့်သော်လည်းကောင်း၊ ဥတုကြောင့် ဖြစ်သော လေ၏ ပင့်တင်၊ ဖိနှိပ်၊ တွန်းကန် ခြင်းကြောင့် သော်လည်းကောင်း၊ မြေရော ရေပါ လိမ္မော်သီး သဏ္ဌာန် ကဲ့သို့ ကမ္ဘာလုံးကြီးသည် လဟာပြင်ကြီးအတွင်း၌ အတွယ် အတာမရှိ တည်ရှိနေသည်ဟု အနောက်နိုင်ငံ သိပ္ပံဆရာတို့



ယူဆကြသည်။ နေလ နက္ခတ်အစရှိသော ဂြိုဟ်ကြီးအသီးသီး တို့နှင့် နက္ခတ်တာရာ အပေါင်းတို့သည်လည်း ကမ္ဘာမြေကြီး ကဲ့သို့ပင်လျှင် လဟာပြင်ကြီးအတွင်း၌ တည်ရှိနေကြသည်ဟု ယူဆကြသည်။

၅။ ကမ္ဘာလုံးခြမ်း။ ။ကမ္ဘာလုံးပုံကိုခွဲခြမ်း၍ ဆွဲထား ပြဆိုထားသောကြောင့် ကမ္ဘာလုံးခြမ်းဟုခေါ်သည်။

၆။ ကမ္ဘာလုံးကို တောင်နှင့် မြောက်သို့ ထိပ်ချင်း ပေါက် ခွဲခြားလျက် ပုံနှစ်ပုံ ဆွဲထားပြီးလျှင် တပုံကို အရှေ့ လုံးခြမ်း၊ အခြား တပုံကို အနောက်လုံးခြမ်းဟု ခေါ်ဆို မှတ်သား ထားသည်။ အရှေ့ လုံးခြမ်း၌ အာရှ တိုက်၊ ဥရောပ တိုက်၊ အာဖရိက တိုက်နှင့် ဩစတြေလျ တိုက်တို့ ပါဝင်လျက် အနောက်လုံးခြမ်း၌ကား မြောက် အမေရိက တိုက်နှင့် တောင်အမေရိကတိုက်တို့ ပါဝင်သည်။ အရှေ့ လုံးခြမ်းကို ကမ္ဘာဟောင်း၊ အနောက်လုံးခြမ်း၏အကြောင်း ကို နောက်မှသိရသောကြောင့် အနောက်လုံးခြမ်းကိုကမ္ဘာ သစ်ဟူ၍ ခေါ်ဆိုသည်၊ အန္တာတိကတိုက်သည် အရှေ့နှင့် အနောက် လုံးခြမ်းပုံ နှစ်ပုံစလုံး၌ တောင်များတွင် ပါဝင် လေသည်။

၇။ ကမ္ဘာလုံးကို အီကွေတာမှခွဲခြား၍ မြောက်လုံးခြမ်း နှင့် တောင်လုံးခြမ်းဟူ၍ ခွဲခြားခေါ်ဆိုသေးသည်။ အီကွေ တာ၏ မြောက်ဖက်၌ ကျရောက်တည်ရှိသော ဒေသများသည် မြောက်လုံးခြမ်း၌ပါသည်။ အီကွေတာ၏ တောင်ဘက်၌ ကျရောက် တည်ရှိသော ဒေသများသည် တောင်လုံးခြမ်း၌ ပါကြ၏။

၈။ **ကမ္ဘာ၏ဝင်ရိုး။** ။ကမ္ဘာလုံးသည် ဝင်ရိုးနှင့် လည်ဘီသကဲ့သို့ အနောက်မှ အရှေ့သို့ အစဉ်သဖြင့် လည်လျက်ရှိနေသောကြောင့် ကမ္ဘာမြေကြီး၏ အထက်နှင့် အောက်ထိပ်ချင်းပေါက်တလျှောက်တည်း ဝင်ရိုးသဖွယ် တန်းလျက်ရှိနေသော ဗဟိုမျဉ်းကြောင်းကိုဝင်ရိုးဟု ခေါ်သည်။

၉။ **ဝင်ရိုးဖျား ဝင်ရိုးစွန်း။** ။ကမ္ဘာမြေကြီး ၏မြောက်ဖက်နှင့်တောင်ဖက်အဖျားအစွန်းကိုဝင်ရိုးဖျား၊ ဝင်ရိုးစွန်းဟု ခေါ်သည်၊ ကမ္ဘာမြေကြီး၏ မြောက်ဖက်အဖျားအစွန်းကို မြောက်ဝင်ရိုးစွန်းမြောက်ဝင်ရိုးဖျား၊ တောင်ဖက်ဖျားစွန်းကို တောင်ဝင်ရိုးဖျား တောင်ဝင်ရိုးစွန်းဟုခေါ်သည်။

၁၀။ **အီကွေတာ။** ။ကမ္ဘာလုံး၏ တောင်ပိုင်းနှင့်မြောက်ပိုင်းကို ခွဲခြား၍ အရှေ့မှ အနောက်သို့ ပတ်လည်တန်းလျက်ရှိသော အလယ်ဗဟိုမျဉ်းကြောင်းကို အီကွေတာဟုခေါ်သည်။ ၎င်းမျဉ်းကို (၀) သုညဒီဂရီဟူသော အမှတ်အသားပြုထားသည်။

၁၁။ **လန်ဂျီတွဒ် မရီဒီအန်။** ။လန်ဒန်မြို့၏အနီးဂရင်းနစ်မြို့မှ အရှေ့ဖက်နှင့် အနောက်ဖက် အကွာ အဝေးတို့ကိုတိုင်းတာရန် ကမ္ဘာလုံး၌ တောင် မြောက်တည့်တည့် တန်းလျက်ရှိသော မျဉ်းကြောင်းများကို လန်ဂျီတွဒ်၊ သို့မဟုတ်မရီဒီအန်ဟုခေါ်သည်။၎င်းမျဉ်းကြောင်းတကြောင်းတည်းပေါ် ကျရောက် တည်ရှိသော အရပ်ဒေသ များသည် မွန်းတည့်ချိန်တူညီကြသောကြောင့် မွန်းတည့်တန်း ဟူ၍ လည်းကောင်း၊မဇ္ဈျမျဉ်းဟူ၍ လည်းကောင်း ခေါ်ဆိုသေးသည်။ ကမ္ဘာလုံး၌ လန်ဂျီတွဒ် မျဉ်းပေါင်း ၃၆၀ ဆွဲထားလျက်



၎င်းတို့သည် တမျဉ်းနှင့်တမျဉ်း တဒီဂရီ၊သို့မဟုတ်တအံသာခြားကွာကြသည်။ တဒီဂရီ(တအံသာ)ကို အစိတ်ပေါင်း ၆၀စိတ်၍ တစိတ်ကို တလိတ္တာဟု ခေါ်သည်။

၁၂။ ဂရင်းနစ်မြို့တည်ရှိရာလန်ဂျီတွဒ် မျဉ်းကြောင်းကို (၀)သုညဒီဂရီ အမှတ်အသားပြု၍ ၎င်းမှအရှေ့ဘက်သို့ဒီဂရီမျဉ်းပေါင်း ၁၈၀ မှတ်သားထား၏။

၁၃။ **အရှေ့လန်ဂျီတွဒ်။** ။ဂရင်းနစ်မြို့၏အရှေ့ဘက်၌ရှိသော လန်ဂျီတွဒ်မျဉ်းပေါင်း ၁၈၀ ကို အရှေ့လန်ဂျီတွဒ်ဟုခေါ်သည်။

၁၄။ **အနောက်လန်ဂျီတွဒ်။** ။ဂရင်းနစ်မြို့၏အနောက်ဖက်၌ရှိသော လန်ဂျီတွဒ် မျဉ်းပေါင်း ၁၈၀ ကို အနောက်လန်ဂျီတွဒ်ဟု ခေါ်သည်။

၁၅။ **လတ္တီတွဒ်မျဉ်းပြိုင်တန်း။** ။ကမ္ဘာလုံး၌အီကွေတာမှတောင်နှင့်မြောက် အကွာအဝေးကို တိုင်းတာရန် အီကွေတာနှင့် ယှဉ်ပြိုင်၍ အီကွေတာ၏ မြောက်ဖက် တောင်ဖက်များ၌ အီကွေတာကဲ့သို့ အရှေ့မှ အနောက်သို့ ပတ်လည်တန်းလျက်ရှိသော မျဉ်းများကို လတ္တီတွဒ် သို့မဟုတ် ၎င်းတို့သည် တမျဉ်းနှင့် တမျဉ်းအကွာအဝေး ညီမျှစွာဖြင့် ပြိုင်တန်းလျက် ရှိနေကြသောကြောင့် မျဉ်းပြိုင်တန်းများ ဟူ၍လည်းခေါ်သည်။

၁၆။ အီကွေတာ၏ မြောက်၌ အီကွေတာမှ မြောက်ဝင်ရိုးဖျားအထိ လတ္တီတွဒ်မျဉ်းပေါင်း ၉၀ နှင့် အီကွေတာ၏တောင်ဖက်၌ အီကွေတာမှ တောင် ဝင်ရိုးဖျားသို့အထိ လတ္တီတွဒ်မျဉ်းပေါင်း ၉၀။ မြောက်ဖက်နှင့် တောင်ဖက်

နှစ်ရပ်ပေါင်း လတ္တီတွဒ်မျဉ်း ၁၈၀ ရှိသည်။ လတ္တီတွဒ်တမျဉ်းနှင့်တမျဉ်းသည် တဒီဂရီ သို့မဟုတ် တအံသာ ခြားကွာ၍ တဒီဂရီ တအံသာသော်လိတ္တာ ၆၀ စိတ်၍ ခေါ်ဆိုမှတ်သားခြင်း ပြုသေးသည်။

၁၇။ **မြောက်လတ္တီတွဒ်။** ။အီကွေတာ၏မြောက်ဖက်၌ရှိသော လတ္တီတွဒ်များကို မြောက်လတ္တီတွဒ်ဟု ခေါ်သည်။

၁၈။ **တောင်လတ္တီတွဒ်။** ။အီကွေတာ၏ တောင်ဖက်၌ရှိသော လတ္တီတွဒ်များကို တောင်လတ္တီတွဒ်ဟု ခေါ်သည်။

၁၉။ **လတ္တီတွဒ်နှင့် လန်ဂျီတွဒ်များသည် တဒီဂရီလျှင် မိုင်မည်မျှစီ ကွာခြားကြကြောင်း ခန့်မှန်းချက်များ။** ။

ကမ္ဘာမြေကြီး၌ ဆွဲထားအပ်သော လတ္တီတွဒ် မျဉ်းပြိုင်တန်းများမှာ တခုနှင့်တခု အကွာညီစွာဖြင့် ပြိုင်တန်းလျက်ရှိကြသောကြောင့် လတ္တီတွဒ် မျဉ်းတို့သည် တဒီဂရီလျှင် အင်္ဂလိပ်မိုင် ၆၉ မိုင်ခန့်စီ ကွာကြသည်ဟု ခန့်မှန်းနိုင်သည်။

၂၀။ လန်ဂျီတွဒ်မျဉ်းများမှာကား အီကွေတာ အရပ်၌သာ တဒီဂရီလျှင် ၆၉ မိုင်ခန့်စီ ကွာကြ၍၊ ၎င်းမှ ဝင်ရိုးများ အရပ်များသို့ နီး၍နီး၍သွားလေ တမျဉ်းနှင့်တမျဉ်း နီးလာလေဖြစ်သဖြင့် လန်ဂျီတွဒ် တဒီဂရီသည် လတ္တီတွဒ် အသီးသီး၌ မိုင်ပေါင်း မည်မျှ လောက် ကွာ ကြောင်းကို အောက်ပါအတိုင်း ခန့်မှန်းမှတ်သားထားကြသည်။



| | | | | | | |
|---|---|---|---|---|---|---|
| လတ္တီတွဒ် | ၀° | ဒီဂရီ=လန်ဂျီတွဒ်တ ဒီဂရီမိုင်ပေါင်း | | | | ၆၉ |
| ။ | ၁၀° | ။ | ။ | ။ | ။ | ၆၈ |
| ။ | ၂၀° | ။ | ။ | ။ | ။ | ၆၅ |
| ။ | ၃၀° | ။ | ။ | ။ | ။ | ၆၀ |
| ။ | ၄၀° | ။ | ။ | ။ | ။ | ၅၃ |
| ။ | ၅၀° | ။ | ။ | ။ | ။ | ၄၄ |
| ။ | ၆၀° | ။ | ။ | ။ | ။ | ၃၄½ |
| ။ | ၇၀° | ။ | ။ | ။ | ။ | ၂၃½ |
| ။ | ၈၀° | ။ | ။ | ။ | ။ | ၁၂ |
| ။ | ၉၀° | ။ | ။ | ။ | ။ | ၀ |

၂၁။ **ယဉ်စွန်းတန်းမျဉ်း။** ။နေ နှင့် လ တို့ ဖိလာ ၌ အရောက်နိုင်ဆုံးသော နေရာသို့ ပြသောမျဉ်းကို ယဉ်စွန်းတန်းမျဉ်းဟု ခေါ်သည်။ (နေယဉ် လယာဉ်တို့ရောက်နိုင်သော ခရီးအစွန်ဆုံးဖြစ်သည်)။ ယဉ်စွန်းတန်း နှစ်ခုသည် အီကွေတာမှ လတ္တီတွဒ် ဒီဂရီပေါင်း ၂၃ အံသာနှင့် ၃၀ လိတ္တာ၊ ၂၃½ ဒီဂရီ (အံသာ) အကွာတွင်ရှိသည်။

၂၂။ **ဥတ္တရယဉ်စွန်းတန်း။** ။ကမ္ဘာ၏ မြောက်ပိုင်း၌ နေ့လတို့ အဝေးဆုံးရောက်နိုင်သော နေရာဌာနကို ဥတ္တရယဉ်စွန်းတန်းဟု ခေါ်သည်။ ၎င်းသည် အီကွေတာ၏ မြောက်ဖက် ၂၃½ ဒီဂရီ(အံသာ)အကွာ၌ရှိသည်။

၂၃။ **အာတိတ်စက်ဝိုင်း။** ။ကမ္ဘာလုံးမြောက်ပိုင်းတွင် နေ၏အလင်းရောင်မြောက်လာကွယ်၍ မြောက်လတွန်းလင်းလျက် အာတိတ် သမုဒ္ဒရာအတွင်း၌ ကမ္ဘာ၏မြောက်ဝင်ရိုးဖျားပတ်လည် ၂၃½ ဒီဂရီအကွာ၌ ဆွဲထားအပ်သော စက်

ဝိုင်းမျဉ်းကို အာတိတ်စက်ဝိုင်းဟု ခေါ်သည်၊ ၎င်းသည် အီကွေတာ၏ မြောက်ဖက် ၆၆½ ဒီဂရီအကွာတွင် ရှိသည်။

၂၄။ ဒက္ခိဏယဉ်စွန်းတန်း။ ။ကမ္ဘာ၏ တောင်ပိုင်းသို့ နေ့လတို့ အဝေးဆုံးအရောက်နိုင်ဆုံးသော နေရာဌာနကို ဒက္ခိဏ ယဉ်စွန်းတန်းဟု ခေါ်သည်။ အီကွေတာ၏ တောင်ဘက် ၂၃½ ဒီဂရီ(အံသာ)အကွာ၌ရှိသည်။

၂၅။ အန္တာတိတ်စက်ဝိုင်း။ ။ကမ္ဘာ မြေလုံး တောင်ပိုင်းတွင် နေ၏အလင်းရောင် ခြောက်လကွယ်၍ ခြောက်လ ထွန်းလင်းလျက်၊ အန္တာတိတ် သမုဒ္ဒရာအတွင်း၌ ကမ္ဘာ၏ တောင်ဝင်ရိုးများပတ်လည် ၂၃½ ဒီဂရီအကွာတွင် ဆွဲထားအပ်သော စက်ဝိုင်းမျဉ်းကို အန္တာတိတ်စက်ဝိုင်းဟု ခေါ်သည်၊ အီကွေတာ၏ တောင်ဖက် ၆၆½ ဒီဂရီအကွာတွင် ဖြစ်သည်။

## ကမ္ဘာ၏ဇုံအပိုင်းအခြားကြီးများ

၂၆။ ကမ္ဘာပေါ်၌ အပူအအေးပိုင်းခြားထားခြင်းကို ဇုံဟုခေါ်သည်၊

၂၇။ မြောက်အအေးပိုင်းဇုံ။ ။ကမ္ဘာ၏မြောက်ဝင်ရိုးစွန်းပတ်လည်၌ အန္တာတိတ် စက်ဝိုင်းအတွင်းရှိ အရပ်ကို မြောက်အအေးပိုင်းဇုံဟု ခေါ်သည်။

၂၈။ တောင်အအေးပိုင်းဇုံ။ ။ကမ္ဘာ၏တောင်ဝင်ရိုးစွန်းပတ်လည်၌ အန္တာတိတ် စက်ဝိုင်းအတွင်းရှိ အရပ်ကို တောင် အအေးပိုင်းဇုံဟု ခေါ်သည်။

၂၉။ မြောက်သမပိုင်းဇုံ။ ။အာတိတ်စက်ဝိုင်းနှင့်ဥတ္တရ



ယဉ်စွန်းတန်း အကြားရှိအရပ်ကို မြောက်သမ ပိုင်းဇုံဟု ခေါ်သည်။

၃၀။ တောင်သမပိုင်းဇုံ။ ။အန္တာတိတ် စက်ဝိုင်းနှင့် ဒက္ခိဏ ယဉ်စွန်းတန်းတို့အကြား၌ ရှိသောအရပ်ကို တောင်သမပိုင်းဇုံဟု ခေါ်သည်။

၃၁။ အပူပိုင်းဇုံ။ ။ဥတ္တရ ယဉ်စွန်းတန်းနှင့် ဒက္ခိဏ ယဉ်စွန်းတန်းတို့၏အကြား၌ရှိသော အရပ်ကို အပူပိုင်းဇုံဟု ခေါ်သည်။

၃၂။ မိုးကုတ်စက်ဝိုင်း။ ။မိုးနှင့် မြေကြီး တွေ့ဆုံဟန် ရှိသောနေရာကို မိုးကုတ်စက်ဝိုင်းဟုခေါ်သည်။ ကမ္ဘာတွင် ကျွန်ုပ်တို့ ရပ်တည်လျက်ရှိသော နေရာမှ အရပ်ရှစ်မျက်နှာ ပတ်လည် ဒီဂရီ ၉၀ စီအကွာ၌ မိုးနှင့်မြေကြီးတို့သည် တွေ့ဆုံ ထိကပ် ဆက်စပ် နေကြဘိ သကဲ့သို့ ထင်မြင် ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာတွင် မိမိ၏တည်ရှိရာဌာနမှ အရပ်ရှစ်မျက်နှာ ပတ်ပတ်လည် ဒီဂရီ ၉၀ စီ အကွာ၏ မိုးကုတ်စက်ဝိုင်း အထက်သို့ဝင်ရောက် ဖြတ်သန်းလှည့်လည် လျက်ရှိသော ဂြိုဟ်နက္ခတ်တာရာကိုသာမြင်နိုင်ကြလေသည်။

၃၃။ အထက်၌ ဆိုအပ်ခဲ့ပြီးသော ပထဝီ၏ အခေါ် အဝေါ် သရုပ်အဓိပ္ပါယ်တို့နှင့် မှတ်သားဘွယ်ရာ အချက် အလက်တို့ကို ကောင်းစွာ သိပြီးပါမှ ကမ္ဘာပေါ်ရှိ တိုက် ကြီးများ၊ သမုဒ္ဒရာကြီးများ၊နိုင်ငံကြီးများ၊ ပြည်နယ်များ နှင့် မြို့ရွာ အဆောက်အဦ အသီးသီးစသည်တို့သည်၊ ကမ္ဘာ ပေါ်တွင်မည်သည့် အပိုင်းမည်သည့်ဌာန၌ တည်ရှိကြသည်။

အကျာအဝေး ပမာဏ မည်မျှရှိသည်တို့ကို တိတိကျကျသိနိုင်မည်ဖြစ်သည်။

၃၄။ အထက်တွင် ဆိုခဲ့သည့်အတိုင်း တိုက်ကြီး သမုဒ္ဒရာကြီး နိုင်ငံကြီး ပြည်နယ် ကြီးများနှင့် မြို့ရွာ အဆောက်အဦအသီးသီးတို့ ကမ္ဘာပေါ်တွင် တည်ရှိသောနေရာများနှင့် အကျယ်အဝန်း အဝေးအကျာ ပမာဏ စသည်တို့ကို အတိအကျ သိနိုင်ရန် ကမ္ဘာ၏ မြေပုံကို ကမ္ဘာမြေကြီးလုံး၏ သဏ္ဌာန်အတိုင်း ဆွဲသားချထားရလိမ့်မည်။ သို့သော်ဤသို့ ရေးဆွဲရန် အလွန် ခက်ခဲသောကြောင့် ကမ္ဘာလုံးကို ဝင်ရိုးအလိုက် ထိပ်ချင်းပေါက် ခွဲခြမ်း၍ ကမ္ဘာ၏ အရှေ့လုံးခြမ်းနှင့် အနောက်လုံးခြမ်းဟူ၍ ခွဲခြား ဆွဲသား ရလိမ့်မည်။ တနည်းလည်း ကမ္ဘာလုံးကို အီကွေတာမှပိုင်းလျက် မြောက်ဖက်ပိုင်းကို မြောက်လုံးခြမ်း၊ တောင်ဖက်ပိုင်းကို တောင်လုံးခြမ်းပြုလျက် နှစ်ပိုင်း နှစ်ခြမ်း ဆွဲသား ရလိမ့်မည်။ ဤအဆိုပါ နည်းများအနက် တနည်းနည်းကို ဆွဲသားပါမှ ကမ္ဘာ၏သဏ္ဌာန်ပမာဏ လန်ဂျီတွဒ်မျဉ်းတို့၏ အဝေးအကျာနှင့် လတ္တီတွဒ်မျဉ်းတို့၏အရှည်အတို စသည်တို့ ကိုက်ညီလျက် ကွင်းကွင်းကွက်ကွက် ထင်မြင်မှတ်သား နိုင်ကြပေလိမ့်မည်။

၃၅။ ကမ္ဘာပေါ်ရှိ တိုက်ကြီးများ၊ သမုဒ္ဒရာကြီးများ၊ နိုင်ငံကြီးများ၊ပြည်နယ်များနှင့် မြို့ရွာ အဆောက်အဦများ စသည်တို့၏ တည်ရှိရာဌာနတို့ကို သိလိုမှု အတွက် ကမ္ဘာထုမြေပုံများကို မဆွဲသားပဲ ကမ္ဘာ၏အခြမ်း လန်ဂျီတွဒ်မျဉ်းများကိုအန်၊ အီကွေတာနှင့်လတ္တီတွဒ်မျဉ်းများကို အလျားထားလျက် အလျားသည် အနံ၏နှစ်ဆ ရှိသော မျဉ်းပြိုင်



ဖြောင့်ဇယားဖြင့် အဆိုပါတို့၏ တည်ရာများကို မှတ်သားရှာဖွေခြင်းပြုနိုင်၏။

## တိုက်ကြီးများနှင့်မြို့ကြီးများ၏ တည်နေရာများကို ရှာဖွေစုံစမ်းခြင်း

၃၆။ ကမ္ဘာ၏ လတ္တီတွဒ်ဒီဂရီ (အံသာ) မျဉ်းပေါင်း ၁၈၀ ကိုအလျား၊ လန်ဂျီတွဒ်ဒီဂရီ (အံသာ) မျဉ်းပေါင်း ၃၆၀ ကို အနံ ပြုထားသော မျဉ်းပြိုင် ဖြောင့် ဇယား၌ အောက်ပါတို့၏ တည်နေရာများကို ရှာဖွေစုံစမ်းမှတ်သားခြင်း ပြုလုပ်ပါ။

(က) အာရှတိုက်ကြီး ၏ အနောက်ဖက် အစွန်းသည် အရှေ့လန်ဂျီတွဒ် ၃၅ ဒီဂရီ၊ အရှေ့ဖက်စွန်းသည်အနောက်လန် ဂျီတွဒ် ၁၇၀ ဒီဂရီနှင့် မြောက် ဖက် အစွန်း သည် မြောက်လန်ဂျီတွဒ် ၈၀°၊ တောင်ဖက်အစွန်းသည် မြောက်လတ္တီတွဒ် ၂ ဒီဂရီတို့၏အတွင်း၌တည်ရှိ၍ မြောက်လတ္တီတွဒ်နှင့် အရှေ့ဖက် လန်ဂျီတွဒ်တို့၏ အတွင်းသို့ လုံးဝနီးပါး ကျရောက်လေသည်။

(ခ) ဥရောပတိုက်၏ အနောက် ဖက် အစွန်း သည် အနောက်လန်ဂျီတွဒ် ၁၀ ဒီဂရီ၊ အရှေ့ဖက် အစွန်းသည် အရှေ့လန်ဂျီတွဒ် ၆၀ ဒီဂရီနှင့် တောင်ဖက် အစွန်းသည် မြောက်လတ္တီတွဒ် ၃၅ ဒီဂရီ၊ မြောက်ဖက် အစွန်းသည် မြောက်လတ္တီတွဒ် ၇၀ ဒီဂရီတို့၏အတွင်း၌တည်ရှိ၍ မြောက်လတ္တီတွဒ်နှင့် အရှေ့လန်ဂျီတွဒ် မျဉ်းများ အတွင်း လုံးဝနီးပါးကျရောက်သေသည်။

(ဂ) **အာဖရိကတိုက်၏** အနောက်ဖက် အစွန်းသည် အနောက်လန်ဂျီတွဒ် ၂၀ ဒီဂရီ၊ အရှေ့အစွန်းသည်အရှေ့ လန်ဂျီတွဒ် ၅၀ ဒီဂရီနှင့် မြောက် အစွန်းသည် မြောက် လတ္တီတွဒ် ၃၅ ဒီဂရီ၊ တောင်အစွန်းသည် တောင်လတ္တီတွဒ် ၃၅ ဒီဂရီတို့၏ အတွင်း၌တည်ရှိ၍၊ လန်ဂျီတွဒ် နှစ်မျိုးနှင့် လတ္တီတွဒ် နှစ်မျိုးစလုံး ၎င်းတိုက်တွင်ပါဝင်သည်။

(ဃ) **ဩစတြေးလျတိုက်** ၏ မြောက်ဖက် အစွန်းသည် တောင်လတ္တီတွဒ် ၁၀ ဒီဂရီ၊ တောင်အစွန်းသည် တောင် လတ္တီတွဒ် ၄၀ ဒီဂရီနှင့် အနောက်အစွန်းသည် အရှေ့ လန်ဂျီတွဒ်၁၁၂ဒီဂရီ၊အရှေ့ဖက်အစွန်းသည် အရှေ့လန်ဂျီတွဒ် ၁၅၅ ဒီဂရီတို့၏ အတွင်း၌တည်ရှိ၍၊ တောင် လတ္တီတွဒ်နှင့် အရှေ့ လန်ဂျီတွဒ်တို့၏ အတွင်း လုံးဝနီးပါး ပါဝင်သည်။

(င) **မြောက်အမေရိကတိုက်**၏ အနောက်စွန်းသည် အနောက် လန်ဂျီတွဒ် ၁၇၀ ဒီဂရီ၊ အရှေ့ စွန်းသည် အနောက်လန်ဂျီတွဒ် ၅၅ ဒီဂရီနှင့် မြောက် အစွန်းသည် မြောက်လတ္တီတွဒ် ၈၀ ဒီဂရီ၊ တောင်အစွန်းသည် မြောက် လတ္တီတွဒ် ၁၀ ဒီဂရီတို့၏ အတွင်း၌ တည်ရှိ၍ အနောက် လန်ဂျီတွဒ်နှင့် မြောက်လတ္တီတွဒ်တို့၏အတွင်း၌ လုံးလုံးကျရောက်သည်။

(စ) **တောင်အမေရိကတိုက်** ၏ မြောက်ဖက် အစွန်းသည် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ၊ တောင်ဖက်အစွန်းသည် တောင် လတ္တီတွဒ် ၅၅ ဒီဂရီ နှင့် အရှေ့ဖက် အစွန်းသည် အနောက်လန်ဂျီတွဒ် ၃၅ ဒီဂရီ၊ အနောက်ဖက်အစွန်းသည်



အနောက်လန်ဂျီတွဒ် ၈၀ ဒီဂရီတို့၏ အတွင်း၌ တည်ရှိ၍၊ အနောက်လန်ဂျီတွဒ်နှင့် တောင်လတ္တီတွဒ်တို့၏ အတွင်းသို့ လုံးဝနီးပါး ကျရောက်သည်။

(ဆ) အိန္ဒိယနိုင်ငံ၏အနောက်ဖက် အစွန်းသည် အရှေ့ လန်ဂျီတွဒ် ၆၂ ဒီဂရီ၊ အနောက်ဖက် အစွန်းသည် အရှေ့ လန်ဂျီတွဒ် ၉၈ ဒီဂရီနှင့် တောင်ဖက် အစွန်းသည် မြောက် လတ္တီတွဒ် ၆ ဒီဂရီ၊ မြောက်ဖက် အစွန်းသည် မြောက် လတ္တီတွဒ် ၃၇ ဒီဂရီတို့၏အတွင်း၌ ကျရောက်သည်။

(ဇ) မြန်မာနိုင်ငံ ၏ တောင်ဖက် စွန်းသည် မြောက် လတ္တီတွဒ် ၁၀ ဒီဂရီ။ မြောက်ဖက် အစွန်းသည် မြောက် လတ္တီတွဒ် ၂၈ ဒီဂရီနှင့် အနောက်ဖက် အစွန်းသည် အရှေ့ လန်ဂျီတွဒ် ၉၂ ဒီဂရီ၊ အရှေ့ဖက်အစွန်းသည် အရှေ့ လန်ဂျီ တွဒ်၁၀၁ ဒီဂရီတို့၏ အတွင်း၌ တည်ရှိသည်။

(ဈ) သမုဒ္ဒရာနှင့်ပင်လယ်များတို့ကိုမှကား ရေပြင်ချင်း စပ်လျက်အပိုင်းအခြားတို့ကို အသေအချာ မသိနိုင် သဖြင့် တိုက်ကြီးများနှင့်နိုင်ငံ ပြည်နယ်များမှာကဲ့သို့ လန်ဂျီတွဒ်နှင့် လတ္တီတွဒ် ဒီဂရီအပိုင်းအခြားတို့ကို မှတ်သားရန် ခဲယဉ်း၏၊ ထို့ကြောင့် ကမ္ဘာ၏ မည်သည့် အပိုင်းတွင် ပါဝင်သည် ဟူ၍သာ မှတ်သားနိုင်သည်။

၃၇။ ကမ္ဘာပေါ်ရှိ မြို့ကြီးအသီးသီးတို့၏ တည်ရာနေထားကို အောက်ပါအတိုင်း လန်ဂျီတွဒ်၊ လတ္တီတွဒ်များနှင့်တကွ စုံစမ်းရှာဖွေ မှတ်သားထားရသည်။

| မြို့အမည် | တည်ရာနေထား | | | | | |
|---|---|---|---|---|---|---|
| | လန်ဂျီတွဒ် | | | လတ္တီတွဒ် | | |
| | အရှေ့သို့မဟုတ် အနောက်လန်ဂျီတွဒ် | ဒီဂရီ အံသာ | လိတ္တာ | မြောက်သို့မဟုတ် တောင်လတ္တီတွဒ် | ဒီဂရီ အံသာ | လိတ္တာ |
| ရန်ကုန် | အရှေ့လန်ဂျီတွဒ် | ၉၆ | ၃၀ | မြောက်လတ္တီတွဒ် | ၁၆ | ၁၅ |
| မြိတ် | ၎င်း | ၉၈ | ၃၀ | ၎င်း | ၁၂ | ၂၉ |
| ထားဝယ် | ၎င်း | ၉၈ | ၈ | ၎င်း | ၁၄ | ၅ |
| မော်လမြိုင် | ၎င်း | ၉၇ | ၃၈ | ၎င်း | ၁၆ | ၃၀ |
| ပုသိမ် | ၎င်း | ၉၄ | ၄၃ | ၎င်း | ၁၆ | ၄၅ |
| ပြည် | ၎င်း | ၉၅ | ၁၅ | ၎င်း | ၁၈ | ၄၃ |
| စစ်တွေ | ၎င်း | ၉၂ | ၄၈ | ၎င်း | ၂၀ | ၈ |
| အမရပူရ | ၎င်း | ၉၆ | ၇ | ၎င်း | ၂၁ | ၅၅ |
| မန္တလေး | ၎င်း | ၉၆ | ၈ | ၎င်း | ၂၂ | ၁၀ |
| မုံရွာ | ၎င်း | ၉၅ | ၅ | ၎င်း | ၂၂ | ၀ |
| မြစ်ကြီးနား | ၎င်း | ၉၇ | ၂၅ | ၎င်း | ၂၅ | ၃၀ |
| ဒေလီ | ၎င်း | ၇၇ | ၂၀ | ၎င်း | ၂၈ | ၄၅ |
| ကာလကတ္တား | ၎င်း | ၈၈ | ၂၅ | ၎င်း | ၂၂ | ၃၄ |
| ဘုံဘိုင် | ၎င်း | ၇၂ | ၅၅ | ၎င်း | ၁၈ | ၅၇ |
| မဒရပ် | ၎င်း | ၈၀ | ၁၂ | ၎င်း | ၁၃ | ၄ |
| ကိုလံဘို | ၎င်း | ၇၉ | ၅၅ | ၎င်း | ၆၅ | ၀ |
| လန်ဒန် | အနောက်လန်ဂျီတွဒ် | ၀ | ၅ | ၎င်း | ၅၁ | ၃၀ |
| ဗျူနိုအေရီ | ၎င်း | ၅၈ | ၃၉ | တောင်လတ္တီတွဒ် | ၃၄ | ၄၈ |
| ကိတ်တောင်း | အရှေ့လန်ဂျီတွဒ် | ၁၈ | ၂၅ | ၎င်း | ၃၃ | ၅၉ |
| နယူးယောက် | အနောက်လန်ဂျီတွဒ် | ၇၃ | ၅၅ | မြောက်လတ္တီတွဒ် | ၄၁ | ၀ |
| မယ်လ်ဘုန်း | အရှေ့လန်ဂျီတွဒ် | ၁၄၅ | ၀ | တောင်လတ္တီတွဒ် | ၃၇ | ၅၀ |

၃၇။ ကမ္ဘာပေါ်ရှိ မြို့ကြီးအသီးသီးတို့၏ တည်ရာနေထားကို အောက်ပါအတိုင်း လန်ဂျီတွဒ်၊ လတ္တီတွဒ်များနှင့်တကွ စုံစမ်းရှာဖွေ မှတ်သားထားရာသည်။

| မြို့အမည် | တည်ရာနေထား — လန်ဂျီတွဒ် — အရှေ့သို့မဟုတ် အနောက်လန်ဂျီတွဒ် | ဒီဂရီ | လိတ္တာ အံသာ | လတ္တီတွဒ် — မြောက်သို့မဟုတ် တောင်လတ္တီတွဒ် | ဒီဂရီ | လိတ္တာ အံသာ |
|---|---|---|---|---|---|---|
| ရန်ကုန် | အရှေ့လန်ဂျီတွဒ် | ၉၆ | ၁၀ | မြောက်လတ္တီတွဒ် | ၁၆ | ၁၅ |
| မြိတ် | ၎င်း | ၉၈ | ၃၀ | ၎င်း | ၁၂ | ၂၉ |
| ထားဝယ် | ၎င်း | ၉၈ | ၈ | ၎င်း | ၁၄ | ၅ |
| မော်လမြိုင် | ၎င်း | ၉၇ | ၃၈ | ၎င်း | ၁၆ | ၃၀ |
| ပုသိမ် | ၎င်း | ၉၄ | ၄၃ | ၎င်း | ၁၆ | ၄၅ |
| ပြည် | ၎င်း | ၉၅ | ၁၅ | ၎င်း | ၁၈ | ၄၃ |
| စစ်တွေ | ၎င်း | ၉၂ | ၄၈ | ၎င်း | ၂၀ | ၈ |
| အမရပူရ | ၎င်း | ၉၆ | ၇ | ၎င်း | ၂၁ | ၅၅ |
| မန္တလေး | ၎င်း | ၉၆ | ၈ | ၎င်း | ၂၂ | ၁၀ |
| မုံရွာ | ၎င်း | ၉၅ | ၅ | ၎င်း | ၂၂ | ၀ |
| မြစ်ကြီးနား | ၎င်း | ၉၇ | ၂၅ | ၎င်း | ၂၅ | ၃၀ |
| ဒေလီ | ၎င်း | ၇၇ | ၂၀ | ၎င်း | ၂၈ | ၄၅ |
| ကာလကတ္တား | ၎င်း | ၈၈ | ၂၅ | ၎င်း | ၂၂ | ၃၄ |
| ဘုံဘိုင် | ၎င်း | ၇၂ | ၅၅ | ၎င်း | ၁၈ | ၅၇ |
| မဒရပ် | ၎င်း | ၈၀ | ၁၂ | ၎င်း | ၁၃ | ၄ |
| ကိုလံဘို | ၎င်း | ၇၉ | ၅၅ | ၎င်း | ၆၅ | ၀ |
| လန်ဒန် | အနောက်လန်ဂျီတွဒ် | ၀ | ၅ | ၎င်း | ၅၁ | ၃၀ |
| ဗျူနိုအေရိ | ၎င်း | ၅၈ | ၃၉ | တောင်လတ္တီတွဒ် | ၃၄ | ၄၈ |
| ကိတ်တောင်း | အရှေ့လန်ဂျီတွဒ် | ၁၈ | ၂၅ | ၎င်း | ၃၃ | ၅၉ |
| နယူးယောက် | အနောက်လန်ဂျီတွဒ် | ၇၃ | ၅၅ | မြောက်လတ္တီတွဒ် | ၄၁ | ၀ |
| မဲလ်ဘုံး | အရှေ့လန်ဂျီတွဒ် | ၁၄၅ | ၀ | တောင်လတ္တီတွဒ် | ၃၇ | ၅၀ |

# ဒုတိယပိုင်း

**ရာသီစက်ဝန်းနှင့် ၎င်းအကြောင်းအချို့**
**မှတ်သားဖွယ်ရာအချက်တို့၏**
**အခေါ်အဝေါ်သရုပ်အဓိပ္ပါယ်များ**

၁။ **ရာသီ**၊ ရာသီဟူသည်ကား အပေါင်းအစုဖြစ်သည်။

၂။ **ရာသီစက်ဝန်း**။ နက္ခတ် ၂၇-လုံးတို့နှင့်တကွကြယ်အကြီးအငယ်တို့ တစုတစုစီ ပေါင်း ၁၂-စုတို့သည် အစီအစဉ်အတိုင်း စက်ဝိုင်းကြီးကဲ့သို့ မြင့်မိုရ်တောင်ကို အပိုင်းလိုက် လက်ျာရစ်အားဖြင့် အမြဲလှည့်သည်လျက် ရှိသောကြောင့် ရာသီစက်ဝန်းဟု ခေါ်သည်၊ ထိုစက်ဝန်းကြီးကို ၁၂-စိတ်ပြုလျက် တစိတ်သည် တရာသီမည်၏။

၃။ **အံသာ**–**အင်သာ**။ စက်ဝိုင်း၏အဝန်းကိုအစိတ်အပိုင်းပေါင်း၃၆၀-ပိုင်းစိတ်၍ တပိုင်း တစိတ်တို့ကို တအံသာ



သို့မဟုတ် တအင်သာဟု ခေါ်သည်။ တအံသာကို အစိတ် ၆၀ စိတ်၍ တစိတ်ကို တလိတ္တာဟုခေါ်သည်။ လိတ္တာ ၆၀ သော်တအံသာ၊ အံသာ ၃၀ သော် တရာသီ၊ ၁၂-ရာသီသော်တစက်ဝန်း ဖြစ်သည်။

၄။ **စက်အံသာမျဉ်း**။ ရာသီစက်ဝန်း၌ အရှေ့အနောက်အကွာအဝေး တို့ကို မှတ်သားရန် ရာသီစက်ဝန်း၏ ဗဟိုအလယ်မှ ရာသီစက်ဝန်း၏ တောင်ဘက်စွန်းအထိ တောင်နှင့်မြောက်တည့်တည့် တန်းအပ်သော မျဉ်းတို့ကို စက်အံသာမျဉ်းဟု ခေါ်သည်။ တအံသာလျှင် တမျဉ်းကျဖြင့် ရာသီစက်ဝန်းတွင် စက်အံသာမျဉ်းပေါင်း ၃၆၀ရှိသည်။ကမ္ဘာ၏လန်ဂျီတွဒ် မျဉ်းများကဲ့သို့ ဖြစ်သည်။ ပုံ-၁။

မိဿရာသီ၏ အစမှ လက်ဝဲရစ်ဖြင့် မိန်ရာသီ၏အဆုံးအထိ သုညအံသာမှ ၃၆၀ အံသာအထိ အစဉ်အတိုင်း မှတ်သားထားသည်။ ၁ အံသာ(ဝါ)၃၆၀ အံသာဖြစ်သော စက်အံသာသည် မြန်မာတို့၏ တနှစ်မှတနှစ်သို့ ကူးပြောင်းခြင်းဖြစ်သော မဟာသင်္ကြန်အခါတွင် နေဆိုက်ရောက်ရာနဖြစ်သည်။ပုံ-၁။

၅။ **မဇ္ဈေစက်**။ ရာသီစက်ဝန်း၏ ဗဟိုနှင့်အဆုံး အစွန်တို့၏ အကြားတွင် မြောက်ဖက်အဖို့နှင့် တောင်ဘက် အဖို့ကို ညီမျှစွာ ခြားလျက် ရာသီစက်ဝန်း၏ ခါးလယ် တည့်တည့်တွင်အနောက်မှအရှေ့သို့ ပတ်လည်တန်းလျက်ရှိသော မျဉ်းကို မဇ္ဈေစက်ဟုခေါ်သည်။ ၎င်းသည် ကမ္ဘာ၏ အီကွေတာပေါ်၌ တည့်တည့်ရှိနေသည်။

၆။ **ဒိပ် သို့မဟုတ်ကြန္တိမျဉ်းများ။မဇ္ဈေစက်မှ တောင်နှင့်**

မြောက် အကွာအဝေးတို့ကို မှတ်သားနိုင်ရန် မဇ္ဈေစက်နှင့် ပြိုင်တန်းလျက် အရှေ့အနောက် တည့်တည့် ဆွဲသော မျဉ်းတို့ကို ဒီပ်မျဉ်းသို့မဟုတ် ကြန္တိမျဉ်းများဟုခေါ်သည်။ ၎င်းတို့သည်ကမ္ဘာတွင်လတ္တီတွဒ်မျဉ်းများကဲ့သို့ ဖြစ်ကြလျက် ကမ္ဘာ၏ လတ္တီတွဒ်များပေါ်၌ တည့်တည့်မတ်မတ် ရှိနေကြသည်။

၇။ ဥတ္တရဒီပ်။ မဇ္ဈေစက်၏ မြောက်ဖက်၌ ကျရောက်သော ဒီပ်မျဉ်းတို့ကို ဥတ္တရဒီပ်ဟုခေါ်သည်။ မဇ္ဈေစက်မှ ရာသီစက်ဝန်း၏ ဗဟိုအထိဒီပ်အံသာပေါင်း ၉၀ ဖြစ်သည်။ မဇ္ဈေစက်ကို သုညအံသာဟု အမှတ်ပြုလျက် ၎င်းမှ မြောက်ဖက်သို့ ရာသီစက်ဝန်း၏ ဗဟိုအရောက် ဂဏန်းစဉ် ၉၀ အထိ တိုးတက် ဆက်လက်၍ မှတ်သားရသည်။ ဥတ္တရဒီပ်မျဉ်းများသည် ကမ္ဘာ၏မြောက် လတ္တီတွဒ်များ အထက်၌တည့်တည့်ရှိကြသည်။

၈။ ဒက္ခိဏဒီပ်။ မဇ္ဈေစက်၏ တောင်ဖက်၌ ကျရောက်သော ဒီပ်မျဉ်းတို့ကို ဒက္ခိဏဒီပ်ဟုခေါ်သည်။ မဇ္ဈေစက်မှ ရာသီ စက်ဝန်း၏ တောင်ဖက်စွန်းထိ ဒီပ်အံသာပေါင်း ၉၀ ဖြစ်သည်။

မဇ္ဈေစက်မှရာသီစက်ဝန်း၏တောင်ဖက်စွန်းထိဒီပ်အံသာပေါင်း ၉၀ ဖြစ်သည်၊ မဇ္ဈေစက်မှ တောင်ဖက်သို့အစဉ်အတိုင်း ဂဏန်း စဉ်သည်။ ဒက္ခိဏဒီပ် မျဉ်းများသည် ကမ္ဘာ၏ တောင် လတ္တီတွဒ်များ အထက်မှ တည့်တည့် ရှိကြသည်၊ ပုံ—၅။

၉။ ဥတ္တရယဉ်စွန်းတန်းသို့မဟုတ် အခဏ္ဍော့စက်။ ရာသီ



စက်ဝန်း၏ မြောက်ပိုင်းသို့ နေလနှင့်တကွ အင်္ဂါအစရှိသော ဂြိုဟ်တို့သည် ဖီလာသွားဖြင့် အဝေးဆုံးအရောက်နိုင်ဆုံးသောဌာနကို ဥတ္တရယဉ်စွန်းတန်း သို့မဟုတ် နေလနှင့်တကွ ဂြိုဟ်တို့ဖီလာ သွားကြရာ၌ ၎င်းဌာနသို့ ရောက်လျှင်အတွင်းကျဆုံး ဖြစ်သောကြောင့် အခဏ္ဍော့စက် အခဏ္ဍော့လမ်းဟု ခေါ်သည်။ ၎င်းဌာနသို့ နေ လ နှင့်တကွ ဂြိုဟ်တို့သည် မေထုန်ရာသီ၏ အဆုံးဖြစ်သော အံသာ ၃၀ သို့ရောက်ကြသောအခါမှာ ဆိုက်ကြလေသည်။ အခဏ္ဍော့စက်သည် ကမ္ဘာ၏ ဥတ္တရယဉ်စွန်းတန်းအထက်၌ တည့်မတ်စွာတည်ရှိသည်။ ပုံ—၇။

၁၀။ ဒက္ခိဏယဉ်စွန်းတန်း သို့မဟုတ် ဗာဟိရစက်။ ရာသီစက်ဝန်း၏ တောင်ဖက်ပိုင်းသို့ နေ လနှင့်တကွ ဂြိုဟ်တို့သည်ဖီလာသွားအားဖြင့်အဝေးဆုံးအရောက်နိုင်ဆုံးသောဌာနကို ဒက္ခိဏယဉ်စွန်းတန်း သို့မဟုတ် နေ လနှင့် တကွ ဂြိုဟ်တို့ ဖီလာသွားကြရာ၌ ၎င်းဌာနသည် အပြင်အကျဆုံး ဖြစ်သောကြောင့် ဗာဟိရစက် ဗာဟိရလမ်းဟု ခေါ်သည်၊ နေလနှင့်တကွအင်္ဂါစသောဂြိုဟ်တို့သည် ဓနုရာသီ၏အဆုံးဖြစ်သောစက်အံသာ ၂၇၀ သို့ကျရောက်သောအခါမှာ ဗာဟိရစက်သို့ရောက်ကြသည်။ ဗာဟိရစက်သည် ကမ္ဘာ၏ ဒက္ခိဏယဉ်စွန်းတန်း အထက်၌ တည့်မတ်စွာ တည်ရှိသည်။ ပုံ—၃။

၁၁။ ဝိထိဌာန၊ ဝိထိ ဆိုသည်ကား ရာသီစက်ဝန်းတွင် နေလနှင့် တကွ ဂြိုဟ်တို့၏ ခရီးလမ်းစဉ်ကို ခေါ်သည်၊ နေလနှင့်တကွဂြိုဟ်တို့သည်ရာသီစက်ဝန်း၌ ဥတ္တရယဉ်စွန်းတန်း ဖြစ်သော အခဏ္ဍော့စက်နှင့်ဒက္ခိဏယဉ်စွန်းတန်း ဖြစ်သော

ဗာဟိရစက်တို့၏ အကြား အဖို့မှာသာလျှင် သွားလာ လှည့်ပတ်ကြသည်။ ၎င်းအရပ်သည်ကမ္ဘာ၏အပူပိုင်းဇုံ အထက်မှ တည့်တည့်ရှိသည်။

၁၂။ ဝီထိသုံးပါး။ ရာသီစက်ဝန်းတွင် ဥတ္တရ ယဉ်စွန်းတန်းနှင့် ဒက္ခိဏ ယဉ်စွန်းတန်းတို့၏အကြား အရပ်ရပ်ကို သုံးဖို့ညီစွာပြုလျက် အလယ်အဖို့ကို မဇ္ဈေဝီထိ၊ မြောက်ဖက်အဖို့ကို အဇ္ဈောဝီထိ၊ တောင်ဖက်အဖို့ကို ဗာဟိရဝီထိ ဟု ပိုင်းခြားခေါ်ဝေါ်ကြသည်။

နေလနှင့်တကွ ဂြိုဟ်တို့သည် ရာသီစက်ဝန်းတွင် စက်အံသာ ၃၀ ပြိဿရာသီ၏ အစမှ စက်အံသာ ၁၅၀ သိဟ်ရာသီ၏အဆုံး အထိ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ် ၄ ရာသီတို့၏ အတွင်းသို့ ရောက်ရှိကြသောအခါတွင် အဇ္ဈောဝီထိမှ သွားကြသည်၊ စက်အံသာ ၁၅၁ ကန်ရာသီ၏အစမှ စက်အံသာ ၂၁၀ တူရာသီအဆုံးအထိ အတွင်းနှင့် စက်အံသာ ၃၃၁ မိန်ရာသီအစနှင့်မိန်၊ မိဿ ၄ ရာသီတို့၏ အတွင်းသို့ ရောက်ရှိကြသော အခါတွင် မဇ္ဈေဝီထိမှ သွားကြသည်။ စက်အံသာ ၂၁၁ ဗြိစ္ဆာရာသီ၏ အစမှ စက်အံသာ ၃၃၀ ကုံရာသီ၏ အဆုံးအထိ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ ၄ ရာသီတို့၏အတွင်းသို့ ရောက်ရှိကြသော အခါတွင် ဗာဟိရ ဝီထိမှ သွားကြသည်။

၁၃။ နေလနှင့်တကွ ဂြိုဟ်တို့သွားလာ လှည့်ပတ်သော အယဉ် ၂-ပါး

(က) ဥတ္တရယဉ်သွားခြင်း။ နေလနှင့် တကွ ဂြိုဟ်တို့သည် ရာသီစက်ဝန်းတွင် စက်အံသာ ၂၇၁ မကာရ ရာ



သီ၏အစမှစက်အံသာ ၉၀ မေထုန်ရာသီ၏အဆုံးအထိဒက္ခိဏ ဒိပ် ၂၃½ အံသာ ဖြစ်သော ဒက္ခိဏ ယဉ်စွန်းတန်း "ဗာဟိရစက်"မှ ဥတ္တရဒိပ် ၂၃½ အံသာဖြစ်သော ဥတ္တရ ယဉ်စွန်းတန်း "အဇ္ဈောစက်" အထိ တောင်မှ မြောက်သို့ ဖီလာအားဖြင့် ဝင်သွားသည်ကို ဥတ္တရယဉ်သွားသည် ဟု ခေါ်သည်။ နေ လစသော ဂြိုဟ်တို့သည် ဥတ္တရယဉ်ခရီး၌ အာရုယှ ဂမန တက်၍တက်၍သွားသည်။

(ခ) ဒက္ခိဏယဉ်သွားခြင်း။ နေလနှင့် တကွ ဂြိုဟ်တို့သည် ရာသီ စက်ဝန်းတွင် စက်အံသာ ၉၀ ကရကဋ်ရာသီ၏ အစမှ အံသာ ၂၇၀ ဓနုရာသီ၏ အဆုံး အထိဥတ္တရ ဒိပ် ၂၃½ အံသာဖြစ်သောဥတ္တရ ယဉ်စွန်းတန်း "အဇ္ဈောစက်"မှ ဒက္ခိဏဒိပ် ၂၃½ အံသာဖြစ်သော ဒက္ခိဏယဉ် စွန်းတန်း "ဗာဟိရစက်" အထိ မြောက်မှတောင်သို့ ဖီလာအားဖြင့်ထွက်သွားသည်ကို ဒက္ခိဏယဉ် သွားသည်ဟု ခေါ်သည်။ နေလစသော ဂြိုဟ်တို့သည် ဒက္ခိဏ ယဉ်ခရီး၌ ဩရုယှ ဂမန သက်၍သက်၍သွားသည်။

၁၄။ ဂြိုဟ်နှင့် နက္ခတ်တာရာတို့၏အဖြောင့် သွားခြင်း။ နေလ အစရှိသော ဂြိုဟ်များနှင့် နက္ခတ်တာရာ အပေါင်းတို့သည် ရာသီစက်ဝန်းတွင် ရာသီစက်ဝန်းနှင့် အတူတကွ မြင့်မိုရ်တောင်ကိုတရက်လျှင်တပတ်ကျလက်ယာရစ်ဖြင့်အရှေ့မှ အနောက်သို့ အစဉ်သဖြင့်လှည့်၍လှည့်၍ သွားကြခြင်းကိုအဖြောင့်သွားဟု ခေါ်၏။ ကမသွားဟူ၍လည်း ခေါ်သည်။

၁၅။ ဂြိုဟ်တို့၏ဖီလာသွားခြင်း။ နေလနှင့်တကွအင်္ဂါ စသော ဂြိုဟ်ခပ်သိမ်းတို့သည် နက္ခတ်ရာသီ စက်ကြီးအတွင်း

တွင် ယင်းတို့၏ ရာသီကူး ရာသီသွားနှုန်းများအရ မိဿစသောရာသီများ၏ ၁၂-ရာသီ၏ အဂဏာတပတ်ခရီး အဝန်း၌ အနောက်မှ အရှေ့သို့ လက်ဝဲရစ်ဖြင့် ၎င်းတို့၏ ဂြဟစက္ကမဏ္ဍလများဖြင့် ဒိုင်အယဉ်၊ ဂေါဠအရပ်များသို့ မြောက်နှင့် တောင်အရပ်များ၌ ယဉ့်စွန်းတန်း နှစ်ရပ်၏အကြားအယနထဲတွင် ရွေ့ရောက်လျက်ရှိကြသည်ကို ဖိလာသွားခြင်းဟု ခေါ်သည်။

ဂြိုဟ်များမှတပါး နက္ခတ်တာရာများမှာ ယင်းတို့၏ တည်ရှိကြရာ စက်အံသာများ၏ ဒိုင်အံသာဌာနများမှ ဖီလာသို့မရွေ့ကြ။ အဖြောင့်လှည့် အဖြောင့် ကမ အသွားအားဖြင့်သာလျှင် အရှေ့မှအနောက်သို့ လက်ျာရစ် လှည့်လည်ကြခြင်းများသာ ရှိကြသည်။

## နက္ခတ် နက်သတ် တာရာ ကြည် ကြယ်ဟူ၍ ခေါ်ဝေါ်ရေးသားခြင်းအကြောင်း

၁၆။ မြန်မာဘာသာ၌ နက္ခတ်ဟု ခေါ်ဝေါ်ရေးသားကြသည်မှာ အဘိဓာန် ကျမ်းတွင် နက္ခတ္တံ - နက္ခတ်၊ ဇောတိ- နက္ခတ်၊ ဘံ - နက္ခတ်၊ တာရာ-နက္ခတ်၊ တာရကာ-နက္ခတ်၊ ဥဠု နက္ခတ်ဟူ၍ ပရိယာယ်ခြောက်ပုဒ်ပြသည်။ မြန်မာဘာသာမှာ မဂဓဘာသာ နက္ခတ္တပုဒ်၌ တ တလုံးကြေနှင့် တံခွန်တင်၍ နက္ခတ်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

(က) နက်သတ်ဟုခေါ်ခြင်းမှာ သဏ္ဌာန် ကျမ်းအလို က အက္ခရာဆွဲ၍ နက်မတ်ဖြစ်သည်။ မကို သနှင့် လဲ၍ နက်သတ် ဟု ခေါ်သည်။



(ခ) နက္ခတ္တသဒ္ဒါကား မြန်မာလို ဖတ်၍ ထွက်၍မကုန်တတ်ခြင်း၊ သွားမြဲခရီးကို မဖျက်ဆီး မစွန့်ခြင်း၊ သွားတတ် ရွေ့တတ်ခြင်း အနက်အဓိပ္ပါယ်ရသည်။ နက္ခတ်ကို တာရာဟူ၍လည်း ခေါ်သည်။ နက္ခတ်နှင့် တာရာကား ပရိယာယ်အလဲအလှယ်ပင်တည်း။

(ဂ) တာရာသဒ္ဒါကား ကူးမြောက်ခြင်း၊ မိမိခရီးကို စောင့်ခြင်း အဓိပ္ပါယ်ရသည်။ ကေနိပါတ်ဝဏ္ဏုပထဇာတ်တွင် လှည်းသားငါးရာတို့ ဝါဠုကန္တာရသို့ ရောက်သောကာလ နက္ခတ္တနိယမ တာရာနိယမဖြင့် ကြည့်ရှုကြသည်ဟု ဆိုသည်။

(ဃ) ထိုနက္ခတ်တာရာတို့ကို ရှေးက ကြည်ဟု ခေါ်ဝေါ်သည်မှာ အထက်၌ပြဆိုခဲ့သောနက္ခတ်ပရိယာယ်၆-ပါး အနက်ဇောတိသဒ္ဒါ ဘံသဒ္ဒါနှစ်ပါးကား ထွန်းလင်းသော ရောင်ခြည်ကိုဟောသည်။ အဘိဓာန် ကျမ်းတွင် ကရသဒ္ဒါသည် အရောင်ဟော ရောင်ခြည်ဟော ဖြစ်ကြောင်းကို ဆိုသည်။ ထိုရောင်ခြည်ကို ရှေးစာဟောင်း အရေးအသားများတွင် ရောင်ကြည်ဟူ၍ ပဌမအက္ခရာကကြီးနှင့် ရေးမှတ်ထားသည်။ ထို့ကြောင့် ဗုဒ္ဓရက္ခိတ မဟာသာမိညောင်ကန်ဆရာတော်စီရင်သည့်အက္ခရာသံ ဗေဒက သတ်ပုံ၌ ရောင်ကြည်ဇုတ္တိရသို့၊ ကေစိ ဝါဒေနခကာရော ဆိုသည်ကိုထောက်လျှင်သရေခေတ္တရာ၊ ပုဂံကောင်းစားစဉ်ကာလ ရှေးသူတို့မှာ ဇောတိသဒ္ဒါ ဘံသဒ္ဒါ နှစ်ပုဒ်၏ အနက်နှင့်အညီ ကြည်ဟူ၍ ခေါ်ဝေါ်ဟန်ရှိသည်။ နောက်ကာလတွင်စကားကိုပြင်ဆင်၍ကြယ်ဟု ခေါ်တွင်သည့် လက္ခဏာရှိသည်။ ယခုထက်တိုင်

အချို့မြန်မာတို့က ကြည်ဟူ၍ ခေါ်ဝေါ် ပြောဆိုကြသေးသည်။

(င) နောက်ဆရာမြတ်တို့ ရေးစပ်သည့်နှီး ပျို့ လင်္ကာ သတ်ပုံ တို့ကား ကြယ်ဟူ၍သာ အစပ်အဟပ်ရှိချေသည်။ ထို့ကြောင့် ရရစ် ယသတ်နှင့်ပင် ရေးထုံးရှိသည့်အတိုင်း ရေးသားရန်ရှိချေသည်။

၁၇။ (က) ရာသီစက်ဝန်း၌ ပါဝင် တည်ရှိကြသော ကြယ်အပေါင်းမှာ ရာသီစက်ဝန်း မဇ္ဈေစက်၏ ဝဲယာပတ်လည်ဥတ္တရဒိပ်နှင့် ဒက္ခိဏဒိပ် အံသာ ၄၀ ခန့်ဆီတို့၏ အလယ်အကြားအရပ်၌ တွားတွား ထင်ထင် ရှိကြသော ကြယ် များမှ ရာသီ စောင့် ရာသီ ပိုင်ဖြစ်သော နက္ခတ်တို့၏ အံသာများအတွင်း၌ ကျရောက်တည်ရှိနေကြသော ကြယ် များကို လုံးရေသျှာ ရုပ်ပုံသဏ္ဌာန်တို့ကို အစပြုခြင်းအားဖြင့် အသဝဏီ အစရှိသော နက္ခတ် ၂၇ လုံးကို အခြား ကြယ်များမှ ခွဲခြားလျက် ရေးဆရာမြတ်တို့သည် အသီးသီးစီသော အမည်များဖြင့် ခေါ်ဝေါ်သတ်မှတ်၍ထားခဲ့သည်။

(ခ) နက္ခတ်တို့၏လုံးရေနှင့် ပုံသဏ္ဌာန်များမှာ ကျမ်းအစောင်စောင်တို့၌ မညီမညွတ်ကြချေ။ ဤသို့ မညီမညွတ်ခြင်းမှာမထောင်းတာ။သဏ္ဌာန် အပြားရကောင်းသည်တွင် ကျမ်းဆရာတို့ အထင်အမြင်ရှိတိုင်းကြိုက်နှစ်သက်ရာ ဆိုခြင်းမျှသာဖြစ်လေသည်။

(ဂ) မည်သည့် နက္ခတ်သည် မည်သည့် သူအကြောင်းနှင့် ဖြစ်သည်ဟူ၍ ဝတ္ထုပုံပြင်ရှိကြ၏။ပိဋကတ်ကျမ်း ဗေဒင်ကျမ်းတို့၌မရှိ။ ကောင်းကင်ပြင်တွင် ကမ္ဘာ့တန်းဆာဖြစ်



သည်ကား မချွတ်လွဲသော အကြောင်းဟု မှတ်ရာ၏။ ဂြိုဟ်သည်ကား မချွတ်လွဲသော အကြောင်းဟု မှတ်ရာ၏။ ဂြိုဟ်နက္ခတ် တာရာ အဖြာဖြာသောကြယ်ဟူသမျှကား ဘုံဗိမာန်များတို့သာတည်း။

၁၈။ ကျမ်းအစောင်စောင်တို့၌ နက္ခတ်၏လုံးရေနှင့် ပုံသဏ္ဌာန်များ မညီမညွတ်ကြပုံကို ကြတ္တိကာနက္ခတ်တလုံး၏ အကြောင်းဖြင့် ကောင်းစွာသိနိုင်သည်။ထိုကြတ္တိကာနက္ခတ်၏ လုံးရေသျှာပုံသဏ္ဌာန်ကိုပေါတ္တရသာဝီကျမ်းတွင်မဇ္ဈိမဒေသ၏သင်ဓုန်းသွားသဏ္ဌာန် ၇ လုံးဆိုသည်။ ဂြဟသျှတ်နှင့် လဃုသံဂြဟကျမ်းတို့တွင် ခုရရှုပ-သင်ဓုန်းသဏ္ဌာန် ၇-လုံးဟု နှစ်စောင်အညီဆိုသည်။ အာကာသသျှတ္တရကျမ်းတွင် ၇-လုံး စပါးစုသဏ္ဌာန်ဆိုသည်။ကပ္ပဝဏ္ဏနာ ဝတ္ထုကျမ်းတွင် ၆-လုံးစပါးစုသဏ္ဌာန် ဆိုသည်။သိဿဗောဓကျမ်းတွင်၆-လုံးအဆင်း သဏ္ဌာန်မပါ။ (ရွှေမင်ရေး ပုရပိုဒ် ဖြူတော်မှာ ၆လုံးကြက်ငယ်ပုံသဏ္ဌာန်နှင့်ရေးသားလျက်ရှိသည်ဟုဆိုကြ၏။မှန်ပြောင်းနှင့် ကြည့်သော်လုံးရေ ၄၀ ကျော်တွင်ထွန်းလင်းသော အရောင်ရှိသော ကြယ်ကြီး ၁၁ လုံးနှင့် ထိုကြယ်ကြီးတို့၏ အကြားအကြား အစွန်းအနားတွင် ကြယ်ငယ်အများနှင့်မြင်သည်ဟု ဝေါဟာရ လိနတ္ထ ဒီပနီကျမ်းတွင် ဆိုထားသည်။ ကြတ္တိကာမှ တပါး ကျန်အခြားသော နက္ခတ်တို့သည်လည်း ကျမ်းတစောင်နှင့်တစောင် လုံးရေသဏ္ဌာန်၌ကွဲလွဲကြ၏။)

၁၉။ နက္ခတ် ၇ လုံး၏ အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမှတ်စဉ် | နက္ခတ်အမည် | လုံးရေ | အနီးဆုံးတူသောပုံသဏ္ဍာန် |
|---|---|---|---|
| ၁။ | အဿဝဏီ | ၆ | မြင်းဦးခေါင်း |
| ၂။ | ဘရဏီ | ၃ | ခုံလောက် |
| ၃။ | ကြတ္တိကာ | ၇ | ကြက်သားစု(သင်ခုန်း) |
| ၄။ | ရောဟဏီ | ၁၀ | ရှည်းဦးကင်း(ငါးကြင်းပွတ်) |
| ၅။ | မိဂသီ | ၃ | သမင်ဦးခေါင်း |
| ၆။ | အဒြ | ၁ | ပတ္တမြား(မှန်ကူသီး) |
| ၇။ | ပုဏ္ဏဖုသျှ | ၅ | သင်္ဘော |
| ၈။ | ဖုသျှ | ၁၀ | မိုးစွေပန်း(ငှက်ချေးခံ) |
| ၉။ | အသလိဿ | ၄ | ခက်ရင်းခွ |
| ၁၀။ | မာဃ | ၄ | သံကောက် |
| ၁၁။ | ပြုဗ္ဗာဘရဂုဏ္ဏီ | ၂ | ညောင်စောင်းခြေ |
| ၁၂။ | ဥတ္တရာဘရဂုဏ္ဏီ | ၂ | ညောင်စောင်းခြေ။ |
| ၁၃။ | ဟဿဒ | ၅ | လက်ဝါးလက်ချောင်း |
| ၁၄။ | စိတြ | ၁ | ပတ္တမြား |
| ၁၅။ | သွာတိ | ၂ | ကသစ်ပွင့် |
| ၁၆။ | ဝိသာခါ | ၁၄ | ဆိုင်းဗိုင်း |
| ၁၇။ | အနုရာဓ | ၁၅ | နဂါးလည်ဆစ် |
| ၁၈။ | ဇေဋ္ဌ | ၅ | ကျောက်ဖြင်၊ နဂါးချက်မ |
| ၁၉။ | မူလ | ၄ | ကျောက်သား၊ ကြောင်ရှပ် |
| ၂၀။ | ပြုဗ္ဗာသန် | ၂ | ဆင်မလှမ်းဟန် |
| ၂၁။ | ဥတ္တရာသန် | ၂ | ဆင်မလှမ်းဟန် |
| ၂၂။ | သရဝဏ် | ၃ | မြှား |
| ၂၃။ | ဓနသိဋ္ဌ | ၄ | တီး၊ အင်ကြင်းသီး |
| ၂၄။ | သတ္တဘိသျှ | ၄ | ခက်ရင်းငယ် |
| ၂၅။ | ပြုဗ္ဗာဘဒ္ဒရပိုက် | ၂ | ဖထိုင်ခြေ၊ ညောင်စောင်းခြေ |
| ၂၆။ | ဥတ္တရာဘဒ္ဒရပိုက် | ၂ | ညောင်စောင်းခြေ |
| ၂၇။ | ရေဝတီ | ၉ | ငါးမြှုံး၊ ရက်ဖောက် |

၂၀။ (က) နက္ခတ် ၂၇လုံးနှင့် အချို့တာရာတို့ကို ရာသီစက်တွင် နက္ခတ် စက်အံသာ ဒိပ်စုံ အံသာတို့ကို ဖော်ပြထားသော အောက်ပါဇယားဖြင့် တိုက်ဆိုင် ရှာဖွေကြည့်ရှုလျှင် နက္ခတ်တာရာတို့၏ တည်ရာ ပုံသဏ္ဌာန်စသည်တို့ကို မိမိရရသိရှိနိုင်လိမ့်မည်။(ဇယားတွင် ဒိပ်အကန့်၌မဇ္ဈေစက်မှ မြောက်ဖက် ဥတ္တရဒိပ် ၌ ကျရောက်သော အမှတ်အသားကို ဥ အက္ခရာ၊ တောင်ဖက် ဒက္ခိဏ ဒိပ်၌ ကျရောက်သော အမှတ်အသားကို ဒ အက္ခရာတို့ဖြင့်ဖော်ပြထားသည်)။

(ခ) နက္ခတ်တို့၌ ပါဝင်ကြသော ကြယ်တို့ကို ကောင်းကင်ရာသီစက်၌တိုက်ဆိုင်ရှာဖွေ၍ လွယ်ကူစေရန် ၎င်းတို့၏ အရောင် အလင်းကို လိုက်လျက် (၁) (၂) (၃) (၄) (၅)ဟူ၍ ကြီးစဉ်ငယ်လိုက် ကြယ်များ၏ အရောင်ပမာဏကို ဂဏန်းစဉ်ဖြင့် ငါးမျိုး ငါးစား ဖော်ပြထားသည်။ ထိုသို့ ဖော်ပြရာ၌ ၁ အမှတ်ပြ ကြယ်မျိုးသည် ထွန်းလင်းသော ကြယ်ကြီးများ ၂၊ ၃၊ ၄၊ ၅၊ တို့မှာ အဆင့်ဆင့်အားဖြင့် သေးငယ်မှေးမှိန်၍ သွားကြသောကြယ်များဟုမှတ်ပါ။

(ဂ) နက္ခတ်တို့၌ ပါဝင်ကြသော ကြယ်အသီးသီးတို့၏ စက်အံသာ၊ မဇ္ဈေစက်မှ ဥတ္တရဒိပ်နှင့်ဒက္ခိဏ ဒိပ်အရောက် အကွာ(မြောက်ဖက်နှင့်တောင်ဖက်)အံသာတို့မှာ တဖက်ပါ ဇယားအတိုင်းဖြစ်ကြသည်။

| နက္ခတ်အမည်နှင့်ပါဝင်သော ကြယ်များ | | နက္ခတ်စီး | | မဇ္ဈေမှ ဒိပ်အကွာ | | | ကြယ်များ ပမာဏ |
|---|---|---|---|---|---|---|---|
| | | စက်အံသာ၊ | လိတ္တာ | ဒိပ် | အံသာ | လိတ္တာ | နံပတ် |
| အဿဝဏီ | ပဌမအလုံး | ၇ | ၀ | ဥ | ၁၇ | ၄ | ၃ |
| 〃 | ဒုတိယအလုံး | ၅ | ၀ | ဥ | ၁၉ | ၃၂ | ၃ |
| 〃 | တတိယအလုံး | ၅ | ၃၀ | ဥ | ၁၆ | ၀ | ၅ |
| 〃 | စတုတ္ထအလုံး | ၆ | ၀ | ဥ | ၂၂ | ၂ | ၅ |
| 〃 | ပဉ္စမအလုံး (*) | ၈ | ၃၀ | ဥ | ၂၂ | ၂ | ၂ |
| 〃 | ဆဋ္ဌမအလုံး | ၉ | ၄၆ | ဥ | ၂၀ | ၂၂ | ၅ |
| ဘရဏီ | အနောက်အလုံး | ၁၄ | ၃၂ | ဥ | ၂၆ | ၂၂ | ၅ |
| 〃 | မြောက်အလုံး(*) | ၁၈ | ၃၂ | ဥ | ၂၈ | ၂၂ | ၅ |
| 〃 | အရှေ့အလုံး | ၁၉ | ၂ | ဥ | ၂၆ | ၁၂ | ၅ |

| နက္ခတ်အမည်နှင့် ပါဝင်သော ကြယ်များ | နက္ခတ်စီး | | မဇ္ဈိမဒိပ်အကွာ | | | ကြယ်များ ပမာဏ |
|---|---|---|---|---|---|---|
| | စက်အံသာ၊ | လိတ္တာ | ဒိပ် | အံသာ | လိတ္တာ | နံပတ် |
| ကြတ္တိကာ ၁အလယ်လုံး (*) | ၄၃ | ၃၅ | ဥ | ၂၂ | ၃၂ | ၄ |
| ရောဟဏီ ပဌမအလုံး | ၄၁ | ၆ | ဥ | ၁၅ | ၂ | ၄ |
| " ဒုတိယအလုံး | ၄၂ | ၃၆ | ဥ | ၁၇ | ၂ | ၃ |
| " တတိယအလုံး | ၄၃ | ၁၅ | ဥ | ၁၅ | ၇ | ၃ |
| " စတုတ္ထအလုံး | ၄၄ | ၆ | ဥ | ၁၈ | ၃၂ | ၃ |
| " ပဉ္စမအလုံး (*) | ၄၅ | ၃၆ | ဥ | ၁၅ | ၅၇ | ၂ |
| မိဂသီလိပ်ခေါင်းပဌမအလုံး | ၆၀ | ၂၄ | ဥ | ၁၀ | ၂ | ၅ |
| ဒုတိယအလုံး | ၆၀ | ၂၅ | ဥ | ၁၁ | ၀ | ၅ |
| တတိယအလုံး | ၆၁ | ၂၇ | ဥ | ၁၀ | ၇ | ၅ |

| (၁) နက္ခတ်အမည်နှင့် ပါဝင်သောကြယ်များ | နက္ခတ်စီး | | မဇ္ဈိမ္မဒိဂ်အကွာ | | | ကြယ်တို့၏ ပမာဏ |
|---|---|---|---|---|---|---|
| | စက်အံသာ | လိတ္တာ | ဒိဂ် | အံသာ | လိတ္တာ | နံပါတ် |
| လိပ်လက် လက်ဝဲအလုံး | ၅၈ | ၉ | ဥ | ၉ | ၃၂ | ၃ |
| လိပ်ခြေ လက်ဝဲအလုံး | ၅၅ | ၂၃ | ဒ | ၈ | ၂၈ | ၁ |
| လိပ်လက် လကျ်ာ (အဖြူဟုဆို၏)(*) | ၆၅ | ၁၀ | ဥ | ၈ | ၂ | ၁ |
| လိပ်ခြေ လကျ်ာအလုံး | ၆၃ | ၂၅ | ဒ | ၉ | ၂၈ | ၂ |
| ပုဏ္ဏတာရာ အစ အလုံး | ၅၈ | ၅၄ | ဥ | ၀ | ၂ | ၃ |
| 〃 အလယ်လုံး | ၆၀ | ၂၄ | ဒ | ၁ | ၂ | ၂ |
| 〃 အဆုံးလုံး | ၆၁ | ၅၄ | ဒ | ၁ | ၅၈ | ၂ |
| စုတ တာရာ ရှေ့အလုံး | ၆၀ | ၂၄ | ဒ | ၆ | ၂၈ | ၃ |
| 〃 အလယ်လုံး | ၆၀ | ၂၄ | ဒ | ၅ | ၂၀ | ၄ |
| 〃 နောက်လုံး | ၆၁ | ၂၄ | ဒ | ၂ | ၂၀ | ၂ |
| လှေငယ်ချက်မ-အဖြူ (*) | ၇၅ | ၁၇ | ဥ | ၁၆ | ၃၂ | ၂ |
| လှေဦး - ပဌမအလုံး | ၆၉ | ၂၆ | ဥ | ၂၂ | ၃၂ | ၄ |
| 〃 - ဒုတိယအလုံး | ၇၁ | ၅၁ | ဥ | ၂၂ | ၃၂ | ၃ |
| လှေဝမ်းပိုင်း အလုံး | ၇၃ | ၁၁ | ဥ | ၂၀ | ၃၂ | ၃ |
| လှေပဲ့အလုံး | ၇၆ | ၁၂ | ဥ | ၉ | ၅၇ | ၃ |
| လှေပဲ့ ဒုတိယအလုံး | ၇၃ | ၅၆ | ဥ | ၇ | ၂ | ၃ |
| လှေပဲ့ တတိယအဖျားလုံး | ၇၀ | ၅၁ | ဥ | ၄ | ၃၂ | ၃ |
| သင်္ဘောကြီး ပဲ့ဖျားအလုံး | ၇၂ | ၂၆ | ဒ | ၁၇ | ၅၀ | ၂ |
| 〃 ပဲ့ရင်းအလုံး | ၇၈ | ၁၂ | ဒ | ၁၆ | ၈ | ၁ |
| 〃 ချက်မ-ပုဏ္ဏဖုဿ (*) | ၉၁ | ၁၄ | ဥ | ၅ | ၃၂ | ၁ |
| မာလိန် | ၈၈ | ၁၄ | ဥ | ၀ | ၃၂ | ၃ |
| 〃 ဦးအဖျား | ၈၉ | ၂၉ | ဥ | ၃၁ | ၃၂ | ၂ |
| 〃 ဦးအရင်း | ၉၁ | ၅၉ | ဥ | ၂၇ | ၃၂ | ၁ |
| ဖုသျှငှက်ချေးခံတိုင် အနောက်တောင် | ၁၀၃ | ၄၇ | ဥ | ၁၈ | ၃၂ | ၄ |
| 〃 〃 အနောက်မြောက် | ၁၀၃ | ၄၇ | ဥ | ၂၁ | ၃၂ | ၄ |
| ချေးခံ (ကြယ်မှုန်စု) | ၁၀၆ | ၁၇ | ဥ | ၂၁ | ၂ | ၅ |
| ချေးခံတိုင် အရှေ့မြောက် | ၁၀၇ | ၃၂ | ဥ | ၂၁ | ၂ | ၄ |
| 〃 အရှေ့တောင် | ၁၀၇ | ၃၂ | ဥ | ၁၈ | ၃၂ | ၄ |
| မြောက်အသာလီသာ အနောက်မြောက်လုံး | ၁၁၇ | ၄၃ | ဥ | ၂၆ | ၂ | ၃ |
| 〃 အနောက်တောင်လုံး | ၁၁၉ | ၃၄ | ဥ | ၂၂ | ၂ | ၃ |
| 〃 အရှေ့တောင်လုံး | ၁၂၃ | ၂၀ | ဥ | ၂၁ | ၃၂ | ၃ |
| 〃 အရှေ့မြောက်လုံး | ၁၂၄ | ၅၀ | ဥ | ၂၆ | ၃၂ | ၃ |

A

| (၂) နက္ခတ်အမည်နှင့် ပါဝင်သောကြယ်များ | | နက္ခတ်စီး | | မဇ္ဈေမှဒိဂ်အကွာ | | | ကြယ်တို့၏ ပမာဏ |
|---|---|---|---|---|---|---|---|
| | | စက်အံသာ | လိတ္တာ | ဒိဂ် | အံသာ | လိတ္တာ | နံပါတ် |
| တောင်အဿလိဿ | ပဌမအလုံး | ၁၀၆ | ၀ | ၉ | ၂ | ၃၂ | ၄ |
| ॥ | ဒုတိယအလုံး | ၁၀၆ | ၀ | ၉ | ၄ | ၃၂ | ၄ |
| ॥ | တတိယအလုံး | ၁၀၇ | ၄၅ | ၉ | ၂ | ၃၂ | ၄ |
| ॥ | စတုတ္ထအလုံး | ၁၀၈ | ၁၇ | ၉ | ၅ | ၃၂ | ၃ |
| ॥ | ပဥ္စမအလုံး | ၁၀၈ | ၃၂ | ၉ | ၄ | ၅၂ | ၄ |
| ॥ | ဆဋ္ဌမအလုံး | ၁၀၉ | ၄၇ | ၉ | ၅ | ၂ | ၄ |
| ॥ | သတ္တမအလုံး | ၁၁၁ | ၄၈ | ၉ | ၄ | ၃၂ | ၃ |
| ॥ | အဋ္ဌမအလုံး | ၁၁၃ | ၃၃ | ၉ | ၂ | ၁၂ | ၄ |
| မဃာ | ပဌမအလုံး | ၁၂၈ | ၃၆ | ၉ | ၁၇ | ၃၂ | ၃ |
| ॥ | ဒုတိယအလုံး (*) | ၁၂၆ | ၆ | ၉ | ၁၂ | ၃၂ | ၁ |
| ॥ | တတိယအလုံး | ၁၃၀ | ၆ | ၉ | ၂၃ | ၃၂ | ၃ |
| ॥ | စတုတ္ထအလုံး | ၁၃၂ | ၆ | ၉ | ၂၀ | ၁၂ | ၂ |
| ပုဗ္ဗာဘရဂုဏ္ဏီ | – မြောက်အလုံး (*) | ၁၄၅ | ၃၈ | ၉ | ၂၁ | ၁၂ | ၂ |
| ॥ | – တောင်အလုံး | ၁၄၅ | ၃၈ | ၉ | ၁၆ | ၂ | ၃ |
| ဥတ္တရာဘရဂုဏ္ဏီ | – မြောက်လုံး | ၁၅၃ | ၅၅ | ၉ | ၂၀ | ၅၂ | ၄ |
| ॥ | – တောင်လုံး (*) | ၁၅၄ | ၂၅ | ၉ | ၁၅ | ၂၂ | ၂ |
| မြောက်ဟဿတတယ် | – အနောက်လုံး | ၁၆၃ | ၂၇ | ၉ | ၂၆ | ၁၂ | ၅ |
| ॥ | – မြောက်လုံး (*) | ၁၆၃ | ၄၀ | ၉ | ၂၀ | ၂၂ | ၄ |
| ॥ | – အရှေ့လုံး | ၁၆၄ | ၄၀ | ၉ | ၂၆ | ၂၂ | ၅ |
| အလယ်ဟဿတကြီး | – ပဌမလုံး | ၁၅၄ | ၄၀ | ၉ | ၁ | ၅၂ | ၃ |
| ॥ | – ဒုတိယလုံး | ၁၆၂ | ၄၁ | ၈ | ၀ | ၂၀ | ၃ |
| ॥ | – တတိယလုံး | ၁၆၇ | ၄၂ | ၈ | ၀ | ၅၀ | ၃ |
| ॥ | – စတုတ္ထလုံး | ၁၇၁ | ၂၀ | ၉ | ၄ | ၃၂ | ၃ |
| ॥ | – ပဥ္စမလုံး | ၁၇၃ | ၁၃ | ၉ | ၁၁ | ၇ | ၃ |
| တောင်ဟဿတ | – ပဌမအလုံး | ၁၆၀ | ၁၁ | ၈ | ၂၅ | ၂၀ | ၄ |
| ॥ | ဒုတိယ အလုံး | ၁၆၀ | ၁၁ | ၈ | ၂၃ | ၂၀ | ၃ |
| ॥ | တတိယအလုံး | ၁၆၁ | ၂၆ | ၈ | ၁၀ | ၂၀ | ၂ |
| ॥ | စတုတ္ထအလုံး | ၁၆၅ | ၂၇ | ၈ | ၁၅ | ၂၀ | ၂ |
| ॥ | ပဥ္စမအလုံး | ၁၆၆ | ၂၇ | ၈ | ၁၅ | ၂၀ | ၄ |
| ॥ | ဆဋ္ဌမအလုံး | ၁၆၆ | ၂၇ | ၈ | ၂၂ | ၂၀ | ၂ |
| တောင်စိတြ | | ၁၇၈ | ၁၄ | ၈ | ၁၀ | ၅၂ | ၁ |
| ပိုက္ကတုတာရာ | ပဌမအလုံး | ၁၈၄ | ၀ | ၉ | ၁၀ | ၁၂ | ၄ |
| ॥ | ဒုတိယအလုံး | ၁၈၄ | ၄၅ | ၉ | ၁၆ | ၃၂ | ၄ |
| ॥ | တတိယအလုံး | ၁၈၅ | ၄၅ | ၉ | ၁၉ | ၂ | ၃ |

| နက္ခတ်အမည်နှင့် ပါဝင်သောကြယ်များ | နက္ခတ်စီး | မဇ္ဈေမဒီဂီအက္ခာ | | | | ကြယ်တို့၏ ပမာဏ |
|---|---|---|---|---|---|---|
| | စက်အံသာ | လိတ္တာ | ဒီဂ | အံသာ | လိတ္တာ | နံပါတ် |
| သွာတိ - (မြောက်စိတြဟု အများယူ) | ၁၉၁ | ၁၆ | ၆ | ၁၉ | ၅၂ | ၁ |
| စကျေးခေါင်း - ပဌမလုံး | ၁၉၇ | ၁၂ | ၆ | ၁၇ | ၂ | ၄ |
| 〃 - ဒုတိယလုံး | ၁၉၇ | ၁၇ | ၆ | ၁၄ | ၂၂ | ၄ |
| 〃 - တတိယလုံး (*) | ၁၉၈ | ၁၂ | ၆ | ၁၇ | ၃၂ | ၄ |
| သွာတိ ကျေးခေါင်း - ပဌမလုံး | ၂၀၄ | ၄၈ | ၆ | ၂၆ | ၃၂ | ၄ |
| 〃 - ဒုတိယလုံး | ၂၀၃ | ၃ | ၆ | ၂၇ | ၃၂ | ၄ |
| 〃 - တတိယလုံး | ၂၀၃ | ၄၈ | ၆ | ၂၆ | ၂၂ | ၄ |
| ဝိသာခါ - ပဌမလုံး | ၂၀၉ | ၁၀ | ၆ | ၂၉ | ၂၂ | ၃ |
| 〃 - ဒုတိယလုံး | ၂၁၀ | ၁၉ | ၆ | ၃၁ | ၃၂ | ၄ |
| 〃 - တတိယလုံး | ၂၁၀ | ၄၉ | ၆ | ၂၇ | ၁၂ | ၄ |
| 〃 - စတုတ္ထလုံး | ၂၁၂ | ၃၄ | ၆ | ၂၆ | ၃၂ | ၄ |
| 〃 - ပဥ္စမလုံး (*) | ၂၁၃ | ၃၅ | ၆ | ၃၂ | ၅၂ | ၄ |
| 〃 - ဆဋ္ဌမလုံး | ၂၁၄ | ၂၀ | ၆ | ၂၆ | ၂၈ | ၄ |
| 〃 - သတ္တမလုံး | ၂၁၆ | ၅၀ | ၆ | ၂၆ | ၃၂ | ၄ |
| 〃 - အဋ္ဌမလုံး | ၂၁၇ | ၂၀ | ၆ | ၂၉ | ၅၂ | ၄ |
| နဂါးဦးတန်း - ပဌမလုံး | ၂၁၅ | ၂၀ | ၇ | ၂၈ | ၂၈ | ၃ |
| 〃 ပင် - ဒုတိယလုံး | ၂၁၅ | ၅၀ | ၇ | ၂၅ | ၂၈ | ၃ |
| 〃 - တတိယလုံး | ၂၁၆ | ၃၅ | ၇ | ၂၂ | ၂၈ | ၂ |
| 〃 - စတုတ္ထလုံး | ၂၁၇ | ၅၀ | ၇ | ၁၉ | ၅၈ | ၃ |
| 〃 - ပဥ္စမလုံး | ၂၁၈ | ၅ | ၇ | ၁၈ | ၅၈ | ၄ |
| 〃 - ဆဋ္ဌမလုံး | ၂၁၈ | ၅၀ | ၇ | ၁၉ | ၃၈ | ၄ |
| နဂါးအမောက် - ပဌမလုံး | ၂၂၂ | ၆ | ၇ | ၂၂ | ၂၈ | ၄ |
| 〃 - နောက်ဆုံးလုံး | ၂၂၄ | ၆ | ၇ | ၂၅ | ၂၈ | ၄ |
| 〃 - လည်ဆစ်အထက် | ၂၂၂ | ၂၀ | ၇ | ၂၂ | ၂၈ | ၄ |
| နဂါးလည်ဆစ် - ပဌမအလုံး | ၂၂၂ | ၃၆ | ၇ | ၂၅ | ၂၈ | ၃ |
| 〃 - ဒုတိယအလုံး | ၂၂၃ | ၂၀ | ၇ | ၂၆ | ၂၈ | ၁ |
| 〃 - တတိယအလုံး | ၂၂၄ | ၅၀ | ၇ | ၂၈ | ၂၈ | ၃ |
| နဂါးကိုယ် - ပဌမအလုံး | ၂၂၈ | ၇ | ၇ | ၃၃ | ၂၈ | ၃ |
| 〃 - ဒုတိယအလုံး | ၂၂၈ | ၇ | ၇ | ၃၇ | ၂၈ | ၃ |
| နဂါးချက် ၂ လုံးတွဲ ဇေဋ္ဌ | ၂၂၈ | ၂၂ | ၇ | ၄၀ | ၂၈ | ၃ |
| 〃 〃 | ၂၂၈ | ၂၂ | ၇ | ၄၀ | ၄၈ | ၃ |
| မူလ နဂါးအမြီး အဖျား ဆုံး | ၂၃၇ | ၈ | ၇ | ၃၆ | ၀ | ၃ |
| 〃 အဖျား အနီး | ၂၃၇ | ၃၉ | ၇ | ၃၅ | ၃၀ | ၃ |
| 〃 တတိယအလုံး | ၂၄၀ | ၂၄ | ၇ | ၃၈ | ၃၀ | ၃ |
| 〃 စတုတ္ထအလုံး (*) | ၂၄၁ | ၄၅ | ၇ | ၃၉ | ၃၀ | ၃ |
| နဂါး၏ အမြီး အရင်းအလုံး | ၂၃၈ | ၉ | ၇ | ၄၃ | ၄၀ | ၃ |

| (၄) နက္ခတ်အမည်နှင့် ပါဝင်သောကြယ်များ | နက္ခတ်စီး | မဇ္ဈေမဒီဂ်အကွာ | | | | ကြယ်တို့၏ |
|---|---|---|---|---|---|---|
| | စက်အံသာ | လိတ္တာ | ဒီဂ် | အံသာ | လိတ္တာ | ပမ ဏ နံပါတ် |
| ပြုဗ္ဗာသဠ် (ဟုဘိုးတော်ယူ) ပဌမ | ၂၄၆ | ၄၀ | ဒ | ၃၀ | ၀ | ၃ |
| 〃 〃 ဒုတိယ | ၂၄၆ | ၁၁ | ဒ | ၂၉ | ၀ | ၃ |
| 〃 〃 တတိယ | ၂၅၀ | ၂၆ | ဒ | ၂၉ | ၀ | ၂ |
| 〃 〃 စတုတ္ထ | ၂၅၁ | ၁၁ | ဒ | ၃၄ | ၀ | ၄ |
| ပြုဗ္ဗာသဠ် - ပဌမလုံး (*) | ၂၅၇ | ၁၂ | ဒ | ၂၇ | ၀ | ၄ |
| 〃 - ဒုတိယလုံး | ၂၅၉ | ၂၇ | ဒ | ၂၆ | ၃၀ | ၂ |
| ဥတ္တရာသဠ် - ပဌမလုံး | ၂၆၀ | ၄၃ | ဒ | ၃၁ | ၆ | ၃ |
| 〃 - ဒုတိယလုံး (*) | ၂၆၂ | ၁ | ဒ | ၂၀ | ၁ | ၄ |
| အဘိဇိ (*) | ၂၇၂ | ၄၅ | ဥ | ၁၀ | ၃၂ | ၃ |
| သရဝဏ် - ပဌမလုံး | ၂၇၂ | ၄၅ | ဥ | ၁၀ | ၃၂ | ၃ |
| 〃 - ဒုတိယလုံး (*) | ၂၇၄ | ၃၀ | ဥ | ၈ | ၃၂ | ၁ |
| 〃 - တတိယလုံး | ၂၇၆ | ၁၅ | ဥ | ၆ | ၃၂ | ၄ |
| ဓနသိဋ္ဌ - ပဌမလုံး | ၂၈၅ | ၃၀ | ဥ | ၁၃ | ၃၂ | ၃ |
| 〃 - ဒုတိယလုံး | ၂၈၆ | ၁၇ | ဥ | ၁၅ | ၃၂ | ၃ |
| 〃 - တတိယလုံး (*) | ၂၈၇ | ၁၄ | ဥ | ၁၃ | ၃၂ | ၄ |
| 〃 -စတုတ္ထလုံး | ၂၈၇ | ၄၈ | ဥ | ၁၅ | ၅၂ | ၃ |
| သတ္တဘိသျှအုပ်ဆောင်း - ပဌမ အနောက် | ၂၉၃ | ၃၃ | ဥ | ၄ | ၁၂ | ၄ |
| 〃 - ဒုတိယ တောင် | ၂၉၈ | ၄၉ | ဒ | ၆ | ၂၈ | ၄ |
| 〃 - တတိယ မြောက် | ၃၀၁ | ၃၄ | ဥ | ၉ | ၂ | ၂ |
| 〃 - စတုတ္ထအရှေ့တောင် | ၃၀၇ | ၅ | ဒ | ၁ | ၂၈ | ၄ |
| 〃 - ပဥ္စမ အရှေ့မြောက် | ၃၀၈ | ၂၀ | ဥ | ၅ | ၁၂ | ၄ |
| 〃 - ဆဋ္ဌမ အရှိုး | ၃၁၅ | ၆ | ဥ | ၃၃ | ၃၂ | ၄ |
| သတ္တဘိသျှ ခက်ရင်းငယ် ပဌမအလုံး | ၃၁၁ | ၃၆ | ဒ | ၁ | ၂ | ၄ |
| 〃 ဒုတိယအလုံး | ၃၁၂ | ၆ | ဥ | ၂ | ၂ | ၄ |
| 〃 တတိယအလုံး | ၃၁၃ | ၂၃ | ဥ | ၀ | ၃၂ | ၄ |
| 〃 စတုတ္ထအလုံး | ၃၁၅ | ၆ | ဥ | ၀ | ၃၂ | ၄ |
| ပြုဗ္ဗာပုရပိုက် တောင်အလုံး | ၃၂၃ | ၆ | ဥ | ၁၄ | ၃၂ | ၂ |
| 〃 မြောက်အလုံး | ၃၂၃ | ၆ | ဥ | ၂၆ | ၃၂ | ၂ |
| ဥတ္တရာပုရပိုက် မြောက်အလုံး | ၃၃၈ | ၄၀ | ဥ | ၂၇ | ၃၂ | ၂ |
| 〃 တောင်အလုံး | ၃၃၉ | ၄၀ | ဥ | ၁၄ | ၃၂ | ၂ |
| ရေဝတီ အနောက်စွန်း | ၃၄၇ | ၈ | ဥ | ၁၄ | ၃၂ | ၄ |
| 〃 မြောက်စွန်း | ၃၄၇ | ၈ | ဥ | ၄၁ | ၃၂ | ၄ |
| 〃 အာယံမြီး | ၃၄၉ | ၁၇ | ဥ | ၂၀ | ၃၂ | ၂ |
| 〃 တောင်စွန်း ၂ လုံး | ၃၅၄ | ၁၀ | ဥ | ၂၀ | ၃၂ | ၄ |

## အဘိဇိနက္ခတ်

နရတရိဆရာ စီရင်သော နရပတိဇယ ဇရိယာမည်သော သရေခွေး ဋီကာကျမ်း၌–

ဥတ္တရာ ပသျုန္တပါဒ ဝဏာသျာဒျ န္တစရာဋ္ဋ အဘိဇိနာမံ။ တေနာဘိဇိတာသဟ အဋ္ဌဝီသတိသချာ ပူရဏံ။

ဥတ္တရာပသျု–ဥတ္တရာသန်၏၊ အန္တပါဒ–အဆုံး တပဒ်၊ ဝဏာသျ–သရဝဏ်၏၊အာဒျ န္တာစရာဋ္ဋ အစလေးသဋ္ဋီ၊ ဤတပဒ်နှင့် လေးသဋ္ဋီသည် အဘိဇိနာမ–အဘိဇိ နက္ခတ် မည်၏။ တေနာဘိဇိတာ–ထိုအဘိဇိနက္ခတ်နှင့်၊သဟ–တကွအဋ္ဌဝီသတိ သချာပူရဏံ–နှစ်ဆယ့် ရှစ်လုံး အရေအတွက် ပြည့်ခြင်းသည် ဘဝတိ–ဖြစ်၏။ ဤသို့ဆိုသောကြောင့် ဥတ္တရာသန်၏အဆုံး တပဒ်နှင့် သရဝဏ်၏ အစလေးသဋ္ဋီတို့ကို အဘိဇိနက္ခတ်ဟု ယူလေ။

ဥတ္တရာသန်မှာတပဒ် သရဝဏ်မှာ လေးသဋ္ဋီလျော့စေ ဆိုလိုသည်။ (နေမိတ္တက ဝိဇ္ဇာကျမ်း မောင်းထောင် သာသနာပိုင်)

သောင်ကန် ဆရာတော်ဘုရားကြီး နိလျှသူရိယသိဒ္ဓန္တ ကျမ်းကြီး၌ မျက်မြင်နက္ခတ်ကြယ်များကို တိုင်းယူဖော်ပြ ထားသော နက္ခတ်စီး အံသာဇယားတွင် အဘိဇိ နက္ခတ် (ကြယ်) ၏စီးသော (တည်ရှိသော) စက်အံသာမှာ ၂၉၂ အံသာ ၄၅ လိတ္တာနှင့် ဥတ္တရာဒိပ်၊ ၁၀ အံသာ ၃၂ လိတ္တာ မှာဟု တိုင်းယူဆုံးဖြတ်ထားသည်၊

ထို့ကြောင့် အဘိဇိနက္ခတ်(ကြယ်)သည် မျက်မြင်သရဝဏ် နက္ခတ်၏ မြောက်ဖျားကြယ်တွင် ထပ်တူထပ်မျှကျရောက် တိုက်ဆိုင်လျက်ရှိသည်။

မျက်မြင် သရဝဏ် နက္ခတ်၌ ပါဝင်သော ကြယ်သုံးလုံး (မြား-တောင်ဝှေးသဏ္ဌာန်)သည် နက္ခတ်ရာသီစက်ဝန်းကြီး ကို နက္ခတ် ၂၇ လုံးဖြင့် မိဿစသော တရာသီ တရာသီလျှင် နက္ခတ်နှစ်လုံးနှင့် တပဒ်ကျစီ အမျှအညီ ပိုင်းစိတ်သော နက္ခတ်ဘာဝစိတ်တွင်မိမိ၏ဘာဝစိတ်ထဲ၌မတည်၊ ဥတ္တရာသန် နက္ခတ်၏ဘာဝစိတ်ပိုင်နက်၊ ဒုတိယနှင့် တတိယ ပဒ် စက်အံသာများအတွင်း ကျရောက်လျက်ရှိသည်။

ထို့ကြောင့် နက္ခတ်လုံးရေပေါင်း ၂၈ ပြု၍ စီစဉ်သော ပဿိကမ္မစက်၊ သဗ္ဗတောဘဒြစက်၊ အရပ်ရှစ်မျက်နှာအညီပြု စက်များနှင့် ဂူဠ အနိဋ္ဌ အင်းဇယားစက်များ၌ ဘာဝစိတ် အရသော်နက္ခတ်လုံးရေ ၂၀ နှင့် ၁ အကြားနှင့် မျက်မြင် ဘောဂအရသော် ၂၁ နှင့် ၂၂ အကြားအရပ်များ၌ အဘိဇိ နက္ခတ်အဖို့ ကြက်ခြေ(×)ကိုထည့်မှတ်ခြင်း ပြုကြလေသည်။

ဘောဇ်ဆရာတို့ယူဆချက်အရ စိုင်တာရာ (ကြယ်)ကြီးကို ယူလျက် နက္ခတ် ၁၉ လုံးတပဒ် ပြုဗ္ဗာသန်၏ ပဋ္ဌမ ပဒ် အတွင်း၌ ကျရောက်လိမ့်မည်။ ယင်းသည် မိဿဦးမှယူသော စက်အံသာ ၂၅၅.၃၀ နှင့် ဥတ္တရာဒိပ် ၄၁.၅၁ မှာတည် ရှိသည်။

၂၁။ (က) နက္ခတ်အသီးသီးတို့၏ စက်အံသာ အစီး များကို သရတွက်နည်း အမြင်ကြည့်နည်း စသည်တို့၌ တွက် ယူကြသို့ရှု၍ လွယ်ကူ စိမ့်သောငှာ အတိအကျ စက်အံသာ



ထို့ဖြင့် ခန့်မှန်းဆုံးဖြစ်လျက် သရကျမ်းများ၌ ဇယားဖြင့် လည်းကောင်း လက်ာဖြင့်လည်းကောင်း ရှေးပညာရှိကြီးတို့ ရေးသားတားခဲ့ကြကုန်၏။

(ခ) နက္ခတ်စီး စက်အံသာလင်္ကာ

အဿဝဏီ လျှံညီတောက်ပ၊ အဋ္ဌစီးမို့ (၈) ဘရဏီ လယ်ချက် ဆယ့်ရှစ်တက်၏ လျှံလက်ကြတ္တိကာ ယူဂါရာမ (၃၄) ထွန်းပနေခက်ဆီ ရောဟဏီသို့ လေးဆယ် ခြောက်သာ မိဂါခြောက်ဆယ် လိပ်ဝယ်လက်လှ အဒြ ကား ပဥ္စသတ္တာ (၇၅) သတော်မှာလျှင်ပုနဝ (၉၂) ကြယ်ဖုသျှမှာ တရာ့ခြောက်သာ ဦးစွာပဌမ သလိ ဿကား အဋ္ဌရှစ်ဖြာ (၁၁၈) မာဃာလျှံဝန်း တောက်ရှန်း လုံးလှ နဝအဋ္ဌာ (၁၂၉) ပြုဗ္ဗာပဥ္စဇယာ (၁၄၅) ဥတ္တရာမှာ ယုဂါပန္စရသ် (၁၅၄) သင့်ဆုံး ဖြစ်သား ဟဿတစေဒါ သောဠသတည့် (၁၆၄) တောင်မှာ စိတြ နဝသတ်ကော် (၁၇၉) ခြောက်ခေတ်သွာတိ တလုံး ရှိသည် စီးတိမလွေး ဒွေးနေ့ရှုပ (၁၉၂) တာသဆုံး ဖြစ် ကျေးခေါင်းမှတ်သည်၊ အဋ္ဌနေ့ခကာ (၁၉၈) ဝန်းရစ်ဖြာသည် ဇိသာခါ၏ လယ်ချက်မှန်တိ အင်္ဂဇော်ပွါ (၂၀၃) နုရာဓကား၊ ဿိဋ္ဌါကြန္တ (၂၂၄) နဂါချက်မှာ နဝါဒွေးဒွ (၂၂၉) မူလနေခက်ဆုံး ပေါင်းရုံ အံသာ၊ ဝမ္ဘာဇောဒွေး (၂၄၂) ရှေးဦးပြုဗ္ဗ သတ္တဗျည်းမှုါ (၂၅၇) ဥတ္တရာ သဋ္ဌ ရောင်ဝှန်တောက်ပ၊ နောက်လုံးပြုသား ဒွေး ဆဋ္ဌမှန် (၂၆၂) ကာရဝဏ်နတ် လယ်ဆုံး ဖြစ်သား

ဗျည်းသတ်စမွ (၂၄၅) ခနဲသိဒ္ဓါ၊ သတ္တာအင်္ဂဒိပ် (၂၀၇) သတ္တတိသျှ မဇ္ဈေကျသား၊ သုံးရာ့ဆယ်သုံး၊ ကတုံးပြုမွာ၊ ရာမာဒွေးတိ (၃၂၃) ယူတိဥတ္တရာ၊ နဝါဒေဝ (၃၃၉) ထိုမှနောက်ဆီ၊ ရေဝတီမြှုံး၊ စက်လယ်လုံးမှာ၊ သုံးရာ့ငါးဆယ် ခွဲဝံကြယ်လည်း၊ ထိုဝယ်စီးမို၊ ရေဝတီဟဿတ၊ တည့်မှန်းကျသော် တောက်ပ ထွန်းလျှံ ကြယ်ခွဲဝံသည် မိုးယံမြောက်ညွှာ ဖြောင့်တန်းတည်း။

(ဂ) ခွဲဝံကြယ်သည် နက္ခတ်တာရာ အပေါင်းတို့၏ မြောက်ဘက်တည့်တည့် စက်အံသာအားလုံး၏ မြောက်တန်းတန်း ဖြစ်သော ရာသီစက်၏ ဗဟိုအလယ်တည့်တည့်မှာ မဟုတ်ပဲ စက်အံသာ ၃၅၀ ပေါ်၌ဗဟိုနှင့် အနည်းငယ်ကွာလျက်တည် ရှိ၍၊ ရေဝတီနှင့် ဟဿတနက္ခတ်တို့စီးသော စက်အံသာများ၏မြောက်ဘက်တန်းတန်းမှာ ကျရောက်တည်ရှိသည်။

၂၂။ (က) နက္ခတ်များကို အမြင် ကြည့်တတ်ရန်မှာ ရာသီစက်မှ မှတ်သားရန် အချက်များနှင့် နက္ခတ်တို့၏အမည် များ၊ နက္ခတ်တလုံးတလုံး၌ ပါဝင်သောကြယ်တို့၏ စီးသော အံသာစက်နှင့် ဒိပ်အံသာများတို့ကို ကောင်းစွာ နားလည် ပြီးပါမှ ကောင်းကင် ရာသီစက်၌ တည်ရကြသော နက္ခတ် များနှင့်တာရာများတို့၏ တည်ရာဌာန သဏ္ဌာန်လုံးရေသချာ အဝေးအကွာတို့ကို ကွက်ကွက်ထင်ထင် သိမြင်မှတ်သားနိုင် ကြပေလိမ့်မည်။

(ခ) ထိုကဲ့သို့ ကွက်ကွက်ထင်ထင် သိမြင်နိုင်ရန်မှာ လည်း ရာသီစက်နှင့် နက္ခတ်တာရာတို့၏ ပုံကိုရေးသားရာ၌ ကောင်းကင်ရာသီစက်ကြီးနှင့် သဏ္ဌာန် တူနိုင် သမျှတူစွာ



စက်ပုံဇယားတို့ ရေးသား၍ အသုံးပြုပါမှ နက္ခတ်တာရာ တို့၏ သဏ္ဌာန်များသည် ပျက်ပြားခြင်းမရှိပဲ သဏ္ဌာန်တူ ပုံတူကို ရနိုင်၍ တိုက်ဆိုင် ရှာဖွေကြည့်ရှုရာ၌ လွယ်ကူပေ လိမ့်မည်။

(ဂ) သို့သော် ထိုကဲ့သို့ ပုံတူစက်ပုံဇယားကိုဆွဲသားရန် များစွာ ခဲယဉ်း၏၊ ထို့ကြောင့်ပုံတူစက်ပုံဇယားကိုမဆွဲသားပဲ ရာသီစက်အံသာ မျဉ်းတို့ကိုအနံ၊ ဒိပ်မျဉ်းတို့ကို အလျား ထားလျက်၊ အလျားသည် အနံ၏ နှစ်ဆရှိသော မျဉ်းပြိုင် ဖြောင့်ဇယား၌၊ နက္ခတ်အသီးသီးတို့တွင် ပါဝင်ကြသော ကြယ်တို့၏ တည်ရာ၊ စီးရာဌာနများကို ရှာဖွေ ရေးသွင်းမှတ် သားပြီးလျှင်၊ ထိုရေးသွင်းထားသောပုံများဖြင့်ကောင်းကင် ရာသီစက်၌ တည်ရှိကြကုန်သော နက္ခတ်များကို တိုက်ဆိုင် ရှာဖွေခြင်းပြုလျှင် များစွာ လွယ်ကူ၍ နက္ခတ်တို့ကို ကြည့် တတ်သွားလိမ့်မည်။

၂၃။ နက္ခတ်တို့ကို အမြင်ကြည့်ရာ၌ အင်္ဂါ ၈သော ဂြိုဟ် ကြယ် ကြီးများနှင့် နက္ခတ်တာရာ ကြယ်များကို ခွဲခြား၍သိနိုင်ရန်လို၏။ ရာသီစက်ဝန်းတွင်နေနှင့် လတို့ကဲ့သို့ အယဉ်နှစ်ပါး၊ ဒိပ်နှစ်ပါး ဒိသိသုံးပါးတို့ဖြင့် ၁၂ ရာသီ တို့ကို ဖီလာအားဖြင့် လှည့်လည် ကူးရောက်လျက် ရှိသော ကြယ်ကြီးတို့ကား ဂြိုဟ်ကြီးများ ဖြစ်ကြသည်၊

၂၄။ ရာသီစက်ဝန်း၌ ဂြိုဟ်ကြီးများတို့ကဲ့သို့ ဖီလာသို့ ကူးရောက်ခြင်းမရှိ၊ အဖြောင့်သွားခြင်းသာလျှင် ရှိကြသည်။ စက်၏ စက်အံသာနှင့် ဒိပ်အံသာများတွင် အစဉ် သဖြင့် တည်နေစီနေလျက် စက်၏ဘက်ရှိရာသို့သာ ဒိမိတို့၏တည်ရာမှ

မလွဲမခွါ လိုက်ပါကြကုန်သော ကြယ်များကို နက္ခတ်တာရာများ ဖြစ်ကြသည်ဟူ၍ ခွဲခြားမှတ်သား သင့်သည်။

၂၅။ ပုဏ္ဏဖုသျှ နှင့် ဖုသျှ နက္ခတ်တို့မှာ ဂြိုဟ်တို့၏ ဗိလာလမ်းစဉ် တည့်တည့်၌ တည်ရှိကြခြင်း၊ ရေဝတီ မာဃ တောင်ဒိဩ အနုရာဓ ပုဗ္ဗာသဠ် ဥတ္တရာသဠ် နက္ခတ်တို့မှာ ဂြိုဟ်တို့၏ ဗိလာလမ်းစဉ်အနီးတွင် တည်ရှိကြခြင်းတို့ကြောင့်၊ ၎င်းနက္ခတ် ကြယ်တို့ ယှဉ်ဆဲမှာ ဂြိုဟ်ကြယ်တို့နှင့် နက္ခတ် ကြယ်တို့ အမြဲ တွေ့တတ်သည်။ သို့သော် ရာသီစက်ဝန်းတွင် ဂြိုဟ်တို့၏ ဗိလာလမ်းစဉ်ကို သိလျှင် ဂြိုဟ်ကြယ်များနှင့် နက္ခတ် ကြယ်များကို မခွဲခြားနိုင်စရာ မရှိချေ။

၂၆။ ဂြိုဟ်ကြယ်တို့မှတပါးနက္ခတ်တာရာများ သို့မဟုတ် နက္ခတ်တာရာတို့၌ ပါဝင်ကြကုန်သော ကြယ်တို့သည်ကား ကျွန်ုပ်တို့ ညစဉ် ညတိုင်း အချိန်မှန်အားဖြင့် တခုသော နာရီအချိန်ကို ပုံသေ ပုံမှန်ထား၍ ကြည့်ရှုလျှင် ပဌမည၌ ကြည့်မြင်မှတ်သား၍ ထားသောအမြင်အနေမှ ဒုတိယည၌ ကြည့်မြင်ရသော အနေက အနောက်နားသို့ တရက်လျှင် တအံသာကျ တအံသာကျ အစဉ်သဖြင့် ရွေ့ရှားတိမ်းပါးနေသည်ကို တွေ့မြင်ရသည်။ ဤသို့ မြင်ရ ခြင်းသည်ကား နေသည်ရာသီစက်နက္ခတ်စက်တွင်မိမိလှည့်ရောက်မြဲဖြစ်သော ဗိလာခရီးကို တရက်လျှင် တအံသာကျ အနောက်မှအရှေ့သို့ တိုးတက် လှည့်ရောက်သောကြောင့် လည်းကောင်း သို့မဟုတ် နေသည်ရာသီနက္ခတ်မှအဖြောင့်လှည့် အဖြောင့်သွား

## လစဉ် ပဟိုရ်ရှစ်ပါး၌ မွန်းတည့်နက္ခတ်များ
### (ညပဟိုရ်လေးပါးအဖို့)

| လအမည် | ည ၁ - ချက်တီး ညစက် ၉ နာရီခန့် (၁) | ၂-ချက်တီး သန်းခေါင်တိတိ (၂) | ည ၃ - ချက်တီး နံက်စက် ၃ နာရီ (၃) | ည ၄ - ချက်တီး (နေထွက်) (၄) |
|---|---|---|---|---|
| တန်ခူးလ | မာဃ | စိတြ | အနုရာဓ | ဥတ္တရာသဠ် |
| ကဆုန်လ | ဟဿတ | ဝိသာခါ | မူလ | ဓနသိဒ္ဓ |
| နယုန်လ | သွာတိ | ဇေဋ္ဌ | ဥတ္တရာသဠ် | ပြုဗ္ဗာဘရပိုက် |
| ဝါဆို | အနုရာဓ | ပြုဗ္ဗာသဠ် | သတ္တဘိသျှ | ရေဝတီ |
| ဝါခေါင် | မူလ | သရဝဏ် | ဥတ္တရာဘရပိုက် | ဘရဏီ |
| တော်သလင်း | သရဝဏ် | ပြုဗ္ဗာဘရပိုက် | အဿဝဏီ | မိဂသီ |
| သီတင်းကျွတ် | သတ္တဘိသျှ | အဿဝဏီ | ရောဟဏီ | ပုဏ္ဏဖုသျှ |
| တန်ဆောင်မုန်း | ဥတ္တရာပရပိုက် | ကြတ္တိကာ | အဒြ | အသလိဿ |
| နတ်တော် | အဿဝဏီ | မိဂသီ | ဖုသျှ | ဥတ္တရာဘရဂုဏ် |
| ပြာသို | ရောဟဏီ | ဖုသျှ | ပြုဗ္ဗာဘရဂုဏ် | စိတြ |
| တပို့တွဲ | အဒြ | မာဃ | ဟဿတ | ဝိသာခါ |
| တပေါင်း | ဖုသျှ | ဥတ္တရာဘရဂုဏ် | သွာတိ | ဇေဋ္ဌ |

မှတ်ရန်။ ။တန်ခူးလ = စိတြသည်ဖြင့် ည ၂ - ချက်တီး ( သန်းခေါင်တိတိ ) အချိန်များတွင် မွန်းတည့် နက္ခတ်များအဖြစ် ပြဆိုထားသော နက္ခတ်များသည် လစဉ် လပြည့်ရက်၊ ပုဏ္ဏမီ(လဆန်း-၁၅ ရက်တိတိ ၁၅ လုံး)အရများမှာသာလျှင် တိုက်ဆိုင်ကြလျက်၊ ဆန်းနှင့် ဆုတ် ပက္ခများတွင် ပြည့်ရက်နှင့် တရက်တွင် ၄-မိနစ်ကျစီ လဆန်းတွင်နှောင်း၍ လဆုတ် ပက္ခတွင် စော၍ လစဉ် ပဟိုရ် ရှစ်ပါး၏ မွန်းတည့်နက္ခတ်များကို မှတ်သား ကြည့်မြင်ကြရပေလိမ့်မည်။

### (နေ့ပဟိုရ်လေးပါးအဖို့)

| လအမည် | နေ့ ၁-ချက်တီး နံက်စက် ၉ နာရီခန့် (၁) | နေ့ ၂၀-ချက်တီး (မွန်းတည့်) (၂) | နေ့ ၃-ချက်တီး (မွန်းလွဲ ၃ နာရီ) (၃) | နေ့ ၄-ချက်တီး (နေဝင်) (၄) |
|---|---|---|---|---|
| တန်ခူး | သတ္တဘိသျှ | ရေဝတီ | ရောဟဏီ | ပုဏ္ဏဖုသျှ |
| ကဆုန် | ဥတ္တရာဘရပိုက် | ဘရဏီ | အဒြ | အသလိဿ |
| နယုန် | အဿဝဏီ | မိဂသီ | ဖုသျှ | ပြုဗ္ဗာဘရဂုဏ် |
| ဝါဆို | ရောဟဏီ | ပုဏ္ဏဖုသျှ | မာဃ | စိတြ |
| ဝါခေါင် | အဒြ | အသလိဿ | ဥတ္တရာဘရဂုဏ် | ဝိသာခါ |
| တော်သလင်း | ဖုသျှ | ဥတ္တရာဘရဂုဏ် | သွာတိ | ဇေဋ္ဌ |
| သီတင်းကျွတ် | မာဃ | စိတြ | အနုရာဓ | ဥတ္တရာသဠ် |
| တန်ဆောင်မုန်း | ဟဿတ | ဝိသာခါ | မူလ | ဓနသိဒ္ဓ |
| နတ်တော် | သွာတိ | ဇေဋ္ဌ | သရဝဏ် | ပြုဗ္ဗာဘရပိုက် |
| ပြာသို | အနုရာဓ | ဥတ္တရာသဠ် | သတ္တဘိသျှ | ရေဝတီ |
| တပို့တွဲ | မူလ | ဓနသိဒ္ဓ | ဥတ္တရာဘရပိုက် | ဘရဏီ |
| တပေါင်း | သရဝဏ် | ပြုဗ္ဗာဘရပိုက် | အဿဝဏီ | မိဂသီ |

A

၂၀။ နှစ်စဉ်နှစ်တိုင်း အဓိ တနှစ်၌ ၆၅ ရက် အတွင်း၌ နက္ခတ် ၂၇-လုံး တို့တွင် မည်သည့် နက္ခတ် သည် နေစီးသဲ ကြုံမည့်ရက် နေဝင်ချိန်၌ မွန်းတည့်မည့်ရက်၊ သန်းခေါင် အချိန်၌ မွန်းတည့် ကြုံမည့်ရက် နေထွက်ချိန်၌ မွန်းတည့်ကြုံမည့်ရက် တို့ကို အင်္ဂလိပ် ပြက္ခဒိန်တို့ဖြင့် အောက်ပါ ဇယားအတိုင်း အကြမ်းအားဖြင့် ကြည့်ရှုမှတ်သား နိုင်သည်။

| အမှတ်စဉ် | နက္ခတ်အမည် | နက္ခတ်တည်သော စက်အံသာ | အကြား အံသာ | နေစီးသဲ ကြုံမည့်ရက် | | နေဝင်ချိန်၌ မွန်းတည့်ရက် | | သန်းခေါင် အချိန်၌ မွန်းတည့်ရက် | | နေထွက် အချိန်၌ မွန်းတည့်မည့်ရက် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | လ | ရက် | လ | ရက် | လ | ရက် | လ | ရက် |
| ၁ | အဿဝဏီ | ၈ | ၁၀ | ဧပြီ | ၂၃ | ဇန်နဝါရီ | ၂၀ | အောက်တိုဘာ | ၂၂ | ဩဂုတ်လ | ၇ |
| ၂ | ဘရဏီ | ၁၈ | ၁၈ | မေလ | ၃ | ။ | ၃၀ | နိုဝင်ဘာ | ၁ | ။ | ၁၇ |
| ၃ | ကြတ္တိကာ | ၃၄ | ၁၆ | မေလ | ၁၉ | ဖေဖေါ်ဝါရီ | ၁၅ | ။ | ၁၇ | စက်တင်ဘာ | ၂ |
| ၄ | ရောဟဏီ | ၄၆ | ၁၂ | မေ | ၃၁ | ။ | ၂၇ | ။ | ၂၉ | ။ | ၁၄ |
| ၅ | မိဂသီ | ၆၀ | ၁၄ | ဇွန် | ၁၄ | မတ်လ | ၁၃ | ဒီဇင်ဘာ | ၁၃ | ။ | ၂၀ |
| ၆ | အဒြ | ၆၅ | ၅ | ဇွန် | ၂၀ | ။ | ၁၉ | ။ | ၁၉ | အောက်တိုဘာ | ၄ |
| ၇ | ပုဏ္ဏဖုသျှ | ၉၂ | ၂၇ | ဇူလိုင် | ၁၇ | ဧပြီလ | ၁၅ | ဇန်နဝါရီ | ၁၅ | ။ | ၃၁ |
| ၈ | ဖုသျှ | ၁၀၆ | ၁၄ | ။ | ၃၁ | ။ | ၂၉ | ။ | ၂၉ | နိုဝင်ဘာ | ၁၄ |
| ၉ | အသလိဿ | ၁၁၈ | ၁၂ | ဩဂုတ် | ၁၂ | မေလ | ၁၁ | ဖေဖေါ်ဝါရီ | ၁၀ | ။ | ၂၆ |
| ၁၀ | မာဃ | ၁၂၉ | ၁၁ | ။ | ၂၃ | ။ | ၂၂ | ။ | ၂၁ | ဒီဇင်ဘာ | ၇ |
| ၁၁ | ပြုဗ္ဗာဘရဂုဏ္ဏီ | ၁၄၅ | ၁၆ | စက်တင်ဘာ | ၈ | ဇွန်လ | ၇ | မတ်လ | ၉ | ။ | ၂၃ |
| ၁၂ | ဥတ္တရာဘရဂုဏ္ဏီ | ၁၅၄ | ၉ | ။ | ၁၈ | ။ | ၁၇ | ။ | ၁၉ | ဇန်နဝါရီ | ၂ |
| ၁၃ | ဟဿတ | ၁၆၄ | ၁၀ | ။ | ၂၈ | ။ | ၂၇ | ။ | ၂၉ | ။ | ၁၂ |
| ၁၄ | စိတြ | ၁၇၉ | ၁၅ | အောက်တိုဘာ | ၁၃ | ဇူလိုင်လ | ၁၂ | ဧပြီလ | ၁၃ | ။ | ၂၇ |
| ၁၅ | သွာတိ | ၁၉၂ | ၁၃ | ။ | ၂၆ | ။ | ၂၆ | ။ | ၂၆ | ဖေဖေါ်ဝါရီ | ၉ |
| ၁၆ | ဝိသာခါ | ၂၁၃ | ၂၀ | နိုဝင်ဘာ | ၁၆ | ဩဂုတ် | ၁၅ | မေလ | ၁၇ | မတ်လ | ၂ |
| ၁၇ | အနုရာဓ | ၂၂၄ | ၁၁ | ။ | ၂၈ | ။ | ၂၇ | ။ | ၂၉ | ။ | ၁၄ |
| ၁၈ | ဇေဋ္ဌ | ၂၂၉ | ၅ | ဒီဇင်ဘာ | ၃ | စက်တင်ဘာ | ၁ | ဇွန် | ၃ | ။ | ၁၉ |
| ၁၉ | မူလ | ၂၄၂ | ၁၃ | ဇန်နဝါရီ | ၁၆ | ။ | ၁၄ | ။ | ၁၆ | ဧပြီလ | ၁ |
| ၂၀ | ပြုဗ္ဗာသဠ် | ၂၅၇ | ၁၅ | ။ | ၃၁ | ။ | ၂၉ | ဇူလိုင်လ | ၁ | ။ | ၁၆ |
| ၂၁ | ဥတ္တရာသဠ် | ၂၆၂ | ၅ | ဇန်နဝါရီလ | ၅ | အောက်တိုဘာ | ၄ | ။ | ၆ | ။ | ၂၁ |
| ၂၂ | သရဝဏ် | ၂၇၅ | ၁၃ | ။ | ၁၈ | ။ | ၁၇ | ။ | ၁၉ | မေလ | ၄ |
| ၂၃ | ဓနသိဋ္ဌ | ၂၈၇ | ၁၂ | ။ | ၃၁ | ။ | ၃၀ | ဩဂုတ်လ | ၁ | ။ | ၁၇ |
| ၂၄ | သတ္တဘိသျှ | ၃၁၃ | ၂၆ | ဖေဖေါ်ဝါရီ | ၂၆ | နိုဝင်ဘာ | ၂၅ | ။ | ၂၇ | ဇွန်လ | ၁၂ |
| ၂၅ | ပြုဗ္ဗာဘရပိုက် | ၃၂၃ | ၁၀ | မတ် | ၈ | ဒီဇင်ဘာ | ၅ | စက်တင်ဘာ | ၆ | ။ | ၂၂ |
| ၂၆ | ဥတ္တရာဘရပိုက် | ၃၃၉ | ၁၆ | ။ | ၂၄ | ။ | ၂၁ | ။ | ၂၂ | ဇူလိုင်လ | ၈ |
| ၂၇ | ရေဝတီ | ၃၅၀ | ၁၁ | ဧပြီ | ၅ | ဇန်နဝါရီ | ၂ | အောက်တိုဘာ | ၄ | ။ | ၂၀ |

ခရီးတွင်တရက်လျှင် တအံသာကျ နေ့ဝင်း၍ ကျန်ရစ်ခဲ့သော ကြောင့်လည်းကောင်းဖြစ်မည်။

၂၇။ ထိုကြောင့် နက္ခတ် ၂၇ လုံးမှ အောက်ပါစာရင်း အတိုင်း နှစ်စဉ် တနှစ်(၁၂ လ) အဖို့၌၊ နေနှင့်ညပတ်ရှိ ရှစ်ပါးတွင် အသီးသီးသော နက္ခတ်တို့သည် မွန်းတည့်နက္ခတ် အဖြစ်၌ တိုက်ဆိုင် တည်ရောက်လျက်ရှိကြသည်။ သို့သော် ထိုစာရင်းဇယားအရ လစဉ်လတိုင်း ၎င်းလများ အသီးသီး တွင် ပါဝင်ကြသော ရက်အားလုံးစသည်တို့၌ အတိအကျ မှန်အကန်မဖြစ်နိုင်၊ နီးနိုင်သမျှ နီးကပ်သော မွန်းတည့် နက္ခတ်များသာ ဖြစ်နိုင်သည်။ အပြတ်အသတ် အလွဲအချော် သို့ထိအောင် ဘယ်အခါမျှ တိမ်းပါးလိမ့်မည် မဟုတ်ချေ။

# တတိယပိုင်း

**မဟာသင်္ကြန်စာမှ နက္ခတ်အမြင်ကြည့် တတ်နိုင်ရန်နှင့်ဥတုရာသီအကြောင်းကို ဆုံးဖြတ်နိုင်ရန် အချက်များ**

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း လာလတ့်သော သင်္ကြန်ဘခု (၁ နှစ်) ၏အဖို့ကို ဗေဒင်ပညာရှိအပေါင်းတို့သည် ခိုင်လုံသော မဟာသင်္ကြန်လက်ရိုးကျမ်း၊ သရကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း အစောင်စောင်တို့၏ တွက်ရိုးနှင့် ကိန်းခန်းများအရ တွက်ချက်ထုတ်ဝေသော မဟာသင်္ကြန်စာသည် မြန်မာတို့ ခေါ်ဝေါ်အသုံးပြုသော နှစ်၏ အဆုံးအဖြတ်၊ မြတ်စွာ ဘုရားသခင်၏ သာသနာနှစ်နှင့် ရဟန်းတော်အရှင်မြတ်တို့၏ ဝါဆိုဝါကပ် ပြုတော်မူကြရန် အဆုံးအဖြတ်၊ ရွာသွန်းလတ့်သောမိုး၏ အခန့်အမှန်း၊ သတ္တဝါတို့၌ ဖြစ်



ပွားကျရောက်တတ်သည့် ရောဂါဘယ သေည်များ၊ မည်သည့် အစားအစာတို့ပေါမည်၊ ရှားမည်၊ မည်သည့်အသီးအနှံတို့ ဖြစ်ထွန်းလိမ့်မည်၊ ညံ့လိမ့်မည်၊ ဦးခေါင်းဆေးလျှော်ရန်နှင့် အတာစားရန် နေ့ ရက် အချိန် အခါများ၊ ဆောင်ရန်နှင့် ရှောင်ရန်များ၊ ဥတုရာသီ၏ အခြေအနေ အဆိုက်အရောက်ကို ပြဆိုညွှန်ကြားထားသည့်မြန်မာနိုင်ငံရှိ လူအပေါင်းတို့အတွက် အလွန်အရေးကြီးသော အကြောင်းအချက်များကို ရေးသားဖော်ပြထားသည့် ဇယားချုပ်ကြီးဖြစ်ပေသည်။

၂။ မဟာသင်္ကြန်စာများ၌ (၁) မဟာသင်္ကြန်ကျ၏။ (၂) ဖျောက်ဆိပ်ကြယ်ပေါ်၏။ (၃) ကောက်ကြီး ပျိုးကြရာ၏။ (၄) ဖျောက်ဆိပ်မှန်းတည့်၏။ (၅) ကဆင်း၏။ (၆) သရဝဏ် မှန်းတည့်၏။ (၇) ကောက်ကြီး ကောက်သားဝင်၏ (၈) မုရင်းပျိုးကြရာ၏။ (၉) ဖျောက်ဆိပ်မြေလှူး၏။ (၁၀) နဂါးနေရောင်လွှတ်၏။ (၁၁) မုရင်းကောက်သားဝင်၏ ဆိုသော အကြောင်းအချက်များကား မြန်မာနိုင်ငံအတွင်း၌ မှီတင်း နေထိုင်ကြသော လယ်ယာစိုက်ပျိုး လုပ်ကိုင်ကြသည့် တောင်သူ လယ်သမား များနှင့် နက္ခတ် ဗေဒင်ဆရာ ဆေးဆရာများအဖို့ ဥတုရာသီ မိုးလေ ဝသနှင့် ရာသီနက္ခတ်စက်တွင်နေသွားနေရောက်ကိုညွှန်ကြား ဖော်ပြသော အချိန်ဇယား ချုပ်ဖြစ်သည်။

၃။ အထက်အဆိုပါ အချိန်ဇယားချုပ်၌ မဟာသင်္ကြန်ကျ၏ ဆိုသော အချိန် အခါကြီးသည်ကား တနင်္ဂနွေဂြိုဟ်တည်းဟူသော နေမင်းသည် ရာသီနက္ခတ်စက်တွင် မိမိ၏

သွားလာ လှည့်ရောက်မှုဖြစ်သော ဂြိုဟ်ကူးလမ်းစဉ် ပီလာ ခင်း၌ရှိပုံသျှအားဖြင့်ရာသီသည်း၏ ။အသာသူဦးမှာ ကိုဖြိုး လျှင် ကြင်းနှဝင်း နက္ခတ်အစဉ့်တို့၏သည်း၊ကြ ဆုံးကြရာ၌ာနှင့် ဆိုက်ရောက်လျက် နှစ်ပေါင်း၏ ကုန်ဆုံးခြင်းသို့ ကျရောက် သောအချိန် အခါကြီးကို ဖော်ပြ ကြေငြာခြင်း ဖြစ်သည်။ (မဟာသင်္ကြန်သည် နှစ်စဉ် အင်္ဂလိပ် ဧပြီလ ၁၃-ရက်တွင် ကျသည်ဟု မှတ်သားထားနိုင်လောက်စရာရှိလေသည်)။

၄။ သင်္ကြန်ဟူသည်ကား။ မဂဓ ဘာသာ အားဖြင့် သင်္ကန္တ၊သင်္ကန္တိဘာသာအားဖြင့် သင်္ကန္တိမှ လာသောစကား ဖြစ်သည်၊ အဓိပ္ပါယ် ကား ကူးပြောင်းခြင်းကို ရ၏။ ထိုကြောင့် တနင်္ဂနွေဂြိုဟ်ဖြစ်သော နေမင်းသည် မိဿအစ ရှိသော ရာသီ ၁၂ ပါးတို့တွင် တရာသီမှ တရာသီသို့ကူး ပြောင်းသော အခါပေတည်း။ တနှစ်အတွင်း၌တကူးရာသီ ပြောင်းဖြစ်သော သင်္ကြန် ၁၂ ကြိမ်ရှိသည်တွင် မိန်ရာသီ မှမိဿရာသီသို့ တနင်္ဂနွေကူးပြောင်းခြင်းကို မဟာသင်္ကြန်ဟု ခေါ်၍ အခြား ရာသီကူး ရာသီပြောင်းတို့ကိုကား စူဠ သင်္ကြန်ဟုခေါ်သည်။

၅။ ဖျောက်ဆိပ်ကြယ်ပေါ်၏ ဆိုသော အချိန်အခါ သည်ကား။ နေသည် ရာသီ နက္ခတ်စက်တွင် စက်အံသာ ၄၅ သို့ ဆိုက်ရောက်လျက် မဇ္ဈစက်နှင့် အန္တောစက် ၏ ထက်ဝက် ခရီး၌ တည့်ရောက်ပြီးလျှင် ဖျောက်ဆိပ် (ကြတ္တိကာ) နက္ခတ်မှ စက်အံသာ ၁၁ ခန့် ကွာလျက် ဖျောက်ဆိပ် ကြယ်မှာ နေရောင်လွှမ်းအုပ်ခြင်း လွတ်ကင်း ပြီးလျှင် နံနက်လင်းအားကြီးအချိန်၌ အရှေ့မိုးကုတ်စက်



၏ အထက်သို့ ထွက်ပေါ်လာသည်ကို ရှေးဦးစွာ စ၍မြင် ရသော အချိန်အခါဖြစ်သည်။ ဖျောက်ဆိပ် ကြယ်ပေါ်၏ ဆိုသောရက်သည်နှစ်စဉ် အင်္ဂလိပ်လမေလ ၁၉- ရက်မှာ ဟု သတ်မှတ် ထားနိုင်လောက်စရာရှိသည်။ ၎င်းအခါမှာ မြန်မာနိုင်ငံတွင်မိုးစ၍ရွာတော့မည် ဟူသော ခန့်မှန်းချက် ဖြစ်သဖြင့်မိုးဦးအသီးအနှံဖြစ်သော ဝါပဲစဉ်းငုံ မြေပဲစသည် တို့နှင့်စပါးရင်း၊ နှမ်းရင်စသော ကောက်ရင်အသီးအနှံတို့ကို စိုက်ပျိုးကြရန် ယာမြေ လယ်မြေများကို ထွန်ယက် ရှင်း လင်းထားပြီး ဖြစ်ကြလျက် မိုးလွန်မှထွန်ရ မဖြစ်ကြစေရန် တောင်သူလယ်သမားတို့အား ညွှန်ကြား နှိုးဆော် သော အချိန်အခါ ဖြစ်သည်။

၆။ ကောက်ကြီး ပျိုးကြရာ၏ ဆိုသော အချိန်အခါ သည်ကား။ နေသည် ရာသီ နက္ခတ်စက်တွင် စက်အံသာ ၉၀- မှာ ဥတ္တရာယဉ်၏ မြောက်အစွန်းဖြစ်သော အန္တော စက်တည့်တည့်သို့ ဆိုက်ရောက်လျက် မေထုန်ရာသီမှ ကရ ကဋ်ရာသီသို့ ကူးပြောင်းသော စူဠသင်္ကြန်အခါဖြစ်၍ဥတု သုံးပါး စက်တွင် နွေဥတု ကုန်ဆုံးလျက် မိုးဥတု၏ အစသို့ ရောက်တော့မည်ဟု ပြဆိုညွှန်ကြားခြင်း ဖြစ်သည်။ ကောက် ကြီးပျိုးကြရာ၏ ဆိုသော အခါသည် နှစ်စဉ် အင်္ဂလိပ် ဇူလိုင်လ ၁၉- ရက်မှာဟု သတ်မှတ်ထားနိုင်လောက်စရာ ရှိသည်။

၇။ ဖျောက်ဆိပ်မှုန်းတည့်၏ ဆိုသောအချိန်သည်ကား နေသည် ရာသီ နက္ခတ်စက်တွင် စက်အံသာ ၁၃၅ သို့ ဆိုက် ရောက်လျက် အန္တောစက် (အတွင်းဆုံးလမ်း) မှ

ဒက္ခိဏာယဉ်သို့ မြိတ္တာလမ်းစဉ် အတိုင်း ဆင်းလာရာတွင် အန္တော၌ မဇ္ဈေစက်တို့၏ ခရီးတဝက်သို့ ဆိုက်ရောက်သော ကြောင့်ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်မိုးများစွာရွာတော့မည်ဟု ညွှန်ကြား ထားခြင်းဖြစ်သည်။ ဖျောက်ဆိပ် မွန်းတည့်၏ ဆိုသည်ကား ဖျောက်ဆိပ်ဟု ခေါ်သော ကြတ္တိကာ နက္ခတ်သည် ညရက်ညအခါတွင် နေထွက်ချိန်၌ ကျွန်ုပ် တို့၏ ဦးခေါင်းထက် တည့်တည့် မွန်းတည့်မျဉ်းသို့ ရောက် လာတည်လာသော အချိန်အခါဖြစ်သည်။ ဖျောက်ဆိပ် မွန်းတည့်သောအခါသည် နှစ်စဉ် အဂ်လိပ်စက်တင်ဘာလ ၂- ရက်မှာဟု မှတ်သား ထားနိုင် လောက်စရာ ရှိလေ သည်။

၈။ **ကန်ဆင်း၏ ဆိုသော အချိန် အခါ သည်ကား။** နေသည် ရာသီနက္ခတ်စက်တွင် စက်အံသာ ၁၅၀ သိန်ရာ သီ၏ အဆုံးမှ ကန်ရာသီ၏ အတွင်းသို့ သက်ဆင်းကူးပြောင်း သော စူဠသင်္ကြန် အခါဖြစ်သည်။ ကန်ဆင်းသည်ဟု ဆိုသောအခါသည် ဖျောက်ဆိပ် မွန်းတည့်သော ရက်မှ ၁၅ ရက်အလွန်တွင်ဖြစ်လျက် ထို ၁၅ ရက်အတွင်းမှာ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မိုးများ အသည်းအထန် ရွာ သွန်းတတ်သောကြောင့် ၎င်းရက်အတွင်း၌ ရွာသွန်းသည့် မိုးကို ကမ္ဘာမိုးဟူ၍ ခေါ်ဆိုကြသည်။ အပင်ငယ် ပေါက် ခါစ၌ မိုးရေများစွာနှိပ်စက်ခြင်းကို မခံနိုင်သည့် နှမ်းများ ကိုရင်းမိုးလွတ်ကင်းစေရန် ဖျောက်ဆိပ် မွန်းတည့်၍ ရက် ပေါင်း ၂၀ ခန့်မှာဖြစ်စေ၊ သို့မဟုတ် ကန်ဆင်း၊ ကန် ပေါက်မိုးကြီးရွာ၍အပြီးမှာမှ ဖြစ်စေ ကြဲကြရသည် "ပ ဝဝိ



မြေပြင်ထဲက ရင်ကွဲအောင် ဟစ်သည့် ပုရစ်သံ" ဆိုလေ တိုသကဲ့သို့ ကန်မိုးကြီး ရွာစွေခြင်းမှ စ၍ မြေမျက်နှာ ပြင်စန့်စမှာ မြေ၌ တွင်းဖြင့်ခိုအောင်း နေကြကုန်သော ပုရစ်တို့သည် ညအခါတွင် တွင်းဝမှာထွက်လျက် စီစီ စီစီ ဒီဒီ ဒီဒီ ဟု စီစီညံညံ အသံမစဲ မြည်ကြသည် ကိုလည်း နှမ်းကြဲ ပုရစ်မြည်ပြီဟု အမှတ်အသားပြုကြသည်။ နှစ်စဉ် အဂ်လိပ် စက်တင်ဘာလ ၁၆ ရက်မှာ ကန်ဆင်းမည်ဟု မှတ်သားထားနိုင်လောက်စရာ ရှိသည်။

၉။ **သရဝဏ်မွန်းတည့်၏ဆိုသောအချိန်အခါသည်ကား** နေသည် ရာသီနက္ခတ် စက်တွင် စက်၏အံသာ ၁၈၀ ကန် ရာသီအဆုံးသို့ ဆိုက်ရောက်လျက် ကန်ရာသီမှ တူရာသီသို့ ကူးပြောင်းအပ်သော ဖူဠသင်္ကြန် အခါဖြေတည်း။ဒက္ခိဏာ ယဉ်ခရီး အဆင်းတွင် ၎င်းခရီး၏ ထက်ဝက် ဖြစ်သော မဇ္ဈေစက်သို့ တည့်တည့်ရောက်သောအခါဖြစ်သည်၊ မြန်မာ နိုင်ငံတွင် မြောက်ပိုင်း မြောက်ဖျားမှ စလျက် တောင်သို့ တစတစ မိုးဥတု ရပ်သိမ်းစ ပြုတော့မည် ဖြစ်သဖြင့် ဂျုံ၊ ကုလားပဲ အစရှိသော မိုးဖြင့် ပေါက်ရှင်လျက် နှင်းတွင် ကြီးပွားတတ်သော ကိုင်း အသီးအနှံများကို ကြဲကြစိုက် ကြရန်ဖြစ်သည်။ သရဝဏ်နက္ခတ်သည် ကျွန်ုပ်တို့၏ဦးခေါင်း ထက်၌ နေဝင်ချိန်တွင် မွန်းတည့် မတ်လျက် ရှိနေသည်။ နှစ်စဉ် အဂ်လိပ်လ၊ အောက်တိုဘာ ၁၇ ရက်နေ့မှာ သရဝဏ်မွန်းဘည့် မည်ဟု မှတ်သား ထားနိုင် လောက်စရာ ရှိသည်။

၁၀။ **မုရင်းပျိုးကြဲရာ၏ ဆိုသော အချိန် အခါသည်**

ကား။ နေသည်ရာသီနက္ခတ်စက်တွင် စက်၏အံသာ ၂၀၀ ဖြစ်သော တူရာသီ၏ အဆုံးမှ ဗြိစ္ဆာရာသီသို့ ကူးပြောင်းသည့် စူဠသင်္ကြန် အခါဖြစ်လျက် မိုးဥတုစက်၏ အဆုံးသို့ ဆိုက်ရောက်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ၎င်းစကား ရင်း၏ အဓိပ္ပါယ်အတိုင်း မုရင်းပျိုးကြဲရန် အခါ ကာလကို ပြဆို ညွှန်ကြားထားခြင်း ဖြစ်သည်၊ နှစ်စဉ် အင်္ဂလိပ် နိုဝင်ဘာ ၁၆ ရက်မှာဖြစ်သည်ဟုမှတ်သားထားနိုင်လောက် စရာရှိသည်။

၁၁။ **ကောက်ကြီး ကောက်သားဝင်၏ဆိုသော အချိန် အခါသည်ကား။** နေသည် ရာသီနက္ခတ်စက်တွင် စက်၏ အံသာ ၁၉၅ ဖြစ်သော တူရာသီ၏ အလယ် တည့်တည့် တွင် ဆိုက်ရောက်သည့် အခါဖြစ်လျက် ၎င်းစကားရင်း၏ အဓိပ္ပါယ်အတိုင်းပင်လျှင် ကောက်ကြီး ပေါ်ပင်များ၌ ကောက်သားများ ဝင်ပြီးဖြစ်ကြောင်း ပြဆိုညွှန်ကြားခြင်း ဖြစ်သည်။ (နှစ်စဉ် အင်္ဂလိပ်လ နိုဝင်ဘာ ၁-ရက်မှာ ဖြစ်သည်ဟု မှတ်သားထားနိုင်လောက်စရာ ရှိသည်။)

၁၂။ **ဖျောက်ဆိပ်မြေလူး၏ ဆိုသောအချိန် အခါသည် ကား။** နေသည် ရာသီစက် နက္ခတ်စက်တွင် စက်၏အံသာ ၂၂၅ ဖြစ်သော ဗြိစ္ဆာရာသီ၏ အလယ် တည့်တည့်သို့ ဆိုက်ရောက်လျက် ဒက္ခိဏာယဉ် ခရီးတွင် မင္ဂ္ဂနှင့် ဗာဟိရ စက်တို့၏ တက်ဝက်အဖို့သို့ကျရောက်သော အခါဖြစ်သည်။ ဖျောက်ဆိပ်မြေလူး၏ဆိုသည်ကား ထိုနေ့ထိုရက် နေထွက် အချိန်တွင် ဖျောက်ဆိပ် (ကြတ္တိကာ နက္ခတ်) သည် အနောက်မိုးကုတ်စက်အတွင်းသို့ သက်ဆင်းဝင်ရောက်သွား



ခြင်းတို့မှာ တပြိုင်နက်တည်း ဖြစ်သည်။ ဖျောက်ဆိပ် မြေလူး သောအခါသည် နှစ်စဉ် အင်္ဂလိပ်လ၊ နိုဝင်ဘာလ ၃၀ ရက်မှာ ဖြစ်သည်ဟု မှတ်သားထားနိုင်လောက်စရာရှိသည်။

၁၃။ **နဂါး နေရောင်လွှတ်၏ ဆိုသော အချိန်အခါ သည်ကား။** နေသည် ရာသီ နက္ခတ်စက်တွင် စက်၏အံသာ ၂၇၀ ဖြစ်သော ဓနုရာသီ၏ အဆုံးတွင် ဒက္ခိဏာယဉ်၏ ထိပ် ဗာဟိရ စက်ပေါ် တည့်တည့်သို့ ဆိုက်ရောက်လျက် ဓနုရာသီမှ မကာရရာသီသို့ ကူးပြောင်းသည့် စူဠသင်္ကြန် အခါ ဖြစ်သည်။ နဂါးနေရောင်လွှတ်၏ ဆိုသည်ကား အနုရာဓနက္ခတ်၊ ဇေဋ္ဌနက္ခတ်၊ မူလနက္ခတ် ထိုနက္ခတ် သုံးလုံးပေါင်းမှ ကြယ်တို့၏ အစုအပေါင်းသည် နဂါးရုပ် ကြီးနှင့် သဏ္ဌာန် တူသောကြောင့် ၎င်းကို ကြယ်နဂါး ဟူ၍ ခေါ်ဆိုသည်။ ဤအချိန်အခါ၌ နဂါး၏ အမြီးဖြစ် သော မူလနက္ခတ်မှ နေသည် စက်အံသာ ၁၇ အံသာခန့် ကွာ၍ လာပြီ ဖြစ်သဖြင့် ကြယ်နဂါးကြီးသည် နေရောင် အုပ်လွှမ်းခြင်းမှ လွတ်လျက် နံနက် အရုဏ်တက် နေထွက် ခါနီး တွင် အရှေ့မိုးကုတ်စက်၏ အထက်၌ အပြည့်အစုံ တကောင်လုံး ထွက်ပေါ်လာသည်ကို မြင်နိုင်သည်။ နဂါး နေရောင်လွတ်ခြင်းမှာ နှစ်စဉ်အင်္ဂလိပ်လ ဇန်နဝါရီ ၁၃ ရက်မှာ ဖြစ်သည်ဟု မှတ်သားနိုင်လောက်စရာရှိလေသည်။

၁၄။ **မုရင်း ကောက်သားဝင်၏ ဆိုသော အချိန်အခါ သည်ကား။** ရှေးဆရာတို့အလိုအားဖြင့် နေသည် ရာသီ နက္ခတ်စက်တွင် စက်၏အံသာ ၂၈၅ ဖြစ်သော မကာရ ရာသီ၏ အလယ် တည့်တည့်သို့ ဆိုက်ရောက်သော အခါကို

ဆုံးဖြတ်သည်။ နှစ်စဉ်အင်္ဂလိပ်လ ဇန်နဝါရီ ၂၈ ရက်မှာဟု မှတ်သားထားနိုင်လောက်စရာရှိသည်)။ နောက်ဆရာတို့ ဖြင်ဆင်ထားချက် အရကား နေသည် ရာသီနက္ခတ်စက်တွင် စက်ချီအံသာ ၃၁၅ ဖြစ်သောကုံရာသီ၏ အလယ်တည့်တည့်တွင် ဥတ္တရယာဉ်ခရီးစဉ်၌ ဗာဟီရစက်နှင့် မဇ္ဈစက်၏ ထက်ဝက်အဘို့သို့ ဆိုက်ရောက်လျက်၊ ၎င်း ကာလရင်း၏ အဓိပ္ပါယ် အတိုင်း မုရင်း ပေါ်းပင်များ၌ ကောက်သား ဝင်ပြီကို ဆိုထားခြင်း ဖြစ်သည်။ မုရင်း ကောက်သား ဝင်ခြင်းကား နှစ်စဉ် အင်္ဂလိပ်လ ဖေဖော်ဝါရီ ၂၇ ရက်မှာဟု သတ်မှတ်ထားနိုင်လောက်စရာရှိသည်။

၁၅။ ထိုမှ တဖန် မြန်မာတို့၏ နှစ်သစ် ကူးပြောင်းကြောင်းဖြစ်သော မဟာသင်္ကြန်ကျခြင်း သည်တို့သို့ တနင်္ဂနွေ ဂြိုဟ်မင်းသည် ရာသီနက္ခတ်စက်ကြီးတွင် မိမိ၏ အစဉ် လှည့်ရောက်မြဲဖြစ်သော ဖီလာခရီးစဉ်၌ လှည့်လည် မွှေ့ရှား ဆိုက်ရောက်လျက်ရှိနေရလေသည်။ ဤသို့အားဖြင့် ကောင်းကင် ရာသီနက္ခတ် စက်ကြီး၏ အဝန်း ဖြစ်သော စက်အံသာ ၃၆၀ သို့ နေသည် တနှ ပီလာ လက်ျာရစ်အားဖြင့် အယန- အယဉ်-ဝိထိတို့သို့ အခါအားလျော်စွာ ထိမ်းပါး ကူးရောက်ကြောင်းဖြစ်သော တပတ်လည် တခါ လည် အချိန်ကာလကို သူရိယ သံဝစ္ဆရနှစ် တနှစ်ဟူ၍ ဆုံးဖြတ်မှတ်သားခြင်းပြုရသည်။

၁၆။ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ထုတ်ဝေသော မဟာသင်္ကြန်စာများ၌ ဖျောက်ဆိပ်ကြယ်ပေါ်ခြင်း၊ မှိန်း တည့်ခြင်း၊ မြေလူးခြင်း၊ အစရှိသော ကောင်းကင်ရာသီ



နက္ခတ်စက်တွင် နေသွား နေရောက်ကို ညွှန်ကြားဖော်ပြထားသည့် အချိန်အခါများကို ခရစ်လနှင့် ရက်တို့အားဖြင့် ပုံသေနိုးပါး မှတ်ယူထားရန်သံပေါက်လင်္ကာ

၁။ မြန်မာပြည်မှာ၊ သင်္ကြန်စာ၊ စဉ်လာအမြဲပြု။
၂။ လူတို့မှတ်ရာ၊ ရက်ဖြာဖြာ၊ ကြေညာဇယားချ။
၃။ ခရစ်လမှာ၊ မှတ်ရှုရှာ၊ သွေကွာမတိမ်းလှ။
၄။ ဆယ့်သုံးရက်မှာ၊ ဧပြီခါ၊ မဟာသင်္ကြန်ကျ။
၅။ နဝဋ္ဌယာ၊ မေလမှာ၊ ပေါ်ကာဖျောက်ဆိပ်ပြ။
၆။ ဂျူလိုင်လမှာ သောဠသာ၊ ကြကာကောက်ကြီးချ။
၇။ လာစက်တာဘာ၊ နှစ်ရက်မှာ၊တည့်လာဖျောက်ဆိပ်က။
၈။ ဆယ့်ခြောက် ရက်မှာ၊ စက်တင်ဘာ၊ ကန်မှာနေ ဆန်းရ။
၉။ သချ၀ဏ်မှာ၊ အောက်တိုဘာ၊ တည့်စွာသတ်ကေ။
၁၀။ လနိုဝင်ဘာ၊တရက်မှာ၊ဝင်ရာ(ကောက်ကြီး)ကောက် သားမျှ။
၁၁။ ရက်သောဠသာ၊ နိုဝင်ဘာ၊ ကြဲရာမုရင်းစ။
၁၂။ ရက်ပေါင်တိံသာ၊နိုဝင်ဘာ၊မြေမှာဖျောက်ဆိပ်ကျ။
၁၃။ ဆယ့်သုံးရက်မှာ၊ ဇန်နဝါ၊ နာဂါနေရောင်ပ။
၁၄။ သတ္တဗီသာ၊ ဖေဖော်ဝါ၊ ဝင်စွာ (မုရင်း) ကောက် သားရ။
၁၅။ အလွယ်ဖြင့်သာ၊ သိဖို့ရာ၊ လင်္ကာရေးစီပြု။
၁၆။ အကြောင်းအရာ မှတ်မိပါ၊ လွန်စွာအသုံးကျ။
၁၇။ ယုန်လေးကုန်းရွာ၊ကျောင်းဆရာ၊နာမာမောင်မိုးက။
၁၈။ နက္ခတ်စက်မှာ၊ နေရောက်ရာ၊ ဖွဲ့ရှာနည်းကိုစ။

# စတုတ္ထပိုင်း

ကပ္ပ၊ ကပ်၊ ကမ္ဘာဟူသောဝေါဟာရများ

ကပ္ပဟူသည်ကား မာဂဓဝေါဟာရ၊ ကပ်ဟူသည်ကား မြန်မာဝေါဟာရ၊ ကမ္ဘာဟူသည်ကား ကာလအရေအတွက်ကို ဆိုလိုသည်ဟု မှတ်အပ်၏။ ကမ္ဘာတည်သည် ပျက်သည်ဟူသော အကြောင်းအရာများ၌ လောကသုံးပါးတွင် သြကာသ လောကဟု ဆိုအပ်သော စကြာဝဠာလောကဓာတ်ကြီး တည်ခြင်း ပျက်ခြင်းကိုပင် ဆိုသောအကြောင်းဟု မှတ်ရာ၏။

ယုဂ်လေးပါး၊ ယုဂ်လေးပါးဟူသည်ကား ၁။ ကတယုဂ် ၂။ တြေတာယုဂ် ၃။ ဒွါပရယုဂ် ၄။ ကလိယုဂ်ဟူ၍ ဖြစ်ကြသည်။



ကတယုဂ် ဟူသည်မှာ အခြေလေးချောင်း ရှိသော သတ္တဝါသည် အခြေလေးချောင်းလုံးကို ထောက်၍တည်၍ နေသကဲ့သို့ လူတို့ သစ္စာ တည်မြဲသော ကာလဖြစ်၏။ ထိုကတယုဂ်၏ ယုဂ်သက်ကား ၁,၇၂၈,၀၀၀ တသန်း ခုနစ်သိန်း နှစ်သောင်း ရှစ်ထောင် နှစ်ပေါင်း အရေအတွက်ရှိသည်။

တြေတာယုဂ် ဟူသည်မှာ— အခြေ လေးချောင်းတွင် သုံးချောင်းထောက်သော ထောက်သကဲ့သို့ လူတို့သစ္စာတည်မြဲသော ကာလဖြစ်၏။ ထိုယုဂ်သည် ၁,၂၉၆,၀၀၀ တသန်း နှစ်သိန်း ကိုးသောင်း ခြောက်ထောင် နှစ်ပေါင်း အရေအတွက်ရှိသည်။

ဒွါပရယုဂ် ဟူသည်မှာ အခြေ နှစ်ချောင်း ကိုသာ ထောက်သကဲ့သို့ လူတို့သစ္စာတည်မြဲသော ကာလ ဖြစ်၏၊ ထိုယုဂ်၏ အသက်ကား ၈၆၄,၀၀၀ ရှစ်သိန်း ခြောက်သောင်းလေးထောင် နှစ်ပေါင်း အရေအတွက် ရှိသည်။

ကလိယုဂ်ဟူသည်မှာ အခြေတချောင်းကိုသာ ထောက်သကဲ့သို့ လူတို့သစ္စာ တည်မြဲသော ကာလဖြစ်၏။ ထိုယုဂ်၏ အသက်ကား ၄၃၂,၀၀၀ လေးသိန်း သုံးသောင်း နှစ်ထောင် နှစ်ပေါင်း အရေအတွက် ရှိလေသည်။

ဤင်း ယုဂ်လေးပါး၏ နှစ် အရေအတွက် သချာင်္တို့ကို ပေါင်းသော် ၄,၃၂၀,၀၀၀ လေးသန်း သုံးသိန်း နှစ်သောင်း အရေအတွက် ရှိ၏၊ ဤကား စတုယုဂ်သက် တကြိမ်၏ ကာလ အရေအတွက်ဖြစ်သည်။

ထိုစတုယုဂ် တကြိမ် ပြည့်ပြန်လျှင်က တယုဂ် ပြန်၍

အစဉ်အတိုင်း ဆန်းပြန်လျက် ရှင်းကြ၏ ယုဂ်သက်အရ ဆန်းပြန်၏။

ထိုသို့ အားဖြင့် ဆန်းတုံ ကွယ်တုံ အကြိမ်ပေါင်း တထောင်ရှိလျှင် ဖြစ်ပြီးသော ယုဂ်လေးပါး၌ အကြိမ်ပေါင်း တထောင်စီရှိ၏။ နှစ်ပေါင်း၄,၃၂၀,၀၀၀,၀၀၀ လေးရာ့သုံးဆယ် နှစ်ကုဋေရှိ၏။

ဤသို့ ဆုတ်ကပ် စတုယုဂ်သက် လေးရာ့သုံးဆယ့် နှစ်ကုဋေ ထက်ကပ် စတုယုဂ်သက် လေးရာ့သုံးဆယ့် နှစ်ကုဋေအားဖြင့် ဆုတ်ကပ် တက်ကပ်နှစ်ရပ်သော နှစ်အရေအတွက်တို့ကို ပေါင်းသော် ၈,၆၄၀,၀၀၀,၀၀၀ ရှစ်ရာ့ခြောက်ဆယ့် လေးကုဋေ ဖြစ်သော သင်္ချာ အရေအတွက်သည် လောကီကျမ်းတို့အလို (လောကုတ္တရာ ပိဋကတ်ကျမ်းဂန်တို့၏ အဆိုမဟုတ်) အားဖြင့် အန္တရကပ် တကပ် ဖြစ်၏။

## ဂေါဇာသက္ကရာဇ်

ဂေါဇာဟူ၍ ခေါ်ဆိုခြင်းကား ကောက္ခရကျမ်း အလိုအားဖြင့် ဂေါသဒ္ဒါသည် နေဟူသောအနက် ဇ ဟူသော အနက်ကိုဟောသည်။ထိုနေလတို့ရွေ့ရောက်သွားလေသည်ကို ပင်လျှင် ဂေါဇာဟူ၍ခေါ်၏။တနည်းသော်ကား ဂေါဇာဟူသော ဝေါဟာရသည် မဂဓဘာသာ ဂေါစရ ဟူသော စကားမှ ပျက်လာသော ဝေါဟာရဟူ၍ ယူဆရမည် ဖြစ်ကြောင်းဆိုသည်။ဂေါဇာ၏ အဓိပ္ပါယ်ကား လှည့်လည်သွားလာရာ အရပ်ကိုရသည်။ ကြေနှံ၊ မိနစ်၊ နာရီ၊ ရက် လ



နှစ် တိုင်အောင် တနက်ခနွေ ဂြိုဟ်တည်းဟူသော နေသည် ရာသီစက်တွင်လှည့်လည်၍သွားရာ ရွေ့ရောက် ဆိုက်ရောက်ရာ ၁၂ ရာသီတွင် လှည့်၍ သွားရာ တပတ်သည် ဂေါဇာ တခု(တနှစ်)မည်၏။

သက္ကရာဇ်ဟူသည်မှာ သကာရိယတော် သက္ကာရိတော နှစ်တို့၏ အပေါင်း သင်္ချာကို နောင်လာလူအပေါင်းတို့ အရိုအသေပြုအပ်သောကြောင့် လည်းကောင်း၊ သက္ကာရိယိတ္တာတိ သက္ကာရိ ၃ တာအကြင်နှစ်တို့၏ အပေါင်းကို ရှေးသူဟောင်းတို့ အရိုအသေ ပြုကြလေပြီး သောကြောင့်လည်းကောင်း၊ သက္ကရိတမည်၏။ (ဝါ) သက္ကရာဇ် မည်၏ ဟူ၍ ရှေးရှေးအခါက ပညာရှိတို့ဆို၏။ ကလျာဏီ ကျောက်စာ၊ သုဓမ္မာဝတီ လက်ရိုးကျမ်းတို့၌ သက္ကရာဇေ သက္ကဒင္ဂိတ စသဖြင့် ပါဠိ စီကုံးခြင်းနှင့် ယခုကာလသက္ကရာဇ် ဟူ၍ ရေးသားကြခြင်းမှာ သက္ကရာဇ်ကို သိကြားမင်း ထားသည် ဟူ၍ အမှတ်ပြုသည့် လက္ခဏာနှင့်တူ၏။ ဗုဒ္ဓဂယာမဟာဗောဓိ ကျောက်စာတွင် သက္ကရာဇ်ဟု ရေးထိုးထားသည်ကို တွေ့ရသည်ဟုဆိုသည်။ ဗေဒင်ပေါ်ကျမ်းရင်းကြီး၌ မူကား သကြစ် ဟူ၍ ရေးသားသည်ကို တွေ့ရသည်။

## သက္ကရာဇ်ဖျို့ခြင်း

ယခု ဘဒ္ဒကမ္ဘာတွင် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မမူမီ အမှတ်အသား ထင်ရှားရှိသော သက္ကရာဇ်များကား ၁,၁၄၆,၇၀၅ တသန်းတသိန်း လေးသောင်း ကိုးထောင် ခုနစ်ရာ ရှစ်ဆယ်ငါး ခုဖြစ်၏။ ရှင်းကိုအာကာရဋ္ဌမင်းဖျို့၏။

ရှင်းနောက် ပွားတက်၍ လာသော သက္ကရာဇ် ၁၄,၉၄၉,၅၇၀ တကုဋေ လေးသန်း ကိုးသိန်း လေးသောင်း ကိုးထောင် ငါးရာ ခုနစ်ဆယ်ကို ကုသမင်းဖြို၏။ အစွန်း နှစ်ခုစီထားကြကုန်၏။

အာကာရစ္ဆမင်း ဖြိုသော ကိန်းဟောင်းကို နာဟိမဏ္ဍလဒ္ဓဝရ ကိန်းဟုခေါ်၏။ ရှင်းနောက်သက္ကရာဇ် ၈၆၄၇ ရှစ်ထောင်ခြောက်ရာလေးဆယ် ခုနစ်ခုသို့ရောက်သောအခါ ဂေါတမ မြတ်စွာ ဘုရား၏ ဘိုးတော်သီဟနု မင်းနှင့် ကဉ္စန မင်းတို့ ဖြိုပြီးလျှင် အကြွင်း ၂ ခုကစ၍ သက္ကရာဇ် အသစ်ထား၏။ ဖြိုပြီးလျှင် ကိန်းဟောင်းကို ဗာဏာသိန္ဓုဆဗသျှ ကိန်းဟူ၍လည်းကောင်း၊ မာဃစန္ဒီ ဟူ၍လည်းကောင်း၊ ဏဝစန္ဒီဟူ၍လည်းကောင်းခေါ်ဆို၏။

ဘိုးတော် အဉ္ဇနမင်းကြီး ထားသောသက္ကရာဇ် ၆၈ ခုသို့ ရောက်လတ်သော် ဂေါတမ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထ ကုမာရ မင်းသားကို ဖွားမြင်တော်မူသဖြင့် ထိုသက္ကရာဇ်သည် မဟာသက္ကရာဇ်ဟူ၍ ခေါ်တွင်လေသည်။ ထိုသက္ကရာဇ် ၁၄၈ ခုနစ်သို့ ရောက်လတ်သော် ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုနှစ်တွင် ထိုသက္ကရာဇ် ၁၄၈ ခုကို အကြွင်းမထားဘဲ အဇာတသတ်မင်းဖြိုပြီးလျှင် ၁-ကစ၍ သာသနာတော်နှစ်နှင့်တပ်တူ ညီမျှပြုလုပ်ထား၏။

ထိုသက္ကရာဇ် ၄၀၃ ခုနှစ်သို့ ရောက်လတ်သော် သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းဆက် ကိုးယောက်မြောက် သိရိမင်း ဖြိုရာ မပြိုရှိနေသောကြောင့် ထိုသက္ကရာဇ် ၆၂၄ ရောက်မှ ထေပါးမင်း ဆက်အဝင် သုမုန္ဒရီ မင်းသည် အ



ကြွင်းနှစ်ခုကို ထား၍ ၆၂၂ ခုကိုဖြို၏။ ထိုဖြိုပြီးကိန်းဟောင်းကိုကား ဒေါဒေါရသ ကိန်းဟူ၍ ခေါ်၏။

သုမုန္ဒရီမင်း၏ သက္ကရာဇ် ၅၆၂ ခုသို့တိုင်ရောက်ပြန်သော် ပေါက္ကံပြည် ပုပ္ပါးစောရဟန်း သမုဒ္ဒရစ်မင်းသည် အကြွင်း နှစ်ခုကို ထား၍ ၅၆၀ ကိုဖြို၏။ ထိုဖြိုပြီး ကိန်းဟောင်းကို ခဆပဉ္စာ ကိန်းဟူ၍ ခေါ်၏။

အဇာတသတ်မင်း ဖြိုသောသက္ကရာဇ် ၁၄၈၊ ဒေါဒေါရသကိန်း ၆၂၂၊ ခဆပဉ္စာကိန်း ၅၆၀ ထိုသုံးရပ်ပေါင်း ၁၃၃၀ ကို အာလမ္ဗိက ကိန်းဟူ၍ခေါ်၏။

သဇ်ရာဇ်မင်း၏ သက္ကရာဇ် ၈၀၀ ပြည့်တွင် ၇၉၈ ခုကို အင်းဝပြည်မိုးညှင်းမင်းဖြို၍ အကြွင်းနှစ်ခုနှင့်သက္ကရာဇ် အစပြုရာ ဖြိုရင်းသက္ကရာဇ်မပို၍ သက္ကရာဇ်နှစ်မျိုးပြိုင်လျက် ရှိခဲ့သည်။

ယခုရောက်ဆဲသက္ကရာဇ်ကား ပုပ္ပါးစောရဟန်း သဇ်ရာဇ် မင်းထားခဲ့သော သက္ကရာဇ်အတိုင်း ဖြစ်၏။ ထိုသက္ကရာဇ်ကို ဗီဿနှစ် သက္ကရာဇ်ရှည်ဟု ခေါ်ကြ၏။ မိုးညှင်းမင်း သက္ကရာဇ်ကို ရဿနှစ်ဟူ၍ ခေါ်ကြ၏။

**သာသနာတော်နှစ်။** မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည်က စ၍ ယခုတိုင် သာသနာတော် နှစ်ပေါင်း မည်မျှ ရှိသည်ကို သိလိုသော်၊ ယခုရောက်ဆဲ ကောဇာ သက္ကရာဇ်တွင် သုမုန္ဒရီမင်း ဖြိုသောဒေါဒေါရသ ၆၂၂ နှစ်နှင့်တကွ ပုပ္ပါးစောရဟန်း၊ သဇ်ရာဇ်မင်း ဖြိုသော ခဆပဉ္စာ ၅၆၀ ကို နှောက ယခုရောက်သော သာသနာတော် နှစ်ပေါင်း ဖြစ်၏။ သို့တည်းမဟုတ် တခါတည်း သိလိုမူ ယခုရောက်ဆဲ

သက္ကရာဇ်တွင် ယခင်ဆိုခဲ့သော ကိန်းနှုပ်ရပ်ပေါင်း၊ ဒွေ အဋ္ဌကကော ၁၁၈၂ ကို နှောလျှင်လည်းသာသနာတော် နှစ်ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသောအခါ၊ ကလိယုဂ်သက်ကား သတ္တပဥ္စဗျည်း ဒွယ ၂၅၅၇ ဖြစ်၍ သာသနာတော် နှစ်ပေါင်းတွင် ထို ၂၅၅၇ ကို နှောသော် ယခုရောက်ဆဲ ကလိယုဂ်ကို သိရ၏။ ဤကား သာသနာတော် နှစ်ဖြင့် သိနိုင်သော တွက်ကိန်း ဖြစ်၏။

သက္ကရာဇ်ရှည် ဒီသနှစ်ဖြင့် သိနိုင်သော တွက်ကိန်းကား ယခုရောက်ဆဲ ဒီသသက္ကရာဇ်ရှည်တွင် နဝကြိသတ္တရှိ—ဟူသော ၃၇၃၉ ကို နှောက ကလိယုဂ်သက်ဖြစ်၏။

ထို နဝကြိ သတ္တဂ္ဂိ ဟူသော ၂၅၅၇ + ၆၂၂ + ၅၆၀ = ၃၇၃၉ ခုရောက်ကိန်းသည်ကား ပေါက္ခ ပြည် ပုပ္ပါး စောရဟန်းသည်ရာဇာမင်းဖြစ်သောအခါကဆန်းပြီး ရောက်ပြီး ဖြစ်သော ကလိယုဂ် နှစ်ဟောင်းပေါင်း ဖြစ်သည်။

○

# ပဉ္စမပိုင်း

## မဟာသင်္ကြန်တွက်နည်း

၁။ မဟာသင်္ကြန်ကျမည့်နေ့၊ တက်မည့်နေ့နှင့် အချိန်များကို စက်နာရီ၊ မိနစ်၊ စက္ကန့်တို့ဖြင့် သိနိုင်ရန် တွက်ပုံလင်္ကာ

မြတ်ဖျားဘုန်လျှံ၊ ဗုဒ်သံကို၊ ဓိဘ်ခံကြည်စွာဦးညွှတ်ကာဖြင့်၊ မဟာသင်္ကြန်ကျ၊ တတ်မှန်ကို၊ တွက်ရန်လွယ်ဘိ၊ လင်္ကာညီအံ၊ လိုရှိကောဇာ၊ တည်ပြီးစွာလျှင်၊ ထောင်မှာ ကော၊ ခုသက္ကဖြင့်၊ မြှောက်ထပြီးခါ၊ ထောင့်တရာကို၊ ကောဇာယင်းမှ၊ နုတ်ယူချ၍၊ သေသတည်လစ်၊ တိနေ့ကော်ဖြင့်၊ ကုတ်ပစ်တဖန်၊ ရလာဒ်မှန်ကို၊ ထက်ယံမြှောက်ခြင်း၊ ပေါင်းထည့်သွင်းသော်၊ ကိန်းမှန်ခေါ်၏။ တိနေ့ဒကန်နှင့်၊ ကုတ်အာ့စ်တွင်၊ ကြွင်းမမြင်က၊ အကျွတ်ရာ၊ လာဒ်မလာနှင့်၊ ထက်မှာမူကား၊

နှောလေ ဖြူးလော့၊ ရ ထားကိန်းမှန်၊ တည်ပြန် ပြီးခါ၊
ပွားနေ၊ နွေးဇေးကို၊ နုတ်ရတဖြာ၊ကိန်းရှစ်ရာဖြင့်၊ စားပါ
မယွင်း၊ အကြွင်းရှိသော်၊ လာဒ်ပေါ်ကော်သွား၊ သတ်နှင့်
စားကာ၊ ကျဖြူးသင်္ကြန်၊ နေ့ထွက်မှန်၏။ တဖန်မှတ်ရာ၊နာရီ
မှာမူ၊ ရှစ်ရာစားကြွင်း၊ တြင်းမြှောက်ပွား၊ တရာစားကာ၊
လာဒ်ကားနာရီ၊ တလီဒသသ၊ ခဆ မြှောက်ပွား၊ စားမြဲ
စားကာ၊ လာဒ်ကားတတန့်၊ မိနစ်သန့်၏၊ စက္ကန့်မှာလည်း၊
ထိုကျမ်းလော့၊တွက်နည်းတဖန်၊တက်သင်္ကြန်ကား၊ ကိန်းမှန်
တည်ချ၊ ခွေး နဇယဇော၊ ရောနှောပြီးဖြူး၊ ရှစ်ရာစား၍၊
မခြား ကျ,တူ၊ တွက်၍ယူကာ၊ ထွက်ပြတက်နေ့၊ ရတွေ့အမှန်၊
နာရီဖန်လိမ့်၊ သင်္ကြန်အထွက်၊ ကျအတက်၌၊ ပေါ်ထွက်
နှစ်လီ၊ မိနစ်နာရီကား၊ မြန်ငြည်ဒေသ၊ အချိန်ပြ၏။ ယူဆ
နာရီ၊ သန်းခေါင်ညီမှ၊ ချေရေတွက်၊ညနံနက်ဟု၊ ချိန်ကော်
ယူကာ၊ အမှန်ရလိမ့်၊ ကျရက်အမှန်၊ သိလိုပြန်သော်၊ ယမန်
နှစ်ဘက်၊ သန်းတရက်မျှ၊ ရေတွက်ချိ၍၊ တိ၊ အ၊ ရ၊ မေ။
ရက်အနေတွင်၊ မသွေသင်္ကြန်၊ ကျသည်မှန်၏၊ တဖန်အတက်
ရက်အတွက်မူ၊ နေ့ ထွက်နှင့်သာ၊ ကိုက်ယူပါလော့၊ တဖြာ
နည်းထို၊ မှတ်ပါလိုမူ၊ ထိုထိုခရစ်၊ သက္ကရာဇ်တွင်၊ ထွက်စစ်
အညီ၊ ဓပြီဆယ့်သုံး၊ ကျပြီးဟု၊ နိဂုံးသိမ်းချုပ်၊ လင်္ကာ
ဆုပ်သည်၊ သရုပ်ပေါ်လွင်ထင်ရှားတည်း။ ။

၂။ အဓိပ္ပါယ်ကား မဟာသင်္ကြန် အကျနေ့ အတက်နေ့ နှင့် အချိန်ဖြစ်သော စက်နာရီ မိနစ် စက္ကန့်တို့ကို တွက်လိုသော် အလိုရှိသော မြန်မာသက္ကရာဇ်ကိုတည်လျက် ၁၀၀၇ နှင့်မြှောက်၍ ထားပါ။ တဖန် သက္ကရာဇ်ကို တည်လျက်



၁၁၀၀ နုတ်ပြီးလျှင် အကျန်ကို ၁၉၃ နှင့်စား၍ ရလာဒ်ကို အထက်က ၁၀၀၇ ဖြင့် သက္ကရာဇ်ကို မြှောက်၍ထားရသော ကိန်းတွင် ထည့်၍ ပေါင်းပါလျှင် ကိန်းမှန်ဖြစ်၏။ (အထူးသော်ကား ၁၉၃ နှင့်စား၍ အကြွင်းမရှိလျှင် အကျတွက်ရာ၌ ရလာဒ်ကို အထက်ကိန်းတွင် မရောရ။ အတက်တွက်ရာ၌သာ ရောရ၏။)

(က) ကိန်းမှန်ကို တည်လျက် ၁၂၉၂ နုတ် ပြီး လျှင် ၈၀၀ နှင့်စားသော်၊ အကြွင်းရှိလျှင် ရလာဒ်တွင် တခုတက်၍ ၇ နှင့်စားပါက အကြွင်းသည်လိုအပ်သော မဟာသင်္ကြန်ကျမည့်နေ့ဖြစ်၏။

(ခ) ၈၀၀ စားကြွင်းကို ၃ နှင့်မြှောက်လျက် ၁၀၀ နှင့်စားသော် ရလာဒ်ကားလိုအပ်သော စက်နာရီ ဖြစ်၏။ ၎င်းစားကြွင်းကို ၆၀ နှင့်မြှောက် ၁၀၀ နှင့်စား။ ရလာဒ်မှာ မိနစ်ဖြစ်၏။ ထိုနည်းအတူ အကြွင်းကို ၆၀ နှင့်မြှောက် ၁၀၀ နှင့်စား။ ရလာဒ်ကား စက္ကန့်ဖြစ်၏။ ဤတွင် မဟာသင်္ကြန်ကျချိန် ဖြစ်သည့် လိုအပ်သော စက်နာရီနှင့် မိနစ် စက္ကန့်တို့ကို ရလေပြီ။

(ဂ) အတက်တွက်ရန်ကား အကျတွက်စဉ်၌ ရရှိထားသော ကိန်းမှန်ကို ယူ၍တည်။ ၄၄၂ နှောလျက် ၈၀၀ နှင့်စားစည်ဖြင့် အကျတွင် တွက်ခဲ့သောနည်းအတိုင်း တွက်ပါက မဟာသင်္ကြန် တက်မည့်နေ့နှင့် နာရီ မိနစ် စက္ကန့်တို့ကိုရလိမ့်မည်။

(ဃ) အထက်ပါ နည်းဖြင့် တွက်၍ ရရှိသော မဟာသင်္ကြန် အကျနှင့် အတက် ဖြစ်သော အချိန် နာရီ များမှာ

မြန်မာနိုင်ငံ အမရပူရမြို့၏ ဒေသန္တရစက် နာရီ အချိန်များ ဖြစ်ကြ၏။ ရင်းတွင် ၅ မိနစ်နှင့် ၂၃ စက္ကန့်ကို ထည့်၍ ပေါင်းပါမှ ယခုကာလ အစိုးရမင်းတို့၏ ပြဋ္ဌာန်းသော စံတော်ချိန်ကို ရလေသည်။)

(င) တွက်၍ရသော နာရီတို့ကို (မိုးရထားနာရီယူသကဲ့သို့) သန်းခေါင်မှစ၍ ရေတွက်ပါ။ ည, နံနက်ဟု အချိန်တို့ကို သိရလိမ့်မည်။

(စ) **မဟာသင်္ကြန်ကျသောရက်ကို သိရန်မှာ** လွန်ခဲ့သော မဟာသင်္ကြန်တက်၍ ပြီးသည်၏ နောက်တရက်ဖြစ်သော(နှစ်သန်းတရက်)နေ့ကစ၍ ရေတွက်လျှင် ရက်ပေါင်း ၃၆၃ ရက်တွင်ကျ၏။ အတက်ရက်မှာ တွက်၍ရထားသော တက်နေ့နှင့်ကိုက်၍ တရက်ကြွတ် နှစ်ရက်ကြွတ် စသည်ဖြင့် ဆုံးဖြတ်ရာ၏။

(ဆ) အတိုနည်း မှတ်ရန်ကား နှစ်စဉ်ခရစ်သက္ကရာဇ်၏ ဧပြီလ ၁၃ ရက်၌ မဟာသင်္ကြန်ကျမည်ဟု မှတ်သား ထားသင့်သည်။ (လွန်, ယုတ်ရှိသော် ကျတက်နေ့နှင့် ညှိယူပါ၊)



၃။ မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်အဖို့ အတာသင်္ကြန် ကျမည့်နေ့၊ တက်မည့်နေ့နှင့် အချိန်တို့ကို စက် နာရီ မိနစ် စက္ကန့်တို့ဖြင့် သိရန်တွက်ပုံ

မဟာသင်္ကြန်အကျတွက်ပုံ

က။ ၁၂၉၉×၁၀၀၇=၁၃၀၈၀၉၃

ခ။ ၁၂၉၉−၁၁၀၀= ၁၉၉

ဂ။ ၁၉၉÷ ၁၉၃=ရလာဒ် ၁ (အကြွင်း၆)

ဃ။ ၁၃၀၈၀၉၃+ ၁=၁၃၀၈၀၉၄(ကိန်းမှန်)

င။ ၁၃၀၈၀၉၄−၁၂၉၂=၁၃၀၆၈၀၂

စ။ ၁၃၀၆၈၀၂÷ ၈၀၀=ရလာဒ် ၁၆၃၃ နှင့် (အကြွင်း ၄၀၂)

ဆ။ ၁၆၃၃+ ၁=၁၆၃၄

ဇ။ ၁၆၃၄÷ ၇=ရလာဒ် ၂၃၃ နှင့် (အကြွင်း ၃)

ထို့ကြောင့် အင်္ဂါနေ့တွင် မဟာသင်္ကြန်ကျ၏။

ဈ။ (၁) (၄၀၂× ၃)÷၁၀၀=၁၂-နာရီနှင့် (အကြွင်း ၆)

(၂) ( ၆×၆၀)÷၁၀၀=၃ မိနစ်နှင့် (အကြွင်း ၆၀)

(၃) ( ၆၀×၆၀)÷၁၀၀=၃၆ စက္ကန့်တိတိ

ထို့ကြောင့် နံနက် ၁၂-နာရီအလွန်၊ မွန်းလွဲ ၃-မိနစ်နှင့် ၃၆-စက္ကန့်အချိန်၌ မဟာသင်္ကြန်ကျ၏။

### မဟာသင်္ကြန်အတက်တွက်ပုံ

ည။ ၁၃၀၈၀၉၄÷၄၄၂=၁၃၀၈၅၃၆

ဋ။ ၁၃၀၈၅၃၆÷၈၀၀=ရလဒ် ၁၆၃၅ နှင့် (အကြွင်း ၅၃၆)

ဌ။ ၁၆၃၅÷ ၁= ၁၆၃၆

ဍ။ ၁၆၃၆÷ ၇=ရလဒ် ၂၃၃ နှင့် (အကြွင်း ၅)

ထို့ကြောင့် ကြာသပတေး နေ့၌ မဟာသင်္ကြန်တက်၏။

ဎ။ ၁။ (၅၃၆×၃ )÷၁၀၀=၁၂ နာရီနှင့် အကြွင်း—၈

၂။ ( ၈×၆၀)÷၁၀၀= ၄ မိနစ်နှင့် အကြွင်း—၈၀

၃။ ( ၈၀×၆၀)÷၁၀၀=၄၈ စက္ကန့်တိတိ။

ထို့ကြောင့် မွန်းလွဲ ၄ နာရီ ၄ မိနစ် ၈၀ စက္ကန့်အချိန်၌ မဟာသင်္ကြန်တက်၏။

မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်အဖို့ မဟာသင်္ကြန်သည် အင်္ဂါနေ့ မွန်းတည့် အလွန် မွန်းလွဲ ၃ မိနစ်၊ ၃၆ စက္ကန့်အချိန်၌ကျ၍ ကြာသပတေးနေ့ မွန်းလွဲ ၄ နာရီ ၄ မိနစ် ၄၈ စက္ကန့်အချိန်၌ တက်မည်ဟု သိရ၏။



၄။ မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်အဖို့ မဟာသင်္ကြန် ကျမည့်ရက်ကို သိနိုင်ရန်ကား ၁၂၉၈ ခုနှစ် ဖို့၌ တန်ခူး လဆုတ် ၁၀ ရက်ဖြစ်သောနေ့တွင် မဟာသင်္ကြန် တက်ခဲ့သဖြင့် နှစ်ဆန်း ၁ ရက်နေ့ဖြစ်သော တန်ခူးလဆုတ် ၁၁ ရက်နေ့မှ စ၍ ရေတွက်သော် ၁၂၉၈ ခုနှစ် နှောင်းကဆုန်လဆန်း ၅ ရက်၌ ရက်ပေါင်း ၃၆၃ ရက်ရှိ၏။ ၎င်းရက်သည် အကျတွက်စဉ်က ရခဲ့သော အင်္ဂါနေ့နှင့်လည်း ကိုက်ညီ၏။ ခရစ်နှစ်၏ ဧပြီ ၁၃ ရက်နှင့်လည်း ညီ၏။ ထို့ကြောင့် ၁၂၉၈ ခုနှစ် နှောင်းကဆုန်လဆန်း ၅ ရက်နေ့၌ ကျမည် ဖြစ်၏။

အတက်ရက်ကို သိရန်ကား အတွက် တွက်ပုံ၌ ရခဲ့သော ကြာသပတေးနေ့နှင့် တိုက်ဆိုင်၍ ယူလျှင် နှောင်းကဆုန် လဆန်း ၇ ရက်မှာ တက်ကြောင်း သိရ၏။ အထက်ပါ အကြောင်းအရာတို့ကို သိပြီးလျှင် အောက်ပါ မဟာသင်္ကြန် မျိုးကို ထုတ်နိုင်လေပြီ။

**၅။ မဟာသက္ကရာဇ် ၁၂၉၉ ခုနှစ်အဖို့ မဟာသင်္ကြန်စာ။**

မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ် နှောင်းကဆုန်လဆန်း ၅ ရက် (ခရစ်သက္ကရာဇ် ၁၉၃၇ ခုနှစ် ဧပြီ ၁၃ ရက်) အင်္ဂါနေ့ နေမွန်းတည့် အလွန် မွန်းလွဲ စက်နာရီ-၀ နာရီ ၃ မိနစ် ၃၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျ၍ နှောင်းကဆုန်လဆန်း ၇ ရက် (ခရစ်သက္ကရာဇ် ၁၉၃၇ ခုနှစ် ဧပြီလ ၁၅ ရက်) ကြာသပတေးနေ့ မွန်းလွဲ စက်နာရီ ၄ နာရီ ၄ မိနစ် ၄၈ စက္ကန့် အချိန်တွင် မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်သို့ ကူး ပြောင်းသည်။

၅ နှစ်အဖို့တွက်ပြီးပုံ

| သက္ကရာဇ် | မဟာသင်္ကြန်အကျ နေ့ | နံနက်–မွန်းလွဲ | အချိန်စက်နာရီ | မဟာသင်္ကြန်အတက် နေ့ | နံနက် မွန်းလွဲ | အချိန်စက်နာရီ |
|---|---|---|---|---|---|---|
| ၁၂၉၉ | ၃ | မွန်းလွဲ | ၀.၃.၃၆ | ၅ | မွန်းလွဲ | ၄.၄.၄၈ |
| ၁၃၀၀ | ၄ | မွန်းလွဲ | ၆.၁၆.၁၂ | ၆ | မွန်းလွဲ | ၁၀.၁၇.၂၄ |
| ၁၃၀၁ | ၆ | နံနက် | ၀.၂၈.၄၈ | ၁ | နံနက် | ၄.၃၀.၀ |
| ၁၃၀၂ | ၀ | နံနက် | ၆.၄၁.၂၄ | ၂ | နံနက် | ၁၀.၄၂.၂၆ |
| ၁၃၀၃ | ၁ | မွန်းလွဲ | ၀.၅၄.၀ | ၃ | မွန်းလွဲ | ၄.၅၅.၁၂ |

မှတ်ရန်။ ။မဟာသင်္ကြန် အကျအဝင်၌စီးသော ယဉ်၇ ပါး၊ အတာစား၊ နှစ်၏ ၁၂ ပါး။ မိုးကိန်း၊ ရေကိန်း၊ ဦးခေါင်းဆေးခြင်း အစရှိသည် တို့ကိုကား မဟာသင်္ကြန်လက်ရိုးကျမ်းများတွင် ကြည့်လျှင်လွယ်ပြီ။

မဟာသင်္ကြန် ကျချိန်မှ တက်ချိန်တို့အထိ ကြာရှိသောကာလကား သာဝတာ ရက်ပေါင်း ၂ ရက် ၁၀ နာရီ ၃ ဗိဇနာ (၂ ရက် ၄ နာရီ ၁ မိနစ် ၁၂ စက္ကန့်)ဖြစ်သည်။



၁၃၂၆ ခုနှစ်အဖို့ကို လက်ာအရ တွက်ယူရာ ကျချိန် ၂-လာ နေ့စက်နာရီ ၁၁ နာရီ ၄၃ မိနစ်၊ ၄၈ စက္ကန့်နှင့်တချိန်၊ ၄-ဟူးနေ့ ၁၅ နာရီ ၄၅ မိနစ် ၀ စက္ကန့်တို့ကို ရရှိနေပေသည်။

ထို့ကြောင့်စံတော်ချိန်နှင့်ကိုက်ညီစေရန်အကျတွက် ၇နာရီတွင် ၀-၂-၄၄ နာရီကိုထည့်ပေါင်း၍အတက်တွက် ၇ နာရီတွင် ၀-၆-၁၂ နာရီကိုလည်း ပေါင်း၍ စံတော်ချိန်နှင့်တူညီခြင်းဖြစ်သည်။

၁၃၂၈ နှင့် ၁၃၂၉ အဖို့တို့ကို တွက်ယူရာတွင် မြန်မာစံတော်ချိန် (အစိုးရက နှစ်စဉ်ထုတ်ပြန်သော မဟာသင်္ကြန်ကျတက်ချိန်) နှင့် ဤတွက်နည်းက အကျမှာ ၂ မိနစ်နှင့် ၃၆ စက္ကန့်၊ အတက်မှာ ၆ မိနစ်နှင့် ၁၄ စက္ကန့်၊ စံတော်ချိန်ထက် နည်းနေသည်ကိုတွေ့ရသည်။ ကျမှတက် ၂ ရက် ၄ နာရီ ၄ မိနစ် ၄၀ စက္ကန့်။

ဤမဟာသင်္ကြန် တွက်နည်းသည် မန္တလေးမြို့ မြန်မာပညာရှိ ဦးကျော်ရန်၏နည်းကို မှီးငြမ်းပြုပါသည်။ တွက်ရ-ကျ တက် အချိန် နာရီများသည် ဘဒ္ဒန္တ သီလစာ ပုဂ္ဂိုလ်စီရင်သော ၁၂၉၀ ပြည့်နှစ် ရတနာဒီပ ပိဋကတ် ပုံနှိပ်တိုက်ထုတ် သံဒိဋ္ဌသင်္ကြန် လက်ရိုးကျမ်း၏ တွက်ပုံ အချိန်များနှင့် ထပ်တူထပ်မျှဖြစ်သည်။

# ဆဋ္ဌမပိုင်း

## တာရာများအပိုင်းအခန်း

### အတွင်းတာရာ ၉ လုံးအကြောင်း

၁။ အတွင်းတာရာ ၉ လုံးကား ကျီးတာရာ၊ ဟင်္သာတာရာ၊ ပုဇွန်တာရာ၊ ချိန်တာရာ၊ ဆံကျင်တာရာ၊ တံငါတာရာ၊ ဆင်တာရာ၊ မြင်းတာရာနှင့် ဗျိုင်းတာရာ ဖြစ်သည်။ သဏ္ဌာန်ကို အစွဲပြု၍ ကျီးတာရာ၊ ဟင်္သာတာရာ စသည်ဖြင့် ခေါ်ဝေါ်ကြသည်။

၂။ **ဆောင်ယှက်လွှယ်ရန်ပါဠိကား** ကာကာ၊ ဟံသာစ ကက္ကဋ္ဌာ၊ တုလာ၊ စူဠာစ၊ ကောဝဋ္ဌာ၊ ဟတ္ထိ၊ အဿ၊ ဗကာ မိစ၊ နဝတာရာ၊ ပကာသိတာ။

အနက်ကား။ ကာကာစ၊ ကျီးတာရာ လည်းကောင်း၊ ဟံသာစ၊ ဟင်္သာတာရာလည်းကောင်း၊ ကက္ကဋ္ဌာစ၊ ပုဇွန်တာရာလည်းကောင်း၊ တုလာစ၊ ချိန်တာရာလည်းကောင်း၊





စူဠာစ၊ ဆံကျင်တာရာလည်းကောင်း၊ ကောဝဋ္ဌာစ၊ တံငါတာရာလည်းကောင်း၊ ဟတ္ထိ အဿာစ၊ ဆင်တာရာမြင်းတာရာ တို့လည်းကောင်း၊ ဗကာပိစ၊ ဗျိုင်းတာရာ လည်းကောင်း၊ ဣတိ၊ ဤသို့နဝတာရာ၊ ကိုး လုံးသော တာရာတို့ကို၊ ပကာသိတာ၊ ပြအပ်ကုန်၏။

၃။ **မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ရေးသော အံကာသသျှတ္တရ လင်္ကာဦးမူကား**

မှတ်ကြကုန်လင့်၊ အစဉ်ဖွင့်မည်၊ ကျီးနှင့်ဟင်္သာ၊ ဆောင် ဝါကဲလွန်၊ ပုဇွန်ရောင်ရှိန်၊ ချိန်နှင့်ဆံကျင်၊ မိုးပြင်သိတာ၊ တံငါဆင်မြင်း၊ ဥဗျိုင်းမင်းဟု၊ အတွင်းကိုးဖြာ၊ မှတ်လေရာ၏။

၄။ အတွင်းတာရာ ကိုးလုံး၏ လုံးရေသဏ္ဌာန်နှင့် တည်ရာများ

၁။ ကျီးတာရာ။ လုံးရေ ၁၂ လုံး၊ ကျီးနှင့်သဏ္ဌာန်တူ၏။ အဿဝဏီ ဘရဏီ ကြတ္တိကာ နက္ခတ်သုံးလုံးတို့၏အတွင်း ဖက်၌တည်ရှိ၏။ (အတွင်းဖက်ဟူသည် မြောက်ဖက်ကို ဆိုသည်။)

၂။ ဟင်္သာတာရာ။ လုံးရေ ကိုး လုံး၊ ဟင်္သာနှင့် သဏ္ဌာန် တူ၏။ ရောဟဏီ၊ မိဂသီ၊ အဒြနက္ခတ် သုံးလုံးတို့၏အတွင်း ဖက်၌တည်ရှိ၏။

၃။ **ပုဇွန်တာရာ**။ လုံးရေ ၁၄ လုံး၊ ပုဇွန်နှင့် သဏ္ဌာန် တူ၏။ ပုဏ္ဏဖုသျှ ဖုသျှ အသလိဿ နက္ခတ် သုံးလုံး တို့၏ အတွင်းဖက်၌ တည်ရှိ၏။

၄။ **ချိန်တာရာ**။ လုံးရေ လေးလုံး၊ ချိန်နှင့်သဏ္ဌာန်တူ၏။ မာဃ၊ ပြုဗ္ဗာဘဂ္ဂုဏ္ဏီ၊ ဥတ္တရာဘဂ္ဂုဏ္ဏီ၊ နက္ခတ်သုံးလုံးတို့၏ အတွင်းဖက်၌တည်ရှိ၏။

၅။ **ဆံကျင်တာရာ**။ လုံးရေသုံးလုံးဆံကျင်နှင့်သဏ္ဌာန်တူ၏။ ဟဿတ၊ စိတြ၊ သွာတိ နက္ခတ်သုံးလုံးတို့၏အတွင်းဖက်၌တည်ရှိ၏။

၆။ **တံငါတာရာ**။ လုံးရေ ရှစ်လုံး တံငါနှင့် သဏ္ဌာန်တူ၏။ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ နက္ခတ်သုံးလုံး တို့၏ အတွင်းဖက်၌ တည်ရှိ၏။

၇။ **ဆင်တာရာ**။ လုံးရေကိုးလုံးဆင်နှင့်သဏ္ဌာန်တူ၏။ မူလ၊ ပြုဗ္ဗာသဠ်၊ ဥတ္တရာသဠ်၊ နက္ခတ်သုံးလုံးတို့၏ အတွင်းဖက်၌တည်ရှိ၏။

၈။ **မြင်းတာရာ**။ လုံးရေ ၁၃ လုံး မြင်းနှင့် သဏ္ဌာန်တူ၏။ သရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တဘိသျှ နက္ခတ်သုံးလုံးတို့၏ အတွင်းဖက်၌တည်ရှိ၏။

၉။ **ဗျိုင်းတာရာ**။ လုံးရေရှစ်လုံး, ဗျိုင်းနှင့်သဏ္ဌာန် တူ၏၊ ပြုဗ္ဗာဘဒ္ဒရပိုက်၊ ဥတ္တရာဘဒ္ဒရပိုက်၊ ရေဝတီ နက္ခတ် သုံးလုံးတို့၏ အတွင်းဖက်၌တည်ရှိ၏၊

## အပြင်တာရာ ၂၈ လုံး

၅။ အပြင်တာရာများကား တောင်မျက်နှာ တာရာ ကိုးလုံး၊ အရှေ့မျက်နှာ တာရာခြောက် လုံး၊ မြောက်မျက်နှာ တာရာ ခြောက်လုံး၊ အနောက်မျက်နှာ တာရာ ခုနစ်လုံး၊ ပေါင်း ၂၈ လုံး ဖြစ်သည်၊



၆။ တောင်မျက်နှာ တာရာ ကိုး လုံး၏ လုံးရေနှင့် အဆင်း သဏ္ဌာန်များ

(၁) အာဏိတာရာကား၊ တလုံးတည်း၊ ပတ္တမြားအဆင်း ကဲ့သို့ရှိ၏။

(၂) ဖုဿျှတာရာကား တဆယ့်တလုံး၊ ကြောင်ရုပ် သဏ္ဌာန်ရှိ၏၊

(၃) သဒ္ဓတာရာကား ငါးလုံး၊ ခရုသင်းသဏ္ဌာန်ရှိ၏။

(၄) စတုကတာရာကား လေးလုံး၊ လက်သဏ္ဌာန်ရှိ၏။

(၅) ယောတ္တတာရာကား ခြောက်လုံး၊ သားရေလွှန် သဏ္ဌာန်ကဲ့သို့ ရှိ၏။

(၆) တရုတ္တတာရာကားနှစ်လုံး၊ လှေငယ်ဦးပဲ့၌ဘံငါ လင်မယား ထိုင်လျက်နေသည့် သဏ္ဌာန်ရှိ၏။

(၇) ပေါစေကိတာရာကား ရှစ်လုံး၊ ဟာသာ ဗိုမ လည်ချင်းယှက်တင်ပွဲနေသည့် သဏ္ဌာန်ကဲ့သို့ရှိ၏။ အဖို လေး လုံး၊ အမ လေးလုံး။

(၈) အဂတိတာရာကားခုနစ်လုံး၊ ချွန်းတောင်သဏ္ဌာန် ကဲ့သို့ ရှိ၏။

(၉) ဘဒ္ဒတာရာကား ငါးလုံး၊ ပုဇွန်အရှည်သဏ္ဌာန် ကဲ့သို့ ရှိ၏၊

၇။ အရှေ့မျက်နှာတာရာခြောက်လုံးနှင့်သဏ္ဌာန်များကား

(၁) ဝါတကတာရာကား လေးလုံး၊ ညောင်စောင်း နှင့် သဏ္ဌာန်တူ၏။

(၂) ပဋ္ဌတာရာကား ငါးလုံး၊ ဟင်္သာဓမွးစုသဏ္ဌာန်ကဲ့သို့ရှိ၏၊
(၃) နိရမ္မတာရာကား လေးလုံး၊ ပလ္လင်သဏ္ဌာန်ရှိ၏။
(၄) ပသာဒတာရာကား ၂၄ လုံး၊အုတ်ဖိုသဏ္ဌာန်ရှိ၏။
(၅) သျှနာတာရာကား သုံးလုံး၊ပန်း တောင်သဏ္ဌာန်ကဲ့သို့ရှိ၏၊
(၆) ဗကတာရာကား လေးလုံး၊ အင်ပျဉ်းသဏ္ဌာန်ကဲ့သို့ရှိ၏။

၈။ မြောက်မျက်နှာတာရာ ၆ လုံး၏လုံးရေနှင့်သဏ္ဌာန်များ

(၁) ဒါရုတာရာကား တလုံး၊ ကြာပွင့် နှင့်သဏ္ဌာန်တူ၏။ ( ခုံကြယ်ခေါ်၏။ )
(၂) တာရုတာရာကားတလုံး၊ ကြေးမုံခွက်နှင့်သဏ္ဌာန်တူ၏၊
(၃) ဖုသတ္တတာရာကားခုနစ်လုံး၊ နဂါးရုပ်နှင့်တူ၏၊ ( ခုနစ်စဉ်ကြယ်ခေါ်၏။ )
(၄) ကောသိတ္တကတာရာခြောက်လုံး၊ ကြောင်စာခွက်သဏ္ဌာန်ကဲ့သို့ ရှိ၏။
(၅) တဂိုဂဏ်တာရာကား လေး လုံး၊ မှန်ကူသီးနှင့်သဏ္ဌာန်တူ၏။
(၆) ရုပိတာရာကားငါးလုံး၊ တံချင်သဏ္ဌာန်ရှိ၏။

၉။ အနောက်မျက်နှာတာရာခုနစ်လုံး၏လုံးရေနှင့်သဏ္ဌာန်များ



(၁) ပညာသတာရာကား ၅၀ လုံး၊ ကြက်ရုပ်နှင့်သဏ္ဌာန်တူ၏၊
(၂) ဥတ္တရတာရာကား ခုနစ်လုံး၊ ကြက်ရုပ် ကဲ့ သို့ သဏ္ဌာန်ရှိ၏။
(၃) ဇာရကတာရာကား ကိုး လုံး၊ အမြီး ခတ် သော မိကျောင်းနှင့်တူ၏၊
(၄) ကောဗျာဂေါ်တာရာကား ၁၀ လုံး၊ ကက်စစ် နှင့် သဏ္ဌာန်တူ၏။
(၅) သရိဒ္ဓဇတာရာကား ခြောက် လုံး၊ ကြက်ခြေနှင့် သဏ္ဌာန်တူ၏။
(၆) ခရိဒ္ဓတာရာကား ခြောက် လုံး၊ တောင်းတန်း လှေကားနှင့် သဏ္ဌာန်တူ၏။
(၇) ဝါနရိတာရာကား လေး လုံး၊ ချိန်နှင့်သဏ္ဌာန်တူ၏။

၁၀။ အပြင်တာရာ ၂၈ လုံးအနက် အချို့ တာရာတို့၏ တည်ရာများ

တောင်မျက်နှာ တာရာကိုး လုံး၏ အဦးအဦး ဖြစ်သော အာဏီတာရာသည် ပုဗ္ဗဖုလျှနက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏၊ဖုသျှတာရာသည် ဖုသျှနက္ခတ်နှင့် အသလိဿနက္ခတ်တို့၏ တောင်ဖက်၌တည်ရှိ၏။ သခ်တာရာသည် ဟဿတနက္ခတ်၏ တောင်ဖက်၌တည်ရှိ၏၊ ယောဂ္ဂ တာရာသည် ဟဿတနက္ခတ်၏ တောင်ဖက်အနီး၌ တည်ရှိ၏။ တရုတ္တ တာရာသည် ပုဗ္ဗဖုလျှနက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏။ ဖုသတ္တ တာရာ

သည် မဃာနက္ခတ်၏ မြောက်ဖက်၌တည်ရှိ၏။ ရှုပ်ိတာရာသည် ပုဗ္ဗဖ္ဂုနီနက္ခတ်၏ မြောက်ဖက်၌တည်ရှိ၏။ တရိဂုဏ်တာရာသည် ပြုဗ္ဗာအာရဂုဏ်နက္ခတ်၏ မြောက်ဖက်၌ တည်ရှိ၏၊ ဒါရုတာရာသည် ဖုလ္လနက္ခတ်နှင့် အဿလိဿနက္ခတ်၏ မြောက်ဖက်၌တည်ရှိ၏၊ ဤမျှသော တည်ရာကို ဖော်ပြသည်။ အပြင်တာရာ ၂၈ လုံးနေ့ အောင် ရှာကြံယူဆရာ၏။

**၁၁။ အလွတ်တာရာများ**

တာရာ ဟူသည်ကား ဂြိုဟ်ကြီးများနှင့်နက္ခတ်တို့မှတပါး ကောင်းကင်ပြင်ဝယ် အစီအစဉ်နှင့် တကွ တည်ရှိနေကြသော ကမ္ဘာ့အာနိသာကြယ်များကို ဆိုလိုသည်။ ဂြိုဟ်ကြီးများနှင့် နက္ခတ်တို့ကို သူရိယ သိဒ္ဓန္တ၊ ဘာသုတ် အစရှိသော တွက်ရိုး လက်ရိုးတို့ဖြင့် တွက်ချက်၍ ယူ စိမ့် သော ဝှာ၊ အဋ္ဌကရသေ၊ ဝါမကရသေ အစရှိသော ရှေးပညာရှိ ကဝိသုခမိန် တို့သည် တွက်ရိုး လက်ရိုးတို့ဖြင့် ထားခဲ့၏။ အတွင်းတာရာ အပြင်တာရာ အလွတ်တာရာ ကြယ်တကာတို့၏တွက်ရိုးလက်ရိုးတို့ကို များပြားသည်ဖြစ်၍ မထားခဲ့ကုန်။ ထိုသို့ မထားခဲ့သောကြောင့် ဂြိုဟ်ကြီးများနှင့် နက္ခတ်တို့၏ အနေအသွား ပြက္ခဒိန်ရှိသကဲ့သို့ အတွင်းတာရာ အပြင်တာရာ အလွတ်တာရာတို့၏အနေအသွားပြက္ခဒိန်မရှိမူကားပြက္ခဒိန်မှို၍ စီရင်သော ပြုပွတ်၊ ရာဇမတ္တဏ်၊ သရော်ဒယ၊ ဇောတိတတ္တ အစရှိသော ဗေဒင်ကျမ်းတို့၌ ဂြိုဟ်နက္ခတ်တို့ အစဉ်အယှဉ်ကို ဆိုသကဲ့သို့ အတွင်း အပြင် အလွတ် တာရာတို့၏အစဉ်အယှဉ်ကို မဆို မျက်စိအမြင်ဖြင့်သာ ကြည့်ရှုမှတ်သားကုန်ရာသည်။



**၁၂။ အလွတ်တာရာပေါင်း ၁၀၂ တို့၏ အမည်များ၊ လုံးရေများနှင့် တည်ရာဌာနများ**

| အမှတ် | တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|---|
| ၁။ | ပဒုမ | ၃ | အဿဝဏီနက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏။ |
| ၂။ | ပဥ္စမု | ၅ | ဘရဏီနက္ခတ်၏တောင်ဖက်၌ရှိ၏။ |
| ၃။ | ပဥ္စ | ၅ | ကြတ္တိကာနက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏။ |
| ၄။ | ပဥ္စလိ | ၅ | ၎င်း |
| ၅။ | တတ္တ | ၈ | ၎င်း |
| ၆။ | ဝတိ | ၆ | ကျီးတာရာ၏ချေ၌ တည်ရှိသည်။ |
| ၇။ | ရဟုက | ၉ | ၎င်း |
| ၈။ | စုတိ | ၆ | ကျီးတာရာ၏ အမြီးဖျား၌ရှိသည်။ |
| ၉။ | ကုက္ကုဋ္ဌ | ၆ | ဘရဏီနက္ခတ်အနီး၌ တည်ရှိသည်။ |
| ၁၀။ | ဖုသျ | ၈ | ဘရဏီ နက္ခတ် ၏ မြောက်ဖက်၌ တည်ရှိ၏။ |
| ၁၁။ | စုတ္တ | ၇ | ဘရဏီ နက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏။ |
| ၁၂။ | သိတ္တ | ၃ | ၎င်း |
| ၁၃။ | ယတ္တ | ၉ | ၎င်း |
| ၁၄။ | သံရန္တ | ၈ | မိ ၈ သိနှင့် အဖြ နက္ခတ်၏တောင်ဖက်၌ တည်ရှိ၏။ |
| ၁၅။ | အာကိန် | ၁ | ၎င်း |

| အမှတ် တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|
| ၁၆။ ရှပ | ၇ | ပုဏ္ဏဖုသျှနက္ခတ်၏ မြောက်ဖက်၌ တည်ရှိသည်။ |
| ၁၇။ သူရ | ၁ | ၎င်း |
| ၁၈။ မာန | ၄ | ၎င်း |
| ၁၉။ တရုဏ္ဏ | ၄ | ဖုသျှနက္ခတ်၏ တောင်ဖက်၌ ရှိ၏။ |
| ၂၀။ မာနန် | ၄ | ၎င်း |
| ၂၁။ ဖုဿ | ၂ | ပုဗ္ဗန်ကာထု၏ တောင်ဖက်၌ရှိ၏။ |
| ၂၂။ အာနိက | ၆ | ၎င်း |
| ၂၃။ ရောဟိဘ | ၁ | ၎င်း |
| ၂၄။ လောဘ* | ၂၀ | ဖုသျှနှင့် အ သ လိ သာ နက္ခတ် ၏ မြောက်ဖက်၌ တည်ရှိ၏။ |
| ၂၅။ ဥဒက | ၁ | မာဃနက္ခတ်၏မြောက်ဖက်၌ရှိ၏။ |
| ၂၆။ ခုနှစ်စဉ် | ၇ | ၎င်း |
| ၂၇။ သံသွတ် | ၅ | ၎င်း |
| ၂၈။ မနိဇော | ၁၂ | ၎င်း |
| ၂၉။ ဗိတ္တ | ၃ | ၎င်း |
| ၃၀။ တံကျင် | ၂ | မာဃနက္ခတ် တောင်ဖက်၌ တည်ရှိ၏။ |
| ၃၁။ ဓေသာက | ၄ | ၎င်း |
| ၃၂။ တံငါကွန် | ၄ | ၎င်း |
| ၃၃။ ဘေရီ | ၆ | ၎င်း |
| ၃၄။ ရွှေဖလား | ၁၀ | ၎င်း |



| အမှတ် တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|
| ၃၅။ ဘဏ္ဍ | ၃၀ | ပြုဗ္ဗာဘရဂုဏ္ဏီ၊ ဥတ္တရာဘရဂုဏ္ဏီ အနီး၌ရှိ၏။ |
| ၃၆။ အာနိန် | ၆ | ၎င်း |
| ၃၇။ သမင်ချို | ၄ | ၎င်း |
| ၃၈။ သုတ | ၅ | ၎င်း |
| ၃၉။ ကြက်ဆူး | ၄ | ၎င်း |
| ၄၀။ သံဝတိ | ၁ | ဟဿတ နက္ခတ်၏ မြောက် ဖက်၌တည်ရှိ၏။ |
| ၄၁။ ဘာရဝီ | ၁ | ၎င်း |
| ၄၂။ သံကိရ | ၁၂ | ၎င်း |
| ၄၃။ အလုတ္တ | ၄ | ဟဿတ နက္ခတ်၏ တောင် ဖက်၌ရှိ၏။ |
| ၄၄။ မာသု | ၁ | ၎င်း |
| ၄၅။ ခရသင်း | ၁၅ | ၎င်း |
| ၄၆။ လောရ | ၄ | ၎င်း |
| ၄၇။ ဗာရ | ၂၀ | စိတြနှင့် သွာတိ နက္ခတ် တို့၏ မြောက်ဖက်အနီး၌ရှိ၏။ |
| ၄၈။ သက်ာရ | ၁ | ၎င်း |
| ၄၉။ အာဘန္တက | ၂ | ၎င်း |
| ၅၀။ ဗိတ္တကူ | ၃ | စိတြ၊ သွာတိ နက္ခတ် တို့၏ တောင်ဖက်၌ရှိသည်။ |
| ၅၁။ ကောလိ | ၁ | ၎င်း |
| ၅၂။ ခရီ | ၄ | ၎င်း |

| အမှတ် တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|
| ၅၃။ ပါသရီ | ၁ | ရှင်း |
| ၅၄။ အတ္တမိ | ၁၂ | ရှင်း |
| ၅၅။ ပဏ္ဏာ | ၆ | တိတာရာ တောင်ဖက်၌ ရှိ၏။ |
| ၅၆။ နိဗ္ဗာန် | ၁၁ | ဝိသာခါ နက္ခတ်၏ မြောက်ဖက်၌တည်ရှိသည်။ |
| ၅၇။ အစော | ၂ | ရှင်း |
| ၅၈။ သုခင် | ၄ | ရှင်း |
| ၅၉။ ဖုဿာ | ၁ | ရှင်း |
| ၆၀။ ဓောရာကလ | ၁ | ရှင်း |
| ၆၁။ အာရုကလိ | ၄ | ရှင်း |
| ၆၂။ ပါသာလိ | ၁ | ရှင်း |
| ၆၃။ သာကုလိ | ၁ | ဝိသာခါနက္ခတ်၏တောင်ဖက်၌ တည်ရှိ၏။ |
| ၆၄။ အဝကုသံ | ၁ | ရှင်း |
| ၆၅။ ဒုမံ | ၁ | ဝိသာခါနက္ခတ် တောင်ဖက်၌ တည်ရှိ ၏။ |
| ၆၆။ သာခုလ | ၁ | ရှင်း |
| ၆၇။ ပုဏ္ဏ | ၆ | ရှင်း |
| ၆၈။ ကာသလိ | ၁ | တံငါတာရာ၏အနီး၌ရှိ၏။ |
| ၆၉။ ပသုသ | ၁ | ရှင်း |
| ၇၀။ တင်း | ၄ | ရှင်း |
| ၇၁။ မာတံတု | ၁ | ရှင်း |
| ၇၂။ ပုပ္ပဇလုံ | ၆ | မူလနက္ခတ် မြောက်ဖက်၌ရှိ၏။ |



| အမှတ် တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|
| ၇၃။ ပလိ | ၁ | ရှင်း |
| ၇၄။ သဗ္ဗတ္ထိ | ၂၂ | ရှင်း |
| ၇၅။ သမ္ဘ | ၁၂ | မူလနက္ခတ်၏ တောင် ဖက် ၌ရှိ ၏။ |
| ၇၆။ ရိရိဓ | ၁ | ရှင်း |
| ၇၇။ မူလတာ | ၇ | ရှင်း |
| ၇၈။ အာယာတာ | ၅ | ရှင်း |
| ၇၉။ သံလိန္ဒု | ၅ | ရှင်း |
| ၈၀။ သံလိန် | ၆ | ပြုဗ္ဗာသဠ်နှင့် ဥတ္တရာသဠ်နက္ခတ်တို့၏မြောက်ဖက်၌တည်ရှိ၏။ |
| ၈၁။ တိ | ၂ | ရှင်း |
| ၈၂။ သံခွ | ၁ | ရှင်း |
| ၈၃။ အတိပါ ရန္တာ | ၃ | ပြုဗ္ဗာသဠ်နှင့်ဥတ္တရာသဠ် နက္ခတ်တို့ တောင်ဖက်ရှိ၏။ |
| ၈၄။ သုတရ | ၃ | ရှင်း |
| ၈၅။ ဓောဒိဓ | ၄ | ရှင်း |
| ၈၆။ မြွား | ၃ | ဓူပံအနီး၌ သရဝဏ်နက္ခတ်မြောက်ဖက်၌တည်ရှိ၏။ |
| ၈၇။ ဥဒ္ဒိဘက် | ၁ | ရှင်း |
| ၈၈။ ကာတ | ၁ | ရှင်း |
| ၈၉။ အတုဘ | ၂၅ | သရဝဏ် နက္ခတ်၏ တောင်ဖက်၌ တည်ရှိ၏။ |
| ၉၀။ သရ | ၃ | ရှင်း |

| အမှတ် | တာရာ | လုံးရေ | တည်ရာဌာန |
|---|---|---|---|
| ၉၁။ | သာလိ ပဏ္ဏိတ | ၄ | ရှင်း |
| ၉၂။ | ပုပ္ဖတိ | ၁ | ဓနသိဒ္ဓ နှင့် သတ္တဘိ သျှနက္ခ မြောက်ဖက်၌ ရှိ၏။ |
| ၉၃။ | ဆူလ | ၉ | ဓနသိဒ္ဓ သတ္တဘိသျှတို့၏တောင်ဖက်၌တည်ရှိ၏။ |
| ၉၄။ | ပါရိ | ၄ | မြင်းတာရာအနီးတည်ရှိ၏။ |
| ၉၅။ | ဂဝိသ | ၄ | ပြုဗ္ဗာဘဒရပိုက်နှင့် ဥတ္တရာဘဒရပိုက် မြောက်ဖက်၌တည်ရှိ၏။ |
| ၉၆။ | သာလမ္မ | ၁၀ | ရှင်း |
| ၉၇။ | သာလိန် | ၂ | ပြုဗ္ဗာ ဘဒရ ပိုက် နှင့် ဥတ္တရာဘဒရ ပိုက်တောင်ဖက်၌တည်ရှိ၏။ |
| ၉၈။ | ပါလ | ၁ | ရှင်း |
| ၉၉။ | သာခါဒိ | ၃၀ | ရှင်း |
| ၁၀၀။ | ဖာလိက | ၃ | ရှင်း |
| ၁၀၁။ | ပါလိ | ၂ | ရှင်း |
| ၁၀၂။ | သုက | ၁ | ပျိုင်းတာရာ အနီး၌ တည်ရှိ၏။ |

# သတ္တမပိုင်း

## ရာသီစက်နှင့်တိုရာသီစက်၌ပါဝင်သော အစိတ်အပိုင်းများ

၁။ ရာသီစက်ဟူသည်ကား ပါဠိတာသာအရ (ရာသီ+စက္က)ဖြစ်၍ ရာသီသဒ္ဒါအနက်ကား အပေါင်းအစု၊ စက္ကသဒ္ဒါအနက်ကား အဝန်းအဝိုင်း ကိုဆိုသည်၊ ထို့ကြောင့် နဝင်း ၁၀၈ တို့၏ အပေါင်းအစု၊ တြင်း ၃၆ တို့၏ အပေါင်းအစု၊ အလုံးစုံသော ကြယ်တာရာတို့၏ အပေါင်းအစု၊ နက္ခတ် ၂၇ လုံးတို့၏ အပေါင်းအစု များနှင့် တကွ နက္ခတ်အားဖြင့် ၂ လုံးနှင့် ၁ ပါဒ်၊ ပါဒ်အားဖြင့် ၉ ပါဒ်၊ နဝင်း အားဖြင့် ၉ နဝင်း၊ တြင်းအားဖြင့် ၃ တြင်းလျှင် တရာသီ၊ တရာသီ ဖြစ်ကြသော မိဿရာသီ အစရှိသော ရာသီအ စုအကန့် ပေါင်း ၁၂ ခုတို့သည် အစီအစဉ်အား ဖြင့် အဝန်းလိုက် အဝိုင်းလိုက် ပါဝင် တည်ရှိနေကြသည့်

အာကာသ ကောင်းကင်အပြင်ကြီးကို ရာသီစက်ကြီးဟု ခေါ်ဆိုသည်၊

၂။ ရာသီစက်ကြီး၏အဝန်း တခုလုံးသော အံသာပေါင်း ၃၆၀၊ အံသာ ၃၀သော် တရာသီ၊ တအံသာသော်လိတ္တာ ၆၀ စသည်ဖြင့် စိစဉ်ပိုင်းခြားလျက် တွက်ယူမှတ်သားကြသည်။

၃။ ကောင်းကင်ရာသီစက်ကြီး၌ ရှေးဆရာမြတ်တို့ သတ်မှတ်ဆုံးဖြတ်ထားခဲ့ကြသော စက်ဦးအစဖြစ်သည့် အံသာဦးဌာနကို သိမြင်အောင် ရှာဖွေစုံစမ်း နိုင်ပါမှ၊ ထိုရာသီစက်ကြီး၌ ပါဝင်ကြသော အစိတ်အပိုင်းများကို ကောင်းစွာ ပိုင်းခြား မှတ်သား သိမြင်နိုင်ပေလိမ့်မည်။

၄။ ရာသီစက်ကြီး၏ အဦးအစ ဖြစ်သော စက်အံသာဦး ဌာနကို အောက်ပါနည်းများအရ ရှာဖွေကြရာ၏။

(က) နှစ်စဉ်နှစ်တိုင်းအသျှိ မြန်မာတို့၏ တနှစ်မှတနှစ်သို့ ကူးပြောင်းကြောင်းဖြစ်သော မဟာသင်္ကြန်ကျသည့်အချိန်အခါ၌ ရာသီစက်ကြီးတွင် တနင်္ဂနွေဂြိုဟ် တည်းဟူသောနေ ဆိုက်ရောက်လျက်ရှိသည့် စက်အံသာမျဉ်းတန်းသည် စက်၏ အစအဦးဖြစ်သော စက်အံသာဦးဌာန ဖြစ်သည်။

(ခ) ကြယ်နက္ခတ်များကို ကြည့်ရှု၍ ရှာဖွေသော်ကား အဿဝဏီနက္ခတ်၌ ပါဝင်သော် အနောက်ဆုံး ကြယ်၏ အနောက်ဖက်၌ ငါးအံသာကွာတွင် ကျရောက်တည်ရှိသော စက်အံသာမျဉ်းတန်းသည် ရာသီစက်ကြီး၏ အစအဦး ဖြစ်သော စက်အံသာဌာန ဖြစ်သည်။ တနည်းသော်ကား ရာသီစက်ကြီးတွင် ကြင်းဦး၊ နဝင်းဦး၊ နက္ခတ်ဦး၊ ရာသီဦး အစရှိသော အဦးအစတို့၏ စ,မှတ် ခြားရာဌာနကြီး ဖြစ်သည်။



အခြား တနည်းသော်ကား ရာသီစက်ကြီးတွင် အသီးသီးသော အခေါ်အဝေါ် အစီအစဉ်တို့၏ အဆုံးသတ်ရာ ဌာနလည်း ဖြစ်သည်။

(ဂ) သူရိယ စသော နေ့စဉ် သတင်းစာများ၌ ဗေဒင်သတင်းပိုင်းတွင် တနင်္ဂနွေ စသော ဂြိုဟ်အသီးသီး တို့၏ တရာသီမှ တရာသီသို့ ကူးပြောင်းမည်။ ကူးပြောင်းသည် ဟု ဖော်ပြထားသော အချိန်တို့၌ ကူးပြောင်းမည့် သို့မဟုတ် ကူးပြောင်းသည့် ဂြိုဟ်၏တည်ရောက်ရာများကား ရာသီစက်ကြီးတွင် မိဿ စသော ၁၂ ရာသီတို့၏ အပိုင်းအခြား ဌာနများဖြစ်ကြသည်၊ ထိုတွင် တလုံးလုံးသော ဂြိုဟ်၏ မိန်ရာသီမှ မိဿ ရာသီသို့ ပြောင်းမည်၊ ပြောင်းသည်ဆိုသော အချိန်၌ ဂြိုဟ်၏ တည်ရောက်ရာဌာနကား ရာသီစက်ကြီး၏ အဦးအစ ဖြစ်သော စက်အံသာဦးဌာန ဖြစ်သည်။ ဤ၌တနင်္ဂနွေဂြိုဟ်မှတပါး ကျန် အခြားသော ဂြိုဟ်တို့၏ မိန်ရာသီမှ မိဿ ရာသီသို့ ပြောင်းသည့်အချိန်သည် ညအဖို့၌ ပါဝင်လျက် တိမ်မြူတို့ အသင့်အတင့်ကင်းစင်လျှင် ရာသီစက်ကြီးတွင် အခေါ်အဝေါ် အစီအစဉ်တို့၏ စ,ရာဖြစ်သော အံသာဦးဌာနတို့ကို ကောင်းစွာသိမြင် မှတ်သားနိုင်သည်။

(ဃ) နှစ်စဉ်နှစ်တိုင်းအဖို့ခရစ်ပြက္ခဒိန်ရက်တို့ဖြင့် ရာသီစက်ကြီး၏ အစဌာနကို ရှာယူ မှတ်သားရန်ကား နှစ်စဉ် ဧပြီလ ၁၃ ရက်၌ နေ့ (မွန်းတည့်) စက်နာရီ ၁၂ နာရီ အချိန်တွင် ရာသီစက်ကြီး၏ အစဌာနသည် ကျွန်ုပ်တို့၏ ဦးခေါင်းထက်မှာ မွန်းတည့် မျဉ်းတန်းအဖြစ် တည်ရှိနေလိမ့်မည်။

(င) ရာသီစက်ကြီးသည် တရက်ဖြစ်သော ၂၄ နာရီ အချိန်အဖို့၌ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်မှာ တပတ်ကျော်မျှ ဖြင့် ၂၄ နာရီ ၄ မိနစ်တင်း (၂၃.၅၆) နာရီလျှင် တပတ်ကျ၊ တပတ်ကျ အရှေ့မှအနောက်သို့အစဉ်မပြတ် လှည့်ရောက်လျက် ၄ မိနစ်ခန့်လျှင် တအံသာကျ ရွေ့ရှား တည်ရောက်ခြင်းဖြင့် ရက်တပတ်တိတိ (၂၄ နာရီ) အကြာတွင် ရာသီစက်ကြီး၏ စက်အံသာ အသီးသီးတို့သည် အနောက် အံသာမှ အရှေ့အံသာသို့ တအံသာကျ တအံသာကျ တိုး၍ တိုး၍ ကျွန်ုပ်တို့၏ ဦးခေါင်းထက်၌ မှန်းတည့်လျက် သွားကြသည်၊ ထို့ကြောင့် ရာသီစက်ကြီး၏ တခုသော စက်အံသာမျဉ်းသည် ရက်အားဖြင့် ၁၅ ရက်ခန့်အကြာတွင် စက်နာရီ တနာရီကျ စော၍ စော၍ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ် တည့်တည့်၌ မှန်းတည့်မျဉ်းတန်းအဖြစ် ဆိုက်ရောက်နေရသည်။

(စ) ရာသီစက်ကြီး၏အခဌာနဖြစ်သော အံသာဦး စက်အံသာသည် အောက်ပါအတိုင်း နှစ်စဉ် ခရစ်လရက်များ၏ အချိန်နာရီ အသီးသီးတို့၌ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်တတည့်တွင်မှန်းတည့် လျက် ရှိနေလိမ့်မည်။

(၁) နှစ်စဉ် ဧပြီလ ၁၃ ရက်တွင် နေ့ ၁၂ နာရီ
(၂) နှစ်စဉ် ဧပြီလ ၂၈ ရက်တွင် နံနက် ၁၁ နာရီ
(၃) နှစ်စဉ် မေလ ၁၄ ရက်တွင် နံနက်၁၀ နာရီ
(၄) နှစ်စဉ် မေလ ၃၀ ရက်တွင် နံနက် ၉ နာရီ
(၅) နှစ်စဉ် ဇွန်လ ၁၄ ရက်တွင် နံနက် ၈ နာရီ



(၆) နှစ်စဉ် ဇွန် ၃၀ ရက်တွင် နံနက် ၇ နာရီ
(၇) နှစ်စဉ် ဇူလိုင် ၁၆ ရက်တွင် နံနက် ၆ နာရီ
(၈) နှစ်စဉ် ဩဂုတ် ၁ ရက်တွင် နံနက် ၅ နာရီ
(၉) နှစ်စဉ် ဩဂုတ် ၁၆ ရက်တွင် နံနက် ၄ နာရီ
(၁၀) နှစ်စဉ် စက်တင်ဘာ ၁ ရက်တွင် နံနက် ၃ နာရီ
(၁၁) နှစ်စဉ် စက်တင်ဘာ ၁၆ ရက်တွင် နံနက် ၂ နာရီ
(၁၂) နှစ်စဉ် အောက်တိုဘာ ၂ ရက်တွင် နံနက် ၁ နာရီ
(၁၃) နှစ်စဉ် အောက်တိုဘာ ၁၇ ရက်တွင် သန်းခေါင် တိတိအချိန်
(၁၄) နှစ်စဉ် နိုဝင်ဘာ ၁ ရက်တွင် မွန်းလွဲ ၁၁ နာရီ
(၁၅) နှစ်စဉ် နိုဝင်ဘာ ၁၆ ရက်တွင် မွန်းလွဲ ၁၀ နာရီ
(၁၆) နှစ်စဉ် ဒီဇင်ဘာ ၁ ရက်တွင် မွန်းလွဲ ၉ နာရီ
(၁၇) နှစ်စဉ် ဒီဇင်ဘာ ၁၅ ရက်တွင် မွန်းလွဲ ၈ နာရီ
(၁၈) နှစ်စဉ် ဒီဇင်ဘာ ၃၀ ရက်တွင် မွန်းလွဲ ၇ နာရီ
(၁၉) နှစ်စဉ် ဇန်နဝါရီ ၁၄ ရက်တွင် မွန်းလွဲ ၆ နာရီ
(၂၀) နှစ်စဉ် ဇန်နဝါရီ ၂၈ ရက်တွင် မွန်းလွဲ ၅ နာရီ
(၂၁) နှစ်စဉ် ဖေဖော်ဝါရီ ၁၂ ရက်တွင်မွန်းလွဲ ၄ နာရီ
(၂၂) နှစ်စဉ် ဖေဖော်ဝါရီ ၂၇ ရက်တွင်နေမွန်းလွဲ ၃ နာရီ
(၂၃) နှစ်စဉ် မတ် ၁၄ ရက်တွင် မွန်းလွဲ ၂ နာရီ
(၂၄) နှစ်စဉ် မတ် ၂၉ ရက်တွင် မွန်းလွဲ ၁ နာရီ

ထိုမှ တဖန် ဧပြီလ ၁၃ ရက်နေ့တွင် နေမွန်းတည့် ၁၂ နာရီ စသည်ဖြင့် ဖော်ပြရာပါ လ,ရက် အချိန်များတို့၌ ရာသီစက်ကြီး ၏ အခဌာနဖြစ်သော စက်အံသာ မျဉ်း

8

တန်းသည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ် တည့်တည့်သို့ မှန်းတည့်မျဉ်းတန်းအဖြစ် ရောက်ရှိနေလိမ့်မည်။

၅။ အထက်ပါ နည်းအတိုင်း နှစ်စဉ်နှစ်စဉ် မည်သည့်လ မည်သည့်ရက် မည်သည့်အချိန် နာရီတွင် ရာသီစက်ကြီး အစဗ္ဗာနသည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ် တည့်တည့်မှ (မြောက်မှ တောင်သို့ တန်းသော) မှန်းတည့် မျဉ်းတန်းအဖြစ် ဆိုက်ရောက်နေမည်ကို သိရပါက မိမိသိလို ကြည့်လိုသောရက်၏ အချိန်အသီးသီးတို့၌ ရာသီစက်ကြီး၏ အစဉ်သဖြင့် လှည့်လည် ရွေ့ရှား ဆိုက်ရောက်လျက် ရှိသော အံသာနှင့် နာရီတို့၏ အမျိုးအစားအားဖြင့် ရာသီစက်ကြီး၏ အစဗ္ဗာနသည် အဘယ်မျှလောက်သို့ ဆိုက်ရောက်လျက် ရှိနေလိမ့်မည်ကို သိမြင်နိုင်သည်၊ ဤကဲ့သို့ ကောင်းကင်ရာသီစက်ကြီး၏ အစဗ္ဗာနကို သိမြင်မှတ်သား ကြည့်ရှုသွားနိုင်ပါက ထိုရာသီစက်ကြီး၌ ပါဝင်ကြသော အပိုင်းအစိတ် အပြတ်အခြား အခေါ်အဝေါ်တို့ကို ထင်ထင်ကြီးသိနိုင်သည်။

၆။ မိဿ စသော ၁၂ ရာသီတို့၏ အပိုင်းအစိတ်များကို အံသာအားဖြင့် ပိုင်းခြားရန်ကား ရာသီစက်ကြီး၏ အစဗ္ဗာနဖြစ်သော (သုည=၀) စက်အံသာမှ အံသာစဉ်အတိုင်း အရှေ့သို့ တက်လျက်ပဋ္ဌမအဖို့ အစုဖြစ်သောအံသာ ၃၀ ကား= မိဿရာသီ၊ ဒုတိယအဖို့ အစုဖြစ်သော အံသာ ၃၀ ကား ပြိဿရာသီ၊ ထိုနည်းအတူ တတိယအဖို့ အစုဖြစ်သော အံသာ ၃၀ ကား မေထုန်ရာသီ စသည်ဖြင့် ရာသီစက်ကြီး တခုလုံး ဆုံး၍ ပတ်မိသွားသည့် တိုင်အောင်



အံသာ ၃၀ လျှင် တရာသီကျ တရာသီကျ ကရကဋ်- သိန်ကန်- စသည်ဖြင့် မိန်ရာသီ ဆုံးသည်အထိ ရာသီအစိတ်အကန့်ပေါင်း ၁၂စိတ် (၁၂-ရာသီ) ပိုင်းမိ စိတ်မိလျှင် ရာသီစက်ကြီး၏ တပတ်လုံးဖြစ်သော အံသာပေါင်း ၃၆၀ ဆုံးလျက်၊ ရာသီစက်ကြီး၏အစဗ္ဗာနသို့ ပြန်လည်ဆိုက်ရောက်သွားကာ၊ အစနှင့် အဆုံးတို့သည် တွေ့ဆုံပေါင်းစပ်လျက် တစပ်တည်းသောစက်အပြင်ကြီးသည် ကျွန်ုပ်တို့၏မျက်မြင်၌ ထင်ထင်ကြီး ဖော်ပြနေပေသည်။

၇။ (ပုံ-၁၆) အံသာ ၃၀ ရှိ တရာသီကို

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | ဟောရတ် |
| ၃ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | ဒြေက္ကာဏ် |
| ၉ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | နဝင်း |
| ၇ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | သတ္တသင်း |
| ၁၂ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | ဒွါသင်း |
| ၃၀ | ပုံ | ပုံသော် | ၁ | ပုံကား | ၁ | တိံသင်း |

၈။ နက္ခတ်အားဖြင့် ပိုင်းခြားအပ်သော ၁၂ ရာသီတို့၏အပိုင်းအခြားကား

အဿဝဏီ လေးပါဒ်ဘရဏီ လေးပါဒ်
နှင့် ကြတ္တိကာဘပါဒ်ကို = မိဿရာသီ
ကြတ္တိကာ သုံးပါဒ် ရောဟဏီ လေးပါဒ်
နှင့် မိဂသီ နှစ်ပါဒ်ကို = ပြိဿရာသီ
မိဂသီ နှစ်ပါဒ် အဒြလေးပါဒ်နှင့် ပုဏ္ဏဖုသျှ သုံးပါဒ်ကို = မေထုန်ရာသီ

ပုဏ္ဏဖုသျှ တပါဒ် ဖုသျှလေးပါဒ် နှင့်
အသလိဿ လေးပါဒ်ကို = **ကရကဋ်ရာသီ**
မာဃ လေးပါဒ် ပြုဗ္ဗာဘရဂုဏ္ဏီလေး
ပါဒ်နှင့် ဥတ္တရာဘရဂုဏ္ဏီတပါဒ်ကို = **သိန်ရာသီ**
ဥတ္တရာ ဘရဂုဏ္ဏီသုံးပါဒ် ဟဿတလေး
ပါဒ်နှင့် စိတြ နှစ်ပါဒ်ကို = **ကန်ရာသီ**
စိတြ နှစ်ပါဒ် သွာတိ လေးပါဒ်နှင့်
ဝိသာခါ သုံးပါဒ်ကို = **တူရာသီ**
ဝိသာခါ လေးပါဒ် အနုရာဓလေးပါဒ်
နှင့်ဇေဋ္ဌ လေးပါဒ်ကို = **ဗြိစ္ဆာရာသီ**
မူလလေးပါဒ် ပြုဗ္ဗာသဠ်လေးပါဒ်နှင့်
ဥတ္တရာသဠ်တပါဒ်ကို = **ဓနုရာသီ**
ဥတ္တရာသဠ်သုံးပါဒ် သရဝဏ်လေးပါဒ်
နှင့်ဓနသိဋ္ဌ နှစ်ပါဒ်ကို = **မကာရရာသီ**
ဓနသိဋ္ဌနှစ်ပါဒ် သတ္တဘိသျှ လေးပါဒ်
ပြုဗ္ဗာဘဒြပိုက်သုံးပါဒ်ကို = **ကုံရာသီ**
ပြုဗ္ဗာဘဒြပိုက် တပါဒ်ဥတ္တရာဘဒြပိုက်
လေးပါဒ်ရေဝတီလေးပါဒ်ကို = **မိန်ရာသီ**

နက္ခတ်တလုံးလျှင် လေးပါဒ်၊ တပါဒ်လျှင်သင်္ချီ ၆၀ ပိုင်း စိတ်သည်၊ နက္ခတ်၏ ပါဒ်တို့ကား နဝင်းများလည်း ဖြစ်ကြသည်၊ ( ပုံ ၁၁-၂၇ )

၉။ ၁၂ ရာသီတို့၌ ထင်သောအရုပ်သဏ္ဌာန်များ

ထိုသို့ဟူသည်ကား အစုကိုဟော၏။ နက္ခတ် ၂၇ လုံးတို့



ပါ ကြယ်အကြီးအငယ်တို့ တစုတစုစီ ပေါင်း၍ ၁၂ စု စီစဉ်လျက် စက်ဝိုင်းကြီးကဲ့သို့ရှိနေ၏။ ထိုစက်ဝိုင်းကြီးကို ၁၂ စိတ် ပြုသည်ဖြစ်၍တစိတ်ကို တရာသီမည်၏။ တရာသီတရာသီလျှင် ထိုသို့ကြယ်အများ ပေါင်းစု၍ ရုပ်ပုံသဏ္ဌာန်ကဲ့သို့ထင်၏၊ ထိုရုပ်ပုံသဏ္ဌာန်တို့တွင် ဗြိစ္ဆာ-ဓနု-မကာရ ဤသုံးရာသီ၏ ရုပ်ပုံသဏ္ဌာန် ကြယ်များသည် အလုံးကြီးသောကြောင့် အလွန်ထင်ရှား သိသာနိုင်၏။ အခြားရာသီများမှ ရုပ်ပုံသဏ္ဌာန်ကို သိနိုင်ခဲ၏၊

၁၀။ ၁၂ ရာသီ၏ရုပ်ပုံသဏ္ဌာန်များ

မိဿရာသီ၌ ပေါ်သောအရုပ်ကား ဆိတ်ထီးရုပ်
ပြိဿရာသီ၌ ။ နွားထီးရုပ်
မေထုန်ရာသီ၌ ။ ယောကျ်ား၏

လက်ျာလက်၌ လှံတံကိုကိုင်လျက် မိန်းမ၏လက်ဝဲ ဘက်၌ တယောက်ကိုကိုင်လျက်၊ နံဘေးချင်းကပ်ကာ မတ်ရပ်တည်သော ယောကျ်ား မိန်းမနှစ်ရုပ်

ကရကဋ်ရာသီ၌ ။ ပုဇွန်လုံးရုပ်
သိန်ရာသီ၌ ။ ခြင်္သေ့ရုပ်
ကန်ရာသီ၌ ။ လက်တဖက်၌

ကောက်ဆုပ်၊ လက်တဖက်၌မီးရှူးကိုင်လျက် လှေစီးသော အပျို ကညာရုပ်။

တူရာသီ၌ ။ ချိန်ခွင်ကိုင်သော ယောကျ်ားရုပ်
ဗြိစ္ဆာရာသီ၌ ။ ကင်းပုစွန်ရုပ်

ဓနုရာသီ၌ ။ ခါးအထက်၌ တင်သော လေးကို ပစ်မည့်ဟန် ဆွဲလျက် ခါးအောက်တွင် ခြေလေးချောင်းနှင့် မြင်းရုပ်

မကာရရာသီ၌ ။ သမင် ဦးခေါင်းနှင့် မကာရီးမည်သော ငါး၏ကိုယ်

ကုံရာသီ၌ ။ တဖက်ထောင်တဖက်မှောက်လျက် ရေအိုးကိုင်သော ယောကျ်ားရုပ်

မိန်ရာသီ၌ ။ အမြီးချင်း ဆိုင်နေသော ငါးနှစ်ကောင်၏ အရုပ်

၁၁။ ဆိုအပ်ပြီးသည့် ရာသီစက်ကြီးနှင့် ထိုရာသီ စက်ကြီး၏ အပိုင်းအစိတ် အခေါ်အဝေါ်တို့ကို ပြဆိုရာပြဆိုကြောင်းဖြစ်သော သတ္တမပိုင်း၌ ရာသီစက်ကြီး၏ အစဌာနကို ရှာခဲ့ပုံနှင့်တကွ ရာသီစက်ကြီး၌ ပါဝင်ကြသော မိဿစသည့် ရာသီ ၁၂-ဌာနတို့၏ အပိုင်း အခြားများကို ၁၂- ရာသီတို့၌ ပေါ်သော ရုပ်ပုံသဏ္ဍာန်များတို့ကို ပြဆိုခဲ့ပြီ။ လိုအပ်သည့် ကျန်အပိုင်း အစိတ်များဖြစ်သော နဝင်းစိတ်နှင့် ခေတ်ခွဲများ၊ ရာသီပိုင်း၊ နဝင်း၊ တြိင်းတို့နှင့် နက္ခတ်ပါဒ်များ၊ စန္ဒရမာသ ၁၂-ပါး၊ ရတု ၆-ပါး၊ ဥတုကြီး ၃ ပါး၊ ဝိထိ ၃ ပါး၊ အယဉ် ၂ပါးနှင့် ကဏ္ဍကြီး ၃ ပါးတို့ကိုကား ကျူံပယ်နက္ခတ်ကျမ်းအရ ရေးဆွဲ ထည့်သွင်းလိုက်သော ပူးတွဲပါ ပုံစဉ် နံပါတ်(၂၂)နှင့် ကျူံပယ်နက္ခတ်ကျမ်းမှ လက်ခနံပါတ် ၁-၂ တို့ဖြင့် တိုက်ဆိုင် မှတ်သားရာသည်။

(ပုံ-၁၁, ၁၆)

# အဋ္ဌမပိုင်း

## ဂြိုဟ်များ ( ရှေးခေတ် နက္ခတ်ကျမ်းများအရ )

၁။ ဂြိုဟ်တို့၏အပြား။ ။နေကို တနင်္ဂနွေဂြိုဟ်ဟုခေါ်၏။ လကိုကား တနင်္လာ ဟူ၍လည်းကောင်း၊ စန်းဟူ၍လည်းကောင်း ခေါ်၏။ ထိုတနင်္ဂနွေဂြိုဟ် တနင်္လာဂြိုဟ်နှစ်လုံးနှင့်တကွ အင်္ဂါဂြိုဟ် ဗုဒ္ဓဟူးဂြိုဟ် ကြာသပတေးဂြိုဟ် သောကြာဂြိုဟ် စနေဂြိုဟ် ရာဟုဂြိုဟ် ကိတ်ဂြိုဟ်ဟူ၍ ဂြိုဟ်ကိုးလုံးရှိ၏။

၂။ ဂြိုဟ်တို့၏ ပမာဏ။ ။ရှေးဗေဒင် ကျမ်းတို့ အရအားဖြင့် တနင်္ဂနွေ ဂြိုဟ်သည် အလျား အနံ အစောက်အားဖြင့် ယူဇနာငါးဆယ်။ တနင်္လာ ဂြိုဟ်သည် လေးဆယ့်ကိုးယူဇနာ၊ အင်္ဂါဂြိုဟ်သည် တဆယ့်ငါးယူဇနာ၊ ဗုဒ္ဓဟူး ဂြိုဟ်သည် တဆယ့် ငါးယူဇနာ၊ ကြာသပတေး ဂြိုဟ်သည် တဆယ့် ခုနစ်ယူဇနာ၊ သောကြာ ဂြိုဟ်သည် တဆယ့်ကိုး ယူဇနာ၊ စနေဂြိုဟ်သည် တဆယ့်သုံးယူဇ

အသီးသီးဖြစ်ကြ၏။ ရာဟုနှင့် ကိတ်ကား ကောင်းကင်မှာ အမြဲမထင်၊ မြေမှာသာတည်သောကြောင့် ကောင်းကင်၌ ရာသီ၊အိမ်သာ၊ လိတ္တာအဖို့ အစုချသာဖြစ်၍ ဝိမာန်ပမာဏ မရှိ၊ ရာဟုကား ရှေ့အဖို့ ကိတ်ကား နောက်အဖို့ရာဟု၏ အမြီးပင်တည်း။ ရာဟုနှင့်ကိတ်ကား ရာသီစက်ကြီးထဲတွင် အိမ်သာလိတ္တာချင်း တူကြလျက် သမသတ်ရာသီသာလျှင် ကွဲကြသည်။

၃။ ဂြိုဟ်တို့၏အရောင်အဆင်း။ ။တနင်္ဂနွေဂြိုဟ်သည်နီရောင်နှင့်ရွှေရွှေအဆင်းရှိ၏၊ တနင်္လာဂြိုဟ်သည်ဝါရောင်နှင့် ဖြူဖြူအဆင်းရှိ၏။ အင်္ဂါဂြိုဟ်သည် ပြာရောင်နှင့် နီနီအဆင်းရှိ၏။ ဗုဒ္ဓဟူးဂြိုဟ်သည် မိုးရောင်နှင့် ရွှေရွှေအဆင်းရှိ၏၊ ကြာသပတေးဂြိုဟ်သည် ဖြူရောင်နှင့် ဝါဝါအဆင်းရှိ၏။ သောကြာဂြိုဟ်သည် သက်သက်ရွှေသော အဆင်းရှိ၏။ စနေဂြိုဟ်သည် မည်းရောင်နှင့် ရွှေ ရွှေ အ ဆင်း ရှိ၏။ ရာဟုနှင့် ကိတ်သည် ကောင်းကင်မှာ မတည်သဖြင့်ဂြိုဟ်ဇောတိတကျသော ဗေဒင်ကျမ်းတို့၌ အဆင်းကိုမဆို။ သရဒွေး ကျမ်း၌ကား ကောင်းကင်မှာ မတည်သောကြောင့် ရာဟုသည် မည်းသော အဆင်းရှိသည်။ ကိတ်သည် အခိုးအလျှံ စုံပြောင်သော မီးတောက်မီးလျှံ အဆင်းရှိသည်ဟူ၍ ဆို၏။

၄။ ဂြိုဟ်တို့၏ရာသီသွား။ ။ဂြိုဟ်တို့သည် ရာသီနက္ခတ်စက်ကြီးနှင့်အတူတကွ မြင့်မိုရ်တောင်ကို တရက်လျှင်တပတ်ကျ လကျာရစ် (အဖြောင့်သွား) ဖြင့် လှည့်လည်ကြရာမှ ရာသီနက္ခတ်စက်ကြီးဖြစ်သော တဆယ့်နှစ်ရာသီစက်ကို မမှီ



နိုင်ခြင်းကြောင့် တနင်္ဂနွေ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး သောကြာနှင့် စနေဂြိုဟ်တို့သည် မိဿမှကျန်ရစ်လျှင် ပြိဿနှင့် ပြိဿမှ ကျန်ရစ်လျှင်လည်း မေထုန်နှင့် စသဖြင့် မိဿ ပြိဿ မေထုန်ရာသီ အစဉ်တို့သို့ ရာသီသွား (ဗိလာခရီး)ဖြင့် လက်ဝဲရစ် ကူးကြကုန်သည်။ ရာဟုနှင့်ကိတ်မူကား ရာသီစက်ကြီးအတက် လကျာရစ် အဖြောင့် သွား၍ မြန်သောကြောင့် မိဿကိုလွန်လျှင် မိန်နှင့် မိန်ကိုလွန်လျှင် ကုံနှင့် စသည်ဖြင့် မိဿ၊ မိန်၊ ကုံ စသော အစဉ်တို့သို့ ရာသီဗိလာခရီးဖြင့် လကျာရစ် ကူးပြောင်းကြသည်။ ရာဟုနှင့် ကိတ်တို့အသွား မြန်ကြောင်းကို ဆိုသည်မှာလည်း ကောင်းကင်၌ ရှိသော အဖို့အစုဖြစ်သော ရာသီ၊အိမ်သာ၊လိတ္တာ မြန်သည်ကိုသာ ဟူလေ၊ ရာဟုနှင့် ကိတ်ကား ကောင်းကင်၌ အမြဲမရှိ။

၅။ ဂြိုဟ်တို့၏ရာသီနေ။ ။အသိကြာ ကေမာသာစ၊ ဗုဒ္ဓသောကြာ တသောဝ၏။ ဋ္ဌိမာသာ ဘောမ ဒွေယျာထ။ စန္ဒာဒိယာနှုဒိဝါသာ၊ ဂုရုဝဒ္ဓါဒသမာသာ။ ရာဟုမာသာ အဋ္ဌာရသ၊သောရိတိံ သမာသာစ၊ဂြဟဋ္ဌာန်သံဝိဇ္ဇန္တိဟုကျမ်းဆရာတို့ဆိုသောကြောင့် တနင်္ဂနွေဂြိုဟ်သည် တရာသီ တရာသီ၌ တလစီနေ၏၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ် နှစ်လုံးတို့သည် တနင်္ဂနွေနည်းတူ တရာသီ တလစီနေ၏။ တနင်္လာဂြိုဟ်သည် တရာသီ၌ နှစ်ရက်နှင့် တမွန်းတည့် (၂¼ရက်) နေ၏၊ အင်္ဂါဂြိုဟ်သည် တရာသီ၌ နှစ်လနေ၏။ ကြာသပတေးဂြိုဟ်သည် တရာသီ၌တဆယ့်နှစ်လနေ၏။ ရာဟုဂြိုဟ်သည် တရာသီ၌ တဆယ့်ရှစ်လနေ၏။ စနေဂြိုဟ်သည်

တာရာသိမ်၌ သခေါင်းသုံးဆယ်နေ၏။ နှစ်နှစ်ခွဲလည်း ဟူ၏၊ ဤဂြိုဟ်၌ ဖြစ်သောဂြိုဟ်တို့သည် ဆိုခဲ့ပြီးသည်နှင့် အညီ အမျှနေကုန်၏ဟူ၍ သိရာ၏။

၆။ **စလေဆရာကြီး ဦးပုည ရေးသားသော ၁၂-ရာသီ ဂြိုဟ်နေတေးထပ်။**

ဂြိုဟ်ရှစ်စုံပျော်သမျှ၊ ဖော်ပြမည်မှတ်စွာ၊ သေဒ်ကြွသည့် စန္ဒာမှာ၊ နှစ်အံသာနေ့တမှန်း၊ ဆင်ပူးနှင့် သုပဏ္ဏာ၊ တမာ သာမြဲစေ့မှယွန်း၊ ခရုခြသေ့ ကေသရာ၊ နှစ်မာသာ မစွန်း၊ လသုံးဆယ်သိန်ထိန်ထွန်း၊ ရှိန်ရှိန်ဝန်းသောရိ၊ ဂုရု ဂြိုဟ် တနှစ်ဆင်း ရာဟုမင်း ဆယ့်ရှစ်လခို၊ ခေါ်ကြတဲ့ လရာသီမှာ၊ ခါအညီစံကြမှ၊ မှန်နိစ္စရေ့နေ့ခက်ခွင်၊ လဲခွဲပေ လျှင်၊ နိယတနှင့် သီဟဆင်၊ ဗျူဠပင်ကျင့်ဦးပလေး။ ။

၇။ ကျူးယှနက္ခတ်ကျမ်း၌လည်းတိတ္တာနှင့်၊ သောကြာ ဗုဒ္ဓ၊ ရာဇကို၊ မာသေတနု၊ လိုက်မှီပုံ၍၊ ဤန္ဒုလစက်၊ နေ့သက်ဝက်နှင့် နှစ်ရက်မှတ်ပါ။ ဂြိုဟ် အော မာ လည်း၊ နှစ်ဖြာသသွား၊ဂုရုအားမှာလစကာဒွါဒသ်၊ရာဟုနှတ်လျှင်၊ လမြှတ် ၁၈၊ သောရိဖြစ်က၊ ၂ နှစ် ၆ လ၊တွက်ရေးပြသော်၊ မာသတိ သော၊ မယိမ်းသေ့၍၊ ကိန်းနေမှန်စွာ၊ သွားမြဲပါကို ဟု ၁၂ ရာသီဘွင်တရာသီ၊ တရာသီ၌ ဂြိုဟ်တို့ နေမြဲသွားမြဲ ဖြစ်သော မှုမှန် နေပုံမှန်သွား အချိန်ကာလများကို ပိုင်း ခြားဝေဖန်၍ ပြဆိုထားသည်။

၇။ **ဂြိုဟ်တို့၏ အနေအသွား။** ။ရာသီနေ ရာသီသွား အသွားငါးပါး တနည်း အသွား သုံးပါး။ အနီးအပါး



လမ်းဖြောင့် ခမ်းကောက်သွား။ ဂြိုဟ်ချင်း အပူးအယှဉ် သွား နက္ခတ်၌အစဉ်အယှဉ်သွားဟူသမျှသည်ဂြိုဟ်တို့၏အနေ အသွားမည်၏။ ဂြိုဟ်တို့၏ အနေအသွားကို ဖြစ်ပွားစေသည် ကား ဥတုကြောင့်ဖြစ်သောလေသည် ဂြိုဟ်တို့အား နှိပ် ခြင်း၊ ပင့်ခြင်း၊ တွန်းခြင်း၊ ဆွဲခြင်းတို့ဖြင့် ဆောင်အပ်သော ကြောင့် ဖြစ်ရသောသည်။ ဂြိုဟ်တို့ လမ်းမှန်စွာ သွားသော အခါ၌ မိုးရွာခြင်း အစရှိသော များစွာသော အကျိုးတို့ သည် လောက၌ဖြစ်သတည်း။ လမ်းမမှန် သွားသောအခါ၌ ကား မိုးမရွာခြင်း အစရှိသော များစွာသော အပြစ်တို့ သည် လောက၌ဖြစ်သတည်း။

၈။ **ကောင်းကင်ရာသီစက်ကြီးအဘွင်း၌ဂြိုဟ်တို့၏လမ်း မှန်ခရီး။** ။နေ-လနှင့်အင်္ဂါစသော ဂြိုဟ်အသီးသီးတို့သည် မဖောက်မပြန် လမ်းမှန်သွားကြသောအခါတို့၌ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ အဿလိဿ၊ မာဃ၊ ပြုဗ္ဗာဘရဂုဏ်၊ ဥတ္တရာဘရဂုဏ်၊ ဟဿတ၊ သွာတိ၊ ဝိသာခါ၊ သရဝဏ်၊ ဓနသိဒ္ဓ၊ သတ္တဘိသျှ၊ ပြုဗ္ဗာဘရပိုက်၊ ဥတ္တရာဘရပိုက် နှင့် ရေဝတီနက္ခတ်တို့ကို မမြောက်မှထား၍ ရောဟဏီ၊ မိဂသီ၊ အဒြ၊ စိတြ၊ အနုရာဓ၊ ဇေဋ္ဌ မူလပြုဗ္ဗာသဠ် နှင့် ဥတ္တရာသဠ် နက္ခတ်တို့ကို တောင်မှထား၍ ပုဏ္ဏဖုသျှနှင့်ဖုသျှနက္ခတ်တို့ကို အလယ်၌ထား၍ ပုံမှန်ဖြစ်သော အနေအသွားတို့ဖြင့် သွား ရောက် လှည့်ပတ်ခြင်းသည် ဂြိုဟ်တို့ လမ်းမှန်စွာ သွားခြင်း မည်လေသည်။

၉။ **ဂြိုဟ်တို့၏ အနေအသွား ဖောက်ပြန်ခြင်းဖြစ်သော သွားခြင်းငါးပါး။** ။ဂြိုဟ်တို့သည် တခါတရံ ပကတိ

ပုံမှန်ဖြစ်သော အနေအသွားတို့မှ ဖောက်ပြန်လျက် ငါးပါးသော သွားခြင်းဖြင့် သွားကြသည်လည်းရှိ၏။ ငါးပါးသော သွားခြင်းဟူသည်ကား (၁) အကောက်သွားခြင်းတပါး (၂) အလွန်ကောက်သောသွားခြင်းတပါး (၃) အလွန်ကောက်တကျစ်သွားခြင်းတပါး (၄) လျင်သောသွားခြင်းတပါး (၅) နှေးသောသွားခြင်းတပါးဟူ၍ ဖြစ်သည်။

ထိုငါးပါး၏ အခြင်းအရာတို့ကို ကျုံယှန်ကွတ်ကျမ်း၌ မှတ်တာခြား၊ သွားခြင်းငါးမှာ၊ ရှေ့ရှားရှေးရိုး၊ အာကာမိုး၌၊ မွေ့တိုးနောက်ဆုတ်၊ လမ်းမဟုတ်ပဲ၊ ကိုးကဲယုတ်သွား၊ အကောက်သွားတည့်။ ထိုလားနည်းမို့၊ စက်ရာသီ၌၊ မညီနဝင်း၊ တြင်းတူးမြောက်၊ အလွန်ကောက်တည့်။ တောင်မြောက်ငယ်၊ ငွေ့အစဥ္စာကို၊ ပယ်ခွာသွားလစ်၊ ကောက်တကျစ်ဟု ပတ်ရစ်လှစ်တုံ၊ ရာသီပုံကို၊ ကျော်ခုန်သွားကာ၊ လျင်ခြင်းသာတည့်။ နောက်မှာဆုတ်နေ၊ နှေးဖြည်းလေ၏၊ ငါးထွေသွားခြင်း၊ လူ့ခပင်းတို့၊ မပျင်းမရိ၊ ဉာဏ်သတိဖြင့်၊ မှတ်သိစေရန်၊ ရေးစီသည်၊ ကျမ်းဂန်လာရှိ ဓိပ္ပါယ်တည်း ဟု ပြဆိုထားသည်။

သွားခြင်းငါးပါး၏သရုပ်အဓိပ္ပါယ်များ။ အကောက်သွားခြင်းမည်သည်ကား တရာသီတည်း၌ အံသာတိုးတုံဆုတ်တုံသွားခြင်းတည်း။ အလွန်ကောက်သော အားဖြင့် သွားခြင်းမည်သည်ကား တရာသီမှ တရာသီကို လကျာရစ်အားဖြင့် ပြန်၍သွားခြင်းတည်း။ အလွန် ကောက်တကျစ် သွားခြင်းမည်သည်ကား မြောက် တောင် အလယ်ထား၍ သွားမြဲ ဖြစ်သော နက္ခတ်တို့ကို တောင် မြောက်ထား၍သွားခြင်း



တည်း။ လျင်သောသွားခြင်းမည်သည်ကား ရာသီနေ ဖြစ်သော နေမြဲတိုင်းအချိန်ကာလတို့ကို မစေ့အောင် မနေမူ၍ တရာသီမှ တရာသီသို့လက်ဝဲရစ်အားဖြင့် လျင်စွာကူးပြောင်း သွားခြင်းတည်း။ နှေးသောသွားခြင်းမည်သည်ကား နေမြဲတိုင်း ကာလစေ့သော်လည်း တရာသီမှ တရာသီသို့ မကူး မပြောင်းပဲ ကာလကိုလွန်၍ ကြာမြင့်စွာနေခြင်းတည်း။

၁၀။ **တနည်း ဂြိုဟ်တို့၏ အနေ အသွား ဖောက်ပြန်ခြင်း ဖြစ်သော သွားခြင်း သုံးပါး။** ။ဂြိုဟ်တို့၏ သွားခြင်းသုံးပါးဟူသည်ကား ဗျက္ကစရိယာ၊ သီဟာစရိယာ၊ နိယတုံ ဟူ၍ဖြစ်သည်။ ဗျက္ကစရိယာ သွားခြင်းဟူသည်ကား မိဿ စသော ရာသီတို့၌ တရာသီအဖို့ သွားမြဲနေမြဲဖြစ်သော ရာသီသွားရာသီနေ အချိန်ကာလအတိုင်း မသွားမနေမူ၍ နောက်ရာသီများသို့ လကျာရစ်အားဖြင့် ပြန်၍သွားခြင်းတည်း။ သီဟာရိစယာသွားခြင်းမည်သည်ကား တရာသီ၌သွားမြဲ နေမြဲဖြစ်သော ရာသီသွားရာသီနေ အတိုင်း မနေမူ၍ ရှေ့ရာသီများသို့ လက်ဝဲရစ်အားဖြင့် လျင်စွာပြောင်းသွားကူးရောက်ခြင်းတည်း။ နိယတုံ ကျင့်ခြင်း မည်သည်ကား တရာသီ၌ နေမြဲတိုင်း ကာလစေ့ရောက်သည်ထက် ပိုလွန်ရှည်ကြာလျက် တရာသီအတွင်းမှာ အံသာတက်တုံ ဆုတ်တုံ ပြု၍ နေခြင်းတည်း။ တနင်္ဂနွေ တနင်္လာနှင့် ရာဟုဂြိုဟ်တို့မှာ ဗျက္ကစရိယာ၊ သီဟာစရိယာ၊ နိယတုံ အသွားသုံးပါးတို့ မရှိကြ။ ရာသီနေရာသီသွား အချိုးအစားကို မပျက်ပြားစေသည့် နက္ခတ်အနီးအပါး လမ်းဖြောင့်သွား လမ်းကောက်သွား ဟူ၍သာ ရှိကြသည်။ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး

သောကြာနှင့် စနေဂြိုဟ်တို့မှာ သွားခြင်းငါးပါး သုံးပါး စသော အလုံးစုံသော သွားခြင်းတို့ ရှိကြ၏။

၁၁။ ဂြိုဟ်တို့၏ နက္ခတ်အနီးအပါး လမ်းပြောင့်သွား မည်သည်ကား။ ။ကောင်းကင်ရာသီ စက်ကြီးတွင် စက်အုံသော ဒိဂ်အုံသာတို့အားဖြင့် မရွေ့မရွား မတိမ်းမပါး ပွဲစည်းတည်ရှိကြကုန်သော နက္ခတ်တို့၏အကြားဝယ် (တိုင်းပြည် မြို့ရွာတို့၏ အကြား၌ ဖောက်လုပ်၍ ထားအပ်သော မိုး ထားလမ်းကြီး၌ မီးရထားတို့ ခုတ်သွား မောင်းနှင်နေသည့် သဖွယ်) နက္ခတ်တို့အား မြောက်မှတောင်မှ အလယ်မှ စသည်ဖြင့်ထား၍ ခရီးမှန်ပုံမှန် အသွားအတိုင်းအယဉ့် ဝီထိ တို့သို့ ကူးရောက်သော ဂြိုဟ်ကူးလမ်းစဉ်ကြီး အရ အနေ အသွား ပြောင့်မှန်ကြခြင်းဖြစ်သည်။

၁၂။ ဂြိုဟ်တို့၏ နက္ခတ်အနီးအပါး လမ်းကောက်သွား မည်သည်ကား။ ။မြောက်မှ ထား၍ သွားမြဲ ဖြစ်သော နက္ခတ်ကို တောင်မှထား၍လည်းကောင်း၊ တောင်မှထား၍ သွားမြဲဖြစ်သော နက္ခတ်ကို မြောက်မှထား၍လည်းကောင်း အလယ်မှထား၍ သွားမြဲဖြစ်သော နက္ခတ်တို့ကို မြောက်မှ တောင်မှထား၍လည်းကောင်း သွားခြင်းဖြစ်သည်။

၁၃။ ဂြိုဟ်တို့၏နက္ခတ်၌ အစဉ်အယှဉ်သွား မည်သည် ကား။ ။ကောင်းကင်ရာသီစက်ကြီး၏ရာသီ ၁၂ ရပ်တို့၌ တရာသီလျှင်နှစ်လုံး တပါဒ်ကျစီစီစဉ်ဖွဲ့စည်းထားအပ်သော နက္ခတ် ၂၇ လုံး၊ ထိုဂြိုဟ်တို့သည် မိမိတို့၏ ရာသီနေ ရာသီ သွား စသော အနေအသွားတို့ကို သွားကြရာ၌ နက္ခတ် အသီးသီးတို့သို့ ယှဉ်သွား ဆိုက်ရောက်ကြခြင်းဖြစ်သည်။



၁၄။ ဂြိုဟ်ချင်းအပူးအယှဉ်သွား မည်သည်ကား။ ။ဂြိုဟ်တို့သည် ရာသီနေရာသီသွား အချိန်ကာလချင်း မတူညီကြ၊ အနေးအမြန်ရှိကြသောကြောင့် တခါတရံ ဂြိုဟ်ကူး သွားလမ်းစဉ်တွင် အချင်းချင်းကပ်မိပူးမိကြခြင်းဖြစ်သည်။

နေ-လတို့ကို ရာဟုကြတ်သည့်နည်းတူ ဂြိုဟ်တို့ အချင်း ချင်း ကပ်ပူးထိစပ်၍ သွားကြခြင်းကို ဂြိုဟ်ချင်းတိုက်သည်၊ ခွပ်သည်၊ ခွင်းသည်- ထွင်းဖောက်သည် (ဂြဟယုဒ္ဓ) စစ်ထိုး ကြသည် စသည်ဖြင့် ခေါ်ဆိုကြသည်။

ဂြိုဟ်တို့သည် စက်အုံသာ တမျဉ်းတည်း၌ ကြုံကြသော် လည်း ၎င်းတို့အချင်းချင်း မပူးမကပ်မထိမစပ်မူ၍ မြောက် တောင်၊ ဝဲ-ယာတို့မှ တလုံးကိုတလုံး ရှောင်လွှဲ ဖယ်ခွာ၍ နီးကာယှဉ်ကာမျှ သွားကြခြင်းကိုလည်းကောင်း၊ တရာသီ တည်း၌ ကြုံကြလျှင် သော်လည်းကောင်း (ဂြဟယောဂ) ဂြိုဟ်ချင်းစစ်ပွဲကြသည်၊ ယှဉ်ကြသည်ဟူ၍ ခေါ်ဆိုကြ သည်။

၁၅။ ကောင်းကင်ရာသီစက်ကြီး အတွင်း၌ ဂြိုဟ်တို့၏ ရာသီသွား လမ်းစဉ်ကြီး သို့မဟုတ် ဂြိုဟ်ကူး လမ်း စဉ်ကြီး။ ။အယဉ်နှစ်ပါး ဝီထိသုံးပါးနှင့် ရာသီ ၁၂ ရပ် များသို့ ဂြိုဟ်အသီးသီးတို့၏ ဗိလာအားဖြင့် လှည့်သွားကူး ရောက်ကြကုန်သော ရာသီသွား လမ်းစဉ်များသည် ဂြိုဟ်ကူး လမ်းစဉ်ကြီးဟု အသီးသီး အခြားခြား ထင်ထင်ရှားရှား မှတ်သားထားနိုင်လောက်အောင် (မျက်မြင်၌)တထပ်တည်း ဖြစ်ကြ၏၊ သို့သော် လမ်းမမှန်သောအသွားငါးပါး စသည် ဖြင့် အချို့ဖောက်ပြန် အချို့မှန်ဖြင့် အတန်တန် သောသွား

ခြင်းထို့ ရှိကြသောကြောင့် ၎င်းတို့အချင်းချင်း စက်အံသာ တမျဉ်းတည်း၌ ကျရောက်ကြ စေကာမူ တရံတခါသာ ဂြဟာယုဒ္ဓကို ဖြစ်ကြ၍ တရံတခါ၌ကား တလုံးနှင့် တလုံး မြောက် တောင် ဝိ ယာဖြင့် (လကွယ် အခါတိုင်း နေနှင့် လ တို့ မထပ်နိုင် မကြပ်နိုင်ကြသကဲ့သို့) ဒီဂ်အံသာ တအံသာမှ ၅ အံသာခန့်အထိ ခွဲခွာလျက် ဂြဟယောဂ မျှသာဖြစ်ကြလေသည်။ လကွယ်အခါနှင့် လပြည့်အခါတိုင်း နေ လ တို့ မကြတ်နိုင်ကြသကဲ့သို့ပင်ဖြစ်၏။

၁၆။ ဂြိုဟ်တို့အမြင့်။ ။ဂြိုဟ်တို့သည် အမြင့်သွားသော ခရီးတွင် မြင့်စွာအဆုံး အဗ္ဘောဝိထိစွန်း (ဥတ္တရ ဥဒိဂ်) သို့ သွားသောအခါ ယုဂန္ဓိုရ်တောင်မျှ မြင့်သော ယူဇနာ ၄၂,၀၀၀ အရပ်၌သွား၏။ အနိမ့်သွားသော ခရီးတွင် နိမ့်စွာအဆုံး ဗာဟိရိဝိထိစွန်း (ဒက္ခိဏယဉ်ဒိဂ်)သို့ သွားသောအခါ စကြဝဠာတောင်၏ ထက်ဝက်မျှ မြင့်သော ယူဇနာ ၄၁,၀၀၀ အရပ်သို့ သွား၏။

၁၇။ ဂြိုဟ်တို့သည် ရာသီနေရာထိသွားဖြစ်သောဂြိုဟ်ကူးလမ်းစဉ်ကြီး၌ ရာသီစက်ကြီးတခုလုံးကို တပတ် ပတ်မိရန် ကြာသောအချိန်ကာလများ။ ။တနင်္ဂနွေ ဂြိုဟ်သည် ၃၆၅ ¼ ရက်ခန့် သို့မဟုတ် တနှစ်တိတိ။ တနင်္လာ ဂြိုဟ်သည် ၂၇ ⅓ ရက်ခန့်၊ အင်္ဂါဂြိုဟ်သည် ၂ နှစ်ခန့်၊ ဗုဒ္ဓဟူးဂြိုဟ်သည် တနှစ်ခန့်၊ ကြာသပတေးဂြိုဟ်သည် ၁၂ နှစ်ခန့်၊ သောကြာဂြိုဟ်သည် တနှစ်ခန့်၊ စနေဂြိုဟ်သည် နှစ်ပေါင်း ၃၀ ခန့်၊ ရာဟုဂြိုဟ်သည် ၁၈ နှစ်ခန့် အသီးသီး ဖြစ်ကြသည်။



၁၈။ ဂြိုဟ်ကူးလမ်းစဉ်ကြီး၌ ဂြိုဟ်တို့ ကူးရောက်ခြင်း။

တနင်္ဂနွေဂြိုဟ် တနင်္လာဂြိုဟ် အင်္ဂါဂြိုဟ် ဗုဒ္ဓဟူးဂြိုဟ် ကြာသပတေးဂြိုဟ် သောကြာဂြိုဟ်နှင့် စနေ ဂြိုဟ်တို့မှာ ဂြိုဟ်ကူးလမ်းစဉ်ကြီး၌ လက်ဝဲရစ်ဖြင့် ကူးကြ၍ ရာဟုဂြိုဟ်မှာ အခြားဂြိုဟ်များနှင့် ဆန့်ကျင်ဖက် လကျာ်ရစ်ကူးရောက်သည်။ တနင်္ဂနွေဂြိုဟ်ဖြစ်သော နေသည် ဂြိုဟ်ကူးလမ်းစဉ်ကြီး၌ လက်ဝဲရစ် တပတ်ပတ်မိရန် အတိအကျ ကြာရှိသည့် အချိန်ကာလသည်ပင်လျှင် တနှစ်ဟူသော အဆုံးအဖြတ်ကို ဖြစ်စေလျက် ဝီထိသုံးပါး၊ အယဉ်နှစ်ပါးတို့သို့ ကူးရောက်ရာ ဥတုကြီးသုံးပါး၊ ရတုခြောက်ပါးနှင့် သူရိယမာသ ၁၂ ပါးကို ဖြစ်စေသည်။

၁၉။ ဥတုကြီးသုံးပါး။ ။နေသည် ကောင်းကင်ရာသီစက်ကြီး၏ အံသာ ၃၃၀ မိန်ရာသီ၏ အစမှ စက်အံသာ ၉၀ မေထုန်ရာသီ၏ အဆုံးထိ မိန်၊ မိဿ ပြိဿ ၊ မေထုန် ရာသီများ၌ ဂြိုဟ်ကူးလမ်းစဉ်ကြီးသို့ ရာသီနေ ရာဂီသွားဖြင့် သွားရောက်စဉ် အခါမှာ မြန်မာနိုင်ငံ ကဲ့သို့ မဇ္ဈိမစက်၏ မြောက်ဖက်၌ တည်ရှိကျရောက်သော တိုင်းနိုင်ငံ များတွင် နွေဥတု၊ ထိုနည်းတူ စက်အံသာ ၉၀ ကရကဋ် ရာသီ၏အစမှ စက်အံသာ ၂၁၀ တူရာသီအဆုံးထိ ကရကဋ်၊ သိဟ်၊ ကန်၊ တူရာသီများ၌ သွားရောက်စဉ်အခါမှာ မိုးဥတု၊ စက်အံသာ ၂၁၀ ဗြိစ္ဆာရာသီ၏ အစမှ စက်အံသာ ၃၃၀ ကုံရာသီ၏ အဆုံးထိ ဗြိစ္ဆာရာသီ၊ ဓနု၊ မကာရ၊ ကုံရာသီများ၌ သွားရောက်စဉ်အခါမှာ ဆောင်းဥတု ဖြစ်သည်။

၂၀။ ရတုခြောက်ပါး။ ။နေသည် ကောင်းကင်ရာသီ

စက်ကြီး၏ စက်အံသာ ၃၃၁ အစမှ စက်အံသာ ၃၀ အဆုံး ထိ မိန်နှင့် မိဿရာသီတို့၌ ဂြိုဟ်ကူးလမ်းစဉ်ကြီးသို့ ရာသီနေ ရာသီသွားဖြင့် သွားရောက်စဉ်အခါမှာ ဝသန္တရတု၊ ထိုနည်း တူ စက်အံသာ ၃၁ မှ စက်အံသာ ၉၀ အထိ ပြိဿနှင့် မေထုန် ရာသီတို့၌ သွားရောက်စဉ်အခါမှာ ဂိမှရတု၊ စက် အံသာ ၉၁ မှ ၁၅၀ ထိ ကရကဋ်နှင့် သိဟ်ရာသီတို့၌ သွား ရောက်စဉ်အခါမှာ ဝဿာရတု၊ စက်အံသာ ၁၅၁ မှ ၂၁၀ ထိ ကန်ရာသီနှင့် တူရာသီတို့၌ သွားရောက်စဉ်အခါမှာ သာ ရဒရတု၊ စက်အံသာ ၂၁၁ မှ ၂၇၀ ထိ ဗြိစ္ဆာရာသီနှင့် ဓနုရာသီတို့၌ သွားရောက်စဉ်အခါမှာ ဟေမရတု၊ စက်အံ သာ ၂၇၁ မှ ၃၃၀ အထိ မကာရနှင့်ကုံရာသီတို့၌ သွား ရောက်စဉ်အခါမှာ သိသိရ ရတုဟူ၍ဖြစ်သည်။

၂၁။ **သူရိယမာသ ၁၂ ပါး၊** ။နေသည် ကောင်း ကင်ရာသီစက်ကြီး၏ ဂြိုဟ်ကူးလမ်းစဉ်ကြီး၌ လက်ဝဲရစ် ဖီလာခရီးသို့ ရာသီနေရာသီသွားဖြင့် မိဿရာသီ၌ နေစဉ် သွားစဉ်အခါမှာ သူရိယမာသမိဿ။ ထိုနည်း အတူပြိဿ ရာသီ၌ နေစဉ်သွားစဉ်အခါမှာသူရိယမာသပြိဿစသည်ဖြင့် နေသွားရာနေရောက်ရာ ရာသီဌာနများ၏ ၁၂ ရာသီအမည် များအတိုင်းပင် သူရိယမာသဟူ၍ ထပ်မံ ခေါ်သည်။

၂၂။ **ဒိဂ်နှစ်ပါးသို့ ဂြိုဟ်တို့သွားရောက်ခြင်း။** တနင်္ဂနွေ ဂြိုဟ်ဖြစ်သော နေနှင့်တကွ တနင်းလာစသော ဂြိုဟ် အား လုံးတို့သည် ကောင်းကင်ရာသီစက်ကြီး၏ စက်အံသာ ၁ မှ စက်အံသာ ၁၈၀ ထိ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ ရာသီများတွင် ရာသီနေ ရာသီသွားဖြင့် သွားရောက်



စဉ်အခါမှာ ဥတ္တရဒိဂ် သို့မဟုတ် ဥတ္တရကြန္တိ၌ သွားကြ သည်။ ထိုနည်းအတူစက်အံသာ ၁၈၁ မှ စက်အံသာ ၃၆၀ ထိ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန်ရာသီများတွင် သွား ရောက်စဉ်အခါမှာ ဒက္ခိဏဒိဂ် သို့မဟုတ် ဒက္ခိဏကြန္တိ၌ သွားကြသည်။

၂၃။ **အယဉ်နှစ်ပါးသို့ ဂြိုဟ်တို့သွားရောက်ခြင်း။** တနင်္ဂနွေဂြိုဟ်နှင့်တကွ တနင်းလာစသော ဂြိုဟ်အားလုံးတို့ သည် ကောင်းကင်ရာသီစက်ကြီး၏ စက်အံသာ ၉၁ မှစက် အံသာ ၂၇၀ ထိ ကရကဋ်ရာသီ၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနုရာသီများတွင် ရာသီနေရာသီ သွားဖြင့် သွားရောက်စဉ် အခါမှာ ဥတ္တရယဉ်စွန်းတန်း (အဇ္ဈတ္တစက်) မှ ဒက္ခိဏ ယဉ်စွန်း (ဗာဟိရစက်)သို့ဆင်းသက်သောဒက္ခိဏယဉ်ခရီး၌ သွားကြသည်။ ထိုနည်းအတူ စက်အံသာ ၂၇၁ မှ စက်အံသာ ၉၀ အထိ မကာရ၊ ကုံ၊ မိန်၊ မိဿ၊ ပြိဿ မေထုန်ရာသီ များတွင် သွားရောက်စဉ်အခါမှာ ဒက္ခိဏယဉ်စွန်း (ဗာဟိ ရစက်မှ) ဥတ္တရ ယဉ်စွန်း (အဇ္ဈတ္တစက်)သို့ တိုးတက်သော ဥတ္တရယဉ်စွန်း ခရီး၌သွားကြသည်။

၂၄။ **ဒိဂ်နှစ်ပါးနှင့် အယဉ်နှစ်ပါးတို့၌ ဂြိုဟ်တို့ ကြာ မည့်အချိန်ကာလ။** ဒိဂ်နှစ်ပါးခရီးနှင့် အယဉ်နှစ်ပါး ခရီး တို့မှာ ကောင်းကင် ရာသီစက်ကြီး၏ ထက်ဝက်သောအပိုင်း များဖြစ်ကြသဖြင့် ဂြိုဟ်အသီးသီးတို့သည် ၎င်းတို့၏ဂြိုဟ်ကူး ဝိလာဘာဝတ်ခရီးကာလ၏ ထက်ဝက် သို့မဟုတ် ၎င်းတို့၏ ရာသီနေရာသီသွားဖြင့် ရာသီပေါင်း ၆ ရာသီအပိုင်းသို့ သွား ရောက်ရသော အချိန်ကာလနှင့်အညီ အချိန်ကြာသည်။

၂၅။ ဝီထိ ၃ ပါးသို့ဂြိုဟ်တို့ သွားရောက်ခြင်း၊ ဂြိုဟ်အသီးသီးတို့သည် ကောင်းကင်ရာသီ နက္ခတ်စက်ကြီးတွင် စက်အံသာ ၃၁ ၏အစမှ စက်အံသာ ၁၅၀ အဆုံးအထိ အတွင်းသို့ဆိုက်ရောက်ကြသောအခါ၌ အဇ္ဇောဝီထိမှသွားကြသည်။ စက်အံသာ ၁၅၁ ၏အစမှ စက်အံသာ ၂၁၀ အတွင်းနှင့် စက်အံသာ ၃၃၁ အစမှ စက်အံသာ ၃၀အဆုံးထိ အတွင်းသို့ဆိုက်ရောက်ကြသောအခါ၌ မဇ္ဈေဝီထိမှသွားကြသည်၊ စက်အံသာ ၂၁၁ အစမှ စက်အံသာ ၃၃၀အဆုံးထိ အတွင်းသို့ ဆိုက်ရောက်ကြသောအခါ၌ ဗာဟိရဝီထိမှ သွားကြသည်။(ပုံ-၂၀)

၂၆။ ဂြိုဟ်များ ( သိယ် ဝကြနိယထဲ)အသွားသုံးပါး
(အမြန် အနှေး ရပ်တန့်)

ဂြိုဟ်များသည် ၁၂ ရာသီစက်ဝန်းကြီး၌ ၎င်းတို့သမမျှတ အသွားနှုန်းများဖြင့် ဖီလာသွားဖြစ်သော ဂြဟစက္ကတွင် အနောက်မှ အရှေ့သို့ လက်ဝဲရစ်အရ မိဿစသော ရာသီတာဝအသီးအသီးများ၌ တရာသီတရာသီမှာ တနင်္ဂနွေ (နေ) တလ၊ တနင်္လာ (လ) ၂၄ ရက်၊ အင်္ဂါ ၄၅ ရက်၊ ဗုဒ္ဓဟူး ၁၈ ရက်။ ကြာသပတေး တနှစ်။ သောကြာ ၂၈ ရက်။ စနေ ၂၂ နှစ် ရာဟု တနှစ် ၇လ သွားကြမြဲတည်း။ ယင်းသို့သောသွားမှုများမှ ရှေ့အဖို့သို့သာလွန်သော်သိယ် (အမြန်) နောက်အဖို့သို့ဆုတ်သော်(ဝကြ) နှင့်လွန်၍ ကြာသော် နိယထု ဟူသော အသွားသုံးပါးကို သိရာသည်၊

ရာဟုမှာ အခြား ဂြိုဟ်များနှင့်ဆန့်ကျင်သောအရှေ့အသွားဖြင့် အရှေ့မှအနောက်သို့ လကျာရစ်သွားသည်၊

# နဝမပိုင်း

နက္ခတ်ရာသီစက်ကြီးနှင့် ကမ္ဘာမြေကြီး၏ အဃနပိုင်းဌာနများတွင် ဒိဂ်နှစ်ပါးသို့ခနေ၏ကြန္တိကူး ရောက်ခြင်း။

နိဒါန်း။ ။ရှေးခေတ် ကျမ်းဂန်တို့၏ ထင်မြင်ယူဆချက်အဆိုတို့အရ ဆက်လက်ယူဆခြင်း ရှိကြကုန်သော သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဋ္ဌကျမ်း၊ မကာဝရန္တကျမ်းနှင့် သရကျမ်းစသော ကျမ်းဂန်များ၌ ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်တာရာတို့၏ ဖြစ်တည်'လှည့်ပတ်ကြပုံနှင့် စပ်၍ ယုံကြည်ချက်များကား ဤစကြဝဠာ လောကဓာတ်အတွင်း၌ ကမ္ဘာမြေကြီးသည် နေ လ ဂြိုဟ် နက္ခတ်တာရာ စသည်တို့ထက် ပမာဏအားဖြင့် များစွာကြီးမားလျက် ဤစကြဝဠာ လောကဓာတ်၏ ဗဟိုဌာနတွင် အကြီးအမှူး အချုပ်အချာ အဖြစ်ဖြင့် သဘာဝအရ တည်နေသောကြောင့် ဤစကြဝဠာ လောကဓာတ်ကို မြေစကြဝဠာ ဟူ၍ တိုင်းတာတွက်မှတ် သုံးဖြတ်ခဲ့ကြသည်။

ယခုခေတ် ပထဝီ ပညာရပ်တို့တွင်ကား ဤစကြဝဠာ လောကဓာတ်တွင် နေသည် ကမ္ဘာမြေကြီးနှင့် ဂြိုဟ်တို့ထက် များစွာကြီးမားသောကြောင့် ဤစကြဝဠာ လောကဓာတ် ကို နေစကြဝဠာဟူ၍ တိုင်းတာတွက်မှတ် ဆုံးဖြတ်ကြသည်။

အထက်ပါအချက် နှစ်ချက်တွင် မြေစကြဝဠာ ဟူ၍ဆုံး ဖြတ်မှတ်သားချက် အရကား ကမ္ဘာမြေကြီးသည် တည်ငြိမ် နေ၍ နေ-လ-ဂြိုဟ် နက္ခတ်တာရာ တို့က ကမ္ဘာမြေကြီးကို လှည့်ပတ်သွားလာနေကြသည်။

နေစကြဝဠာဟူ၍ ဆုံးဖြတ်မှတ်သားသော အချက်အရ ကား နေနှင့် နက္ခတ်တာရာတို့သည် တည်ငြိမ်နေ၍ အင်္ဂါ စသောဂြိုဟ်ကြီးများနှင့် ကမ္ဘာမြေကြီးတို့က နေကို လှည့် ပတ်သွားလာနေကြသည်။

ထိုသို့အားဖြင့် မြေစကြဝဠာ ဟူသော အချက်နှင့် နေ စကြဝဠာ ဟူသော အချက် နှစ်ချက်တို့သည် တချက်နှင့် တချက် ဆုံးဖြတ်မှတ်ယူကြပုံချင်း ကွဲပြားဆန့်ကျင်ကြသော် လည်း ဤကမ္ဘာမြေကြီး၏ အတွင်း၌ ကာလ အပိုင်းအခြား များ ဖြစ်သော နှစ်-လ-ဥတု-ရတု၊ နေ့-ည စသော အချိန် ကာလတို့၏ အဆုံးအဖြတ် အမှတ်အသားတို့တွင် ဆန့်ကျင် ကွဲပြားခြင်းမရှိဘဲ နည်းတူထပ်တူအချက်သို့ တချက်တည်း သော တူညီချက်ကို ဖော်တွက်ဖြစ်ရှိစေသည်။

ထိုနည်းအတူ နေကလှည့် နေကသွားနှင့် မြေကလှည့် မြေကသွား တည်းဟူသော အချက်နှစ်ချက်တို့ ဆန့်ကျင် လျက်ရှိကြသော်လည်း ကမ္ဘာမြေကြီး၏ သဘာဝဖြစ်သော အယနပိုင်း (တရောပိတ်အရပ်– အပူပိုင်းဇုံ) ဌာနကြီးတွင်



အဓိတ်အပိုင်းအသီးသီး၏အထက်အရပ် တည့်တည့် သို့(မွန်း တည့်ရပ်= ဇင်းနစ်) တနည်းအားဖြင့် အယနပိုင်းဌာန၌ ပါဝင်သော ကမ္ဘာ၏ လတ္တီတွဒ် အသီးသီးပေါ်သို့ နေ ရောင်ခြည် တည့်တည့် ရောက်ကြောင်းဖြစ်သော နေ၏ အယန ကြန္တိအသွား၌ အချက်နှစ်ချက်စလုံးပင်လျှင် မဆန့် ကျင်ပဲ အစဉ်ကိုက်ညီနေသည်။

ထို့ကြောင့် ကောင်းကင် နက္ခတ်ရာသီ စက်ကြီး၏ အယန ဌာနပိုင်းတွင် ဒီဂရီနှစ်ပါးတို့ သော်လည်းကောင်း၊ ကမ္ဘာ့ မြေကြီး၏ အယနပိုင်း (တရောပိတ်အရပ် – အပူပိုင်းဇုံ) ဌာနတွင် အက္ခ (လတ္တီတွဒ်) နှစ်ပါးတို့ သော်လည်းကောင်း နေ၏ ကူးရောက်ကြောင်း၊ နေရောင်ခြည် တည့်တည့် ကျ ရောက်ကြောင်းဖြစ်သော နေ၏ အယနကြန္တိသွားခြင်းကို မိမိဉာဏ်မှီသမျှဖြင့် ဖော်ပြရေးသားပါအံ့။

စီစဉ်ရေးသား ဖော်ပြမည့်နေ၏ အယန ကြန္တိ သွား ခြင်းဖြစ်သော အကြောင်းအရာများ၌ နေနှင့်ကမ္ဘာမြေကြီး တို့၏ သဘာဝ အနေအထား အရောက်အသွား အတိမ်း အပါး စသည်တို့ကို ယူဇနာ မိုင် မီတာ အစရှိသော အတိုင်း အတာ သင်္ချာပမာဏတို့ဖြင့် မဖော်ပဲ အံသာ (ဒီဂရီ) အတိုင်းအတာ သင်္ချာပမာဏတို့ဖြင့်သာလျှင် စီစဉ်ဖော်ပြ ပါမည်။

၁။ ကမ္ဘာမြေကြီး၌ စီစဉ်ပိုင်းခြား မှတ်သားအပ်သော အဝေးအကွာနှင့်စပ်ဆိုင်သည့် မျဉ်းကြောင်းအမှတ်အသား တို့၏ ယခုခေတ် ပထဝီပညာအရ အခေါ်အဝေါ်များမှာ။

(၁) အိကွေဘာ
(၂) လဂ္ဂ်ီဘွဒ် (မျဉ်းပြိုင်တန်း) များ
(၃) မြောက်လဂ္ဂ်ီတွဒ်များ
(၄) တောင်လဂ္ဂ်ီတွဒ်များ
(၅) ပရိုင်းမိရီဒီယံ
(၆) လန်ဂျီဘွင်(မိရီဒီယံ)များ (မွန်းတည့်ယန်း)
(၇) အရှေ့လန်ဂျီတွင်များ
(၈) အနောက် လန်ဂျီတွဒ်များ
(၉) တရောပစ်အရပ် (အပူပိုင်းဇုံ)
(၁၀) တရောပစ်တန်း
(၁၁) မြောက်တရောပစ်တန်း
(၁၂) တောင်တရောပစ်တန်း
(၁၃) ဒီဂရီ
(၁၄) မိနစ်

၂။ ကမ္ဘာမြေကြီး၌ စီစဉ်ပိုင်းခြား မှတ်သားအပ်သော အခေါ်အဝေါ်အတိုင်းအတာနှင့် စပ်ဆိုင်သည့် မျဉ်းကြောင်း အမှတ်အသားတို့၏ ရှေးခေတ်သရကျမ်းများအရ အခေါ်အဝေါ်များမှာ၊

(၁) ကမ္ဘာမြေကြီး၏ ဗဟိုစက်ဝန်း
(၂) ဒိဂ်များ (ဥတ္တရနှင့် ဒက္ခိဏမျဉ်းများ)
(၃) ဥတ္တရဒိဂ်များ (ဒက္ခိဏအက္ခမျဉ်းများ)
(၄) ဒက္ခိဏဒိဂ်များ (ဥတ္တရအက္ခမျဉ်းများ)
(၅) မဇ္ဈလိခ
(၆) ပုဗ္ဗ-ပရအက္ခများ



(၇) ပုဗ္ဗအက္ခများ
(၈) ပရအက္ခများ
(၉) အယနပိုင်းအရပ်
(၁၀) ယဉ်စွန်းတန်း (အယန)
(၁၁) ဥတ္တရယဉ်စွန်းတန်း (ဥတ္တရအယန
(၁၂) ဒက္ခိဏယဉ်စွန်းတန်း (ဒက္ခိဏအယန)
(၁၃) အသာ (အံသာ)
(၁၄) လိတ္တာ ထိုမှအောက်သို့ အစဉ်အတိုင်း အားဖြင့် ဝိလိတ္တာ အနုလိတ္တာ တဒနုလိတ္တာအထိ ပိုင်းဝိတ်သေး၏။

၃။ ကောင်းကင်နက္ခတ်ရာသီစက်ကြီး၌ စီစဉ်ပိုင်းခြား မှတ်သားအပ်သော အတိုင်းအတာနှင့် စပ်ဆိုင်သည့် မျဉ်းကြောင်း အမှတ် အသားတို့၏ ရှေးသရ ကျမ်းများအရ အခေါ်အဝေါ်များမှာ။

(၁) နက္ခတ်ရာသီစက်ကြီး၏ မဇ္ဈစက်ဝန်း
(၂) ဒိဂ်များ
(၃) ဥတ္တရဒိဂ်များ
(၄) ဒက္ခိဏဒိဂ်များ
(၅) မဇ္ဈစက် အံသာ၏ စရာ-ဆုံးရာ (အန္တရမျဉ်း) စက်အံသာဦးမျဉ်း)
(၆) စက်အံသာများ
(၇) ပုဗ္ဗစက်အံသာများ
(၈) ပရစက်အံသာများ
(၉) နက္ခတ်ရာသီ စက်ကြီး၏ အယနဌာန

(၁၀) ယဥ့်စွန်းတန်း(အယန = နေ၏ တန့်ရပ်ရာဌာန)
(၁၁) ဥတ္တရ ယဥ့်စွန်းတန်း = (မြောက်အဖို့၌နေ၏ တန့်ရပ်ရာဌာန)
(၁၂) ဒက္ခိဏ ယဥ့်စွန်းတန်း = ( တောင်အဖို့၌နေ၏ တန့်ရပ်ရာဌာန)
(၁၃) အံသာ(အံသာ)
(၁၄) လိတ္တာ ယိုမှအစဥ်အတိုင်းအားဖြင့် ဝိလိတ္တာ၊ အနုလိတ္တာ၊ တဒနုလိတ္တာဟူ၍ ပိုင်းစိတ်သေး၏။

၄။ ကမ္ဘာမြေကြီးနှင့် ကောင်းကင် နက္ခတ် ရာသီစက်ကြီးတို့၌ စိစဥ်ပိုင်းခြား တိုင်းတာမှတ်သားကြောင်း ဖြစ်သော အခေါ်အဝေါ်များတွင် ရှေးခေတ် သရကျမ်းများအရ ခေါ်ဝေါ်သုံးစွဲခြင်းရှိသော အချို့ ပါဠိပုဒ်များနှင့် ၎င်းတို့၏ အနက်များ။

| ပါဠိ | မြန်မာ |
|---|---|
| အံသ | =အဖို့အပိုင်းအစု၊ စက်ဝိုင်း၏ အံသာ |
| အက္ခ | =မြေကြီး၏ဖျက်အကျယ်၊ ဝင်ရိုး |
| အယန | =ခရီးလမ်း၊ဒက္ခိဏာယန-ဥတ္တရာယနဟုဆိုအပ်သော နေ၏အသွားအယဥ့်နှစ်ပါး။ |
| အ-ယာန | =တန့်ရပ်ခြင်း၊ပကတိသော ဓာတ်သဘော။ |
| ကမ | =(၁)အစီအစဥ်(၂)သွားခြင်း |
| ဂေါဠ | =အလုံး၊အဝန်းအဝိုင်း၊ (ဂေါလ)။ |
| တက္ကာလ | =ထိုခဏ လက်ငင်း၊ |
| တနု | =လျော့ပါးသော၊ နည်းသော၊သေးငယ်သော။ |
| နတ | =ကိုင်းညွတ်သော၊ ကွေးကောက်သော။ |



| | |
|---|---|
| ပုဗ္ဗ | =အရှေ့ အရပ်နှင့်ဆိုင်သော၊ |
| ပရ | =အနောက်အရပ်နှင့်ဆိုင်သော၊ |
| ပရိဓိ | =စက်ဝိုင်းအဝန်း၊ နေအိမ်ဝန်း၊ လအိမ်ဝန်း။ |
| ဖုဋ | =ထိသည်၊တေ့စပ်သည်။ |
| ဘုဇ | =အကောက်အကွေး။ |
| ဘုတ္တိ | =ခံစားခြင်း၊စားခြင်း။ |
| မန္ဒ | =နှေးနှေးသော၊ အနည်းငယ်။ |
| ရဝိ | =နေ(သူရိယ)၊ တနင်္ဂနွေဂြိုဟ်။ |
| ဝိ | =ဝေးကွာခြင်း၊ပြောင်းလွှဲခြင်း။ |
| ဝိဝရ | =အခွင့်၊အခေါင်း၊အပေါက်။ |
| ဝိက္ခေပ | =ဖျော်ကြည့်ခြင်း။ |
| သာယန | =လျက်ခြင်း။ |
| ကရ | =အရောင်၊ပြုလုပ်ခြင်း။ |
| အန္တ | =အဆုံး၊အတွင်းအစွန်း၊နယ်စပ် အပိုင်းအခြား။ ကောန်အမှန်သိခြင်း၊အဖို့။ |
| အန္တရ | =အတွင်း၊အဆုံး၊မှန်ကန်စွာ၊ အလယ်၊ တည်ရာ၊ အပိုင်းအခြား။ |

ပီလာ (ပေါရာဏ) =ကန့်လန့်၊နံဘေးအရပ်။

မှတ်ချက်။ ။ဒိဂ်မဏ္ဍနှင့်ကြန္တိဟူသော အခေါ် စကားတို့မှာ ပါဠိဘာသာများ မဟုတ်ပဲ သက္ကဋ ဘာသာစကားများဖြစ်လိမ့်မည်ဟု ယူဆပါသည်။ သို့သော် ရာသီနက္ခတ်စက်ကြီး အခေါ်အဝေါ် အတိုင်းအတာတို့တွင် ဒိဂ်သည် အနံအဖို့၊မဏ္ဍသည်အလျားအဖို့နှင့် ကြန္တိသည် အယနဌာန၏ အတွင်းတွင် အနံအဖို့သို့ နေရောက်ခြင်း သို့မဟုတ်နေရောင်

ခြည်တည့်တည့် ကျရောက်ခြင်း ဖြစ်ကြောင်းကို ပြဆိုသော အက္ခအံသာများဟူ၍ ယူဆရန်ရှိသည်။

၅။ ကောင်းကင် နက္ခတ်ရာသီစက်ကြီး၏ အယနဌာန။ ကောင်းကင် နက္ခတ်ရာသီ စက်ကြီးတွင် ဥတ္တရ ယဉ်စွန်းတန်းနှင့် ဒက္ခိဏ ယဉ်စွန်းတန်းတို့၏ အကြား ဖြစ်သော နေ၏ ကူးရောက် ရွေ့ရှားရာ ခရီးဌာနဖြစ်သော ပမာဏ အပိုင်းကြီးကို ကောင်းကင်နက္ခတ်ရာသီစက်ကြီး၏ အယန ဌာနကြီးဟု ခေါ်ဆိုသည်။

ထိုကောင်းကင် နက္ခတ်ရာသီစက်ကြီး၏ အယနပိုင်းဌာန တွင်မြောက်နှင့်တောင် အကျ(ဗျက်အကျယ်)ပမာဏကိုအနံ၊ အရှေ့အနောက်ခရီးအဝန်းကြီးကိုအယနအလျားဟူ၍ခေါ် ဆိုသင့်ပေသည်၊

ကမ္ဘာမြေကြီး၏ အယနဌာန။ ။ကမ္ဘာ မြေကြီးတွင် ကောင်းကင်နက္ခတ်ရာသီ စက်ကြီး၏ အယနဌာနကြီးအောက် ဝယ် တည့်တည့်မတ်မတ် ထပ်တူ ထပ်မျှ ကျရောက်တည်ရှိ သော ဌာနပမာဏ အပိုင်းကြီးကို ကမ္ဘာမြေကြီး၏ အယန ဌာနကြီးဟု ခေါ်ဆိုသည်။ (ခေတ်ပထဝီ ပညာရပ်များတွင် အပူပိုင်းဇုံးသို့မဟုတ်- တရောပစ် အရပ်ဟူ၍ခေါ်ဆိုသည်။)

ကမ္ဘာမြေကြီး၏ အယနဌာနတွင် မြောက်နှင့်တောင်။ အကျ (ဗျက်အကျယ်) ပမာဏကို အယနအနံ။ အရှေ့အ နောက်ခရီးအဝန်း ပမာဏကြီးကို အယန အလျားဟူ၍ ခေါ်ဆိုသည်။

၆။ အယန = ယဉ်စွန်းတန်းဌာန။ ။ကောင်းကင်



နက္ခတ်ရာသီ စက်ကြီး၌ရှင်း၊ ကမ္ဘာမြေကြီး၌ရှင်း၊ အယန ဌာနကြီးများ၏ အနံထိပ်စွန်းနှစ်ဘက် ဖြစ်သော နေသည် ဗိလာအတိမ်းအပါးအားဖြင့် မြောက်နှင့်တောင် အရပ်များ သို့ အရောက်နိုင်ဆုံးသော ( သဘာဝအရ နေ၏ တန့်ရပ်ရာ) ဌာနများကို အယန ( ယဉ်စွန်းတန်း ) ဌာနဟု ခေါ်ဆို မှတ်သားထားသည်။

မြောက်သို့ နေအရောက်နိုင်ဆုံးသော (သဘာဝအရ နေ၏ တန့်ရပ်ရာ) ဌာနကို ဥတ္တရယဉ်စွန်းတန်းဟု ခေါ်ဆို ၍ တောင်သို့နေ အရောက်နိုင်ဆုံးသော (သဘာဝအရ နေ၏ တန့်ရပ်ရာ) ဌာနကို ဒက္ခိဏ ယဉ်စွန်းတန်းဟု ခေါ် ဆိုမှတ်သားထားသည်။

အယန အဆုံးအဖြတ် ကွဲပြားချက်၊ ။ရှေးခေတ်သရ နက္ခတ်ကျမ်းများနှင့် ယခုခေတ် ပထဝီပညာ၏ အယန ဆုံးဖြတ်ပုံများ မတူမညီကြပဲ အနည်းငယ်အားဖြင့် ကွဲပြား ခြားနားခြင်းရှိနေသည်။ သရနက္ခတ်ကျမ်းများတွင် မဇ္ဈေ စက်ဝန်း (ဤကွေတာ)မှ မြောက်ဖက်နှင့် တောင်ဖက် အရပ်တို့သို့ ၂၄အံသာ (ဒီဂရီ) အတိအကျစီ ဆုံးဖြတ် မှတ်သားထားရှိ၍ ပထဝီပညာတွင် မဇ္ဈေစက်ဝန်း (ဤ ကွေတာ)မှ မြောက်ဖက်နှင့် တောင်ဖက်အရပ်တို့သို့ ၂၃ ၁/၂ ဒီဂရီ (၂၃အံသာ ၃၀လိတ္တာ) ကျစီသာလျှင် စိစဉ်ဆုံး ဖြတ်မှတ်သားထားသည်။

၇။ သရတွက်ရိုးကျမ်းများတွင် တွက်ယူမှတ်သားသော အယန။ နေ၏ ကြန့်ကူးရောက်ခြင်း၌ အခါကာလအား လျော်စွာ မှန်ကန်ခြင်းဖြစ်စေရန် ကောင်းကင်နက္ခတ်ရာသီ

စက်ကြီး၏ အယနဌာနနှင့် ကမ္ဘာမြေကြီး၏ အယနဌာနတို့သည် တခုနှင့်တခု သဘာဝအရ မည်သည့် အခါကာလမျှ တောင်နှင့်မြောက် ဇာနည်ချင်းတို့၌ တိမ်းယိမ်း ကွဲကွာခြင်းမရှိကြပါပဲလျက် ထိုတိမ်းယိမ်းကွဲကွာခြင်း ရှိဘိသကဲ့သို့လည်းကောင်း၊ ထိုပြင်နေ၏သဘာဝအရ ရာသီကူး ရာသီရောက်ဖြစ်သော တနေ့အသွား၌ အစိအစဉ်အားဖြင့် တက္ကာလ အချိန်များအလိုက် ဆိုက်ရောက်လျက်ရှိသော ရဝိဖုဋ္ဌဌာနမှ အားရှေ့အဖို့သို့သော်၎င်း၊ အနောက်အဖို့သို့သော်၎င်း လွန်ခြင်း ယုတ်ခြင်းမရှိပါပဲလျက် လွန်ခြင်း ယုတ်ခြင်း ရှိနိုင်လေဘိသကဲ့သို့ နှစ်ကာလတို့အားလျော်စွာ တနှစ်အဖို့သော် ၅၄-ဝိလိတ္တာ၊ ၆၆ နှစ်နှင့် ၈-လ အဖို့သော် ၁-အံသာ။ နှစ်ပေါင်း ၁၈၀၀ အဖို့သော် ၂၇ အံသာ အတိအကျတည်းဖြင့် အလွန်နိုင် အယုတ်နိုင်ဆုံး လွန်-ယုတ် ခြင်း ရှိရမည်ဟု ယူဆောင် ထည့်သွင်း မှတ်သားကြောင်း ဖြစ်သော ယူဆောင်ခြင်း (တက္က) အချက်ကိုပင်လျှင် ကိန်းဆင်တွက်ယူထားလျက် အယနက္ခတ်နည်းဟူသော အမည်ရပ်ကိုခေါ်မှတ်သားသော အချက်ဖြစ်သည်။

ထိုသို့သောအားဖြင့် ခေတ် နှစ် ကာလများ အလိုက် ယိမ်းယိုင် လွန်ယုတ်ခြင်းရှိကြောင်းကို ဖြစ်ပေါ်ရရှိစေသော အယန နက္ခတ်ကိန်းအရ ရရှိဖြစ်ပေါ်သော အံသာလိတ္တာ ပမာဏသည် နေ၏ အကယ်ဆိုက်ရောက်သော စက်အံသာ ပမာဏမဟုတ်၊ ရောက်လေဘိသကဲ့သို့သဘောလျှင် ယူဆောင် ထည့်သွင်း မှတ်သားရသော ယူဆောင်ခြင်း (တက္က) အချက်မျှသာ ဖြစ်သည်။



အချို့သော သူတို့သည် ထိုယူဆောင် ထည့်သွင်း မှတ်သားကြောင်းဖြစ်သော အယနက္ခတ်ကိန်း၏ အများနိုင်ဆုံးတွက်ရ အရေဖြစ်သော ၂၇ အံသာကို အကိုး အကားပြုလျက် ရာသီစက်သည် တောင်သို့ ၂၇ အံသာ၊ မြောက်သို့ ၂၇ အံသာ ယိမ်းယိုင်ခြင်း ရှိနိုင်သည်ဟု ယူဆပြောဆိုရေးသားကြ၏။

ရာသီစက်သည် နက္ခတ်စက် ဖြစ်သောကြောင့် နက္ခတ်တို့သည် မိမိတို့ နေမြဲ ရောက်မြဲ ဌာနများကို မစွန့်၊ မြဲသောသဘာဝ ရှိကြသည်ဖြစ်၍ မည်သည့် အခါ ကာလတွင်မျှ တောင်မြောက် မရွေ့မရှားကြောင်း၊ တိုင်းတာရ တွက်ရ၊ မျက်မြင် ဒိဋ္ဌဖြစ်သော သာဓကတို့ဖြင့် နှိုင်းဆ ဆင်ခြင်၍ သိနိုင်သည်။

နက္ခတ်ရာသီ စက်ကြီးသည်လည်းကောင်း၊ နက္ခတ်ရာသီစက်ကြီး၏ အယန သဘာဝကြီးသည် လည်းကောင်း၊ တောင်နှင့်မြောက် အရပ်များသို့ မည်သည့် အခါကာလတွင်မျှ ယိမ်းယိုင်ရွေ့ရှား တိမ်းပါးခြင်းမရှိ။ နေသည်သာလျှင် တက္ကာလ အချိန်များအရ ဆိုက်ရောက်လျက် ရှိသော ရဝိဖုဋ္ဌ၏ တောင်မြောက် မှန်းတည်တန်း တတန်းတည်း အရပ်သို့ အယနက္ခတ်ကိန်းမှ ရရှိသော အရေ အံသာ လိတ္တာ ပမာဏ၏ အချိုးကျမှ ရောက်သင့်သမျှ အချိုးအစားအရ (တနေ့အလျား အသွားတွင် ဖိလာအန်သို့ရောက်ရသော အချိုးအစားအတိုင်း) ခန်းတန့်များ၏ သဘာဝ ပမာဏများကို လိုက်လျက် တိမ်းပါးခြင်းရှိသည်။ (ဤ၌

ကမ္ဘာမြေ၏ တည့်စောင်း လည် လှည့် စသော အရွေ့ အရောက်) သဘာဝများကို သင်း၍ ကြံဆစရာရှိသည်။

၈။ ရဝိဖုဋ္ဌ။ ။ရဝိဖုဋ္ဌဟူသည်ကား ကောင်းကင်နက္ခတ်ရာသီစက်ကြီးတွင် နေ၏ ရာသီကူး ရာသီရောက် ဖြစ်သော တနုသွားအရ တက္ကာလ အချိန်များ အလိုက် ဆိုက်ရောက်ရာ မှန်းတည့်တန်း ဌာနဖြစ်သည်။ (စက်အံသာ)

သက္ကရာဇ်တခုဖြစ်သော တနှစ်တနှစ်တို့၏ အဖို့ နှစ်စဉ် ရိုက်နှိပ်ရောင်းချလျက်ရှိသော သံဒိဋ္ဌနေ့စဉ် ကြယ်ဂြိုဟ်သွား ပြက္ခဒိန်များ၌ ရက်အသီးသီးတို့၏အဖို့ ဖော်ပြထားသော တနင်္ဂနွေဂြိုဟ် (နေ)၏ ရာသီအံသာလိတ္တာများသည် မြန်မာနိုင်ငံ အမရပူရ ဒေသန္တရ၏ သန်းခေါင် တက္ကာလအချိန်အရ ဖော်ပြထားသော ရဝိဖုဋ္ဌရာသီအံသာလိတ္တာများဖြစ်ကြ၏။

၎င်းရဝိဖုဋ္ဌရာသီ အံသာလိတ္တာကို တွက်ရိုးသရကျမ်းများ၌သုဘတ္တာ၊ မဓိမဂြိုဟ်စင်ဟူ၍လည်း၊ အထူးထူးအပြားပြား ခေါ်ဆိုသ ားသည်။

ကျယ်ဝန်းမည်ဖြစ်သဖြင့် ရဝိဖုဋ္ဌ တွက်နည်းကို မထည့်တော့ပြီ။ တွက်ယူလိုက သံဒိဋ္ဌ တွက်ရိုးများတွင် ကြည့်ရှုတွက်ယူရာ၏၊ မတွက်မယူရပဲ နေ့စဉ်နေ့တိုင်းတို့၏ ရဝိဖုဋ္ဌများကို အလွယ်တကူ သိလိုပါက သံဒိဋ္ဌ နေ့စဉ်ကြယ်ဂြိုဟ်သွား ပြက္ခဒိန်တွင် တွက်ယူဖော်ပြထားသော ရဝိဖုဋ္ဌများကို ကြည့်ယူနိုင်သည်။

၉။ သာယနရဝိ။ သာယနရဝိဟူသည်ကား ရဝိဖုဋ္ဌတွင် ယူဆောင် ထည့်သွင်း မှတ်ထားကြောင်း ဖြစ်သော



အယနတွက်ကိန်းမှ ရရှိသည့် အံသာလိတ္တာကို ပေါင်းယူရသော ခေတ် ဖြစ်လျှင် ပေါင်းယူခြင်း၊ နုတ်ပယ်ရသော ခေတ်ဖြစ်လျှင် နုတ်ပယ်ခြင်းအားဖြင့် ရရှိအပ်သော အကြောင်းပြ ရာသီအံသာလိတ္တာဖြစ်သည်။

ထိုအကြောင်းပြ သာယနရဝိကို အခြေခံသား၍ တွက်ယူပါမှ နေ၏ ဇီလာအယန သွားဖြစ်သော ကြန္တိအသွားဖြင့် ဆိုက်ရောက်ရာဌာနဖြစ်သော ဂေါဠ၊ ဘုဇ၊ ခန်းဘန်၊ ခန်းဝင်နှင့် ကြန္တိအံသာလိတ္တာ၊ ဝိလိတ္တာ ပမာဏကို ရရှိနိုင်သည်။

၁၀။ ရဝိဖုဋ္ဌနှင့် သာယနရဝိတို့တူညီသော ဗဟိုနှစ်။ ။ ရဝိဖုဋ္ဌကို သာယနရဝိအဖြစ် ရရှိစေရန် ပေါင်းရကြောင်း၊ သို့မဟုတ် နုတ်ရကြောင်းဖြစ်သောအံသာလိတ္တာ ပမာဏကို ရရှိထွက်ပေါ်စေကြောင်းဖြစ်သော တနှစ်အဖို့ ၅၄ ဝိလိတ္တာ၊ ၆၆ နှစ်နှင့် ၈-လ အဖို့ တအံသာ၊ နှစ်ပေါင်း ၁၈၀၀ အောက် ၂၇ အံသာကိုရရှိဖြစ်ပေါ်စေသည့် အယနတွက်ကိန်း၏ သဘောသည် ဂေါဠအတက် အသက် အထွက် အဝင် လေးကြိမ်အတွက် နှစ်ပေါင်း ၇၂၀၀ တွင် တပတ်လည်သည်ဖြစ်၍နှစ်ပေါင်း ၃၆၀၀ တွင်တကြိမ်ကျပေါင်းရန်နှင့်နုတ်ရန်ဖြစ်သောအံသာပမာဏသည်အသုဉ်း(သုည-၀) ကို ရရှိလျက် ကောင်းကင် နက္ခတ်ရာသီစက်ကြီးတွင် နေ၏ တနုသွား အရ အဆိုက် အရောက် အတိမ်းအပါးဖြစ်သော ရဝိဖုဋ္ဌနှင့် သာယနရဝိ တည်းဟူသော အကြောင်းနှစ်ပါး တို့ မကွဲမပြား တူညီကြသောကြောင့် ကလိယုဂ် ၄၃၂၀၀ တွင် [illegible] ား၍ ရသောရလဒ် ၁၂၀ သည် ကလိယုဂ်

တခေတ်၌ ရဝိဖုဋ္ဌနှင့် သာယနရဝိတို့ တူညီကြသောအကြိမ်ပေါင်းဖြစ်၏။ ဤသို့တူညီကြခြင်းသည် တကြိမ်လျှင် တနှစ်အတိုမျှသာဖြစ်၍ ထိုနှစ်မျိုးကို ရဝိဖုဋ္ဌနှင့် သာယနရဝိတို့ တူညီသောနှစ် သို့မဟုတ် ဗဟိုနှစ်ဟူ၍ ခေါ်ဆိုသင့်သည်။

တွက်ရိုးတွက်ပုံတို့ကို အစုံအလင် ထည့်သွင်းဖော်ပြခြင်း မပြုသော နက္ခတ်ကျမ်းများ၊ ဆေးကျမ်းများနှင့် လောကုပ္ပတ္တိကျမ်းများ၌ နေ လ နက္ခတ်တာရာတို့၏ သွားလာလှည့်ပတ်ခြင်းနှင့် အယဉ်၊ ဝိထိ၊ ဥတု၊ ရတု မာသ စသော သဘာဝအပိုင်းအခြားများတွင် ကောင်းကင် နက္ခတ်ရာသီစက်ကြီး၌ နေ၏ သဘာဝအရ အသိုက် အရောက် အနေအထားများကို ပြဆို ဆုံးဖြတ်ထားချက်များသည် ရဝိဖုဋ္ဌနှင့် သာယနရဝိတို့ တူညီသော ဗဟိုနှစ်များ၏ နေသွားကြန္တိလမ်းအရကိုသာလျှင် ပြဆိုထားခြင်းတို့ဖြစ်ကြ၍ နေ၏ တနုသွားဖြစ်သော ရဝိဖုဋ္ဌ (အလျားရောက်) အဖို့၌သာ နှစ်စဉ်နှစ်တိုင်း မှန်ကန်ကိုက်ညီခြင်း ရှိနိုင်လျက် သာယနရဝိဖြင့် တွက်ယူမှ မှန်ကန်ခြင်းကို ရရှိနိုင်သော ဖီလာ (အနံရောက်)တွင် ဗဟိုနှစ်များမှတပါး အခြားနှစ်များ (ခေတ်များ) အဖို့၌ မှန်ကန်ကိုက်ညီခြင်း မဖြစ်နိုင်။ အပေါင်းခေတ် အနုတ်ခေတ်များအလိုက် လွဲကွာချက်များ ရှိနိုင်သည်၊ လွဲကွာချက်များ ရှိသောအခါကာလတို့အဖို့ နေ၏ ကြန္တိသွား (အနံရောက်) ကိုကား တွက်ရိုးတွက်ပုံ ကျမ်းတို့၌သာ တွက်နည်းတွက်ပုံအစုံအလင်တို့ဖြင့် ပြဆိုထားသည်။

၁၁၊ အပေါင်းခေတ်နှင့် အနုတ်ခေတ်။ ။တွက်ကိန်း အယန၏ တွက်ရဖြစ်သောအသာ လိတ္တာ ပမာဏသည် ရဝိ



ဖုဋ္ဌရာနကြီးတွင် ရှေ့အဘို့၌ကျရောက်သင့်သကဲ့သို့ ကြိုသောအခါဖြစ်သဖြင့်ထိုတွက်ကိန်းအယန၏ တွက်ရနှင့် ရဝိဖုဋ္ဌကို ပေါင်းယူခြင်းပြုမှ သာယနရဝိအဖြစ်သို့ ရောက်စေနိုင်သော ခေတ်ကာလများကို အပေါင်းခေတ်ဟူ၍ လည်းကောင်း တွက်ကိန်း အယန၏ တွက်ရသည့် ရဝိဖုဋ္ဌရာန၏ နောက်အဘို့၌ ကျရောက်သင့်သကဲ့သို့ ကြိုသောအခါဖြစ်သဖြင့် ထိုတွက်ကိန်း အယန၏ တွက်ရဖြင့် ရဝိဖုဋ္ဌ တွင် နုတ်ယူခြင်းပြုမှ သာယနရဝိ အဖြစ်သို့ ရောက်စေနိုင်သော ခေတ်ကာလများကို အနုတ်ခေတ်ဟူ၍လည်းကောင်း ခေါ်ဆိုသင့်သည်။

ကလိယုဂ် တခေတ်၌ အပေါင်းခေတ် အကြိမ် ၆၀နှင့်အနုတ်ခေတ် အကြိမ် ၆၀ စီကို ရရှိဖြစ်ပေါ်စေ၍ အပေါင်းခေတ်နှင့် အနုတ်ခေတ်တို့သည် တကြိမ်လျှင် နှစ်ပေါင်း ၃,၆၀၀ ကျစီဖြစ်ကြရသည်။ နေသည်ကောင်းကင် နက္ခတ်ရာသီစက်ကြီးတွင် ဗဟိုနှစ်များ၏နေသွား ကြန္တိလမ်းစဉ် သဘာဝကြီးမှ အပေါင်းခေတ် နှင့် အနုတ်ခေတ်များကိုလိုက်လျက် တက္ကာလအချိန်များ၌ ဆိုက်ရောက်လျက် ရှိသည့် ရဝိဖုဋ္ဌ တောင်မြောက် မှန်း တည့် တန်း တတန်းတည်းတွင် အပေါင်းခေတ်သော် မြောက်သို့၊ အနုတ်ခေတ်သော် တောင်သို့ တွက်ကိန်း အယန၏ တွက်ရဖြစ်သော တနု (အလျား) သွား ပမာဏ အချိုးကျမှ ဖီလာ (အနံ) ခရီးသို့ ရွှေ့ရောက်ခြင်း ရှိရသော သဘာဝအချိုးကျ အတိုင်း ဂေါ္ဋ၊ ဘုဇ၊ ခန်းတန့်တို့၏ ပမာဏ သဘာဝများ ကိုလိုက်လျက် ရွှေ့ရောက်တိမ်းပါးခြင်းများ ရှိသည်။ (အပေါင်းခေတ်နှင့် အနုတ်ခေတ်တို့ကို တွက်ကိန်း အယန၏ တွက်ရ

ဂေါဠဖြင့် ခွဲခြား၍ သိနိုင်ပါလိမ့်မည်။ တွက်ကိန်းကို ၁၁ ပိုဒ် ၁၇-၈ တွင်ကြည့်ပါ။)

## ၁၂။ ဗဟိုနှစ်နေသွား ကြန္တိလမ်းအရအဓိကဌာနကြီးများသို့ နေဆိုက်ရောက်ခြင်းများ

ကောင်းကင်နက္ခတ် ရာသီစက်ကြီးတွင် ဗဟိုနှစ်၏ နေသွားကြန္တိလမ်းစဉ်ကြီးနှင့် နေသွားသောအခါဝယ် နေသည် နက္ခတ်ရာသီစက်ကြီး၏ ဆုံးရာ ၀-ရာ ဖြစ်သော စက်၏ အံသာ ၃၆၀ အပြည့်သို့အရောက် ရဝိဖုဋ ၀-ရာသီ၊ ၀-အံသာ၊ ၀-လိတ္တာ၊ (မဟာသင်္ကြန်ကျသောအချိန် ) မိန်ရာသီ အဆုံးတွင် နက္ခတ်ရာသီစက်ကြီး၏ မဇ္ဈေစက်ဝန်း အရပ်တည့်တည့်သို့ နေဆိုက်ရောက်သည်။

ဗဟိုနှစ်များ၌နေသည် စက်၏ အံသာ ၉၀ အပြည့်သို့ အရောက် ရဝိဖုဋ ၃-ရာသီ၊ ၀-အံသာ၊ ၀ - လိတ္တာအရ မေထုန်ရာသီ၏ အဆုံးတွင် ဥတ္တရ ယဉ်စွန်းတန်း အရပ်တည့်တည့်သို့ ဆိုက်ရောက်၏။

ဗဟိုနှစ်များ၌ နေသည် စက်၏အံသာ ၁၈၀ အပြည့်သို့ အရောက် ရဝိဖုဋ ၆-ရာသီ၊ ၀-အံသာ၊ ၀-လိတ္တာ အရ ကန်ရာသီ၏အဆုံးတွင် မဇ္ဈေစက် တည့်တည့်သို့ ဆိုက်ရောက်၏။

ဗဟိုနှစ်များ၌ နေသည် စက်၏ အံသာ ၂၇၀ အပြည့်သို့ အရောက် ရဝိဖုဋ ၉-ရာသီ၊ ၀-အံသာ၊ ၀- လိတ္တာအရ ဓနုရာသီ၏ အဆုံးတွင် ဒက္ခိဏ ယဉ်စွန်းတန်း တည့်တည့်သို့ ဆိုက်ရောက်၏။



ဗဟိုနှစ်များ၌ မဇ္ဈေစက်နှင့် ယဉ်စွန်းတန်း အရပ်များသည်ထိုနေ၏ကြန္တိသွားအရ ဆိုက်ရောက်ခြင်းများကို အထက်ဖော်ပြချက်များ အတိုင်း ပုံမှန် အတိအကျအားဖြင့် မှတ်သားထားနိုင်သော်လည်း အပေါင်းခေတ်နှင့် အနုတ်ခေတ်များ အပိုင်တွင်ကား ပုံမှန် အတိအကျ မှတ်သားထားနိုင်ခြင်း မရှိ။ ခေတ်နှစ်ခေတ်တို့၏ သာယနရဝိ ရာသီအရပ်တို့ဖြင့် သတ်မှတ်တွက်ယူရသည်။

ယခုမြန်မာသက္ကရာဇ် ၁၃၀၄- ခုနှစ် တွက်ကိန်းအယနအရ အပေါင်းခေတ်၏ ၂၂ အံသာ၊ ၅၇ - လိတ္တာ၊ ၅၄ ဝိလိတ္တာ ရရှိထွက်ပေါ်သောနှစ် ဖြစ်သဖြင့် နေသည် ဗဟိုနှစ်များ၌ စက်အံသာနှင့် ရဝိဖုဋများအရ ဆိုက်ရောက်မြဲ ဖြစ်သော ကြန္တိဌာန(ဒိဂ်အရပ်)များသို့ ထိုစက်၏ အံသာ ရပ်နှင့် ရဝိဖုဋအရပ်များသို့ မရောက်မီ ၂၂-အံသာ၊ ၅၇-လိတ္တာ၊ ၅၄-ဝိလိတ္တာအလိုတွင် ဆိုက်ရောက်ခြင်းကို ဖြစ်ရှိနေလေပြီ။ အယနတွက်ပုံကို ရှေ့၌ ဖော်ပြပါအံ့။

၁၃။ ဂေါဠ။ ဂေါဠဟူသည်ကား အလုံး၊ အဝိုင်းဟူသော အနက်ကိုရရှိလျက် ကောင်းကင် နက္ခတ်ရာသီစက်ကြီးနှင့် ပထဝီမြေကြီး၏ ဗဟိုစက်ဝန်း (အီကွေတာ)မှ မြောက်ဘက်နှင့် တောင်ဘက်အရပ်များဖြစ်သော သဘာဝ၊ပမာဏများ၌ တည်ခြင်းရှိကြသော အယနအန္တဌာနကြီး၏ ဘက်အသီးသီးဖြစ်သော မဇ္ဈေစက်ဝန်း (အီကွေတာ)မှ ဥတ္တရ ယဉ်စွန်း( မြောက်ကာရေမှဖ် ) ထန်း အင်္ဂါရပ်တို့ ဥတ္တရ ဂေါဠဟု ခေါ်ဆို၍ မဇ္ဈေစက်ဝန်း(အီကွေတာ)မှ ဒက္ခိဏ

ယဉ်စွန်း(တောင်တရောပစ်)တန်းအထိ အရပ်ကို ဒက္ခိဏ ဂေါဠဟူ၍ ခေါ်သည်။

တနည်းအားဖြင့် နေသည် ဥတ္တရ ဂေါဠ အရပ်တွင် သာယနရာသီမိဿရာသီမှ အစပြု၍ သာယနရာသီ ကန်ရာသီဆုံးသည်အထိ မိဿရာသီကို အစအဦးပြု၍ ဆိုက်ရောက်ခြင်းရှိရသောကြောင့် မိဿရာသီကို ရဦးအစ နာမပညတ်ဖြစ်တင်ပြီးလျှင် ဥတ္တရဂေါဠကို မိဿဂေါဠဟု ခေါ်ဆို၍ နေသည် ဒက္ခိဏဂေါဠအရပ်တွင်သာယနရာသီတူရာသီမှအစပြု၍ သာယနရာသီမိန်ရာသီဆုံးသည်အထိ တူရာသီကို အစအဦး ပြု၍ ဆိုက်ရောက်သောကြောင့် တူရာသီကို ရဦးအစ နာမပညတ်ဖြစ်တင်ပြီးလျှင် ဒက္ခိဏ ဂေါဠကို တူဂေါဠဟူ၍ ခေါ်ဆိုသည်။

တနည်းအားဖြင့် သာယနရာသီရာသီကို ၃ခုဖြင့်စား၍ ရရှိအပ်သော ရလဒ်များအရ ၀-၁-၂-၃- ဟူ၍ဂဏန်းစွဲအားဖြင့် ဂေါဠလေးမျိုးလေးစားခွဲခြားခေါ်ဆိုသားပြန်သည်၊ (ဤသို့စားရာ၌ရလဒ် ၄-မှ အထက်သို့ရ၍နေလျှင် ဂေါဠလေးမျိုးသာရှိသောကြောင့် ၄-ဖြင့်ထပ်၍ စားရမြန်၏) ဂဏန်းစွဲဂေါဠ လေးမျိုးတွင် သုည၊ဧက (၀နှင့်၁) တို့မှာ ဥတ္တရ(မိဿ)ဂေါဠဖြစ်၍ ပက္ခ၊ရာမ (၂-၃)တို့မှာ ဒက္ခိဏ ဂေါဠဟူ၍ ဖြစ်ကြသည်။

ဂဏန်းစွဲဖြင့် ခေါ်ဆိုသော ဂေါဠတွင် အစုံ=(စုံ)ဖြစ်သော သုညပက္ခ (၀နှင့်၂) ဂေါဠတို့ကား နေသည်မဇ္ဈစက်ဝန်း(အီကွေတာ)မှ ယဉ်စွန်း(တရောပစ်)တန်း နှစ်ခုသို့ သဘာဝအရ တစတစ ရွေ့ရောက်ခြင်း ရှိသောအထွက်



(အတ )ဂေါဠများဖြစ်လျက် မစုံ(မ) ဖြစ်သော ဧက၊ ရာမ၊(၁နှင့်၃) ဂေါဠတို့ကား ယဉ်စွန်း(တရောပစ်)တန်း နှစ်ခုမှ မဇ္ဈစက်ဝန်း(အီကွေတာ)သို့ သဘာဝအရ တစတစ ရွေ့ရောက်ခြင်းရှိသောအဝင်(အသက်) ဂေါဠတို့ဖြစ်ကြသည်။

ဂေါဠနှင့်စပ်ဆိုင်သော ဥတ္တရ၊ ဒက္ခိဏ၊ တက်-သက်၊ ထွက်၊ဝင်၊ဆန်၊စုန်၊သွား၊ပြန်ဟူသော အကြောင်းရပ်တို့မှာ အယနဌာနကြီး၏ အနံ့ခရီးတွင် မဇ္ဈစက်ဝန်း(အီကွေတာ)ကို ပဟိုပြု၍ ခေါ်ဆိုမှတ်သော အကြောင်းရပ်များဖြစ်ကြသည်။

နေ၏ကြန္တီသွားအရ ဂေါဠရပ်တို့သို့ တက်-သက်-ထွက်-ဝင် ဟုသုံးသောစကားများသည် အယဉ်နှစ်ပါးသွားခြင်း၌ ဒက္ခိဏယဉ်ခရီးတွင် ဩရယာဂမန(သက်၍သွားသည်) ဥတ္တရ ယဉ်ခရီးတွင် အာရုဟဂမန (တက်၍သွားသည်) ဆိုသော အချက်များနှင့် တက်-သက်-ခေါ်ပုံ- တပါးတည်းတူညီခြင်းရှိသည်ဟု မယူဆသင့်။

၁၄။ ဒိဂ်=လတ္တိတွဒ်၊ ၊ကောင်းကင်နက္ခတ် ရာသီစက်ကြီး၌ရှင်း ဒိဂ်(လတ္တိတွဒ်)အံသာ(ဒီဂရီ) ပေါင်းတို့မှာ မဇ္ဈစက်ဝန်း(အီကွေတာ)၏ မြောက်ဖက်နှင့် တောင်ဖက်တို့၌ ၉၀ အံသာ(ဒီဂရီ) အသီအသီဖြစ်ကြသည်။ထို အံသာ(ဒီဂရီ) ပေါင်းတို့ အနက်နေ၏ အယန,သွားရောက်ကူးရောက်, ခြင်းသည် ယဉ်စွန်းတန်း (အယန-တရောပစ်တန်း) နှစ်ခုတို့၏ အကြား၌သာ ဖြစ်သည်။

ယှဉ်စွန်း(တောင်တရော်ပစ်)တန်းအထိ အရပ်ကို ဒက္ခိဏ ဂေါဠဟူ၍ ခေါ်သည်။

တနည်းအားဖြင့် နေသည် ဥတ္တရ ဂေါဠ အရပ်တွင် သာယနရဝိမိဿရာသီမှ အစပြု၍ သာယနရဝိ ကန်ရာသီဆုံးသည်အထိ မိဿရာသီကို အစအဦးပြု၍ ဆိုက်ရောက်ခြင်းရှိရသောကြောင့် မိဿရာသီကို ရဝိအစ နာမပညတ်ဖြစ်တင်ပြီးလျှင် ဥတ္တရဂေါဠကို မိဿဂေါဠဟု ခေါ်ဆို၍နေသည် ဒက္ခိဏဂေါဠအရပ်တွင်သာယနရဝိတူရာသီမှအစပြု၍ သာယနရဝိမိန်ရာသီဆုံးသည်အထိ တူရာသီကို အစအဦးပြု၍ ဆိုက်ရောက်သောကြောင့် တူရာသီကို ရဝိအစ နာမပညတ်ဖြစ်တင်ပြီးလျှင် ဒက္ခိဏ ဂေါဠကို တူဂေါဠဟူ၍ ခေါ်ဆိုသည်။

တနည်းအားဖြင့် သာယနရဝိရာသီကို ၃ခုဖြင့်စား၍ ရရှိအပ်သော ရလဒ်များအရ ၀-၁-၂-၃- ဟူ၍ဂဏန်းစွဲအားဖြင့် ဂေါဠလေးမျိုးလေးစားခွဲခြားခေါ်ဆိုသေးပြန်သည်၊ (ဤသို့စားရာ၌ ရလဒ် ၄-မှ အထက်သို့ရ၍နေလျှင် ဂေါဠလေးမျိုးသာရှိသောကြောင့် ၄-ဖြင့်ထပ်၍ စားရပြန်၏) ဂဏန်းစွဲဂေါဠ လေးမျိုးတွင် သုည၊ကေ (၀နှင့်၁) တို့မှာ ဥတ္တရ(မိဿ)ဂေါဠဖြစ်၍ စုံ၊ရာမ (၂-၃)တို့မှာ ဒက္ခိဏ ဂေါဠဟူ၍ ဖြစ်ကြသည်။

ဂဏန်းစွဲဖြင့် ခေါ်ဆိုသော ဂေါဠတွင် အစုံ=(စုံ)ဖြစ်သော သုညစုံ (၀နှင့်၂) ဂေါဠတို့ကား နေသည်မဇ္ဈစက်ဝန်း ( အီကွေတာ ) မှ ယှဉ်စွန်း( တရော်ပစ် )တန်း နှစ်ခုသို့ သွားလာအရ တစတစ ရွေ့ရောက်ခြင်း ရှိသောအထွက်



(အတ )ဂေါဠများဖြစ်လျက် မစုံ (မ) ဖြစ်သော ကေ၊ ရာမ၊ (၁နှင့်၃) ဂေါဠတို့ကား ယှဉ်စွန်း (တရော်ပစ်) တန်း နှစ်ခုမှ မဇ္ဈစက်ဝန်း (အီကွေတာ) သို့ သွားလာအရ တစ တစ ရွေ့ရောက်ခြင်းရှိသောအဝင် ( အသက်) ဂေါဠတို့ဖြစ်ကြသည်။

ဂေါဠနှင့်စပ်ဆိုင်သော ဥတ္တရ၊ ဒက္ခိဏ၊ တက်-သက်၊ ထွက်၊ ဝင်၊ဆန်၊စုန်၊သွား၊ပြန်ဟူသော အကြောင်းရပ်တို့မှာ အယနဌာနကြီး၏ အနံ့ခရီးတွင် မဇ္ဈစက်ဝန်း(အီကွေတာ) ကို ပဟိုပြု၍ ခေါ်ဆိုမှတ်သော အကြောင်းရပ်များဖြစ်ကြသည်။

နေ၏ကြန္တီသွားအရ ဂေါဠရပ်တို့သို့ တက်-သက်-ထွက်-ဝင် ဟုသုံးသောစကားများသည် အယဉ်နှစ်ပါးသွားခြင်း၌ ဒက္ခိဏယဉ်ခရီးတွင် ဩရယာဂမန(သက်၍သွားသည်) ဥတ္တရ ယဉ်ခရီးတွင် အာရုဟဂမန (တက်၍သွားသည်) ဆိုသော အချက်များနှင့် တက်-သက်-ခေါ်ပုံ- တပါးတည်းတူညီခြင်းရှိသည်ဟု မယူဆသင့်။

၁၄။ ဒိဂ်=လတ္တိတွပ်၊ ကောင်းကင်နက္ခတ် ရာသီစက်ကြီး၌ရှိရင်း ဒိဂ်(လတ္တိတွပ်)အံသာ (ဒီဂရီ) ပေါင်းတို့မှာ မဇ္ဈစက်ဝန်း(အီကွေတာ)၏ မြောက်ဖက်နှင့် တောင်ဖက်တို့၌ ၉၀ အံသာ(ဒီဂရီ) အသီးအသီးစီဖြစ်ကြသည်၊ထိုအံသာ(ဒီဂရီ)ပေါင်းတို့ အနက်နေ၏ အယန သွားရောက်ကူးရောက်ခြင်းသည် ယှဉ်စွန်းတန်း (အယန-တရော်ပစ်တန်း) နှစ်ခုတို့၏ အကြား၌သာ ဖြစ်သည်။

၁၅။ ဘုဇ၊ ဘုဇသဒ္ဒါသည် အကောက်အကွေး ဟူသော အနက်ကို ရသဖြင့် ဘောင်းကင်နက္ခတ် ရာသီ စက်ကြီးနှင့် ကမ္ဘာမြေကြီးတို့၏ အယနပိုင်း(တရောပစ်)ဌာနကြီး၌ နေ၏ ပီလာကူး၊ ပီလာရောက် (အယနသွား၊ အယနရောက်) ဖြစ်သော နေကူးလမ်း ကြန္တိစရီး အဝန်း ကြီး၏ အပိုင်းအစိတ် (စက်ဝန်းခံဘ်) ဖြစ်လျက်၊ အလျား ပမာဏအားဖြင့် အံသာ(ဒီဂရီ) ၃၀ အတိုင်းအရှည်ရှိသော (စက်ဝန်း၏ သယ်နှစ်ပိုင်းတပိုင်း)ဖြစ်သော အကောက်အကွေး သဘာဝကို ဖော်ပြဝေဖန်ထားခြင်းဖြစ်သည်။

အယနပိုင်းဌာနကြီး၌ သဘာဝဇာရ အစဉ်သဖြင့် လှည့်ပတ်ကူးရောက်လျက် ရှိသော နေကူး နေရောက် ကြန္တိစက်ဝန်းကြီးမှ ဘုဇအပိုင်းဌာနပေါင်း ၁၂ ပိုင်း ၁၂ ဌာနကို ရရှိဖြစ်ပေါ်သည်မှ အယနပိုင်းဌာနကြီးသို့ဖြတ်သန်းလှည့်လည် ကူးရောက်ခြင်း၌ အကျေ့အလှည့် အရောက်အသွား အနေအထား သဘာဝတို့ တူမျှခြင်းရှိကြသော ဘုဇ ၄-ခုလျှင် တမျိုးတျဖြင့် ၃မျိုးသော ဘုဇကိုသာ ပိုင်းပြဝေဖန်ထားသည်။

သာယနရဝိ တရာသီလျှင် တခုကျစီ ဖြစ်ပေါ်ခြင်း ရှိကြသော ဘုဇ ၁၂-ခုတို့မှ အနေအထားသဘာဝ တူမျှခြင်းရှိကြသော ဘုဇတို့သဘောကား သာယနရဝိ မိဿရာသီ၊ ကန်ရာသီ၊ တူရာသီနှင့် မိန်ရာသီတို့၌ ဖြစ်ပေါ်သော ဘုဇ-၄ခုကို ဂဏန်းစွဲအားဖြင့် ဘုဇ-၁ ဟု ခေါ်ဆို၍၊ သာယနရဝိ ပြိဿရာသီ၊ သိဟ်ရာသီ၊ ဗြိစ္ဆာရာသီနှင့် ကုံရာသီတို့၌ ဖြစ်ပေါ်သော ဘုဇ ၄ခုကို ဂဏန်းစွဲအားဖြင့် ဘုဇ ၂ ဟု



ခေါ်ဆိုပြီးလျှင် သာယနရဝိ မေထုန်ရာသီ၊ ကရကဋ်ရာသီ ဓနုရာသီနှင့် မကာရရာသီတို့၌ ဖြစ်ပေါ်သော ဘုဇ ၄ ခုကို ဂဏန်းစွဲအားဖြင့် ဘုဇ ၃ ဟူ၍ ခေါ်ဆို မှတ်သားခြင်း၌ လွယ်ကူစေရန် တဲ့ပြ မှတ်သားထားသည်။

ဥတ္တရဒိဂံ ဥတ္တရဂေါဠ နှင့် ဒက္ခိဏဒိဂံ ဒက္ခိဏဂေါဠဌာနတို့၌ ဘုဇခြောက်ခုကျစီ ပါဝင်ကျရောက်သည်မှ အယန အနေအရောက် သဘာဝ၌ တူမျှခြင်းရှိကြသော ဘုဇ နှစ်ခုစီတို့ကို တဲ့ပြ ပိုင်းခြား ဝေဖန်ခြင်းဖြင့် မဇ္ဈေစက်ဝန်း(အီကွေတာ)မှ ယာဥ္စန်း (တရောပစ်) တန်းသို့၏ အကြားတွင် ၁၊ ၂၊ ၃ ဟူသော ဘုဇ သုံး ဌာနစီ ဖြင့်သာ ပိုင်းခြားဝေဖန်ထားသည်။

ထိုတွင် မဇ္ဈေစက်ဝန်း(အီကွေတာ)မှ ယာဥ္စန်း (တရောပစ်) တန်းများသို့ ရွေ့ရှထွက်လှည့်ခြင်း ရှိသော ဘုဇကို အထွက်ဘုဇ ဟူ၍လည်းကောင်း၊ ယာဥ္စန်း(တရောပစ်) တန်းများမှ မဇ္ဈေစက်ဝန်း(အီကွေတာ) သို့ ရွေ့ရှဝင်လှည့်ခြင်းရှိသော ဘုဇကို အဝင်ဘုဇ ဟူ၍လည်းကောင်း သိအပ်၏။

ထိုနည်းအားဖြင့် အစုံဂေါဠ၌ ပါဝင် ကျရောက်သော ဘုဇတို့သည် အဝင်၊ မစုံဂေါဠ၌ ပါဝင် ကျရောက်သော ဘုဇတို့သည် အထွက် ဟူ၍လည်း သိအပ်၏။

အယနပိုင်းဌာနကြီးတွင် စလွယ်သိုင်းကဲ့သို့ သူရိယသိဒ္ဓန္တရနှင့် တနှစ်လျှင် တပတ်ကျ၊ လက်ဝဲရစ်ဖြင့် အစဉ်မပြတ် လှည့်ပတ် ရွေ့ရောက်လျက်ရှိသော ရနေ၏ တနှမ်လာအကူးအရောက်ဖြစ်သော ကြန္တိစက်ဝန်း၏ ၁၂စိပ်ဝစိပ်

ဆယ့်နှစ်ပိုင်းတပိုင်း ဖြစ်သော ဘုဇတခုခု၌ စက်ဝန်းစိတ် အလျားအံသာ ၃၀ (ဒီဂရီ)အတိအကျစီတူမျှခြင်းရှိကြသော် လည်း ထိုဘုဇတို့၏အနေအကျ သဘာဝအရ ၎င်းတို့မှရရှိ ဖြစ်ပေါ်ကြသော အနံပမာဏများ မတူမျှကြပုံကို အောက် ပါအတိုင်း သိသာမှတ်သားရာ၏။

ဘုဇ(၁) ဟူသော ဂဏန်းစွဲဖြင့် ပြမှတ်အပ်သော ဘုဇ ၄ခုတို့မှ ရရှိဖြစ်ပေါ်ကြသော အနံ ပမာဏများသည် ၁၁ အံသာ ၄၃လိတ္တာ (၁၁ဒီဂရီ၄၃မိနစ်)ဖြစ်ကြ၏။

ဘုဇ(၂) ဟူသော ဂဏန်းစွဲဖြင့် ပြမှတ်အပ်သော ဘုဇ ၄ခု တို့မှ ရရှိ ဖြစ်ပေါ်ကြသော အနံ ပမာဏများသည် ၈ အံသာ၅၅ လိတ္တာ(၈-ဒီဂရီ ၅၅ မိနစ်) ဖြစ်ကြ၏။

ဘုဇ(၃)ဟူသော ဂဏန်းစွဲဖြင့် ပြအပ်သော ဘုဇ၄ခု တို့မှ ရရှိ ဖြစ်ပေါ်ကြသော အနံပမာဏသည်၃အံသာ၂၂ လိတ္တာ (၃ ဒီဂရီ ၂၂ မိနစ်) ဖြစ်ကြသည်။

ထိုအသီးသီးသော ဘုဇတို့မှ အယနအနံ ပမာဏကြီး ၏ ထက်ဝက်ကျစီဖြစ်သော ဥတ္တရနှင့် ဒက္ခိဏ ဂေါဠ၂ဌာန တို့၌ မဇ္ဈေစက်ဝန်း (အီကွေတာ)နှင့် ယဉ်စွန်း(တရောပစ်) တန်းတို့အကြားဝယ်ဥဌာနသော ဘုဇအနံပမာဏကို ပိုင်း ခြားဝေဖန်ထားခြင်းဖြင့် ပြည့်စုံလေသည်။

၁၆။ ခန်းတန့်။ ။အယနပိုင်းဌာနကြီး၏ ( တောင် နှင့်မြောက် အနံပမာဏ၌ တူညီခြင်းရှိသော သဘာဝဌာန တို့သို့ အကန့်အတန့်အားဖြင့် ဝေဖန်ပိုင်းခြားလျက် အခန်း အတန့် (ခန်းတန့်)များ ၁၂ခု ဖြစ်ပေါ် ရရှိသဖြင့် မဇ္ဈေ စက်ဝန်း (အီကွေတာ) နှင့် ယဉ်စွန်း(တရောပစ်)တန်းတို့၏



အကြား အယနအနံဌာနကြီး၏ ထက်ဝက်ကျ ဖြစ်သော ဥတ္တရနှင့် ဒက္ခိဏဂေါဠဌာနပိုင်းတို့၌ ခန်းတန့်ပေါင်း ၆ခု ကျစီဖြစ်ရလေသည်။ နေသည် ထိုခန်းတန့်များသို့ သူရိယ သံဝစ္ဆရနှစ်တနှစ်၏ ကြန့်ကူး တပတ်အပြည့်၌ တက်-သက် ထွက် ဝင် သွား ပြန် တို့ဖြင့် ရွှေ့ရောက်ခြင်း ရှိရသည်။

နေ၏တနုအကူးအရောက်ဖြစ်သော ၁၅အံသာ (ဒီဂရီ) ခရီးတွင် ဖီလာသို့ ရွေ့ရောက်မှု သဘာဝမှ ရရှိဖြစ်ပေါ် စေသော အနံပမာဏတခုသည် ခန်းတန့် တခုကျဖြစ်ကြ သော်လည်း ခန်းတန့်တို့၏ အနံပမာဏများသည် ဘုဇတို့ ၏ အနံပမာဏများကဲ့သို့ ဂေါဠ၏ သဘာဝများ အလိုက် ဖြင့် မဇ္ဈေစက်ဝန်း (အီကွေတာ)မှ ယဉ်စွန်း (တရောပစ်) တန်းများဆီသို့ အဆင့်ဆင့် ကျဉ်း၍ ကျဉ်း၍ သွားသော အနံသဘာဝများကို ရရှိဖြစ်ပေါ်စေသည်။

မဇ္ဈေစက်ဝန်း (အီကွေတာ)၏ မြောက်ဖက် ဥတ္တရ ဂေါဠ၌ ပါဝင်ကျရောက်သော ခန်းတန့် ၆ ခုကို ဥတ္တရ ခန်းတန့်များဟု ခေါ်ဆို၍ တောင်ဖက် ဒက္ခိဏဂေါဠ ၌ပါဝင်ကျရောက်သော ခန်းတန့် ၆ခုကို ဒက္ခိဏ ခန်း တန့်များဟု ခေါ်ဆိုမှတ်သားပြီးလျှင် နှစ်ဖက်စလုံးသော ခန်းတန့်များကို မဇ္ဈေစက်ဝန်း ( အီကွေတာ ) မှ အစပြု လျက် ယဉ်စွန်း (တရောပစ်) တန်းများသို့အထိ အစဉ်အ တိုင်း ဂဏန်းစွဲအားဖြင့် ၁-၂-၃-၄-၅-၆ ဟူ၍ ခေါ်ဆို ထားသည်။

၁၆။ (က)။ခန်းတန့်တို့၏ပမာဏများ။ ။ခန်းတန့်တို သည် ပရိဒီခေါ် စက်ဝိုင်း၏ အဝန်းများသာဖြစ်ကြသဖြင့်

အလျားဟု ခေါ်ဆိုအပ်သော အဝိုင်းအဝန်း ပမာဏတို့၌ အံသာ (ဒီဂရီ)ပေါင်းတူညီကြသော်လည်းအနံ (အကျ= ဖျက်) တို့၌မတူညီကြပဲ ဥတ္တရခန်းတန့် ၆ ရပ်နှင့် ဒက္ခိဏ ခန်းတန့် ၆ ရပ်ဖြစ်ကြသော ခန်းတန့်ပေါင်း ၁၂ ရပ်တို့တွင် မဇ္ဈေစက်ဝန်း (အီကွေတာ) နှင့် အနီး အကွာ များအရ ကောဋိနှင့် ဘုဇ (အခုံးအကောက်နှင့် အကောက် အကွေး)တို့ကို လိုက်လျက် အနံ(ဖျက်) ပမာဏချင်း မတူ ညီကြချေ။

ဥတ္တရနှင့် ဒက္ခိဏ ခန်းတန့်အားလုံးတို့တွင် နှစ်ရပ်စလုံးသော ခန်းတန့်များမှ ခန်းတန့်(၁)တို့၏ အနံပမာဏသည် အံသာ(ဒီဂရီ) ပေါင်း ၆အံသာနှင့် ၂လိတ္တာ၊ ခန်းတန့် (၂)တို့၏ ပမာဏသည် ၅ အံသာနှင့် ၄၁ လိတ္တာ၊ ခန်းတန့် (၃) တို့၏ပမာဏသည် ၄အံသာနှင့်၅၉ လိတ္တာ၊ ခန်းတန့် (၅) တို့၏ ပမာဏသည် ၂အံသာနှင့် ၃၀ လိတ္တာ နှင့် ခန်းတန့် (၆) တို့၏ ပမာဏသည် ၅၂ လိတ္တာစီ အသီးသီး ဖြစ်ကြသဖြင့် တနှစ်တနှစ် အတွင်း၌ နေ၏ မြောက်ထိပ်ဆုံး တောင်ပေါ် ရွေ့ရှားကျရောက်နိုင်ရာ ဖြစ်သော အယန ကြန္တိပိုင်းခွာနကြီး တရပ်လုံး၏ တောင်မြောက် အနံ အကျယ် ပမာဏသည် ၄၇အံသာဖြစ်သည်။

၁၆။ (ခ) ခန်းတန့်တို့၏ အပိုင်းအခြားများ။ ။ဥတ္တရနှင့် ဒက္ခိဏ ဟူသော နှစ်ရပ်သော ခန်းတန့်တို့တွင် မဇ္ဈေစက် (ဇဟိုစက်ဝန်း)ဖြစ်သော (သုည=၀) အံသာမှ ဒီဂ် (လတ္တီတွဒ်) ၆အံသာနှင့် ၂ လိတ္တာ ဆုံးသည်အထိ ခန်းတန့်=၁။ ထိုမှ ဒီဂ်(လတ္တီတွဒ်) ၁၁အံသာနှင့် ၄၃ လိတ္တာ



ဆုံးသည်အထိ ခန်းတန့် ၂။ ထိုမှဒီဂ်(လတ္တီတွဒ်)၁၆အံသာ နှင့်၄၂လိတ္တာဆုံးသည်အထိ ခန်းတန့်၃။ထိုမှဒီဂ်(လတ္တီတွဒ်) ၂၀ အံသာနှင့် ၃၇လိတ္တာ ဆုံးသည်အထိ ခန်းတန့် ၄။ ထိုမှဒီဂ် (လတ္တီတွဒ်) ၂၃ အံသာနှင့် ၈ လိတ္တာ ဆုံးသည် အထိ ခန်းတန့် ၅။ ထိုမှဒီဂ် (လတ္တီတွဒ်) ၂၄ အံသာ ဥတ္တရနှင့် ဒက္ခိဏယနစွန်းတန်း ( မြောက်နှင့် တောင် တရော်ပစ်တန်းများ) ဆုံးသည်အထိ ခန်းတန့် ၆ ဟူ၍ ဝေဖန်ပိုင်းခြားထားသည်။

၁၆။(ဂ) နေသည် အစဉ်သဖြင့် ဆိုက်ရောက်မြဲ ဖြစ်သော ဆယ့်နှစ်ရာသီ စက်ကြီး၏ အဝန်းစက်အံသာဒေသ နှင့် ဗီလာဒီဂ် အံသာဒေသ အရပ်ရပ်များသို့ လှည့်လည် ရွေ့ရှား ဆိုက်ရောက်၏။ နေသည် ဆယ့်နှစ်ရာသီစက်ကြီး၏ အဝန်းခရီးဖြစ်သော စက်အံသာပေါင်း ၃၆၀ (စက်ဝန်း အဝက တပတ်လုံး)ကို အနောက်မှအရှေ့သို့ (မိဿ ပြိဿ စသောရာသီ အရပ်ရပ်တို့သို့) တန့် ဗီလာ(ရာသီကူး ရာသီ ရောက်) အရွေ့အရောက်အားဖြင့် သူရိယ သိဒ္ဓန္တရနှစ် တနှစ်ဖြစ်သော သာဝန ရက်ပေါင်း ၃၆၅ရက် ၁၅ နာရီ ၃၁ ဝိနာ ၃၁ခရာ ၂၄အနုခရာ ( စက်နာရီ ၂၄ နာရီ အတိုက်ချိန်ရှိသော ရက်ပေါင်း ၃၆၅ရက် ၆နာရီ ၁၂မိနစ် ၃၆ စက္ကန့် ၂၄အနုစက္ကန့်) အချိန်ကာလကျော် တပတ်ကျ လှည့်လည် ရွေ့ရှား ကျရောက်ခြင်းတို့ဖြင့် အပြီးအမြောက် ရွှေ့ရောက်ကြောင်း ဖြစ်သော တောင်မြောက် အတိမ်း အပါးဗီလာ (ကြန္တိ)အသွားကို ဖြစ်စေရသည်။

ထိုသို့အားဖြင့် စက်ဝန်း၏ ၁၅ အံသာ ရွေ့ရောက်ခဲ့သော် ဖီလာအဖို့သို့လည်း အယနဌာနတွင် ဂေါ်ဠမျှား အလိုက် ပိုင်းခြား ဝေဖန် ထားခြင်း ဖြစ်သော ခန်းတန့်တခုကျ စက်ဝန်း၏ ၃၀ အံသာ(မိဿစသောရာသီတရာသီ) ရွေ့ရောက်ခဲ့သော် ဖီလာအဖို့သို့ ဘုဇတခုကျ စက်ဝန်း၏ ၉၀ အံသာ ရွေ့ရောက်ခဲ့သော် ဖီလာအဖို့သို့ ၁၊၂၊၃၊၄ဟု ဂဏန်းဖြင့် ခေါ်ဝေါ်သော စက်ဝန်း၏ ၁၈၀ အံသာ ရွေ့ရောက်ခဲ့သော် ဖီလာအဖို့သို့ တုဂေါဠနှင့် မိဿဂေါဠ သို့မဟုတ် ဒက္ခိဏဒိဂ်နှင့် ဥတ္တရဒိဂ်များ ဖြစ်ကြသော မဇ္ဈိစက်ဝန်းမှသည် ယဉ်စွန်းတန်းအထိ ဖြစ်သော အနံပမာဏ ၂၄ အံသာ အတိုင်း အရှည်ခရီးသို့ ထွက်–ဝင်။ သွား–ပြန် တခေါက်ကျ သို့မဟုတ် ဒက္ခိဏကြန္တိနှင့်ဥတ္တရကြန္တိတဌာနကျ၊ တနည်းအားဖြင့် အနံပမာဏ ၄၈ အံသာ အတိုင်း အရှည်ရှိသော ဥတ္တရယဉ်နှင့် ဒက္ခိဏယဉ် ခရီးတခုကျ ရာသီစက်ဝန်း၏ ၃၆၀ အံသာ (စက်ဝန်း အံသာ ဘဂဏဘပတ်လုံး) ရွေ့ရောက်ပတ်မိခြင်း ရှိခဲ့သော အယနပိုင်း(ကြန္တိ)ဌာနကြီး တခုလုံး၏ အနံပမာဏ တခုလုံးသို့ မဇ္ဈိစက်ဝန်းကို ဗဟို အချက်အချာ ပြုလျက် ဆန်–စုန်၊ တက်–သက်၊ ထွက်–ဝင် စသော အကြောင်းရပ်တို့ဖြင့် နေသည် ဆယ့်နှစ်ရာသီ စက်ကြီး၏ အယန(ကြန္တိ)ဒေသသို့ အချိန်အားလျော်စွာ ရွေ့ရောက်ခြင်းရှိသော ဒိဂ်ဒေသကို ရရှိစေနိုင်သော သိဒ္ဓန္တကျမ်းများမှ တနင်္ဂနွေ ကြန္တိတွက်နည်းဖြင့် တွက်ယူရရှိနိုင်သည်။



အယနဌာန နေ၏ဖီလာ ခရီး၌ နေရောက်ရာဒိဂ်ကြန္တိကို သိလိုတွက်လိုသောအခါ (က) တွက်လိုသိလိုသော ခေတ်သက္ကရာဇ်၏ ယိမ်းယိုင် တိမ်းကွာ သင့်သကဲ့သို့ ယူဆောင်မှတ်သားရသော အယနအံသာတွက်နည်းမှအံသာပမာဏ။ (ခ) ထိုနေ့ (လိုနေ့)၏ ရာသီကူး ရာသီရောက် ဖြစ်သော (သိဒ္ဓန္တကျမ်းများ၌ တနင်္ဂနွေဂြိုဟ်စင် တွက်နည်းဖြင့် တွက်ယူအပ်သော ရဝိဖုဋ္ဌရာသီ အံသာ စသော ပမာဏ။ (ဂ) ထိုနေ့ (လိုနေ့) အဖို့ နေ၏ ရောက်သင့်သကဲ့သို့ မှတ်ယူရသော လျက်ခြင်းတည်းဟူသော သာယနရဝိ ရာသီအံသာ စသော ပမာဏတို့ကို အဆင့်ဆင့် တွက်ယူပြီးမှ ထိုသာယနရဝိရာသီအံသာ လိတ္တာတို့ကို အခြေပြု၍နေ၏ရောက်ရာဒိဂ်။ ကြန္တိဌာနကို တွက်ယူရသည်။

၁၇။ ကလိယုဂ်တွက်နည်း။ ကလိယုဂ်ဆန်း အတွက်ကား

| | |
|---|---:|
| ဓမ္မရာဇာမင်းသက္ကရာဇ် | ၁၈၁၂ |
| နန္ဒမင်း သက္ကရာဇ် | ၅၀၀ |
| ဂေါတမမင်း သက္ကရာဇ် | ၄၀၀ |
| သောမပါလမင်း သက္ကရာဇ် | ၃၆၀ |
| မဟာရမင်း သက္ကရာဇ် | ၁၀၇ |
| ရှင်းမင်းငါးပါးသက္ကရာဇ်မှာ | ၃၁၇၉ |

၎င်းသက္ကရာဇ် ၃၁၇၉ ကို သာကမင်းဖြို့ သက္ကရာဇ်ဟုခေါ်သည်။

ဝင်းသာကမင်းဖြိုသက္ကရာဇ် ၃၀၇၉ တွင်
ပုပ္ပါးစောရဟန်းဖြို သက္ကရာဇ် ၅၆၀ ကိုနှုတ်

၃၇၃၉

နဝါတြိသတ္တဂ္ဂိဟူသော ၃၇၃၉ နှုတ်ကိန်းကိုရရှိသည်။ ၎င်းတွင် ယခုရောက်ဆဲ သက္ကရာဇ်ရှည်ကို နှုတ်သော် ကလိယုဂ်ဆန်း သက္ကရာဇ်ဖြစ်၏။ (သူရိယသိဒ္ဓန္တကျမ်း)

အယနအံသာတွက်ယူရခြင်းကား။ ။ရာသီစက်သည်နှစ်ခေတ်အားလျော်စွာ အရှေ့နှင့် အနောက်သို့ စက်အံသာ ၂၇အထိ အံဝင်ထွင်ကျမှု လွန်ယုတ်အပ်သော အရှေ့ အတိမ်းတွင် နေ၏မြောက်တိမ်းတောင်ပါး တနု အသွာ၌ ရာသီစက်၏ ဂေါဠဒိဂ် အရပ်ဌာနများသို့ ရွေ့ရောက်သကဲ့သို့ သက္ကရာဇ်ကာလ အားလျော်စွာ ရဝိ ဖုဋရာသီ အံသာ ဖုဋတို့တွင် တွက်ရ အယနအံသာ လိတ္တာကို ပေါင်းယူလျက်သော်၎င်း၊ နုတ်ပယ်လျက်သော်၎င်း နေ၏ကြန္တိ အတိုက်အရောက်ကိုတွက်ယူရသည်။

၁၇။ (က) အယနံအံသာတွက်နည်း။ ။ခဆပဋ္ဌဖြိုပြီးနောက် ရောက်သော သက္ကရာဇ်ကိုတည် နဝါတြိသတ္တဂ္ဂိ ၃၇၃၉ နှုတ်၊ ကလိယုဂ် ဆန်းနှစ် ဖြစ်၏။ ယင်းကလိယုဂ် ဆန်းနှစ်တွင် အဋ္ဌဂဇ ၈၈ နှုတ်၊ နဘာသုည အဋ္ဌေက ၁၈၀၀ စား၊ လဒ်ကား ဂေါဠ။ ယင်းဂေါဠများတွင် ဇယ ၄ ခုစား၊ အစုံဂေါဠ=(သုည–၀)။ စမ္မ (၂) ဖြစ်မူ စားကြွင်း ဘုဇဖြစ်၏၊ မစုံဂေါဠ–ဧက (၁)။ ရာမ



၃ ဖြစ်မူ၊ ၎င်းစားကြွင်းဖြင့် စားခြေ ၁၈၀၀ တွင်နုတ်၊ သေသဘုဇဖြစ်၏။ ယင်းဘုဇကို နဝ (၉) ခုပွား၊ နဘာသုညဆ (၆၀၀) စား၊ လဒ်ကား အံသာ၊ သေသကို ဒသ (၁၀) စား၊ လဒ်ကား လိတ္တာ၊ သေသကို ဆ (၆) ခုပွား၊ ဝိလိတ္တာဖြစ်၏။ (ကန်ဦး သံဒိဌ္ဌစကားပြေကျမ်းသစ်)

အယနအံသာတွက်ယူပုံ

ခဆပဋ္ဌ- ဖြိုပြီးနောက် သိလို (တွက်လို) သောသက္ကရာဇ်
၁၃၁၀ ခု
၁၃၁၀+၃၇၃၉=၅၀၄၉ ကလိယုဂ်ဆန်းနှစ်
၅၀၄၉+ ၈၈=၅၁၃၇
၅၁၃၇+၁၈၀၀=ရလဒ် ၂ နှင့်အကြွင်း၁၅၃၇
ထို့ကြောင့်ဂေါဠ ၂ နှင့် ဘုဇ ၁၅၃၇
(အစုံဂေါဠ)
၁၅၃၇× ၉=၁၃၈၃၃
၁၃၈၃၃÷ ၆၀၀=ရလဒ် ၂၃ နှင့်အကြွင်း ၃၃
၃၃÷ ၁၀=ရလဒ် ၃ နှင့်အကြွင်း ၃
၃×၆ =၁၈

ထို့ကြောင့် အယန ၂၃ အံသာ၊ ၃ လိတ္တာ၊ ၁၈ ဝိလိတ္တာရ၏၊

မှတ်ရန်။ ။အယနသည် တနှစ်အဖို့ ရာသီစက်၏အလျား သို့ ၅၄ဝိလိတ္တာ =
မှာ တအံသာ၊ နှစ်ပေါင်း ၂၀၀မှာ ၃အံသာ ကျကူးရောက်သည်။

၁၇။ (ခ)။ ရဝိဖုဋ္ဌ။ ။ရဝိဖုဋ္ဌ အတွက်ကိုကား တွက်နည်းနှင့် တွက်ယူပုံများကို မဖော်ပြတော့ပြီ။ နှစ်စဉ် ဒိုက်နိပ်ရေးချထုတ်ဝေသော သံဒိဋ္ဌနေ့စဉ် ပြက္ခဒိန်တွင် အလိုရှိသောရက်အတို့ တွက်ယူပြီး ရဝိဖုဋ္ဌရာသီ အံသာ လိတ္တာကို သက်သာ လွယ်ကူစွာရရှိနိုင်သည်။ သံဒိဋ္ဌနေ့စဉ် ပြက္ခဒိန်အခန့်သင့် မရနိုင်လျှင် သံဒိဋ္ဌကျမ်း တွက်နည်းဖြင့် တွက်ယူရပေမည်။

သံဒိဋ္ဌနေ့စဉ် ပြက္ခဒိန်များ၌ တနင်္ဂနွေဂြိုဟ် ဇယားတွင် လစဉ်လစဉ် တို့တွင်ရက်စဉ်အလိုက်ဂဏန်းသုံးဆင့်ဖြင့် ရာသီ အံသာလိတ္တာတို့ကို ရေသွင်းထားလျက်ရှိသည်။ ထိုဂဏန်းသုံးဆင့်ကား ရာသီ၊ အလယ်အဆင့်ကား အံသာ၊ အောက်အဆင့်ကား လိတ္တာများဖြစ်ကြလျက် တနင်္ဂနွေ၏ ရဝိဖုဋ္ဌဖြစ်သော ရာသီ အံသာလိတ္တာတို့ ပေတည်း။ ( တနင်္ဂနွေဂြိုဟ်စင် ရာသီ အံသာလိတ္တာ လည်းဟူ၏။ ) ၁၂၁၀ ပြည့်နှစ် နယုန်လဆန်း ၁ရက်၊ ရဝိဖုဋ္ဌ=၁-ရာသီ၊ ၂၄ အံသာ ၁၄လိတ္တာ။

၁၇။ (ဂ)။ သာယနရဝိရာသီ အံသာစသည်တွက်နည်း။ ဟိယျောတနင်္ဂနွေဂြိုဟ်စင် အံသာစသည်တွင်အယန အံသာစသည်ကို အယန ဂေါဋ္ဌသည (၀) ကေ (၁)ဖြစ်မူနုတ်။ စမ္ဘ(၂) ရာမ(၃)ဖြစ်မူနှော။ နုတ်ရာနည်းမှု ထုံးစံအတိုင်း ကူးချ၍ နုတ်။ နှောရာများမှု မှနေရာတက်။ ရာသီများမှု (၁၂)ခုချေဖျက်၊ သာယနရဝိ ရာသီအံသာလိတ္တာ ဖြစ်၏။

နုတ်ရာနည်းမှု ထုံးစံအတိုင်း ကူးချ၍နုတ်ဆိုရာ၌ ရာသီသော် ၁၂၊အံသာသော် ၃၀၊ လိတ္တာသော် ၆၀၊ကူးချ၍



နုတ်ရာ၏၊ နှောရာများမှု မှနေရာ တက်ဆိုရာ၌ လိတ္တာ ၆၀ သော် တအံသာ၊အံသာ၃၀သော် တရာသီတို့တက်ရခြင်းတို့ ပေတည်း။

သာယန ရဝိရာသီအံသာ လိတ္တာစသည်တွက်ယူပုံ

၁၃၁၀ ပြည့်နှစ် နယုန်လဆန်း ၂ ရက်နေ့အတို့၊ ဟိယျော(ယမန်နေ့)တနင်္ဂနွေဂြိုဟ်စင်=၀-ရာသီ၊ ၂၄အံသာ ၁၄ လိတ္တာ အယန ဂေါဋ္ဌ စမ္ဘ(၂)အစုံဖြစ်သောကြောင့် တနင်္ဂနွေဂြိုဟ်စင်ဖြစ်သော ရဝိဖုဋ္ဌနှင့် အယန အံသာတို့ကို ပေါင်းရာ၏။

ဟိယျော (ယမန်နေ့)

| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ်စင် | = | ၀-ရာသီ၊ ၂၄ အံသာ၊၁၄လိတ္တာ |
| အယနအံသာ | = | ၂၃ အံသာ၊ ၃လိတ္တာ |
| | | ၁၇ - ဝိလိတ္တာ |
| သာယနရဝိ | = | ၁ရာသီ၊ ၁၇အံသာ၊ ၁၇ လိတ္တာ |
| | | ၁၇ ဝိလိတ္တာ |

၁၇။ (ဃ)။ တနင်္ဂနွေကြန္တိ တွက်နည်း။ ။သာယနရဝိရာသီကို ထိတိ(၃)ခုစား။ လဒ်ကား ဂေါဋ္ဌ။ သုညကေဖြစ်မူ ဥတ္တရာဒိဂ်၊ စမ္ဘ ရာမဖြစ်မူ ဒက္ခိဏာဒိဂ်ဟုမှတ်၊ အစုံဂေါဋ္ဌဖြစ်မူ စားကြွင်းဘုဇ၊ မစုံဂေါဋ္ဌဖြစ်မူ ယင်းစားကြွင်းဖြင့်စား ခြေ(၃) ခုတွင် ပြန်၍နုတ်၊ နုတ်ကြွင်းဘုဇဖြစ်၏၊ ယင်းဘုဇကို အံသာပြု၊ ပဥ္စဒသ(၁၅)စား၊ လဒ်ကား ခန်းတန်၊ သောသခန်းဝင်ဖြစ်၏၊ ခန်းတန်အမှုရေ၍ ၃၆၂။ ၇၀၃။ ၁၁၁၂။ ၁၂၃၇။ ၁၃၇၇၊ ၁၄၄၀ ဟူသော

ကြန္တိဇယားကို ထိုက်သည့် အားလျော်စွာတင်။ အထက်ဇယားဖြင့် အောက်ဇယားတွင်နုတ်၊ နုတ်ကြွင်း ဝိဝရဖြစ်၏။ ခန်း သုညဖြစ်မူ ဇယားမတင်ရ။ ဇယားဦးသည်ပင် ဝိဝရဖြစ်၏။ ခန်းဝင် အံသာ လိတ္တာကို ဝိဝရဖြင့်ပွား၊ မ္ဘနေရာ တက်၍ အထက်ကို ပဥ္စဒသ ၁၅ စား။ လဒ်ကို အထက်ဇယားမှာနှော၊ လိတ္တာပုံဖြစ်၏။ သေသကို ဇယ ၄ခုပွား၊ ဝိလိတ္တာဖြစ်၏၊ အထက်လိတ္တာကို သဋ္ဌိ (၆၀) စား။ လဒ်ကား အံသာ၊ သေသလိတ္တာ၊တနင်္ဂနွေ၏ကြန္တိ အံသာ၊ လိတ္တာ စသည်ဖြစ်၏ ။ (ကန်ဦး သံဒိဋ္ဌ စကား ပြေ ကျမ်းသစ်မှ )

၁၃၁၈ ပြည့်နှစ် နယုန်လဆန်း ၂ ရက် နေ့အဖို့ တနင်္ဂနွေဂြိုဟ် (နေ ) ၏ ကြန္တိ အရောက် အဆိုက် တွက်ယူပုံ။

(က) ၁၃၁၀ခု၏အယန အံသာ = ၂၃အံသာ။၃လိတ္တာ ၁၈ ဝိလိတ္တာ။

(ခ) နယုန်လဆန်း ၁ ရက် ၏ရဝိဖုဋ္ဌ = ၀-ရာသီ၊ ၂၄အံသာ၊ ၁၄ ဝိလိတ္တာ

(ဂ) ကန့်ခကို ပေါင်းသဖြင့် နယုန်လဆန်း ၂ ရက် ၏ သာယနရဝိ = ၁ ရာသီ၊ ၁၇ အံသာ၊ ၁၇ လိတ္တာ။ ၁၈ ဝိလိတ္တာ။

(ဃ) အယန ဂေါဋ္ဌ = (၁ + ၃ ) = လဒ် ၀ အကြွင်း ၁။

ထို့ကြောင့် အစုံ ဥတ္တရဒိဂ်။



(င) ဘုဇရာသီ အံသာ လိတ္တာ = ၁ရာသီ၊ ၁၇အံသာ၊ ၁၇ လိတ္တာ၊ ၁၈ ဝိ လိတ္တာ။

(စ) ဘုဇအံသာပုံ ခန်းတန် = (၁×၃၀) + ၁၇
= = ၄၇ (၄၇÷၁၅)
=လဒ်၃၊ ကြွင်း ၂ ထို့ကြောင့် ခန်းတန် ၃။

ခန်းဝင် အံသာလိတ္တာ = ၂ အံသာ ၁၇ လိတ္တာ၊၁၈ဝိလိတ္တာ။

(ဆ) အထက်ဇယား = ၁၀၀၂
အောက်ဇယား = ၁၂၃၈

(ဇ) ဝိဝရ = (၁၂၃၈-၁၀၀၂)
=၂၃၆

(ဈ) ခန်းဝင်လိတ္တာပုံ = ၂အံသာ၊ ၁၇
= လိတ္တာ၊၁၈ဝိလိတ္တာ၊
= ×၂၃၆
= ၅၃၉ အံသာ၊ ၅၉ လိတ္တာ၊ ၂၈ဝိလိတ္တာ
= ၅၃၉÷၁၅ - လဒ် ၃၅၊အကြွင်း - ၁၄
= (၁၀၀၂ + ၃၅ )
=၁၀၃၇

(ည) ဗိလိတ္တာ = (၁၄×၄ = ၅၆)
(ဋ) အံသာ လိတ္တာ = (၁၀၃၇ ÷ ၆၀)
= လဒ် ၁၇ ကြွင်း ၁၇
= ၁၇ အံသာနှင့် ၁၇ လိတ္တာ။
(ဌ) တနင်္ဂနွေ၏ကြန္တိ = ၁၇ အံသာ ၁၇ လိတ္တာ ၅၆ ဝိလိတ္တာ

ထို့ကြောင့် ၁၃၁၀ ပြည့်နှစ် နယုန်လဆန်း ၂ ရက်နေ့ အဖို့ တနင်္ဂနွေဂြိုဟ်(နေ)သည် = ကြန္တိ အဆိုက်အရောက်၌ ဥတ္တရဒိဂ် ၁၇ အံသာ၊ ၁၇ လိတ္တာ၊ ၅၆ ဝိလိတ္တာသို့ ရောက်၏။

၁၇။ (င) အယနံအံသာတွက်ယူပုံ

ကောဇာသက္ကရာဇ် = ၁၃၄၀
ကလိယုဂ်ဆန်းနှစ် = ၅၀၇၉
အယနဂေါဠ = (၅၀၇၉+၈၈) ÷ ၁၈၀
= ရလဒ် ၂ နှင့် အကြွင်း ၁၅၆၇
ထို့ကြောင့် ၂ကာလ၊အစုံ၊ ဥတ္တရဒိဂ်
ဘုဇ = ၁၅၆၇
= (၁၅၆၇× ၉) ÷ ၆၀၀ = လဒ် ၂၃ နှင့် အကြွင်း ၃၀၃။
= ၃၀၃ ÷ ၁၈ = လဒ် ၃ ၀ ကြွင်း ၃
= ၃×၆ = ၁၈
အယနအံသာလိတ္တာဝိလိတ္တာ = ၂၃.၃၀.၁၈



၁၇ (စ)။ သက္ကရာဇ် ၁၃၄၀ပြည့် နှစ်အဖို့ ၁၂ ရာသီများ၏ အဆုံးစက်အံသာ အရပ်များ၌ နေ့ရောက် ကြန္တိ ဌာန်များကို တွက်ယူပုံများ

(က) ရာသီစက်အံသာ = ၃၆၀ (မိန်ရာသီ၏ အဆုံးဌာန)

ရဝိဖုဋရာသီအံ့သာ = ၀ . ၀ . ၀
လိတ္တာ
သက္ကရာဇ် = ၁၃၄၀
အယနဂေါဠ = ၂(တူဂေါဠ၊ အစုံ အပေါင်း ++)

အယနအံသာ၊လိတ္တာ၊
ဝိလိတ္တာ = ၂၃.၃၀.၁၈။
သာယနရဝိရာသီအံသာ = ၀-၂၃-၃၀
လိတ္တာ (ဝိလိတ္တာကို ပင်ယူ)
သာယနဂေါဠ = ၀ဥတ္တရဒိဂ် (အစုံ)
သာယနဂေါဠစားကြွင်း = ၀-၂၃-၃၀
သာယနဘုဇရာသီ
အံသာလိတ္တာ = ၀-၂၃-၃၀
ဘုဇအံသာပုံနှင့် လိတ္တာ = ၂၁-၃၀
ခန်းတန့် = ၁
ခန်းဝင်အံသာလိတ္တာ = ၈-၃၀
ခန်းတန့်ဇယား = ၃၆၂

ခန်းဘန့်အောက်ဇယား = ၃၁၃
ခန်းတန့်ဝိဝရ = ၃၄၁
ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ = ၅၅၅·၁၂
ကြန္တိအံသာလိတ္တာ
ဝိလိတ္တာ = ၉-၁၅-၁၂
(ဥတ္တရဒိဂ်)

(ခ) ရာသီစက်အံသာ = ၃၀ (မိဿရာသီ၏ အဆုံး)

ရဝိဖုဋ္ဌရာသီအံသာလိတ္တာ = ၁-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
အယနဂေါဠ = ၂ တူ (အပေါင်းခေတ်)
အယနအံသာလိတ္တာဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီအံသာ
လိတ္တာ = ၁-၂၃-၃၀
(ဝိလိတ္တာကိုပယ်)
သာယနဂေါဠ စားကြွင်းရာ
သီ၊အံသာ၊လိတ္တာ = ၁-၂၃-၃၀
သာယနဂေါဠ = ၀ (မိဿဂေါဠ-
ဥတ္တရဒိဂ်)
သာယနဂေါဠစားကြွင်း
ရာသီအံသာလိတ္တာ = ၁-၂၃-၃၀
သာယနဘုဇရာသီအံသာ
လိတ္တာ = ၁-၂၃-၃၀



သာယနဘုဇအံသာပုံနှင့်
လိတ္တာ = ၅၃-၃၀
ခန်းတန့် = ၃
ခန်းဝင်အံသာလိတ္တာ = ၈-၃၀
ခန်းတန့်ဇယား = ၁၀၀၂
ခန်းတန့်အောက်ဇယား = ၁၂၃၈
ခန်းတန့်ဝိဝရ = ၂၃၆
ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ = ၁၁၃၅-၄၄
ကြန္တိအံသာလိတ္တာ = ၁၈-၅၅-၄၄
(ဥတ္တရဒိဂ်)

(ဂ) ရာသီစက်အံသာ = ၆၀ (ပြိဿရာသီ၏ အဆုံး)

ရဝိဖုဋ္ဌရာသီအံသာလိတ္တာ = ၂-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
အယနဂေါဠ = ၂ (တူ) အပေါင်း
အယနအံသာလိတ္တာ
ဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီ = ၂-၂၃-၃၀
အံသာလိတ္တာ (ဝိလိတ္တာနည်း၍ပယ်)
သာယနဂေါဠ = ၀ (မိဿဂေါဠ
ဥတ္တရာဒိဂ်။)
သာယနဂေါဠစားကြွင်း
ရာ-အံ-လိ = ၂-၂၃-၃၀

သာယနဂေါဠဘုဇ
ရာ-အံ-လိ = ၂-၂၃-၃၀
သာယနအံသာပုံနှင့်
လိတ္တာ = ၈၃-၃၀
သာယနဂေါဠခန်းတန့် = ၅
သာယနဂေါဠခန်းဝင်
အံလိတ္တာ = ၈-၃၀
သာယနဂေါလခန်းတန့်
ဇယား = ၁၃၈၈
သာယနဂေါဠ ခန့်တန့်
အောက်ဇယား = ၁၄၄၆
သာယနဂေါဠခန်းတန့်
ဝိဝရ = ၅၂
ကြန္တိလိတ္တာပုံနှင့်
ဝိလိတ္တာ = ၁၄၁၆-၂၈
ကြန္တိအံသာလိတ္တာ = ၂၃-၃၇-၂၈
ဝိလိတ္တာ (ဥတ္တရဒိဂ်)

(သ) ရာသီစက်အံသာ = ၆၀ (မေထုန်ရာသီ၏ အဆုံး)

ရဝိဖုဋ္ဌရာသီအံသာ
လိတ္တာ = ၃-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
အယနဂေါဠ = ၂ (တူ)+ခေတ်



အယနအံသာလိတ္တာ
ဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီ
အံသာလိတ္တာ = ၃-၂၃-၃၀
သာယနဂေါဠ = ၁ (ဥတ္တရဒိဂ်မိသာ ဂေါဠ)

သာယနဂေါဠ်စား
ခြင်း၊ရာ-အံ-လိ = ၀-၂၃-၃၀
သာယနဘုဇရာသီ
အံသာလိတ္တာ = ၂-၆-၃၀
သာယနခန်းတန့် = ၉
သာယနခန်းဝင်
အံသာလိတ္တာ = ၆-၃၀
သာယနခန်းတန့်
ဇယား = ၁၂၃၈
အယနခန်းတန့်
အောက်ဇယား = ၁၃၈၈
သာယနခန်းတန့်ဝိဝရ = ၁၅၀
ကြန္တိလိတ္တာပုံနှင့်
ဝိလိတ္တာ = ၁၃၀၃-၀
ကြန္တိအံသာ-လိတ္တာ-= ၂၁-၄၃-၀=
ဝိလိတ္တာ (ဥတ္တရဒိဂ်)

(င) ရာသီစက်အံသာ = ၁၂၀ = ( ကရကဋ်ရာသီ၏အဆုံး)

ရဝိဖုဋ္ဋရာသီ အံသာ
လိတ္တာ = ၄-၀-၆
ကောဇာသက္ကရာဇ် = ၁၃၄၀
အယနဂေါဠ = ၂-တူဂေါဠ (+ ခေတ်)
အယနအံသာလိတ္တာ
ဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနဂေါဠ = ၁-မိဿဂေါလဥတ္တရဒိဂ်
သာယနဂေါဠ
စားကြွင်း၊ရာ-အံ-လိ = ၁-၂၃-၃၀
သာယနဘုဇရာသီ
အံသာလိတ္တာ = ၁-၆-၃၀
သာယနဘုဇအံသာ
ပုန္နင့်လိတ္တာ = ၃၆-၃၀
သာယနဘုဇအံသာ
ခန်းတန့် = ၂
သာယနခန်းတန့်
အံသာလိတ္တာ = ၆-၃၀
သာယနခန်းတန့်
ဇယား = ၇၀၃
သာယနခန်းတန့်
အောက်ဇယား = ၁၀၀၂



သာယနခန်းတန့်ဝိဝရ = ၂၉၉
ကြန္တိလိတ္တာပုံနှင့်
ဝိလိတ္တာ = ၈-၂-၃၂
ကြန္တိ၊အံသာ၊လိတ္တာ၊ = ၁၃-၅၂-၃၂
ဝိလိတ္တာ ဥတ္တရဒိဂ်

(စ) ရာသီစက်အံသာ = ၁၅၀ = သိန်ရာသီ၏ အဆုံး

ရဝိဖုဋ္ဋရာသီအံသာလိတ္တာ = ၅-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
အယန ဂေါလ = ၂-အပေါင်း ခေတ်၊
အယနအံသာလိတ္တာ
ဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီအံသာ = ၅-၂၁-၃၁
လိတ္တာ ဝိလိတ္တာကိုယ်
သာယနရဝိဂေါလ = ၁ - မိဿဂေါဠ ဥတ္တရဒိဂ်
သာယနရဝိဂေါလ
စားကြွင်း ရာ-အံ-လိ = ၂-၂၃-၃၀
သာယနရဝိဘုဇ-
ရာ-အံ-လိ = ၀-၆-၃၀
သာယနရဝိဘုဇအံသာပုံ
နှင့်လိတ္တာ = ၆-၃၀

သာယနရဝိခန်းတန့် = ၀
သာယနရဝိခန်းဝင်အံသာ လိတ္တာ = ၆-၃၀
သာယနရဝိခန်းဇယား = ............
သာယနရဝိခန်းအောက် ဇယား = ............
သာယနရဝိခန်း ဝိဝရ = ၃၆၂
ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ = ၁၅၆-၅၂
ကြန္တိအံသာလိတ္တာ ဝိလိတ္တာ = ၂-၃၆-၅၂ =ဥတ္တရဒိဂ်

(ဆ) ရာသီစက်အံသာ = ၁၈၀ ကန်ရာသီ ၏ အဆုံး

ရဝိဖုဋ္ဌရာသီအံသာလိတ္တာ = ၆-၀-၈
ကောဇာသက္ကရာဇ် = ၁၃၄၀
ကောဇာအယနဂေါဠ = ၂ - အပေါင်း ခေတ်
ကောဇာအယနအံသာ လိတ္တာဝိလိတ္တာ = ၂၃-၃၀-၁၀
သာယနရဝိရာသီအံသာ လိတ္တာ = ၆-၂၃-၃၀ ဝိလိတ္တာကိုယ်။
သာယနရဝိဂေါဠ = ၂-ဒက္ခိဏ=တူ ဂေါဠ



သာယနရဝိဂေါဠ စားကြွင်း = ၀-၂၃-၃၀
သာယနဘုဇ-ရာ-အံ-လိ- = ၀-၂၃-၃၀
သာယနဘုဇ-ရာ-အံဝိလိတ္တာ= ၀-၂၃-၃၀
သာယနဘုဇအံသာပုံနှင့် လိတ္တာ = ၂၃-၃၀
သာယနခန်းတန့် = ၁
သာယနခန်းဝင်အံသာ = ၈-၃၀
ခန်းတန့်ဇယား = ၃၆၂
ခန်းတန့်အောက်ဇယား = ၇၀၃
ခန်းတန့်ဝိဝရ = ၃၄၁
ကြန္တိလိတ္တာပုံနှင့် ဝိလိတ္တာ = ၅၇၅-၁၂
ကြန္တိအံသာလိတ္တာ ဝိလိတ္တာ = ၉-၁၅-၁၂ ဒက္ခိဏဒိဂ်

(ဇ) ရာသီစက်အံသာ = ၂၁၀-တူရာသီ၏ အဆုံး

ရဝိဖုဋ္ဌရာသီ၊အံသာ လိတ္တာ = ၇-ရာသီ၊၀အံသာ ၀လိတ္တာ
ကောဇာသက္ကရာဇ် = ၁၃၄၀
" အယနဂေါဠ = ၂ (အပေါင်းခေတ်)
" အယန၊အံ၊ လိ-ဝိ = ၂၃-၃၀-၁၈ (ဝိလိတ္တာကိုယ်)

သာယနရဝိရာသီအံသာ
လိတ္တာ = ၇-၂၃-၃၀
သာယနရဝိဂေါဠ = ၂ (ဒက္ခိဏဒိဂ်)ထူဂေါဠ
သာယနရဝိဂေါဠ
စားကြွင်း = ၁-၂၃-၃၀
သာယနရဝိဘုဇ
ရာ-အံ-လိ = ၁-၂၃-၃၀
သာယနရဝိဘုဇအံသာ
ပုနှင့်လိတ္တာ = ၅၃-၃၀
သာယနရဝိခန်းတန့် = ၃
သာယနရဝိ ခန်းဝင်
အံသာလိတ္တာ = ၈-၃၀
သာယနရဝိခန်းတန့်
ဇယား = ၁၀၀၂
သာယနရဝိ ခန်းတန့်
အောက်ဇယား = ၁၂၃၈
သာယနရဝိခန်းတန့်
ဝိဝရ = ၂၃၆
ကြန္တိလိတ္တာဝိလိတ္တာ = ၁၁၃၅-၄၄
ကြန္တိအံသာလိတ္တာ
ဝိလိတ္တာ = ၁၈-၅၅-၄၄
(ဈ) ရာသီစက်အံသာ = ၂၄၀ ဗြိစ္ဆာရာသီ၏အဆုံး
ရဝိဖုဋရာသီအံသာ
လိတ္တာ = ၈-၁-၀



ကောဇာသက္ကရာဇ် = ၂၃၄၀
ကောဇာအယနဂေါဠ = ၂=( +ခေတ်)
ကောဇာအယနအံသာ
လိတ္တာဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီ
အံသာလိတ္တာ = ၈-၂၃-၃၀
သာယနရဝိဂေါဠ = ၂ ဒက္ခိဏဒိဂ်ထူဂေါလ
သာယနရဝိဂေါဠ
စားကြွင်း(ရာ-အံ-လိ) = ၂-၂၃-၃၀
သာယနရဝိဘုဇ
(ရာ-အံ-လိ) = ၂-၂၃-၃၀
သာယနဘုဇ
(အံသာပုံနှင့် လိတ္တာ) = ၈၃-၃၀
သာယနရဝိခန်းတန့် = ၅
သာယနရဝိခန်းတန့်
အံသာလိတ္တာ = ၈-၃၀
သာယနရဝိခန်းတန့်
ဇယား = ၁၃၈၈
သာယနရဝိခန်းတန့်
အောက်ဇယား = ၁၄၉၀
သာယနရဝိခန်းတန့်
ဝိဝရ = ၅၂
ကြန္တိလိတ္တာပုံနှင့်
ဝိလိတ္တာ = ၁၄၁၇-၂၈

ကြန္တိအံသာလိတ္တာ = ၂၃-၃၇-၂၈=
ဝိလိတ္တာ ဒက္ခိဏာဒိဂ်

(ည) ရာသီစက်အံသာ = ၂၇၀ စနေရာသီ၏
အဆုံး

ရဝိဖုဋရာသီအံသာလိတ္တာ = ၉-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
ကောဇာအယနဂေါဠ = ၂= (+ခေတ်)

ကောဇာအယန
အံသာလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီအံသာ
လိတ္တာ = ၆-၂၃-၃၀
သာယနရဝိဂေါဠ = ၃=ဒက္ခိဏာဒိဂ်
= ထူဂေါလ

သာယနရဝိဂေါဠ
စားကြွင်းရာသီလီ = ၀-၂၃-၃၀
သာယနဘုဇရာသီအံသာ
လိတ္တာ = ၂-၆-၃၀
သာယနဘုဇအံသာပုံနှင့်
လိတ္တာ = ၆၆-၃၀
သာယနခန်းတန့် = ၄
သာယနခန်းဝင်အံသာ
လိတ္တာ = ၆-၃၀
သာယနခန်းတန့်ဇယား = ၁၂၃၈



သာယနခန်းတန့်ဝိဝရ = ၁၅၀
ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ = ၁၃၀၃-၀
ကြန္တိအံသာလိတ္တာဝိလိတ္တာ = ၂၁-၄၃-၀
= ဒက္ခိဏာဒိဂ်

(ဋ) ရာသီစက်အံသာ = ၃၀၀ = မကာရရာ
သီအဆုံး
ရဝိဖုဋရာသီအံသာလိတ္တာ = ၁၀-၀-၀
ကောဇာသက္ကရာဇ် = ၁၃၄၀
ကောဇာအယနဂေါဠ = ၂ -( အပေါင်း
ခေတ်)

ကောဇာအယနအံသာ
လိတ္တာ ဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီအံသာ
လိတ္တာ = ၁၀-၂၃-၃၀
သာယနရဝိရာသီဂေါဠ = ၃=ဒက္ခိဏာ
ထူဂေါလ
သာယနရဝိဂေါဠစားကြွင်း
(ရာ-အံ-လိ) = ၁-၂၃-၃၀
သာယနရဝိဘုဇရာသီ
အံသာလိတ္တာ = ၁-၆-၃၀
သာယနရဝိအံသာပုံနှင့်
လိတ္တာ = ၃၆-၃၀
သာယနရဝိခန်းတန့် = ၂

သာယနရဝိခန်းဝင်အံသာ
လိတ္တာ = ၆-၃၀
သာယနရဝိခန်းတန့်ဇယား = ၁၀၀၂
သာယနရဝိခန်းတန့်ဝိဝရ = ၂၉၉
ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ = ၈၃၂-၈၂
ကြန္တိအံသာလိတ္တာ-ဝိလိတ္တာ= ၁၃-၅၂-၃၂
ဒက္ခိဏာဒိဂ်

(၄) ရာသီစက်အံသာ = ၃၃၀= ကုံရာသီ
အဆုံး

ရဝိဖုဋ္ဌရာသီအံသာလိတ္တာ = ၁၁-၀=၀
ကောဇာသက္ကရာဇ် = ၁၃၄၀
ကောဇာအာယနဂေါဠ = ၂=(+ခေတ်)
ကောဇာအာယနအံသာ
လိတ္တာဝိလိတ္တာ = ၂၃-၃၀-၁၈
သာယနရဝိရာသီအံသာ
လိတ္တာ = ၁၁-၂၃-၃၈
သာယနရဝိဂေါဠ = ၃=ဒက္ခိဏာဒိဂ်
ထူဂေါဠ

သာယနရဝိဂေါဠ
စားကြွင်း(ရာ-အံ-လိ) = ၂-၂၃-၃၈
သာယနရဝိဘုဇရာသီ
အံသာလိတ္တာ = ၀-၆-၃၀

| ပုံညွှန်းအက္ခရာ | (ဇ) | (စ) | (ဆ) | (ခ) | (ဂ) | (ဿ) |
|---|---|---|---|---|---|---|
| ကလိယုဂ်ဆန်းနှစ် | ၄၇၇၉ | ၄၉၄၁ | ၃၅၁၂ | ၅၃၁၂ | ၇၁၂၂ | ၈၉၁၂ |
| သာသနာသက္ကရာဇ် | ၂၂၂၂ | ၂၃၈၄ | ၉၅၅ | ၂၇၅၅ | ၄၅၆၅ | ၆၃၅၅ |
| ကောဇာသက္ကရာဇ် | ၁၀၄၀ | ၁၂၀၂ | သာကမင်းဖြိုကြင်း ၃၃၃ | ၁၅၇၃ | ၃၃၈၃ | ၅၁၇၃ |
| အယဉ်ဂေါလနှင့် ပေါင်း – နှုတ်ခေတ် | ၂+ | ၂+ | ၂+ | ၃+ | ၀– | ၁– |
| အယနအံသာလိတ္တာ ဝိလိတ္တာ + – | +၂၃။၃၀၊၁၈ | +၂၂။၅၆။၆ | + ၀။ ၀။ ၀ | +၂၃။၀၁၀ | – ၀။ ၀။ ၀ | –၂၃။ ၀။ ၀ |
| ဒိဂ်(ဥတ္တရ–ဒက္ခိဏ ကြန္တီများ) | ဒိဂ်၊ အံ၊ လိ၊ ဝိ | ဒိဂ်၊ အံ၊ လိ၊ ဝိ | ဒိဂ်၊ အံ၊ လိ၊ ဝိ | ဒိဂ်၊ အံ၊ လိ၊ ဝိ | ဒိဂ်၊ အံ၊ လိ၊ ဝိ | ဒိဂ်အံသါလိတ္တါဝိလိတ္တာ |
| ၃၆၀ ၀ | ဥ ၉ ၁၅။၀၂ | ဥ ၉ ၂၁။၀၂ | ဥ ၀ ၀။၀ | ဥ ၁၀၊၃၄၊၃၈ | ဥ ၀ ၀ | ဒ ၁၀၊၃၄၊၃၈ |
| ၃၀ | ဥ ၁၀၊၅၅၊၄၄ | ဥ ၁၀၊၄၆၊၆၃ | ဥ ၁၁၊၄၄၊၀ | ဥ ၁၁၊၅၁၊၄၃ | ဥ ၁၁၊၄၄၊၀ | ဥ ၁၁၊၂၂၊၄ |
| ၆၀ | ဥ ၂၀၊၃၃၊၂၀ | ဥ ၂၀၊၃၀၊၂၀ | ဥ ၂၀၊၁၀၊၀ | ဥ ၂၀၊၄၉၊၉ | ဥ ၂၀၊၁၀၊၀ | ဥ ၂၀၊၄၉၊၂၀ |
| ၉၀ | ဥ ၂၃၊၄၄၊၀ | ဥ ၂၃၊၄၀၊၀ | ဥ ၂၃၊၀ | ဥ ၂၄၊၀ | ဥ ၂၄၊၀ | ဥ ၂၄၊၀ |
| ၁၂၀ | ဥ ၂၀၊၅၂၊၂၀ | ဥ ၂၀၊၄၃၊၂၀ | ဥ ၂၀၊၁၀၊၀ | ဥ ၂၀၊၅၂၊၂၀ | ဥ ၂၀၊၁၀၊၀ | ဥ ၂၀၊၄၉၊၂၀ |
| ၁၅၀ | ဥ ၁၁၊၄၄ | ဥ ၁၁၊၄၄ | ဥ ၁၁၊၄၄ | ဥ ၁၁၊၄၄ | ဥ ၁၁၊၄၄ | ဥ ၁၁၊၄၄ |
| ၁၈၀ | ဒ ၁၀၊၃၄၊၃၈ | ဒ ၉ ၂၁ | ဒ ၀ ၀ | ဒ ၁၀၊၃၄၊၃၈ | ဒ ၀ ၀ | ဥ ၁၀၊၃၄၊၃၈ |
| ၂၁၀ | ဒ ၁၀၊၅၅၊၄၄ | ဒ ၁၀၊၄၆၊၆၃ | ဒ ၁၁၊၄၄၊၀ | ဒ ၁၁၊၅၁၊၄၃ | ဒ ၁၁၊၄၄၊၀ | ဒ ၁၁၊၂၂၊၄ |
| ၂၄၀ | ဒ ၂၀၊၃၃၊၂၀ | ဒ ၂၀၊၃၀၊၂၀ | ဒ ၂၀၊၁၀၊၀ | ဒ ၂၀၊၄၉၊၉ | ဒ ၂၀၊၁၀၊၀ | ဒ ၂၀၊၄၉၊၂၀ |
| ၂၇၀ | ဒ ၂၃၊၄၄၊၀ | ဒ ၂၃၊၄၀၊၀ | ဒ ၂၃၊၀ | ဒ ၂၄၊၀ | ဒ ၂၄၊၀ | ဒ ၂၄၊၀ |
| ၃၀၀ | ဒ ၂၀၊၅၂၊၂၀ | ဒ ၂၀၊၄၃၊၂၀ | ဒ ၂၀၊၁၀၊၀ | ဒ ၂၀၊၅၂၊၂၀ | ဒ ၂၀၊၁၀၊၀ | ဒ ၂၀၊၄၉၊၂၀ |
| ၃၃၀ | ဒ ၁၁၊၄၄ | ဒ ၁၁၊၄၄ | ဒ ၁၁၊၄၄ | ဒ ၁၁၊၄၄ | ဒ ၁၁၊၄၄ | ဒ ၁၁၊၄၄ |

ရာသီစက်၏ အံသာများနှင့် ဝင်းစက် အံသာတွင် ဒိဂ်ဒေသ(ဥတ္တရ–ဒက္ခိဏ) ဌာနများသို့ရောက် သောနေ (တနင်္ဂနွေ)၏ ကြန္တီအံသာ–လိတ္တာ–ဝိလိတ္တာများ

၁၇။ (ဿ) ကလိယုဂ်ဆန်းနှစ်၊ ၃၅၁၂ မှ ၈၉၁၂–ထိ သာသနာသက္ကရာဇ် ၉၅၅ မှ ၆၃၅၅ ထိ သာကမင်းဖြိုကြင်း ကောဇာသက္ကရာဇ် ၃၃၃ မှ ပုပ္ပါး စောရဟန်းမင်းကြီး ဖြိုပြီး ၅၁၇၃ ထိ နှစ်ပေါင်း ၅၄၀၀ အဖို့တွင်ရာသီစက်တွင် ၁၂ ရာသီတို့၏ အဆုံးများဌာနတွင် ဒိဂ်ဒေသနှစ်ပါးသို့ နေ (တနင်္ဂနွေ) ၏ ကြန္တီအရောက်များဖေယားချုပ်

| | | |
|---|---|---|
| သာယနရဝိဘုဇအံသပုံ | | |
| လိတ္တာ | = | ၆-၃၀ |
| သာယနရဝိခန်းတန္တ | = | ၀ |
| သာယနရဝိခန်းတန္တ | | |
| အံသလိတ္တာ | = | ၆-၃၀ |
| သာယနရဝိခန်းတန္တဇယား | = | ............ |
| သာယနရဝိခန်းတန္တ | | |
| ဒေါက်ဇယား | = | ............ |
| သာယနရဝိခန်းတန္တဝိဝရ | = | ၃၆၂ |
| ကြန္တိလိတ္တာပုံနှင့်ဝိလိတ္တာ | = | ၁၅၆-၅၂ |
| ကြန္တိအံသလိတ္တာ | | |
| ဝိလိတ္တာ | = | ၂-၃၆-၅၂ |
| | | =ဒက္ခိဏာဒိက |
| | | (ပုံ-၁၆) |

နေ၏ကြန္တိအတိုက်အရောက်ဇယားအညွှန်းများ

က-ဂ။ ။နေ ရောက် ရဝိပဋ္ဌ စက်အံသ နှင့် သာယန ရာသီ ရာသီတို့ ထပ်တူ ထပ်မျှ ကြုံသော အယန အံသ သုည ရှိသော ဗဟိုနှစ် ကလိယုဂ်အနှစ်ဝင် သက္ကရာဇ် ၃၅၁၂ နှင့် ၃၁၁၂ သာသနာ့သက္ကရာဇ် ၉၁၅ နှင့် ၄၂၅၅ သာကမင်း ဖြိုကြွင်း သက္ကရာဇ် ၃၃၃ နှင့် ပုပ္ပား စောရဟန်း မင်း ဖြိုကြွင်း ကောဇာ သက္ကရာဇ် ၃၃၇၃ တို့တွင် စက်အံသ အသီးသီးမှာ ဗိဂ် ဒေသများသို့ နေ၏ ကြန္တိ အတိုက် အရောက် အံသ လိတ္တာဝိလိတ္တာများ

ထိုအချိန်၌ စက်အံသာဌာနများတွင် နေ၏ အဆိုက်အရောက်အရ ဖြစ်ပေါ်ကြသော အယဉ်နှစ်ပါး ဝိလိသုံးပါး ရတုခြောက်ပါး ဥတုသုံးပါးနှင့်တကွ ကဏ္ဍကြီး သုံးပါးတို့သည်လည်း ပြတ်ခြား မှတ်သား အပ်သော စက်အံသာ ရာသီများ၌ မှန်ကန်တိကျပေလိမ့်မည်။

ခ။ ။ကလိယုဂ် ၅၀၂၂ သာသနာ ၂၄၆၅ ပုပ္ပါးဖြိုကြွင်း ၁၅၇၃။ အယနအံသာ (၂၃) တိတိရသော အပေါင်းခေတ် ထိုအခါ၌ အယဉ် ဒိဂ် ရတု ဥတုနှင့် ကဏ္ဍတို့၌ အယနအံသာအရ အံသာ (ရက်များ) စော၍ ကြန္တိများမှာ ခန်းတန့်ဂေါဠ်များကို လိုက်လျက် ကြန္တိတွင် ဝိုလွန်းခြင်းဖြစ်မည်။ ၎င်းအယနအံသာ အပေါင်းခေတ် ၂၃ အံသာမှာ စက်အံသာ ၃၆၀ မဟာသင်္ကြန်ကျချိန် ရဝိဗုဒ္ဓရာသီ အံသာလိတ္တာသုည(၀)တွင်မိန်ရာသီ၏ အဆုံးမှာနေသည် ကြန္တိဥတ္တရဒိဂ် ၁၀ အံသာ၊ ၃၄ လိတ္တာ ၄၈ ဝိလိတ္တာမှာ ဆိုက်ရောက်လျက်ရှိမည်။

ဃ။ ။၈၉၁၂၊၆၃၅၅၊ ၅၁၇၃၊ (၂၄-၀-၀)အနုတ်ခေတ်၊ အဆိုက်အရောက်မှာ နေ့ခင်း၍ ကြန္တိဒက္ခိဏဒိဂ် (၁၀-၃၄-၄၈)မှာ ဆိုက်ရောက်လျက်ရှိပေမည်။

င။ ။၅၁၇၉၊ ၂၅၂၂။ ၁၃၄၀။ (၂၃-၃၀-၁၈) အပေါင်းခေတ် စော၍ ဆိုက်ရောက်လျက်ရှိသည်။

က-၈။ ။နေ၏ကြန္တိရောက် လမ်းစဉ်တွင် စက်အံသာ အသီးသီး၌ ဒိဂ်ဒေသတို့သို့ အယနသုဉ်း (၀) သော (၈ ဟိုနှစ်) များနှင့် ဖုဋ္ဌတွင် အယန အံသာ ကို



ခေါ်နှစ်တို့အရ ပေါင်းခြင်း၊ နုတ်ခြင်းကိုပြုမှ သာယနရဝိ ဖြစ်ရသော အပေါင်းခေတ်နှင့်အနုတ်ခေတ် တို့၌ သာယနရဝိအရ ကြန္တိအဆိုက်အရောက်မှာ ထပ်တူထပ်မျှ ဖြစ်ကြသည်။

၁၇(ဇ)။ ။အယနသုဉ်းသော အခါကာလ၌ အတာသင်္ကြန်ကျချိန် ရဝိဗုဒ္ဓရာသီ အံသာ လိတ္တာတို့ သုညရသော စက်အံသာ ၃၆၀၊မိန်ရာသီရေဝတီနက္ခတ် ၊အဆုံး မိဿရာသီ အဿဝဏီ နက္ခတ်၏ အစမှာ နေသည် မဇ္ဈစက်သို့ ကြန္တိဒိဂ်အံသာလိတ္တာ ဝိလိတ္တာတို့ သုညရလျက် ဆိုက်ရောက်ရသည်။ (အိကွေတာပေါ် တည့်တည့်မှာ ရှိသည်။)

ထိုနည်းအတူ မဟာသင်္ကြန်စာများ၌ သရဝဏ် မှန်းတည့်ဆိုသော နေသည် ရဝိဗုဒ္ဓ၊၆ရာသီနှင့် အံသာလိတ္တာတို့ သုညရသော စက်အံသာ ၁၈၀ ကန်ရာသီ စိတြနက္ခတ် ဒုတိယပါဒ်၏အဆုံး၊တူရာသီ စိတြနက္ခတ်၏ တတိယပါဒ်အစမှာနေသည် မဇ္ဈစက်သို့ပင်လျှင် ကြန္တိဒိဂ်သုညဖြင့် ဆိုက်ရောက်သည်။ (အိကွေတာပေါ် တည့်တည့်မှာ ရှိသည်။)

ထိုကဲ့သို့အားဖြင့် နေသည် စက်အံသာ၉၀သို့ အဆိုက်အရောက်မှာ ဥတ္တရယဉ်စွန်းတန်း (ဥတ္တရယဉ်စက်) သို့ ဆိုက်ရောက်ရသည်။ ဒိဂ်အံသာ ၂၇၀မှာ ဒက္ခိဏ ယဉ်စွန်းတန်း (ဒက္ခိဏယဉ်စက်)သို့ ဆိုက်ရောက်သည်။ (ကမ္ဘာမှာ ထပ်တူ)ယဉ်စွန်းတန်း နှစ်ရပ်ပေါ်သို့ ဆိုက်ရောက်သည်။

အယနအံသာ အလွန်နှင့် အယုတ်အားဖြင့်၊အယနအံသာ ဖြစ်ပေါ်သော အံသာလိတ္တာ ဝိလိတ္တာတို့ ရကြသည်များ

စသည်မှ အများဆုံး ဖြစ်ပေါ်နိုင်သော အယနအံသာ ၂၇ သို့အထိ အံသာပမာဏများအလိုက် ဖုဋ္ဌတွင် ပေါင်းခြင်း နုတ်ခြင်းဖြင့် သာယနရဝိအရတွင်ဂေါ်ဠ ခန်းတန့် သဘာဝ အချိုးအစားများအတိုင်း ဒိဂ်ကြန္တိများကို ရဝိဖုဋ္ဌရောက်ရာ စက်အံသာ၏ ဒိဂ်ကြန္တိများကို ရဝိဖုဋ္ဌရောက်ရာ စက်အံသာ ၏ဒိဂ်ကြန္တိများသို့ အပေါင်းခေတ်မှာ ပိုလွန်၍ အနုတ် ခေတ်မှာ ယုတ်လျော့၍နေအဆိုက်အရောက် ကြန္တိဒိဂ်ကို ဖြစ်ပေါ်ရွေ့ရောက်ခြင်းကို ဖြစ်စေသည်။

ဂြိုဟ်လဂ်တို့၏ စက်အံသာ အရောက်အသွားတို့ကိုတွက် ယူရာ၌ အယန အံသာကိုပေါင်း၍သော်၎င်း၊ နုတ်၍သော် ၎င်း သာယန ဖြစ်ပေါ်ရသော အရာသည်အသုဒ္ဓ။ ပေါင်းရ သော် ပြန်၍နုတ်၊ နုတ်ရသော် ပြန်၍ပေါင်းမှ သုဒ္ဓရသည်ကို ဆင်ခြင်သိတာနိုင်သည်။

နေ၏ကြန္တိဒိဂ်=ရောက်ရာ၌ ယဉ်စွန်းတန်းတို့မှမြောက် နှင့်တောင်သို့ လွန်ခြင်းယုတ်ခြင်းမဖြစ်၊ယဉ်စွန်းတန်း နှစ်ရပ် ၏အကြားမှာသာလျင် ဒိဂ်အားဖြင့် အဆိုက်အရောက် စော ခြင်း၊ နှောင်းခြင်းကို ဖြစ်စေသည်။ ထို့ကြောင့်။ ရာသီစက် ကြီး၏ အသိမ်းအယိုင်ကြောင့် နေရွေ့ရောက်သကဲ့သို့ကမ္ဘာ မြေကြီး၏ တည်ပုံ ယိမ်းပုံ စောင်းငဲ့ပုံများနှင့် လည်ခြင်း လှည့်လည်ရွေ့ရောက်ခြင်းတို့ကြောင့်လည်း ဤကြန္တိအယန သဘာဝတို့ ဖြစ်နိုင်ကြမည်ဟု မှတ်ယူကြဲဆ ဆင်ခြင်စရာရှိ သည်။(ပုံ-၁၆)

၂။ ဤဇယား၌ နေနှင့် တကွ ဇုဋ္ဌဟူးဂြိုဟ် များ၏ အချင်း ပမာဏ နှင့် ယင်းဂြိုဟ် အသီး သီး ၏ နေမှ

# ဒသမပိုင်း

၁။ ယခုခေတ်ကျောင်းသုံးပထဝီဝင် လောကဓာတ်သိပ္ပံကျမ်းများအရ နေလကမ္ဘာနှင့်တကွ ဗုဒ္ဓဟူးစသောဂြိုဟ်တို့၏ ပမာဏ တလုံးနှင့်တလုံးအကွာ၊ လည်ခြင်းလှည့်ခြင်း၊ ရွေ့ရောက်ခြင်းတို့၏ အချိန်ကာလများကို ပိုင်းခြားဖေါ်ပြသောဇယားချုပ်

| ဂြိုဟ်များအမည် | ပျမ်းမျခြင်း အချင်း မိုင်ပေါင်း | နေမှပျမ်းမျှအကွာ မိုင်ပေါင်း | နေကိုပတ်မိရန် ကြာသောအချိန် | မိမိဝင်ရိုးကိုပတ်မိရန် ကြာသောအချိန် ရက် | နာရီ | မိနစ် | စက္ကန့် | အရံလများ အရေအတွက် |
|---|---|---|---|---|---|---|---|---|
| နေ | ၈၆၆၅၀၀ | = | - | ၂၅ | ၇ | ၁၂ | - | - |
| ဗုဒ္ဓဟူးဂြိုဟ် | ၃၀၀၀ | ၃၆၀၀၀၀၀၀ | ၈၈ ရက် | ၈၈ | - | - | - | - |
| သောကြာဂြိုဟ် | ၇၀၀၀ | ၆၇၂၀၀၀၀၀ | ၂၂၅ ရက် | ၂၂၅ | - | - | - | - |
| ကမ္ဘာ | ၇၉၁၃ | ၉၃၀၀၀၀၀၀ | ၃၆၅ ၁/၄ ရ | | ၂၃ | ၅၆ | ၄ | ၁ |
| အင်္ဂါဂြိုဟ် | ၄၂၀၀ | ၁၄၂၀၀၀၀၀၀ | ၆၈၇ ရက် | | ၂၄ | ၃၇ | ၂၃ | ၂ |
| ဂြိုဟ်သိမ်ဂြိုဟ်မွှားများခေါ် ဂြိုဟ်ငယ်များ | ၄၈၅နှင့် ၎င်း အောက် | ၁၉၃၀၀၀၀၀၀၀မှ ၃၉၅၀၀၀၀၀၀၀ထိ | ၁၁၀၃ရက်မှ ၃၂၁၄ ရက်ထိ | | - | - | - | - |
| ကြာသပတေးဂြိုဟ် | ၈၈၂၅၀ | ၄၈၃၃၀၀၀၀၀ | ၁၁.၈၆ နှစ် | - | ၉ | ၅၅ | ၃၇ | ၈ |
| စနေဂြိုဟ် | ၇၄၂၄၀ | ၈၈၆၁၀၀၀၀၀ | ၂၉.၄၆ နှစ် | | ၁၀ | ၁၄ | ၂၄ | ၁၀ |
| ယူရေးနတ် | ၃၂၀၀၀ | ၁၇၈၂၈၀၀၀၀၀ | ၈၄ နှစ် | | | | | ၄ |
| နက်ပကျွန် | ၃၂၉၀၀ | ၂၇၉၃၅၀၀၀၀၀ | ၁၆၄.၈ နှစ် | | | | | ၁ |
| ပလူတို | | ၃၆၇၅၀၀၀၀၀၀ | ၂၄၈ ၂/၅ နှစ် | | | | | |

အကွာအဝေးများကို မိုင်အတိုင်းအတာဖြင့်သာလျှင် ပြဆိုထား၍ ဇယား၌ အကြီးဆုံးဖြစ်သော နေသော်မှ အခြားကြယ်များနှင့် နှိုင်းစာလျှင် အာ ယ်အလတ်တန်းစား သာမန် ကြယ်တလုံးသာဖြစ်သည်ဆိုသည်။

နေထက်အဆပေါင်းများစွာ ကြီးသောကြယ်အာ မြောက်အမြားရှိရာ ၎င်းတို့၏ အဝေးအကွာ ပမာဏများက သမရိုးကျ သင်္ချာမျိုးဖြင့် တွက်ချက်ရန် ခဲယဉ်း၍ တမျိုး တနည်း တွက်ချက်ယူရသည်ဟု ဆိုသည်။

အလင်းနှစ်။ ။ကြယ်များ၏ အကွာအဝေးမှာ အလွန်အလွန် ကြီးမား၍ သင်္ချာများလွန်း သဖြင့် အလင်းနှစ်ဖြစ် သော သင်္ချာဖြင့်တွက်ယူရ၏။ အလင်းနှစ်ဆိုသည်မှာ တနှစ်အဖို့၏ အလင်းရောင် အလင်းပျံ့နှံ့ရောက်နိုင်သော မိုင်ပေါင်း ဖြစ်သည်။

အလင်းရောင်သည်တစက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ သွားနိုင်၍ ထိုနှုန်းဖြင့် တနှစ် အ ဖို့သော် မိုင် ပေါင်း ၅,၈၈၀,၀၀၀,၀၀၀,၀၀၀ ရောက်ရှိသော အတိုင်းအတာသည် အလင်းနှစ်တနှစ်ဖြစ်သည်။ ယင်းသည် နေမှ ကမ္ဘာသို့ ရှစ်မိနစ်ကျော်မျှကြာမှရောက်ရှိသည်ဟု ဆိုသည်။

ကြယ်များ ကမ္ဘာမှ ဝေးကွာပုံကို ကမ္ဘာမြေကြီးနှင့် အနီးဆုံးဖြစ်သော ပြောက်တိမာစိန္တော်ရီ ကြယ် ဖင်လျှင် ကမ္ဘာနှင့်အလင်းနှစ်လေးနှစ်နှင့်ဝ၉၅ရက်ကွာဝေးလျက်မိုင်ပေါင်း ၂၅၃၀၀၀၀၀၀၀၀၀၀၀ ကွာဝေးသည်ဟုပြဆိုသည်။

ပါရက်ပမာဏ။ ထိုထက် ဝေးသော ကြယ်များ၏ ကမ္ဘာမှ အကွာ အဝေးကို တွက် ယူ သော အခါတွင်

အလင်းနှစ်ကက် ကြီးသော ပါစက် ပမာဏဖြင့် တွက်ယူရသည်ဟုဆိုသည်။

ပါစက်ဆိုသည်မှာ ကမ္ဘာမြေကြီး နှင့် နေ၏ အကွာအဝေး မိုင်ပေါင်း ၉၃ သန်း၏အဆပေါင်း ၂၀၆၂၆၅ အမျှရှိသော မိုင်ပေါင်း ၁၉,၁၆၀,၀၀၀,၀၀၀,၀၀၀ ဖြစ်သည်ဟုဆိုသည်။

ယင်းသို့ အဆင့်ဆင့် ကမ္ဘာမှ ဝေးကွာသောကြောင့် ကြယ်များ၏ အလင်းရောင်ပြ ပမာဏများကို အနီးအဝေး အလိုက် အကြီးအသေး အစက် အရောင်ချင်း ယှက်ယှက် အပြိုရောင်မှ ပကတိမျက်စိဖြင့် မမြင်နိုင်ကြသည်အထိဖြစ်ကြရသည်။

ရွှေ့လျားခြင်းမရှိဟုထင်မြင်ရ သောနေသည် ကြယ်အဖွဲ့ကြီးတခု၏ပတ်လည်တွင်နှစ်ပေါင်းသန်း ၂၀၀အကြာမှာတပတ်လှည့်သည်၊ ကြယ်များသည် နေများဖြစ်သည်ဆိုသည်။

နေနှင့်တကွ နေကိုဗဟိုပြု၍ လှည့်လည်လျက်ရှိသောဂြိုဟ်ကိုးလုံးကိုနေစကြဝဠာဟုခေါ်ဆို၍ အခြား မရေမတွက်နိုင်အောင် များပြားစွာသော ကြယ်များနှင့် ကောင်းကင်ပြင်ကြီးကိုမရေမတွက်နိုင်သောကြယ်စကြဝဠာဟုခေါ်ဆိုသည်။ အနန္တ စကြဝဠာဆိုသော စကားနှင့်နှိုင်းယှဉ်ဖွယ်ရာဖြစ်သည်။

၃။ နေစက် နေစကြဝဠာ

နေစကြဝဠာတွင်ရှိကြသော ကောင်း ကင် တန်ဆာတို့သည်ကား နေနှင့်တကွအင်္ဂါစသော ဂြိုဟ်ကိုးလုံး။ အရံဂြိုဟ်



၂၆လုံး၊ ဂြိုဟ်သိမ်ဂြိုဟ်မွှာ အလုံး ၁၀၀၀ ခန့်။ ကြယ်တံခွန် တသန်းခန့်၊ ကြယ်ပျံ(ဥပါ)ကုဋေကုဋာနှင့် ထိမ်ကဲ့သို့တောက်သောအရာများ။

၄။ ကြယ်စကြဝဠာကုဋေကုဋာ (အနန္တ)

ကြယ်တို့၏ လုံးရေသည် အလွန်အလွန် များပြားသဖြင့် မည်ရွေ့မည်မျှဟုပြဆို၍ မရအပ်ချေ၊ ကမ္ဘာမှ အလွန်အလွန် ဝေးကွာသဖြင့် အဝေးအကွာပမာဏကိုအတိအကျပြဆိုနိုင်ရန် ခဲယဉ်းသည်ဆိုသည်။

အနီးဆုံးကြယ်သည် ကမ္ဘာမှ အလင်းနှစ်ပမာဏ ၄နှစ်မျှကွာဝေးသည်။ ယင်းမှအဆင့်ဆင့် အလင်းနှစ်ဆယ်ရာစသည်ဖြင့် သိန်းခန့်မျှထိဝေးသည်။

ပကတိမျက်စိဖြင့် မြင်နိုင်သောကြယ်များတွင်အစီအစဉ်ခြောက်ဆင့်မှန်ပြောင်းဖြင့်ကြည့်သော် ၂၁မှ ၃၀ ကျော်အထိရှိကြသည်ဟုဆိုသည်။

၅။ ကြယ်တို့၏ အရောင် အဆင်းများမှာ။ ။အနီ၊ လိမ္မော်၊ အဝါ၊အဖြူ၊အပြာနှင့် ပြာဖြူဖြူ အလင်းရောင်များ ရှိကြသည်။ ကြယ်များသည် ရွေ့ရှားခြင်းရှိကြသော်လည်း အတိုင်းထက် အလွန်ဝေးစွာ တည်ရှိကြသဖြင့် ရွေ့သည်ဟု မသင်မြင်နိုင်ပဲရှိရသည်။

ထို့ကြောင့် သမိုင်းခေတ်ဦးမှ ကြယ်အဖွဲ့များ၏သဏ္ဌာန်များအရ ပြဆိုခဲ့သောတာရာ နက္ခတ်များနှင့် ရာသီရုပ်စသော သဏ္ဌာန်များတို့သည် ယခုအထိနှင့် အနာဂတ်ကာလတွင် သဏ္ဌာန်မပျက်ရှိနေကြဦးမည် ဖြစ်သည်။

# ဧကာဒသမပိုင်း

၁။ ကပ်ဆန်း-သက္ကရာဇ်(ကပ်ဆန်းနှစ်)

ဗြဟ္မာမင်းသည် နေ လ နက္ခတ်တို့ကို ခိုင်းယှဉ်စီရင်သော နှစ်ကာလလွန်ပြီးသည်မှ ဒွါပရယုဂ်အဆုံးတိုင် နှစ်ပေါင်း နဘာသုညခ်ခဂဇဝ အဋ္ဌဘာဏ ပဥ္စနဝေက (၁၉၅၅၈၈၀၀၀၀) ဖြစ်၍ ယင်းတွင် ဆန်းရောက်သော ကလိယုဂ်ပေါင်းကို နှော၊ ကပ်ဆန်းနှစ်ပေါင်းဖြစ်၏။

၂။ ကလိယုဂ်ဆန်းနှစ်

ယခုရောက်ဆဲ(ပုပ္ပါးစောရဟန်း)သက္ကရာဇ်တွင် နဝါကြိသတ္တဂို (၃၇၃၉) နှော၊ကလိယုဂ်ဆန်းနှစ်ဖြစ်၏။ သူရိယသိဒ္ဓန္တကျမ်းတွင် မနုလစသော ဂြိုဟ်တို့ကို တွက်ယူရာ၌ ယခုရောက်ဆဲ ကလိယုဂ်ဆန်းဝင်နှစ်ကို တည်၍ တွက်ယူရမည်ဟုဆိုသည်။

၃။ တနင်္ဂနွေဂြိုဟ်ခေါ်(နေ)၏ကြန္တိ

ကလိယုဂ်ဆန်းနှစ် (၃၅၁၂) နှင့် (၇၁၁၂) များတွင် နက္ခတ်ရာသီစက်ကြီးသည် အယနအသိမ်းအယိုင်မရှိ။ ဗီလာ



ထွက်ဝင်အယဉ် နှစ်ရပ်ထပ်ကူထပ်မျှရှိကြသဖြင့် နေသည် နက္ခတ်ရာသီစက်ကြီးအဂဏအဆုံးစက်အံသာ (၃၆၀)မိန်ရာသီ၏ အဆုံးနှင့် မိဿရာသီတို့အစပ်( သန္ဓိ ) အရပ်တွင် နက္ခတ်ရာသီစက်ကြီး၏ မြောက်နှင့်တောင် ဝိက္ခေပနှစ်ရပ်၏ ဗဟိုမဇ္ဈိမသုဝမဏ္ဍလ(ကမ္ဘာ့ဗဟိုစက်ဝန်း)အိက္ခေတာပေါ် တည့်တည့်ဖြင့် ကြန္တိမဏ္ဍလ (ကြန္တိစက်ဝန်း) ၏ ပါတ (ဖြတ်ကူးချက်)ကို ဖြစ်စေလျက် မြန်မာတို့၏နှစ်ကူး မဟာသင်္ကြန်အချိန်မှာ ရောက်ရှိသည်။

ထိုအချိန်တက္ကာလလက်ငင်းအခိုက်အတန့်တွင် တနင်္ဂနွေဂြိုဟ်(နေ)သည် နက္ခတ်ရာသီစက်ကြီး၏ စက်အံသာမှ မိဿစသော ၁၂ရာသီ ဂေါ်ငှနှစ်ပါး၏ အစပ်(သန္ဓိ)သည်တို့ အသွင်း(ဝံ)ဌာနမှာ ဆိုက်ရောက် ကြုံကြိုက်လျက် ရှိသည်။

ဤတွင် အယန ယိမ်းယိုင်ခြင်းအရ ရဝိဗ္ဗဍပင်လျှင် သာယနရဝိအဖြစ် ရှိကြသော ဗဟိုခေတ်နှစ်၌ နေသည် နက္ခတ်ရာသီစက်၏ လက်ဝဲရစ် ( အနောက်မှအရှေ့ ) အဖို့သို့ တန့်သွားဖြင့် ယင်း၏ကြန္တိမဏ္ဍလ ဂြိုဟ်သွားဂြိုဟ်ကူး စက်၌ မိဿာ မြိဿ မေထုန်စသော ရာသီများသို့ ရွေ့ရောက်လျက် အယနပိုင်း၏ မြောက်နှင့်တောင်အာကာသ ယဉ်စွန်းတာဝတွင် မြောက်ယဉ်စွန်းတန်း အတည့်အမတ်သို့ စက်အံသာ (၉၀) မေထုန်ရာသီအဆုံးတွင် ဆိုက်ရောက်သော သဘာဝဖြစ်ရ၏။

ထိုနှင့် တပြိုင်နက် ကမ္ဘာ၏ ဥတ္တရမြောက်ယဉ်စွန်းတန်းပေါ် တည့်တည့် မတ်မတ်သို့ နေမွန်းမတ် ( ဝိသုဝ )အဖြစ် ရောက်ရှိသည်။

ဤတွင်နေသည် မြောက်သို့ အရောက်နိုင်ဆုံး ဌာနမှ နက္ခတ် ရာသီစက်တွင် တနေ့သွား လက်ဝဲရစ်သို့ ရာသီ အနေ့ အသွားဖြင့် ကရကဋ် သိန် ကန် ရာသီများသို့ ကြန့် မဏ္ဍလခေါ် စက်၏ လေးပုံတပုံ နှံ့ စက်ဝိုင်းစိတ်အတိုင်း ကူးရွှေ့ကာ ကန်ရာသီ၏အဆုံး စက်အံသာ (၁၈၀°) ရဝိ ဖုဒ္ဓ အရောက်တွင် အာကာသ မဇ္ဈေမဏ္ဍလ ( ဗဟိုစက် ဝန်းသို့ ဝိသုဝ မှန်းမတ်အဖြစ် ရောက်ရှိ၏၊

ထိုနှင့်တပြိုင်နက် ကမ္ဘာ၏ မဇ္ဈေမဏ္ဍလ (ကမ္ဘာ့ ဗဟို စက်ဝန်း) အိကွေတာပေါ် တည့်တည့် မှန်းမတ်၌ ဝိသုဝ အဖြစ် ရောက်ရှိသည်၊

ဤတွင်နေသည်မြောက်သို့အရောက်နိုင်ဆုံးဌာနမှနက္ခတ် ရာသီစက်တွင် တနေ့သွားလက်ဝဲရစ်သို့ ရာသီအနေ့အသွားဖြင့် ကရကဋ် သိန်–ကန်ရာသီများသို့ ကြန့် မဏ္ဍလခေါ် စက်၏ လေးပုံ တပုံ နှံ့ စက်ဝိုင်း စိတ်အတိုင်းကူးရွှေ့ကာ ကန်ရာသီ၏အဆုံး စက်အံသာ (၁၈၀°) ရဝိဖုဒ္ဓအရောက်တွင် အာ ကာသမဇ္ဈေမဏ္ဍလ ဗဟိုစက်ဝန်းသို့ ဝိသုဝ မှန်းမတ်အဖြစ် ရောက်ရှိ၏။

ထိုနှင့်အပြိုင်နက် ကမ္ဘာ၏ မဇ္ဈေမဏ္ဍလ ( ကမ္ဘာ့ဗဟိုစက် ဝန်း)အိကွေတာအပေါ်တည့်တည့် မှန်းမတ်၌ ဝိသုဝအဖြစ် ရောက်ရှိသည်။

ဤသို့ဖြင့် နေသည် နက္ခတ်ရာသီစက်၏ အာဝရုဏ်များမှ အစဉ်ကူးဖြတ် ရွှေ့ရောက်ခြင်း ဖြစ်လျက် မဇ္ဈေမဏ္ဍလ ၏ တောင်အရပ်ဘက် ဒက္ခိဏာဒိဂ် အပိုင်းဌာန အတွင်းသို့ ပြဲလိုက်ခဲ့ပြီးသော အရောက် အရွှေ့မျိုးဖြင့် တူ ဖြစ်သော



နေ့ရာသီများကို ကြန့်လမ်းစဉ်ဖြင့် ကူးရောက်၍ ဓနုရာသီ၏ အဆုံးစက်အံသာ ၂၇၀ တွင် အာကာသ ဒက္ခိဏာယဉ်စွန်း ကန်းသို့ ရောက်ရှိသည်။

ထိုနှင့်တပြိုင်နက် ကမ္ဘာ့ဒက္ခိဏာ ယဉ်စွန်းတန်း ပေါ်သို့ တည့်တည့်မတ်မတ်ရောက်ရှိသည်။

ထိုမှတဖန်လက်၍ ယခင်ရွှေ့ရောက်ခြင်းဖြစ်သော အ ထိုင်း မကာရ ကုံ မိန် ရာသီများကို ဖြတ်ရောက်လျက်စက် အံသာ ၃၆၀° မိန်ရာသီ၏ အကူးအရပ်တွင် အာကာသ ဝိသုဝမဏ္ဍလမဇ္ဈေ ဗဟိုစက်အရပ်သို့ ပြန်၍ ဆိုက်ရောက် သည်။

ဤတွင်ကမ္ဘာ့မဇ္ဈေစက် (အိကွေတာ) ပေါ် ရောက်ရ ပြန်၏။

ဤကား ဗဟိုခေတ်ရှစ်၏ နေသွားနေရောက် ကြန့်လမ်း စဉ်ကြီးကို ဖော်ပြခြင်းပေတည်း။

(ပုံအမှတ်–က–ဂ–အမှတ်ပြ ကြန့်လမ်းစဉ်အတိုင်း ဖြစ်၏။)

ဗဟိုနှစ်သည် နှစ်ပေါင်း ၃၆၀၀ မှာ တကြိမ်သာလျှင် ဖြစ်ရသည်၊ ထိုဗဟိုနှစ်၌ နက္ခတ်ရာသီစက်အတွင်းတွင်ကမ္ဘာ မှ မြင်အပ်သော မြင်ရပ်ဝယ် တင်ဟပ်သော နေလမ်း ကြန့် မဏ္ဍလ(စက်ဝန်း) ကြန့်ကြီးကို ဗဟိုနှစ်ကြန့်စက်ဝန်းဟူ၍ ခေါ်မှတ်ပြုသည်။

ထိုဗဟိုနှစ် ကြန့်စက်ဝန်းတွင် နေရောက် ဒိဂ်ကြန့် အံ သာ အရပ်ဌာန အသီးသီးတွင် အပေါင်း (+) ခေတ်နှစ်မှာ ရဝိဗိမ္ဗ စက်ဝိုင်းသာ စသည်၌ အယနအံသာ စသည်ကို ပေါင်း ရသော သာယနရဝိအရ ဆိုက်ရောက်သင့် ဒိဂ်ကြန့်အရ

ရဝိဖုဋ္ဌစက်အံသာမှာသာလျှင် ဒိဂ်ကြန္တိသို့ ရောက်ရှိရခြင်း ဖြစ်သည်။ ထိုသို့ပင်အနုတ် (–) ခေတ်နှစ်၏ ရဝိဖုဋ္ဌ စက်အံသာစသည်တွင် အယနအံသာစသည် နုတ်ယူပြီးဖြစ်သော သာယနရဝိ အရ၏ ဒိဂ်ကြန္တိအရ ရဝိဖုဋ္ဌ စက်အံသာမှာသာလျှင် ဒိဂ်ကြန္တိသို့ ရောက်ရှိရသည်။

ထို့ကြောင့်( + – ) ခေတ်နှစ်များ၏ နှစ်အသီးသီး အတွက် သာယနရဝိ အရ တွက်ယူသော နေ၏ ဒိဂ်ကြန္တိဘာဝများသည် ရဝိဖုဋ္ဌ စက်အံသာ ပေါ်၌သာ ရှိရတည်ရမည်။

နေသည် စက်အံသာအရပ်များတွင် လက်ဝဲရစ်ဖြင့် တနုအသွားအရ ထိတွေ့ ဆိုက်ရောက်သော စက်အံသာ သည် ရဝိဖုဋ္ဌစက်အံသာအရပ် ဖြစ်၏၊

နက္ခတ်ရာသီစက်၏ စက်အံသာ အသီးသီးသို့ ရဝိဖုဋ္ဌအထိ အရောက်တွင် ထိုအံသာစက်မျဉ်း၏ ဗဟိုနှစ် ကြန္တိမဏ္ဍလ စက်ဝန်း ဖြတ်သန်းသော ဒိဂ်ကြန္တိဌာနမှ ( + ) နှင့် (–) ခေတ်များအရ ယိမ်းယိုင်သင့်၊ အယနအံသာပမာဏမှ ယိမ်းယိုင်သင့်၊ အံသာအရ၊ ပို-လို(လွန်-ယုတ်) ခြင်းဖြစ်ရလျက် ထိုအယနအံသာ ပမာဏ၏ အချိုးကျ ဒိဂ်ကြန္တိ အံသာ လိတ္တာစသည် (+) ခေတ်မှာသော် မြောက်အရပ်( – )ခေတ်မှာသော် တောင်အရပ်တို့ ယိုင်ရခြင်းကို နေရောက်ဆဲ ရဝိဖုဋ္ဌ စက်အံသာပေါ် ယိမ်းယိုင် ရောက်ရသော ကြန္တိဘာဝ၌ ရောက်ရပ် မြင်ရပ်သို့ ထင်ဟပ်ကျရောက်ခြင်းဖြစ်သည်၊

၄။ အယန ယိမ်းယိုင်ခြင်း

ညောင်ကန်ဆရာတော် ဘုရားကြီး အနက် ဖြန့်ဆိုသော သူရိယသိဒ္ဓန္တနိဿယ ကျမ်းကြီး၌ ရာသီစက်သည် တနှစ်လျှင်





၅၄ ဝိလိတ္တာ ၆၆ နှစ်နှင့် ၇ လလျှင် တအံသာနှစ်ပေါင်း ၁၈၀၀ လျှင် ၂၇ အံသာယိမ်းယိုင်၏၊ ဖုဋ္ဌဂြိုဟ်တို့တွင်နှော ရသောအခါမြောက်။ နုတ်ရသောအခါ တောင်သို့ယိမ်းယိုင် ကြောင်းဆိုသည်။

ထိုစကားနှင့်ဖုဋ္ဌဂြိုဟ်တို့တွင် ပေါင်းနုတ်ရသောအခါပြဆို ထားသဖြင့်နေလအင်္ဂါဂြိုဟ်စသောဂြိုဟ်ခပ်သိမ်းတို့အဖို့လည်း ပေါင်းခြင်းနုတ်ခြင်း အချက်နှင့် အားလုံးအကျုံးဝင်သည်။

နက္ခတ်ရာသီစက်ကြီးတွင် နေ ၏ လှည့် ရွေ့ ရောက် ခြင်း ကြောင့် ဖြစ်ပေါ်ကြသော နှစ်တနှစ် ( အခါလည် အခါလည်)၌ ရွေ့ရောက်သော ကြန္တိမဏ္ဍလ ( နေကူးဂြိုဟ် သွားလမ်းစက်)၌ရင်း၏ ထက်ဝက်စီဖြစ်သော အယဋ္ဌ (နှစ်) ပါး ဂေါဠကြီး နှစ်ဌာန ယင်းဂေါဠကြီးနှစ်ဌာနမှ သွား ဖြန့် ထွက် ဝင်ခြင်းအရ ဂေါဠအရပ် ၄ပါး ဝိထိ၃ပါး ရာသီမာသ ၁၂ ပါးစသော ဘာဝဌာန ဖြစ်ကြရသော အကြောင်းအရာများတို့ကို သိလိုသော အရာမှ မသိသော အရာတို့အဆင့်ဆင့်တိုးတက်၍ နက္ခတ်အမြင့်ပြ ဆရာဦးစိုးရ၊ သရတွက်ပုံပြဆရာအံ့၊ လောကခေတ် အတတ်သင်ကျောင်း တွင် စစ်ချက်အတန်းအဆင့်ဆင့်၌ ပထဝီဝင် ပညာကို သင် ပြကြသော ကျောင်းအုပ်ကြီး ဆရာကျော့၊ တန်းပြဆရာ ဦးအေးမောင်တို့၏ နိသျည်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ပတ်ဝန်းကျင် ရွာသားရွာသူတို့ထံမှ နေ လ ဂြိုဟ် နက္ခတ် ကဗျာ လင်္ကာစကား တန်ဆာများ မိမိငယ်ရွယ်စဉ် မေးမိ မေးဖတို့ ရင်ခွင်တွင်းတွင် အဖ ဦးနီသည် ချစ် စနိုး သော သိစေချင်ခြင်းဖြင့် ခုဝံ ခုနစ်စဉ် ဟင်္သာတာရာ ကျိုး မျိုင်း

တင်း၊ မြား၊ ဓိုင်၊ တံငါကွန်၊ ကြယ်နဂါး၊ ဈေးကဆိပ် (ကြတ္တိကာ) လိပ်ရုပ်၊ မောင်ရင်ဆိုင်းထမ်း၊ ကြယ်သခေါ်ကြီး (ပုဏ္ဏဖုသျှ) ဆန်းလ၊ ပြည့်လ၊ ဆုတ်လ၊ လကွယ်များနှင့် ဈေးကဆိပ်နှင့် လတိုးလပြည့် ညသန်းခေါင် အချိန်မှာ မှန်းတည့်သောလသည် နွေရာသီတန်ဆောင်မုန်းလ၊ ထိုနည်းအတူ သရဝဏ်နက္ခတ်နှင့်လတို့ လပြည့်ညသန်းခေါင်း၌ မှန်းတည့်သောလသည် ဝါခေါင်လ၊ မောင်ရင်ဆိုင်းထမ်း (ပုဏ္ဏားတာရာ)၏ မြောက်အနီးမှ လိပ်ခေါင်း ( မိဂသီ နက္ခတ်) နှင့် ယှဉ်၍ ပြည့်သောလသည် နတ်တော်လစသည် တို့ဖြင့် ထိုသမျှခုနစ်ဘူးမြောက်ကျော် နက္ခတ်အမြင် တပိုင်း တစကိုသိမြင်လျက် ဆက်လက်၍ တိုးဂင်သိမြင် လိုစိတ် ဖြစ် လာပါသည်။

စသင်ကျောင်းမှ စတုတ္ထတန်းအောင်၍ ရှင်ပြုရိုက် အသက် ၁၀-၁၂ အရွယ်တွင် ဘုန်းတော်ကြီး ဦးသာဂရ ထံတော်၌ရှင်ကျင့်ဝတ် နမဿကာ၊ ပရိတ်ကြီး လောကနီတိ မင်္ဂလသုတ်စသော ဘာသာစာများနှင့် လောကီမှ နံသင့် အက္ခရာ ၁၂ရာသီအမည် ၁၂ လမှန်းတည့်နက္ခတ်၊ နက္ခတ် အမည်စဥ်သံပေါက်လင်္ကာ တာရာကြီး၉လုံးတို့၏ အမည်နှင့် သရဘွက်ပုံ ဗိုလ်လင်္ကာတို့ကို နှုတ်ရအာဂုံဖြင့် ကျက်မှတ် ပါတော့သည်။

ထိုမှ နဝမတန်းနှင့် နောက်ဆုံး ဆရာ ဖြစ် စာမေးပွဲ အောင်ပြီးလျှင် အသက် ၃၁ နှစ်ခန့်အရွယ်၌ ဂြိုနက္ခတ်ကျမ်း ဗေဒါဖွဲ့နည်းကျမ်း၊ ဗေဒါ ကောက်ကိန်းကျမ်းနှင့် သရ



ကျမ်းသို့ကို ဆရာ့ဆရာများထံ၊ ကပ်သိသမျှ နည်းများ ဖြင့် မဂ္ဂဇင်း သတင်းစာများသို့ ပေါ်ပေါက်ခဲ့ နက္ခတ် အားဖြင့် ဝိသဇ္ဇနာ၊ နေကြတ် လကြတ်စာတမ်းနှင့် နေကြတ် ပုံတို့ကို မိမိတတ်သိသမျှဖြင့် တစတစ ရေးပို့လာခဲ့ပါသည်။ ယင်းအချိန်မှစ၍ အဆင့်ဆင့်ကြည့်မှတ်လေ့လာ သိလိုကြသူ များအား ညွှန်ပြကာဖြင့် လ (တနင်းလာဂြိုဟ်)၏လှည့်ပတ် ရွေ့ရောက်ပုံ၊ ကြန္ဒလမ်းအရ နေ၏ကြန္ဒမဏ္ဍလကိုတွက်ရ မျက်မြင်များဖြင့် စိစဉ်မှတ်သားခဲ့ပါသည်။

နေမှတပါး တနင်းလာ အင်္ဂါသော ဂြိုဟ်ခပ်သိမ်း တို့သည် နေကဲ့သို့ပင်လျှင် နက္ခတ်ရာသီစက်ကွင်း နေ၏ကြန္ဒ မဏ္ဍလဂြိုဟ်ကူး ဂြိုဟ်လမ်း စက်တွင် ထပ်တူနှင့် အနီး ဝန်းကျင် (ထပ်တူမှ ဝဲယာအက္ခာနိုင်ဆုံးမိဂ်ကြန္ဒ ၄ံအံသာ ခန့်သာ)ဖြစ်သော အတိမ်းအပါးအချပ်များမှ (စက်ဝန်းနှစ် ခုတို့သည် တခုကိုတခု နှစ်နေရာမှာသာလျှင် ဖြတ်သန်းနိုင် ခြင်းရှိကြရသည်ဆိုသော မှန်ကန်ချက်အရ)မိမိတို့၏ကြန္ဒ မဏ္ဍလ စက်ဝန်းများဖြင့် နေ ၏ ကြန္ဒမဏ္ဍလစက်ဝန်းသို့ ဖြတ်သန်းချက်၁ါတနှင့် သမသက်ပါတ နှစ်ချက် ယင်းသို့ မရောက်မီနေ့ဘက်(ပရ)အလွန်ရှေ့ (ပုဗ္ဗ) ၁၂ အံသာခန့်စီ နှစ်ချပ်ပေါင်း စက်အံသာ(၂၄ အံသာ)ခန့် အရပ်တွင် အနီး ကပ် အထပ် အနီးကပ်ခသည်ဖြင့် မြောက်နှင့် တောင် ဒိဂ်ချင်း နီးကပ်စွာ ကိန်းကွာကြခြင်း ရှိကြရသည်။ ၎င်း နှစ်ချပ်ဖြစ်သော ဝန်းခြင်းဝန်းကင် (သန္ဓိ) အချပ်တွင် ဒက်အံသာ ပုဂ္ဂအရောက်ချင်းဘူညီကြသော ဂြိုဟ်ချင်းအကြား တွင် ဂြိုဟ်ကြတ်ခြင်း (မျက်မြင်တွင်) ထိုးဖောက် ဒုံးလှမ်း

ခြင်းဂြိုဟ်ယုဒ္ဓကို ဖြစ်စေကြသည်၊ ယင်း၏နောက်နှင့် ရှေ့အနီးမှာကားဂြိုဟ်ယောဂအဖြစ်ဖြင့်သာ ချဉ်းကပ်ကြမည်၊

နေသည် မိမိကြန္တိမဏ္ဍလဘာဂဏ တပတ်သို့ ဝဲရစ်ဖြင့် ၃၆၅¼ ရက်မှာပတ်၊ ထိုနည်းအတူ ဗုဒ္ဓဟူးဂြိုဟ်သည် ၈၈ ရက်၊ သောကြာဂြိုဟ်သည် ၂၂၅ ရက်၊ အင်္ဂါဂြိုဟ်သည် ၆၈၇ ရက် = ၂ နှစ်ခန့်၊ ကြာသပတေးဂြိုဟ် ၁၂ နှစ်ခန့်၊ စနေဂြိုဟ် ၃၀ နှစ်ခန့်တို့ဖြင့် လက်ဝဲရစ်ဖြင့် ရောက်ကြသည်၊ ရာဟုဂြိုဟ်မှာ ယင်းကြန္တိမဏ္ဍလ တပတ်သို့ လက်ျာရစ် ဖြင့် တနှစ်ခွဲ ၁၈လ အကြာကာလ ပမာဏမှာ တပတ်ရောက်ရသည်။

ရာဟုဂြိုဟ်သည် ကောင်းကင်နက္ခတ်ရာသီစက်မှာ မတည်မြဲမှာသာတည်သည်။ ကောင်းကင်နက္ခတ်ရာသီစက်တွင်အသာလိုက္ခာအဖို့မျှသာရှိသည်။ နေလတို့ကြတ်သော အခါမှာ ကောင်းကင်သို့ ရာဟုရောက် ၍ ကြတ် (ဖမ်း) သည်ဟု နေမိတ္တကဝိဇ္ဇာကျမ်းရင်း၌ ပြဆိုထားချက်ရှိသည်။

၅။ နက္ခတ်ရာသီ စက်တွင်ရာဟုဌာနနှင့် ကိတ်ဌာန

နက္ခတ်ရာသီစက်တွင် မိဿစသော ၁၂ ရာသီဘာဝများ၌ အခြားသော ဂြိုဟ်များနှင့် ဆန့်ကျင်ဖက် လက်ျာရစ်ဖြင့်တရာသီမှာ ၁၈လ၊ ဘာဂဏတပတ်ဖြစ်သော ၁၂ ရာသီမှာ ၁၈ နှစ်ဖြင့် ရာဟုဌာနသည် ရွှေ့ရောက်လျက်ရှိရသည်။

၎င်းသည် ကမ္ဘာမြေ၏ အလယ်ဗဟိုချက်နှင့် တနင်္ဂနွေ ခေါ်နေ၏ ဗဟိုချက်တို့ တည့်တည့်မတ်မတ် ကျ အပ် သော



မျက်မြင်မျဉ်းတန်းအတိအကျတွင်နေကြန္တိမဏ္ဍလနှင့် ရာဟုဂြိုဟ်ကြန္တိမဏ္ဍလတို့ တခုကိုတခုဖြတ်သန်းကြရာပါတအချက် ဖြစ်ရသည်၊

ယင်းရာဟုဌာန၏ ၈ က်အံသာရှေ့နောက်(၁၈၀) အံသာ ဝီအကွာ သမသတ်အရပ်၌ ကိတ်ဌာနဖြစ်ရသည်။

၎င်းဌာနနှစ်ရပ် အတိအကျများနှင့်နောက်နှင့်ရှေ့ ၁၂ အံသာအရပ်အတွင်းများမှာ လပြည့်လကွယ်ချိန် အစစ်နှင့်ကြုံသော အခါများတွင် နေကြတ်ခြင်းနှင့် လကြတ်ခြင်းတို့ ဖြစ်ရသည်။ ၎င်းနှင့်၈ က်အံသာ ၁၂ ထက် ယုတ်လွန်သော အရပ်များမှာ လပြည့် လကွယ်တို့တွင် နေ-လတို့ မကြတ်နိုင်ချေ။

၆။ တနင်္လာဂြိုဟ်ခေါ် (လ)၏ကြန္တိမဏ္ဍလ

လသည် နက္ခတ်ရာသီစက်၏ စက်အံသာ ၃၆၀၊ ၁၂ ရာသီစက်ကို (၂၇⅓) ရက်မှာ တပတ်လှည့်ရသည်။ စက်အံသာတခုတည်းတွင် နေနှင့် အံသာတူ လကွယ်ခြင်းနှင့် နေနှင့် သမသတ်စက်အံသာ ၁၈၀ ကျော် အကွာနှင့် လပြည့်ဖြစ်ရခြင်းတို့၏ လကွယ်နှင့်လကွယ်၊ လပြည့်နှင့်လပြည့်များ၏ အကြား၌ ရှိကြသော ကာလပမာဏများသည် ၂၉½ ရက်ခန့်စီကျရှိကြသည်။

၇။ လ နေ ကြတ်နိုင်မကြတ်နိုင်

လသည် ယင်းကြန္တိမဏ္ဍလမှာ ရာဟုနှင့် ကိတ်ဌာန အံသာလိုက္ခာအရပ် ၂ ရပ်မှာ နေကမြေကို လှည့်သည်ဟု ထင်ရသော သို့တည်းမဟုတ် ကမ္ဘာ၏ကြန္တိမဏ္ဍလတွင် ၅ အံသာ

သောင့်ချိုးမြင့် ဖြတ်သန်းကူးကျော်ခြင်း ဖြစ်ရသည်။ ယင်းကဲ့သို့ဖြတ်ကျော်ရာတွင် မိမိ၏ကွယ် ဆန်း ပြည့် ဆုတ် ကွယ် ဖြစ်ချိန်အသီးသီးတွင် ပုံမှန်ကာ ဒးကျမဟုတ် သဘာဝဖြစ်ချိန်အမျိုးမျိုးမှာ ဖြစ်သန်းခြင်းရှိသည်။ ဖြတ်ချိန်မှာ ကြန္တမဏ္ဍလချင်း ထပ်ပေလျက်၊ မဖြတ်မီ ၂အံသာနှင့် ဖြတ်ချက်မှအလွန် ၁၂အံသာကိုအတွင်း လပြည့်လကွယ်နှင့် ကြုံကြိုက်ခဲ့လျှင် နေကြတ် လကြတ်ကို ဖြစ်နိုင်အောင် နီးစပ်လျက်ထို၊ ရပ်မှ (၁၂အံသာ) ကက်လွန်ယုတ်သော အရပ်များ၌ နေ လတို့ကြတ်နိုင်သောက်အောင် မနီးစပ်ချေ။

၈။ ထို့ကြောင့် လကွယ်ရက်တိုင်းနှင့်လပြည့်ရက်တိုင်းနေလတို့မကြတ်နိုင်၊ကွယ်ချိန်တွင်နေရာဟုဌာန(သို့မဟုတ်)ကိတ်ဌာနနှင့် ကမ္ဘာတို့ အဖြောင့်ရောက်တွေ့ဆုံမှ နေကြတ်သည်။

ထိုနည်းတူ လပြည့်ချိန်တွင် လ ရာဟု ကိတ်ဌာနနှင့် နေကမ္ဘာ အဖြောင့်ကျမှ လကြတ်နိုင်သည်။

၉။ လသည် ယင်း၏ ကြန္တမဏ္ဍလ စက်ဝန်း၌ မိမိ၏ပမာဏဖြင့် အုပ်နိုင်သော မျက်မြင်တွင် နက္ခတ်ဂြိုဟ်၊ ကြယ်စသည်တို့နှင့် ကမ္ဘာ၏အကြားမှ ဖြတ်သွားခြင်းကို ကြုံကြရသော ယင်း၏နောက်ခံ နက္ခတ်၊ဂြိုဟ်၊ကြယ်များကို ဖုံးအုပ်ကြသ် ထပ်ခြင်းကို ဖြစ်စေရကြောင်းဖြစ်သော သဘာဝရှိသည်။ ထိုအဖြစ်မျိုးကို နက္ခတ်ကြတ်သည် ဂြိုဟ်ကြတ်သည်ဟု ခေါ်ကြသည်။

နက္ခတ်ရာသီ စက်ကြီးနှင့် ကမ္ဘာစက်တို့၏ သိမှတ်ဖွယ်အဓိက အရပ်ကြီးများဖြစ်ကြသော မဇ္ဈစက်ဝန်း၊ အိကြေတာနှင့်ယဉ်စွန်းတန်းဌာနများ၊ အာကာသတွင်မိသာစသော



၁၂ရာသီများ၏ ဘာဝသဒ္ဒါ (အဓိပ်) များကို သိရှိနိုင်ရန် အလို့ နက္ခတ်ရာသီစက်ပြက္ခဒိန်ပုံတွင် ခရစ် လရက် အသီးသီးဖြင့် အနီးစပ်နိုင်ဆုံးရက်တို့ဖြင့် ညွှန်ပြ ထွသားထားသည်၊

(ပုံ-၂၁)

၁၀။ အာကာသ(မဇ္ဈိမသုဝဏ္ဏာ) ဗဟိုစက်ဝန်းနှင့် အာကာသ ဥတ္တရယဉ်စွန်းဝက်၊ ဒက္ခိဏ ယဉ်စွန်းဝက်များ တည့်တည့်သို့ အယနနှင့် သာယန ထပ်တူကျ ဗဟိုနှစ်တွင် နေဆိုက်ရောက်ခြင်းများကို ဝက်အံသာ ၃၆၀ မိန်ရာသီ၏ အဆုံး၊ မိသာရာသီဦးနှင့် စက်အံသာ ၉၀ မေထုန် ရာသီ၏ အဆုံး စက်အံသာ ၁၈၀ ကန်ရာသီအဆုံး၊ စက်အံသာ ၂၇၀ မကရရာသီ၏ အဆုံးတို့မှာ နေသည် အတိအကျ ဒိဋ္ဌဆိုက်ရောက်ခြင်းဖြစ်ရသည်။

ယင်းဌာနများသို့ မြန်မာတို့၏ နေကိုအစွဲပြုသောသူရိယသံဝစ္ဆရနှစ် တနှစ်ကျ၏ သင္ဂြိုဟ်ရက်(၃၆၃)(၉၁)(၁၁၄)နှင့်(၂၇၃)များ၌ ဆိုက်ရောက်ခြင်းရှိရသည်။

မြန်မာ(ဓနု)ဝေါဟာရ လ-ရက်ဖြင့် အတိအကျမှတ်သားထား၍မဖြစ်နိုင် ရက်မှလအယိုက်ကွာခြင်း ဖြစ်နိုင်သည်။

ယခုသုံးစွဲလျက်ရှိသော ခရစ် လ ရက်များ ဖြင့် ကာ အတိအကျမဟုတ်သော်လည်း နီးနီးစပ်စပ်ဖြင့်နှစ်စဉ်မတ်လ ၂၁ရက်၊ဇွန် ၂၁ရက်၊ စက်တင်ဘာလ ၂၂နှင့် ဒီဇင်ဘာလ ၂၁ရက်တို့မှာ-ဟု မှတ်သားထားနိုင်သည်၊ယင်းသို့ခရစ်လရက်ဖြင့်မှတ်ယူရာတွင် (ဗဟိုအပေါင်းနှင့်အနုတ်) ခေတ်နှစ်အယနအံသာစသည်များမလို။ မြန်မာနှစ်၏ သင္ဂြိုဟ်နှင့် သော်တဲ့မှတ်နိုင်၏။

စက်အံသာများနှင့် ရာသီကူးများဖြင့်ကား အပေါင်းနှင့် အနုတ်ခေတ်နှစ်၏ အယနအံသာ စသည်နှင့်တူမျှသော ရက်စသည်အတိုင်း အပေါင်းခေတ် နှစ်ခေတ်ဖြစ်သော် စော၍ အနုတ်ခေတ်နှစ်ဖြစ်သော်နှောင်းလျက် အထက်အဆိုပါမဇ္ဈေနှင့်ယဥ်စွန်းတန်းဌာနများသို့ ဆိုက်ရောက်ခြင်းတို့ရှိကြသည်။

ကမ္ဘာ၏အဓိကဌာနများ ဖြစ်ကြသောကမ္ဘာ့ မဇ္ဈေစက်ဝန်း(အီကွေတာ)နှင့် ဥတ္တရဒက္ခိဏ ယဥ်စွန်းတန်းနှစ်ရပ်ပေါ်သို့ နေဆိုက်ရောက်ချိန်များသည် အာကာသနက္ခတ်ရာသီစက်တွင် မဇ္ဈေမဏ္ဍလစက်ဝန်းနှင့် ယဥ်စွန်း နှစ် ရပ် မှာ ဆိုက်ရောက်ခြင်းများနှင့် ထပ်တူထပ်မျှဖြစ်သည်။

၁၁။ နက္ခတ်ရာသီစက်ကြီး၏ ဗဟိုဝိသုဝမဏ္ဍလ (မဇ္ဈေစက်ဝန်း) ၏ ဌာနကို အာကာသတွင် ထင်မြင် မှတ်ယူလိုသော်ကား၊ ယင်းစက်ဝန်းဌာန၌ ကျရောက်တည် ရှိသော ကြယ်များဖြင့် မှတ်ယူရာ၏။ ယင်းစက်ဝန်း၌ တည်ရှိကျရောက်သော ကြယ်များကား လိပ်ရုပ်ကြီး၏အလယ်မှာ တည်သောမောင်ရင် ဆိုင်းထမ်းခေါ် ပုဏ္ဏ တာရာ၏မြောက် ဆုံးကြယ်၊ အလယ်ဟဿတနက္ခတ်၏ ဒုတိယနှင့် တတိယကြယ်၊ သတ္တဘိသျှ (ခရင်းသဏ္ဍာန်) နက္ခတ်၏ တတိယနှင့် စတုတ္ထကြယ်တို့ဖြင့် ကြည့်မှတ်နိုင်၏။

၁၂။ ယင်းအာကာသမဇ္ဈေဝိသုဝမဏ္ဍလ စက်ဝန်း၏ အောက်ဘည့်တည့်တွင်ကမ္ဘာ၏မဇ္ဈေစက်ဝန်း(အီကွေတာ) ဌာနအရပ်တွင် ဘော်နီယိုကျွန်း မွန်တရာနက်မြို့၊ တောင်အမေရိကတိုက်အက်ကွေနိုင်ငံမှကီတိုမြို့၊ ဗြင်းတိုက်အမ်မဇမ်မြစ်ဝမှ မကားပါးမြို့၊ အာဖရိကတိုက်ကွန်ဂိုနယ်မှကိုက်စ်လ်



ဟတ်ဗစ်လ်မြို့၊ ဒင်းတိုက်ဗစ်တိုရီးယားနယ် မြောက်ပိုင်းမှ အင်းတာက်တနှင့် ကိုဆုယမြို့များ တည်ရှိကြသည်၊ ယင်းမြို့များ၏ အထက်အရပ်မှန်းမတ်တည့်တည့်ပေါ်မှာအာကာသဝိသုဝမဏ္ဍလမဇ္ဈေဗဟိုစက်ဝန်းတည်ရှိသည်။

နက္ခတ်ရာသီစက်ကြီး၏ ဥတ္တရယဥ်စွန်းတန်း ဌာန၌ ကျရောက်တည်ရှိကြသော ကြယ်များကား လေးအဖြနက္ခတ်၏ လေးဦးကြယ်နှစ်လုံး၊ မြောက်အသလိဿ နက္ခတ်၏ အရှေ့တောင် ကြယ် နှင့် မာဃနက္ခတ်၏ မြောက် ဖျား ကြယ်များသည်နက္ခတ်ရာသီစက်ကြီး၏ ဥတ္တရယဥ်စွန်းတန်းဌာန၌တည်ရှိကြသည်။ ဒက္ခိဏယဥ်စွန်းတန်း၌ တောင်ဟဿတ ဒုတိယကြယ်ရှိသည်။

ကမ္ဘာတွင် ကမ္ဘာ၏ ဥတ္တရယဥ်စွန်းတန်း၌ တည့်တည့်ရှိကြသော မြို့ရွာများမှာ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ရှမ်းပြည်မှ ဟိုပန်၊ မဘိန်းနောင်ချို၊ ဆည်တော်၊ သိန်းနီ၊ မြစ်ကြီးနား မီးရထားလမ်းမှ မင့်သာ၊ ချင်းဝိသေသတိုင်းမှ တီးတိန်၊ အိန္ဒိယ ဘင်္ဂလားနယ်မှ ဇာန်ကူရ အိန္ဒိယ အလယ်ပိုင်းမှ ဆန်ချီစသော မြို့ရွာဒေသတို့ဖြစ်သည်။

ကမ္ဘာ့ဒက္ခိဏယဥ်စွန်းတန်းတွင် တောင်အမေရိကတိုက်တောင်ပိုင်း အရှေ့ဖက်ကမ်းမှာ ဆာအိုပေါ်လိုမြို့၊ ပါရာဂွေးနိုင်ငံမှ ကျွန်သက်ပရှင်းမြို့၊ အာဖရိက တောင်ပိုင်းမှ ဗေလပစ်စတေးမြို့ ဩစတြေးလျကျွန်းမှ ရော့စတမ်တင်နှင့် တောင်းဂရိပ်မြို့များရှိကြသည်။

ယင်းအကြောင်းအချက်များအရ ပထဝီဝင် ပညာကို သင်ကြားလေ့လာဘားပါမှ နက္ခတ်အမြင်ကြည့်နှင့်နက္ခတ်

ရာသီစက်ဘွင် နေလစသော ဂြိုဟ်များ၏ လှည့်ပတ်ရွေ့လျားကြပုံများ၊ ကြယ်လုံးရေ အနေအထား သဏ္ဍာန်များဖြင့်ရှိကြသော နက္ခတ်များ တာရာများ၊ ၁၂ ရာသီ၏ ရုပ်ပုံများစသည်ဖြင့် ကောင်းကင်အမြင် ရုပ်တွင်ထင်ဟပ် မှတ်သားနိုင်ခြင်းကို ဥာဏ်မှီသမျှရရှိသွားနိုင်ပါမည်။

နက္ခတ်ရာသီစက်၏ မြောက်ဗဟို(အလယ်ချက်)တွင် ဓုဝံကြယ်ရှိသည်။ ယင်းသည် ဥတ္တရဒိဂ် ၈၉ အံသာ စက်အံသာ ၃၅၀ မှာ တည်ရှိသည်၊ ဗဟိုအတိအကျမှ တအံသာမျှ တိမ်းယိမ်းသဖြင့် မျက်မြင်တွင် ကျဲမြဲတရိုက် တနည်း (ထန်းတလုံးခန့် အဝန်းဖြင့်) လှည့်လည် ရွေ့သည်သင်ရသည်ဟု ပြောဆိုချက်ရှိသည်။ ယင်းဓုဝံ၏ပတ်ဝန်းကျင် အနီးမှ ခုနစ်စဉ်တာရာကြီး ကြိုင်းတာရာနှင့် ဓုဝံကြယ်ကို အမြဲမျှားမှာသည့်၍ ခေါ်သော အငယ်ခုနစ်စဉ်တို့က ယင်းအား ၂၄ နာရီတရက်လျှင် အပတ် လကျာရစ်လျက်ရှိသည်။

ထိုသို့ပင်လျှင် နက္ခတ်ရာသီစက်ကြီး တောင်ဘက် ဗဟိုချက်၌ အက္ခအံသာ ၂၅ ခန့် အက္ခာ စက်အံသာ ၁၆၅ ၌ရှိသော တံငါကွန်တာရာ၊ အက္ခအံသာ ၄၀ စက်အံသာ ၈၀ ခန့်၌ရှိသော အာဏိတာရာ နှင့် အက္ခအံသာ ၃၃ စက်အံသာ ၁၃၀ ခန့်တွင် တရောဏ္ဏတာရာ ( တံငါလင်မယားလှေသွားပဲ့ကိုင်သမားသဏ္ဍာန်ဖြင့်) ဗဟိုချက်အနီးမှာလည်လျက်ရှိကြသည်၊ တောင်ဗဟိုကို မြန်မာနိုင်ငံမှ မမြင်နိုင်ဗဟိုတည့်တည့် အထက်တွင် မြောက်မှာဓုဝံကဲ့သို့ ကြယ်အထင်အရှား မရှိဟုလည်းဆိုသည်။

# ဒွါဒသမပိုင်း

## ၁။ နေသွားနေရောက် ကြန္တိစက် ကြန္တိမဏ္ဍလ

နေသည် နေကိုအမှတ်ပြု၍ ဆုံးဖြတ်ခေါ်သော သူရိယသံဝစ္ဆရနှစ် တနှစ် (၃၆၅ ရက်ခန့်)၃၆၅ရက် ၆နာရီ ၁၂ မိနစ် ၃၆ ဒုစက္ကန့်၊ ၃၂–ဝိစက္ကန့်ကာလပမာဏ အကြာမှာ သိဒ္ဓသန္တ–သံဒိဋ္ဌစသောကျမ်းများ၏ တွက်စဉ်အရနှင့် မျက်မြင်အရများမှာ အာကာသနက္ခတ်ရာသီစက်ကြီးမှ ဘာဝရုပ်ဘာဝအပိုင်းများဖြင့် ရှိကြသော မိဿစသော ဆယ့်နှစ်ရာသီများ၊ အဿဝဏီစသော နက္ခတ်များကို တွဲယှဉ် ဖြတ်ဝင်ကူးရောက်လျက်ဝိသိ အယဉ်ဒိဂ်ဂေါဠ စသော ဘာဝအရပ်ရပ်များကို ဖြစ်စေကာ နက္ခတ်စက်ကြီး၏ ဓရိယာထဲမှ အယနဘာဝကို အဓိက အတိအကျဖြစ်စေသောဘာဝရပ်ဖြင့် အာကာသစက်အံသာ ၃၆၀° အတိကျ ဘဂဏတွင် ရတု၊ ဥတု မာသနှစ်စသော ကာလ ပမာဏ အသီးသီးကို ဖြစ်ရဖြစ်ကြစေခြင်း စသော အကြောင်းအရာများ

ဖြင့် ကမ္ဘာမှ အမြင်စက်ဝန်းဖြင့် အာကာသအတွင်း ချင်း နှင်းရွှေ့ရောက် ထိုးဖောက် ထင်ဟပ်သော စက်ဝန်း (ကြိုး) အမှတ် စက်ဝန်းအရပ်ဖြင့် အာကာသထဲမှ ကမ္ဘာ မြေကိုပတ်ရောက်သော စက်ဝန်းကို ကြန္တိမဏ္ဍလ စက်ဝန်း ဟူ၍ ခေါ်ရခြင်းတည်း။

အကျဉ်းအားဖြင့် နက္ခတ်ရာသီစက်၏အတွင်းမှ နေသည် ကမ္ဘာမြေကြီးကို လက်ဝဲရစ် (အနောက်မှ အရှေ့သို့)လှည့် ပတ်၍ သွားသည်ဟု မှတ်ယူသော စက်ဝန်းလမ်း။

တနည်း ကမ္ဘာမြေကြီးသည် နေကိုလှည့်သဖြင့် ကမ္ဘာ မှနေကို နက္ခတ်ရာသီ အစဉ်အရပ်ကို ထိုးဖောက် ကျရောက် ထင်ဟပ်ကြောင်း မှတ်ယူသော စက်ဝန်းလမ်း။

ယင်းသည် နေ၏ဗဟိုချက်မနှင့် ကမ္ဘာမြေကြီး၏ ဗဟို ချက်မတို့ တည့်တည့် တန်းတန်း ဆက်သွယ်တန်း(ကြိုး)တည့် တည့်မှာမှ အာကာသ စက်အံသာ မျဉ်းများ၏ တစိတ် တ ဒေသ ဒိဂ် (ကြန္တိ) ဌာနများသို့လည်း ရောက်ရှိသည်။

၂။ သုဒ္ဓ၊ အသုဒ္ဓ (စင်ကြယ်ခြင်းနှင့် မစင်ကြယ်ခြင်း)

သိလိုသော နှစ်လရက်တို့အဖို့ တနင်္ဂနွေ (နေ) စသော ဂြိုဟ်စင် ဖုဋ္ဌအံသာလိတ္တာစသည်တို့၏ နက္ခတ်စက်မှာ စင် ကြယ်ခြင်း (သုဒ္ဓ) အဖြစ်ဖြင့် ထိတွေ့ဆိုက်ရောက်သော စက် အံသာ အစင်အကြယ်ဖြစ်သည်။

သာယနရဝိ၊ သာယနတနင်းလာ။ သာယနအင်္ဂါစသော သာယနဂြိုဟ်ဟု ခေတ်နှစ်များ၏ လိုအပ် ပိုအပ်ချက် အယန အံသာ စသည်များကို ဖုဋ္ဌစက်အံသာ သုဒ္ဓတွင် လိုအပ်ချက် အယနပမာဏအံသာစသည်၊ ယုတ်-လွန်၊ ပေါင်း - နုတ်



ခေတ်နှစ်အရ ယူမှတ်သော အသုဒ္ဓ စက်အံသာတရပ် ဖြစ် သည်။ သုဒ္ဓဖြစ်ရန် ပြန်၍ ပေါင်းနုတ်ရသည်။

မဟာသင်္ကြန်။ ၁၂-ရာသီတို့၏ ဘာဝပိုင်း နက္ခတ် ရာသီ များ၏ ဝဂ္ဂစသည်တို့သို့ ဂြိုဟ်လာဂ်တို့ အဆိုက်အရောက် အ ပြောင်းအကူး၊ အစီးအနင်းများကို ဖုဋ္ဌ စက်အံသာ ဖြင့် သာလျှင် တွက်ယူရသည်။ နေ့တာ၊ ညတာ၊ အရိပ်အရှည်၊ အတိုများကို တွက်ယူရမှာသာ သာယနဖြင့် တွက်ယူရ သည်။

၃။ ဗဟိုအပေါင်းနှင့် အနုတ်ခေတ်နှစ်များ

နက္ခတ်စက်ကြီး၏ စက်အံသာ ဘဂဏ်တွင် သယနထပ် တူကျသော ဗဟိုခေတ်နှစ်မှာ နေကူးနေရောက် ကြန္တိ မဏ္ဍလစက်သည် စက်အံသာ ၃၆၀° နှင့် ၁၈၀°။ မိန်ရာသီ နှင့် ကန်ရာသီအဆုံးများမှာ ကမ္ဘာနှင့် နက္ခတ်စက်၏ အီ ကွေတာ မဇ္ဈစက်ဝန်းကို တည့်တည့် ဆိုက်ရောက်ကာ ကြန္တိပါတ ဖြတ်သန်းချက် ဖြစ်ရလျက် စက်အံသာ ၉၀° နှင့် ၂၇၀° မေထုန်ရာသီနှင့် ဓနုရာသီ၏ အဆုံးမှာ ဥတ္တရ ယဉ်စွန်းတန်းနှင့် ဒက္ခိဏ ယဉ်စွန်းတန်းအတိအကျ ( ယဉ် နယ်သတ်အရပ်များသို့) ဆိုက်ရောက်ခြင်းရှိရသည်။ယင်းကို ဗဟိုခေတ်နှစ် နေကူးနေရောက် ဗဟိုကြန္တိမဏ္ဍလ စက်ဝန်း ဟူ၍ ခေါ်ဆိုသည်။

အယနဟူသည်ကား ဗဟိုခေတ်နှစ်၏ ထပ်တူညီမျှ (အံ ဝင်ဂွင်ကျ) ဖြစ်ရပ် ဖြစ်ချက်မှ နက္ခတ်စက်၏ စက်အံသာ များတွင် နေကူးနေရောက် ကြန္တိမဏ္ဍလ စက်ဝန်း (ကြိုး ကြောင်း) သည် ဗဟိုကြန္တိမဏ္ဍလစက်ဝန်း၊ ကြိုးကြောင်း

ဖြတ်သန်း ဖြတ်ကူးချက် အဆိုက်အရောက် ( အံ ၀င်ထွက်ကျ) ဖြစ်ချိန်ဖြစ်ရပ်များမှ ထင်လွဲအံချော်(ပရနှင့်ပုဗ္ဗ)နောက်နှင့် ရှေ့ယုတ်လွန်ခြင်း၌ တနှစ်အဖို့ ၅၄ ဝိလိတ္တာ။ ၆၆ နှစ်နှင့် ၈ လတွင် တအံသာအားဖြင့် နှစ်ပေါင်း ၁၈၀၀ မှာ ၂၇ံ အံသာ ရှေ့ရောက်လျက် ရှေ့ရောက်ချက် အဆင့်ဆင့်မှ ဂေါဠ ဘုံ၏၊ ခန်းတန့်၊ များအလိုက် မြောက်နှင့် တောင် ဝ်ကွေ့ပသို့ ကြန္တီကူး သဘာ၀အရ ယိမ်းယိုင် ရှေ့ရောက်ရသော သဘာ၀ကို ဖြစ်ရသေးသည်။

ယင်းအယနသည် ဖုဋ္ဌ တွင် နေရသောအပေါင်း (+) ခေတ်တွင် ပရစက်အံသာများ၌ မြောက်သို့နုတ်ရသောအနုတ် (−) ခေတ်တွင် ပုဗ္ဗစက်အံသာများ၌တောင်သို့ အယနပမာဏမှ ဖြစ်သင့်ရသင့်သော အချိုးကျ လွန်ခြင်း ယုတ်ခြင်း ပမာဏကို ယိမ်းယိုင်ခြင်းဖြစ်ရသည်။

အယနအသုဉ်း သုည(၀) ထပ်တူပြု ခေတ်နှစ်ကို ဗဟို ခေတ်နှစ် သုဒ္ဓဟုခေါ်၍ ဖုဋ္ဌဂြိုဟ်၏စက်အံသာတွင် အယနအံသာပေါင်းယူ နုတ်ယူရသော လ နှစ် များကို အပေါင်းခေတ်နှင့် အနုတ်ခေတ်ဟူ၍ ခေါ်သည်။ ယင်း(+)နှင့် (−) နှစ် ခေတ်၏ သာယနစက်အံသာများ အရ တွက်ယူရသော ဒိဂ်ကြန္တီများကို အသုဒ္ဓ-ဟူ၍ ဆိုရပါမည်။

အပေါင်း(+)ခေတ်နှင့် အနုတ် (−) ခေတ်နှစ်မျိုးတွင် ပေါင်းနုတ်ရသော အယနအံသာစသည်နှင့်အမျှ (+) နှစ်တွင် ဖုဋ္ဌစက်အံသာမှာ စောလျက်၊ (−) နှစ်တွင် ဖုဋ္ဌ စက်အံသာမှာ နှောင်းလျက် ဖြစ်ရကြုံရသည်။ ယင်းတွင် (+) ခေတ်နှစ် အယန ၂၇ံ အံသာမှာ ဖုဋ္ဌစက်အံသာတွင်



၂၇ံ စက်အံသာ ၂၇ ရက်စောခြင်းကို ဖြစ်ရလျက်။ (−) ခေတ်တွင်လည်းနှောင်းခြင်းကို ဖြစ်ရလေသည်။

အထက်၌ဖော်ပြခဲ့သော ကြန္တီ အကြောင်းအရာများနှင့် ပုံဇယားတွင် နေ၏ ကြန္တီမဏ္ဍလ စက် (သုဒ္ဓနှစ်။ အပေါင်း (+)ခေတ်နှစ်နှင့် အနုတ်(−)ခေတ်နှစ်(အသုဒ္ဓ)။ ကြန္တီကူး အ၊၊ နက္ခတ်ရာသီစက်၏စက်အံသာနှင့် အဆိုက်အရောက် ဒိဂ်ကြန္တီ အံသာ လိတ္တာ ဝိလိတ္တာ စသည်များမှာ အသုဒ္ဓမှ သုဒ္ဓပြုပြီး ဖြစ်သော အခါတွင် (နေ)၏ စင်ကြယ်သော ကြန္တီရပ်များ ဖြစ်ကြရသည်။

ကမ္ဘာမြေကြီးသို့ ထင်ဟပ်ကျရောက် လှည့်ပတ်သော ကမ္ဘာ့ကြန္တီမဏ္ဍလ စက်ဝန်းသည် ယင်းနေသွားကြန္တီ အတိုင်းပင်တည်း။

၄။ ရာဟုဂြိုဟ်၏ကြန္တီမှာ။ နေသွားကြန္တီမဏ္ဍလ၌ နေ နှင့် ဆန့်ကျင်သော လှည့်ရောက်ခြင်းဖြင့် အရှေ့မှ အနောက် (လက်ျာရစ်)ဖြင့် (၁၈) နှစ်ခန့်တွင် တပတ်ကျ စက်ဝန်းကြီးအရပ်၌ ထင်ဟပ် လှည့်လည်လျက် ရှိရသည်၊ ကိတ်ဂြိုဟ်သည် ယင်းတွင် ရာဟုနှင့် သမသတ် အရပ်မှရာဟု ကဲ့သို့ လက်ျာရစ်လှည့်သည်။

တနင်းလာဂြိုဟ်ခေါ်(လ)သည် ကမ္ဘာကို လက်ဝဲရစ် (အနောက်မှအရှေ့)သို့ လှည့်ပတ်လျက် နက္ခတ်ရာသီ စက်တွင် မိမိ၏ကြန္တီလမ်းကြောင်းကို ထင်ဟပ်ဖြစ်ပေါ်စေသော နက္ခတ်ရာသီစက်ကြီး၏ အံသာပေါင်း ၃၆၀ံ ဖြစ်သော ဘဂဏာပတ်သို့ (၂၇ ၁/၃ ရက်ခန့်)နှင့် လကွယ်တကြိမ်မှ လကွယ်တကြိမ်နှင့် လပြည့်တကြိမ်မှလပြည့်တကြိမ်သို့ ( ၂၉ ၁/၂

ရက်ခန့်)များဖြင့် ကွယ်–ဆန်း–ပြည့်–ဆုတ်–ကွယ် စသည်ဖြင့် အသွယ်သွယ်သော အချင်းအရာများကို ဖြစ်ရ ဖြစ်ကြစေကာ ရာဟု၏ဖုဋ္ဌဌာနနှင့် ကိတ်၏ဖုဋ္ဌဌာနတို့မှ နေသွားကြန္တိမဏ္ဍလစက်ဝန်း(ကြိုး)ကို ၅အံသာစောင့်(စေါင့်)ချီးဖြင့် ဖြတ်သန်းချက် (ပါတ) နှင့် ပါတအနီးမှာ နီးနီးစပ်စပ် ဝန်းစိတ်တွင် ပါတနှင့် စက်အံသာ (၉၀) အကွာမှာ ၅အံသ ၁ခန့်မျှအကွာ ဝိက္ခေပဖြင့် အစဉ် လှည့်ရောက်လျက်ရှိရသည်။

၅။ နေ လ နှင့် ရာဟုဂြိုဟ်များမှတပါး ကျန်ဂြိုဟ်များဖြစ်သောအင်္ဂါအစရှိသောဂြိုဟ်များသည်စကြာသွားရာဗိုလ်ခြေပါဆိုသကဲ့သို့ နေသွား ကြန္တိမဏ္ဍလ၏ အနီး အပါးမှ မိမိတို့၏ အသွားနှုန်း ကြန္တိမဏ္ဍလ၏ အနီးအပါးမှ မိမိတို့၏ အသွားနှုန်း၊ ဘဂဏတပတ်လှည့်နှုန်းကာလ ပမာဏသဘာဝတို့ဖြင့် အာကာသနက္ခတ်ရာသီစက်ကြီး အတွင်း မှာ ကြန္တိမဏ္ဍလ ကိုယ်စီဖြင့်အနောက်မှအရှေ့သို့လှည့်ပတ်သွားလာရောက်ထင်ဟပ်လျက်ရှိကြသည်။

၆။ အင်္ဂါဂြိုဟ်သည် နက္ခတ် ရာသီ စက် ကြီး၏ အယနပိုင်းဌာနအတွင်းကို နှစ်နှစ်ခန့်မှာ မိမိ၏ ကြန္တိမဏ္ဍလ စက်ဝန်းတပတ်ဖြင့် ကမ္ဘာနှင့်အာကာသ အီကွေတာ မဇ္ဈေဗဟိုစက်ဝန်းပေါ်သို့ ဖြတ်သန်းခြင်းနှစ်ကြိမ် ယဉ်စွန်းတန်းနှစ်ရပ်သို့ဆိုက်ရောက်ခြင်း တကြိမ်စီဖြင့်ကမ္ဘာမှအပြင်အရပ်၌ထင်ဟပ်ရသော စက်ဝန်းကိုဖြစ်ပေါ်စေကာ အညီအမျှ အပေါင်းအနုတ် ( + - )အယန ခေတ်နှစ်များအရ နေသွားကြန္တိမဏ္ဍလ စက်ဝန်းမှ ဖြတ်သန်းအနီးဝပ်၊အခွာ၊ နီးဖြတ်





ရပ်များဖြင့် ( + ) ခေတ်တွင် မြောက်ဖက်မှ( - )ခေတ်တွင် တောင်ဖက်မှ ဝိက္ခေပ ၁၂ံအံသာ မျှ သာ တိမ်း ခွာ လျက် (ဖြတ် နီး ခွာ ခွာနီးဖြတ် )များဖြင့် လှည့်သွားလျက်ရှိရာ မှ ရှေ့နှင့်နောက်ကို ဆွဲသောင်ချက် ( မန္ဒ ) မြောက် နှင့် တောင်သို့ တွန်းပို့နိုင်ချက်(ပါတ)ဌာနများသို့ ရှေ့ရှုဆိုက်ရောက် ဖြတ်သန်းခြင်းများကို ဖြစ်ကြုံခြင်း ရှိရသေးသည်။

၇။ ယင်းအင်္ဂါဂြိုဟ်ကဲ့သို့ ကြန္တိမဏ္ဍလခရီးတွင် ၁၂နှစ်ခန့်မျှ လှည့်ရသောကြာသပတေးဂြိုဟ်နှင့်တကွ နှစ်ပေါင်း ၃၀ခန့်လှည့်ရသော စနေဂြိုဟ်နှင့် ၈၄နှစ်ခန့် လှည့်ရသော ယူရေးနတ်ဂြိုဟ်၊၁၆၄နှ် နှစ်ခန့်ဖြင့်နက်ပကျွန်းဂြိုဟ်၊ ၂၄၈၂ နှစ်ခန့်ဖြင့် ပလူတို ဂြိုဟ် များ သည် လည်း ဘောဝါကင်း နက္ခတ်ရာသီစက်ကြီးတွင် အင်္ဂါဂြိုဟ်နည်းတူ ၎င်းတို့၏ ကြန္တိမဏ္ဍလများဖြင့် နေကူးကြန္တိမဏ္ဍလမှ အကွာနိုင်ဆုံး ဝိက္ခေပ နှစ်အံသာခန့်ဖြင့် ကူးရောက်လှည့်လည်ခြင်းရှိကြမည်။

ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်သည်လည်း ၎င်းတို့၏ ကြန္တိမဏ္ဍလတပတ်ခရီးမှ ကမ္ဘာနှင့် အာကာသ မဇ္ဈေစက်သို့ နှစ်ကြိမ်၊ ယဉ်စွန်းတန်းနှစ်ရပ်သို့တကြိမ်ကျစီနှင့် မန္ဒ၊ပါတရပ်များသို့တကြိမ်ကျစီ ( + - ) အယန ခေတ် နှစ် များအရ အံကျ၊ ဆော၊ နှောင်းခြင်းများဖြင့် ရောက်ကြရမည်။

ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ်သည် နေ၏ကြန္တိ မဏ္ဍလတွင် တောင်မြောက် ဝိက္ခေပ အကွာဖြင့် နှစ် အံသာခန့် ပုဗ္ဗ–ပရရှေ့နောက် စက်အံသာအကွာဖြင့် ဗုဒ္ဓဟူးသည် ၃၀ ခန့်နှင့် သောကြာသည် ၄၅ ခန့် အကွာအတွင်းမှနေနှင့် နီးတုံ ခွာတုံ ရှေ့နောက် (အရှေ့နှင့်အနောက်) ရွေ့

သွားဆိုက်ရောက်လျက် နေနှင့်တကွ ယင်းတို့၏ ကြန္တိဖြင့် တနှစ်အတွင်း ကောင်းကင်နက္ခတ်ရာသီကြီး၏ စက်အံသာ ၃၆၀ မှာ မိဿစသော ရာသီဘာဝများ၌ လက်ဝဲ ရစ်ဖြင့် ကူးရောက်လျက် ရှိကြသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် နေနှင့်အနီးကပ်ဖြင့် နက္ခတ်ရာသီစက်တွင် လှည့်သော သဘာဝကြောင့် ယင်းဂြိုဟ်ကို တခါတရံမှ မြင်ရသည်။

သောကြာဂြိုဟ်ကိုကား နေမထွက်မီ တနာရီ နှစ်နာရီတွင် မိုးသောက်ကြယ်နီကြီး အဖြစ်နှင့်လည်းကောင်း နေဝင်ပြီးစ အနောက်ကောင်းကင်တွင် နေဝင်ကြယ် သောက်ရှူးကြယ်ကြီး အဖြစ်နှင့်လည်းကောင်း မြင်နိုင်သည်၊

၈။ ဂြိုဟ်ကြွတ် ဂြိုဟ်ထပ်၊ ဂြိုဟ်ပူး ဂြိုဟ်ယှဉ်

နက္ခတ်ရာသီစက်၏ ဂြိုဟ်သွား၊ ဂြိုဟ်ကူး ကြန္တိ မဏ္ဍလ စက်ဝန်းခရီး ဘာဂဏာတပတ်ခရီးကို လ တနင်္လာဂြိုဟ်သည် ၂၇ ၁/၃ ရက်။ ဘာဂဏ၌ ၁ နှင့် တဆယ့်နှစ်ပိုင်းတပိုင်း= (အံသာ ၃၆၀+၃၀=၃၉၀)မှာ ၂၉ ၁/၂ ရက်ဖြင့် ၁၂ ပတ် ကျော်ကျော် ၁၃ပတ်မျှ တနှစ်အတွင်း လှည့်ရောက်လျက် ရှိသည်။

တနင်္ဂနွေဂြိုဟ် (နေ) ဗုဒ္ဓဂြိုဟ်နှင့် သောကြာဂြိုဟ်၊ ထို သုံးလုံးတို့သည် တနှစ်လျှင်တပတ်၊ အင်္ဂါဂြိုဟ်သည် နှစ် နှစ် တပတ်၊ ကြာသပတေးဂြိုဟ်သည် ၁၂ နှစ်တပတ်၊ စနေ ဂြိုဟ်သည် နှစ်ပေါင်း ၃၀၊ ရာဟုဂြိုဟ်သည် (၁၈½ နှစ်) နှင့် ယူရေးနတ် ဂြိုဟ်သည် ၈၄ နှစ်၊ နက်ပကျွန်း ဂြိုဟ်သည်



(၁၆၄½နှစ်) ပလူးတိုဂြိုဟ်သည် (၂၄၈½နှစ်)တို့မှာတပတ် ကျ တပတ်ကျစီ လှည့်ကြသည်။

၉။ ယင်းတို့ကြန္တိဝန်းဖြင့် လှည့်ရာတွင် လ တနင်္လာဂြိုဟ်သည် အတိုဆုံး ကာလ ပမာဏဖြင့် လှည့်လျက်စက်ဝန်း၏ ဗဟိုချက်ကို ဖြတ်သော အချင်း၏သိပ်နှစ်ရပ်၊ စက်ဝန်း အံသာ ၃၆၀ ဘာဂဏမှ စက်အံသာ ၁၈၀ အတိကျ၊ ပုဗ္ဗနှင့် ပရ(ရှေ့နှင့်နောက်) အညီအမျှ ဝန်းခြမ်းခြင်းသဏ္ဌာန် နှစ်ရပ်တွင် ရာဟုဂြိုဟ်၏ ဖုဋ္ဌဌာနနှင့် ကိတ်ဂြိုဟ်၏ ဖုဋ္ဌဌာန ဟူ၍ ၁၈ နှစ်လျှင် အရှေ့မှအနောက်သို့ လကျာရစ်ဖြင့်ရွေ့ ရောက်ဖြစ်ပေါ်ချက်ကို ပါတဖြတ်သန်းချက် အဖြစ်ဖြင့်လှည့် ရောက်လျက် ရှိရသည်။

၁၀။ ယင်းရာဟုဂြိုဟ်၏ ဖုဋ္ဌဌာနသည် ၁င်လျှင်နေသွား ကြန္တိမဏ္ဍလ စက်ဝန်းသို့ လ တနင်္လာဂြိုဟ်သည် ၅ အံသာခန့် စောင်းချိုးဖြင့် ဖြတ်သန်းသော မုချပါတဌာနဖြစ်လျက် ကိတ်ဂြိုဟ်၏ ဖုဋ္ဌဌာနသည် ပုစ္ဆပါတဌာန ဖြစ်ရသည်။

၁၁။ ထိုရာဟုဂြိုဟ်၏ ဖုဋ္ဌနှင့် ကိတ်ဂြိုဟ်၏ ဖုဋ္ဌဌာနများသည် လ တနင်္လာဂြိုဟ်၏ ပါတဌာနပင်ဖြစ်သဖြင့်မိမိ၏ ဌာနအတိအကျများနှင့်ရှေ့နောက်စက်အံသာ ၁၂ အတွင်း တွင်လပြည့်အဖြစ်ဖြင့်ကျုံသော လပြည့်ဝန်းကို ကမမှောင် ရိပ်ဖြင့်ကြွတ်စေခြင်း၊ လ-ကွယ်အဖြစ်ဖြင့် ကျုံသော လ သွား ဖုဋ္ဌအံသာ တနှင့်ရှေ့နောက် ၁၂-အံသာမှ ကျုံသော နေ တနင်္ဂနွေ၏ လုံးဝန်း ဧရိယာအတွင်းသို့ ကြွတ်ထပ် ခြင်းကို ဖြစ်သော သဘာဝရှိရသည်၊ လပြည့်ချိန်နှင့် လ

ကွယ်ချိန်များ မဟုတ်သော ဆန်း နှင့် ဆုတ်များ အဖြစ်ဖြတ်သန်းကူးရောက်သောလကို မကြတ်၊ နေဝန်းသို့ လထပ်၍ဖြတ်ဖြစ်သော နေကြတ်ခြင်းကို မဖြစ်စေနိုင်။

လကြတ်ဖြစ်နိုင်ရန်မှာပြည့်ဝန်းသောလ (တနင်းလာဂြိုဟ်) ရာဟု သို့မဟုတ် ကိတ်ဌာန် ကမ္ဘာမြေနှင့်တကွ နေ (တနင်္ဂနွေဂြိုဟ်)တို့သည် ဖုဋ္ဌစက်အံသာတူနှင့် ၁၂ အံသာအောက်ထိုတွင် ကြုံ ဆုံကြသော လပြည့်ချိန် အစစ်အခါမှာသာလျှင် လ ကြတ်နိုင်သည်။

နေကြတ်ခြင်းဖြစ်နိုင်ရန်ကား ရာဟု သို့မဟုတ်ကိတ်ဌာန်၏ဖုဋ္ဌ၊ကမ္ဘာမြေ၊ လကွယ်အစစ် ကြုံသောလ (တနင်းလာဂြိုဟ်) နှင့်နေ(တနင်္ဂနွေဂြိုဟ်)တို့သည် စက်အံသာဖုဋ္ဌချင်း ထပ်တူကျရောက်သောအခါနှင့် ထပ်တူမှ ၁၂ အံသာ အတွင်း ကြုံဆုံကြသော လကွယ်ချိန်ခါအစစ်မှာသာလျှင်နေကို လကွယ်ကမဖြင့် ထပ်ခြင်းဖြတ်ခြင်းကို ကြုံလျက် နေကြတ်ခြင်းဖြစ်ရသည်။

လကြတ်တွင် လ၏ အရှေ့အစွန်းမှစ၍ ကြတ်လျက် အနောက်အစွန်း၌ လွတ်စင်သည်။

နေကြတ်တွင် နေ၏အနောက်အစွန်းမှစ၍ ကြတ်လျက် အရှေ့အစွန်း၌ လွတ်စင်သည်။

လ နေတို့ကြတ်ချိန် ပမာဏသည် ၂နာရီမှ၄နာရီအကြာ ရှိတတ်သည်။

လကြတ်တွင် သဗ္ဗ၊ဝန်းစိတ်ကြီး၊ထက်ဝက်နှင့် ဝန်းစိတ်ငယ်များဖြင့် ကြတ်ခြင်း အမျိုးမျိုးရှိသည်။



နေကြတ်တွင် အပိုင်း (ဝန်းကျင်ကွင်းကြတ်) ဝန်းစိတ်ငယ်ထက်ဝက်ဝန်းစိတ်ကြီးများဖြင့်ကြတ်သည်။ သဗ္ဗကြတ်ကို တခါတရံတွင်သာလျှင် လ၏ပါတအချက်နှင့် အဝန်းအပိုင်း ကြတ်ချိန် ကြုံခိုက်မှာ တည့်တည့် တန်းတန်းတွင်ကျရောက်တည်ရှိသော ကမ္ဘာ၏ ယဉ်စွန်းတန်း နှစ်ရပ်အကြားမှာသာလျှင် တိုတောင်းလှသော ၃စက္ကန့်မှ၇မိနစ်အထိအချိန်ပိုင်းမျှနေ၏သဗ္ဗကြတ်ကို မြင်နိုင်ခြင်းဖြစ်သည်။

လကြတ်ခြင်းသည် တနှစ်အဖို့တွင်တကြိမ်မှသုံးကြိမ်အထိဖြစ်သည်။ တရံတခါမကြတ်သောနှစ်ရှိရတတ်သည်။

လကြတ်သည်ကို ကမ္ဘာ၏ ညအချိန်တွင် ပါဝင်ကျရောက်သော ကမ္ဘာ၏ ထက်ဝက်ကျော်ကျော်အရပ်ဒေသများမှ အချိန်စောမှ နှောင်းအလိုက်ဖြင့် ကြတ်ထွက် အစကြတ် ကြတ်လယ် ကြတ်ဆုံးကြတ်ဝင် စသော ကြတ်ခြင်းများဖြင့် အဆင့်ဆင့်မြင်ရမည်။

နေကြတ်သည်ကို နေ့ပိုင်းအဖို့တွင် ကျရောက်သော ကမ္ဘာ၏ ထက်ဝက်ကျော်ကျော် အရပ်ဒေသများမှလကြတ်မှာကဲ့သို့နေ့အချိန်နာရီများအလိုက်ကြတ်ပုံအဆင့်ဆင့်ကိုမြင်ကြရလိမ့်မည်။

နေကြတ်ခြင်းသည် တနှစ်အတွင်း တကြိမ်မှ လေးကြိမ်အထိဖြစ်နိုင်သည်။ သို့သော် နှစ်ကြိမ်မျှသာ သိသိသာသာ ကြီးကြတ်နိုင်သည်။

လသည် ဒိမိ၏ကြန္တိမဏ္ဍလ စက်ဝန်းတပတ်တွင် အင်္ဂါ အစရှိသော အခြားဂြိုဟ်များနှင့် ကြန္တိဝန်း အချင်းချင်း ဖြတ်ကူးချက်များတွင် ဂြိုဟ်တိုင်းနှင့် ရာဟုကိတ် ဖုဋ္ဌမိမိ၏

ပါဘမှာ ဖုရှတူ (စက်အံသာဘူ) ကြုံသော် ကြွတ်-တပ်-ပူး-ယှဉ်ခြင်းများကို ၎င်း၏ မဏ္ဍာလမှ သာဝဌာနများအရ ဖြစ်သွားနိုင်သည်။ ၎င်းမြင် ဂြိုဟ်နှစ်ဂြိုဟ်ချင်းတို့ ကြွတ်ထပ်ပူးယှဉ်ခြင်းကိုသည်လည်း ယင်းအရပ်မှာဖြစ်ကြမည်။

နက္ခတ်ရာသီစက်တွင် နေ၏ ကြန္တိမဏ္ဍလပက်သည် ရာသီခေါင်များအလိုက် ပတ်ဝိုက် ရွေ့ရောက်ခြင်းဖြင့် စက်အံသာ ၃၆၀ ကို တနှစ်၃၆၅ ¼ ရက်လျှင် တပတ်အပတ်ကျဖြင့်လည်ပတ်ရစ် ကူးရောက်သျှက် ရှိရသည်။

လနှင့်တကွ အင်္ဂါအစရှိသော ဂြိုဟ်များသည် နေကူးကြန္တိမဏ္ဍလ စက်ဝန်းတို့ နှစ်နေရာမှာ ကူးဖြတ်ပါက ပါတ၏ ရှေ့နှင့်နောက် အနီးမှာ နီးနီးချဉ်းချဉ်း ပါတ၏ ရှေ့နှင့် စက်အံသာ (၃၀)မှာ မဏ္ဍလချင်း ဝိက္ခေပအကွာ သအံသာမှ ငါးအံသာမျှ အကွာခိုင်ကြဆုံးဖြင့် မိမိတို့၏ ဂြိုဟ်သွားဂြိုဟ်ရောက် ကြန္တိမဏ္ဍလများဖြင့် ပူးဘွဲ့ယှက်သန်းကြကာ ဂြိုဟ်ရှူး ဂြိုဟ်သွားလမ်း အနံဘာဝ ပမာဏရှိရ သကဲ့သို့ ထင်မှတ်ရခြင်းရှိသောဝန်းချင်းဖြစ် အကာပ်အခွာ ဖြစ်သင့်ဖြစ်ရာ အချက်အလက်များကို ဤကမ္ဘာမြေမှ အမြင်တွင် အာကာသနက္ခတ်ရာသီ စက်ကြီးတွင် ထင်ဟပ်သော ဂြိုဟ်သွားလမ်းကြီး၌ နေနှင့် ရာဟုမှတပါး အခြားဂြိုဟ်များသည် အသွား ရှစ်ပါး၊ အသွားငါးပါး၊ အသွားနှစ်ပါး၊ တည့်သော် သီဘရိယ၊ ဗျဂ္ဂရိယ၊ နီယတုံ၊ ရှေ့တိုး၊ နောက်ဆုတ်သော သွားခြင်းမျိုးတို့ဖြင့် စက်ဝန်းတပတ်ရောက် အချိန်ကာလချင်း မတူကြပဲ (မြစ်ကြောင်းနှင့် ကုန်းကြောင်း လမ်းစဉ်ခရီးတွင် အနေး အမြန် မတူကြသော ခရီးသွားယဉ်အစားစားကဲ့သို့ )နေသည် ကမ္ဘာမြေကြီးကို တနည်းအားဖြင့်ကမ္ဘာမြေကြီးသည်နေကို ၎င်းတို့၏ဗဟိုချက်မ (ဟန်ချက်) ကျကျချင်း ဖောက်ထွင်းဆက်ဟန်းပေသော မျက်မှန်ဘက်လမ်းတည်းဟူသော ဗဟိုကြန္တိမဏ္ဍလ စက်ဝန်းဖြင့် ယင်းတို့၏ ဗဟိုချက်မချင်း မတိမ်း မဏ္ဍိုင် ဝင်ရိုးချင်းသာလျှင် ( အကွာ ) ချင်း၌ (၂၃ ½) အံသာ ဒီဂရီမျှ တိမ်းယိမ်းခြင်းဖြင့် လှည့်ရောက်လျက် ရှိကြရသည်။



၁၂။ **နေနှင့် ကမ္ဘာမြေကြီး၏ ကြန္တိမဏ္ဍလ စက်ဝန်းသို့ဂြိုဟ်တို့ဖြတ်သန်းသော ပါတဌာနများ**

လ-တနင်္လာဂြိုဟ်သည်နေနှင့် ကမ္ဘာမြေ၏ကြန္တိသွား မဏ္ဍလစက်ဝန်း ( ကြိုး ) အရပ်တွင် ရာဟု၏ ဖုဌဌာနနှင့် ကိတ်၏ဌာနအရပ်များ၌ ဖြတ်သန်း ( ပါတ ) ကိုဖြစ်ရသည်။

လ-တနင်္လာဂြိုဟ်၏ပါတသည် နေ (တနင်္ဂနွေဂြိုဟ်) ၏ တနည်း ကမ္ဘာမြေ (ရာဟုဂြိုဟ်) ၏ ကြန္တိမဏ္ဍလ စက်ဝန်းကြိုး တည့်တည့်၌ အရှေ့မှ အနောက်သို့ ( လကျောရစ်) ၁ဂနှစ်တပတ် တနှစ်မှာ စက်အံသာ ၂၀ ခန့်ဖြင့် နက္ခတ်ရာသီစက်၏ ဘဂဏာစက်အံသာ ၃၆၀ သို့ လှည့်ရောက်လျက်ရှိသည်။

နေ့-ရာဟုနှင့်သမှတပါး အခြားသော ဂြိုဟ်များသည့် နေ၏ ကြန္တိမဏ္ဍလ စက်ဝန်းကြိုးတည့်တည့်၌ အလွန်ကြာသော ကာလဖြင့် နှစ်ပေါင်း ၃၆၀၀ ခန့်မှာ စက်မှာစက်အံသာ တအံသာနှစ်ပေါင်း ၅၀၀ ကျော်ခန့်မှာ ဘသိတ္တာ

ခန့်မှန်းဖြင့်သာလျှင် လက်ဝဲရစ်သို့ ပါတ (ဖြတ်သန်းချက်) ရွေ့ခြင်းရှိကြသည်၊

ထို့ကြောင့်နှစ်ပေါင်းကြာရှည်စွာဖြင့်ရှိကြဦးမည့် ယင်းဂြိုဟ်တို့၏(ပါတ) ဖြတ်သန်းချက်များကား–

အင်္ဂါဂြိုဟ်သည်
နက္ခတ်ရာသီ၏စက်အံသာ ၂၀ နှင့် ၃ လိတ္တာ
ဗုဒ္ဓဟူးဂြိုဟ်သည်
နက္ခတ်ရာသီ၏ စက်အံသာ ၂၄ နှင့် ၄၁ လိတ္တာ
ကြာသပတေးဂြိုဟ်သည်။ ၇၆ နှင့် ၄၀ လိတ္တာ
သောကြာဂြိုဟ်သည် ။ ၅၃ နှင့် ၃၉ လိတ္တာ
စနေဂြိုဟ်သည် ။ ၉၁ နှင့် ၂၁ လိတ္တာ

အရပ်များတွင် ကာလရှည်ကြာစွာ ဖြစ်လျက် ရှိကြဦးမည်။

ယူရေးနတ် နက်ပကျွန်းနှင့် ပလူတိုဂြိုဟ်များမှာသူရိယသိဒ္ဓန္တသံဒိဋ္ဌ စသော တွက်ချိုးကျမ်းများတွင် မပါမဝင်ကြသေး၍ ပါတအချက်များကို မဖော်ပြနိုင်။ ရာသီသွားရာသီရောက်ဖြင့်ကားယခုအခါသမယတွင် ယူရေးနတ်သိန်ရာသီ။ နက်ပကျွန်းမိဿရာသီနှင့် ပလူတိုကန် ရာသီ အရပ်များမှာရောက်ရှိလှည့်လည်နေကြကြောင်း ရေးဆိုကြသည်။

နေ ◌ာနှင့် ရာ◌ှုတို့မှာ ဆုတ်ယုတ်ခြင်းမရှိ။ ပုံမှန်အသွားလှည့်ရောက်ခြင်းရှိကြ၏။ သို့သော်ရာဟုသည် နေ၊ လစသောအခြားဂြိုဟ်များမှ ဆန့်ကျင်ဘက်ဖြင့် လှည့်လည်၏။

နေ၊ လ ရာဟုမှ တပါးအခြားသော အင်္ဂါ၊ ဗုဒ္ဓဟူး ကြာသပတေး သောကြာနှင့် စနေဂြိုဟ်များမှာ ရှေ့တိုးနောက်



ဆုတ်–အကွေး– အတွန့် အကောက် စသော ဖောက်ပြန်သောသွားခြင်းမျိုးများဖြင့် သွားကြသည်။

ရှေးရှေးက သူရိယသိဒ္ဓန္တ၊ သံဒိဋ္ဌစသော ကျမ်းဟောင်းများ၌ မပါဝင်၊ မြန်မာသက္ကရာဇ် ၁၂၀၀ကျော်မှ ခေတ်သိပ္ပံ ရှင်တို့မြင်တွေ့ချက်အရ ဖြည့်စွက်ခဲ့ရင်းတင်ကြသော ယူရေးနတ်၊ နက်ပကျွန်းနှင့် ပလူတိုဂြိုဟ်များသည်လည်း အင်္ဂါ၊ စနေဂြိုဟ်များကဲ့သို့ အကောက်အားဖြင့်လှည့်သွားခြင်းရှိကြရလိမ့်မည်။

ယခုချက်မှောက်ခေတ်တွင် အိန္ဒိယ ဝေဒဆရာများက ဝရဏ ပဇာပတိ စသည်ဖြင့် ခေါ်မှတ်ကြပြီဟု စာတွေ့တွေ့ရပြီ။

၁၃။ ဂြိုဟ်များတွင် ပကတိမျက်စိဖြင့်မြင်ရ– မမြင်ရ နှစ်မျိုးနှစ်စားရှိကြသည်တွင် မမြင်ရသော်လည်း ယင်းတို့၏ ဩဇာဘာဝများဖြင့် နက္ခတ်ရာသီစက်တွင် ဂြိုဟ်ကူး ဂြိုဟ်သွားကြ၍ မင်္ဂလာဂြိုဟ် ကြောင်းတည်ရှိကြမည်ကို မန္တလေးမြို့ မိုးကောင်းတိုက် ကန်ဦးဆရာတော်ကြီး၏ သံဒိဋ္ဌစကားပြေနှင့် ကောက်ကိုန်းကျမ်းများတွင် အောက်ပါ ဂြိုဟ်များကို အလိုရှိရာ တ◌ု ◌ာလ(ထိုခဏလက်ငင်း)အချိန်၌ ဆိုက်ရောက်မည့် ဖုဋ္ဌစက်အံသာများဖြင့် တွက် ဆို ပြ ထား ပြီ ကို တွေ့ရပေပြီ။

၁၄။ ဂြိုဟ်ငယ် ၉လုံးတို့၏ အမည်များ

(၁) တနင်္ဂနွေ၏ ကာလမည်သောဂြိုဟ်ငယ်
(၂) တနင်္လာ၏ ပရိဓိမည်သောဂြိုဟ်ငယ်

(၃) အင်္ဂါ၏ ဒုမ မည်သော ဂြိုဟ်ငယ်
(၄) ဗုဒ္ဓဟူး၏ အဒ္ဓပရဟာရမည်သော ဂြိုဟ်ငယ်
(၅) ကြာသပတေး၏ ယမကဏ္ဍက မည်သော ဂြိုဟ်ငယ်
(၆) သောကြာ၏ ကောဒဏ္ဍ = ကူဋ္ဌဝပကာဝမူ မည်သော ဂြိုဟ်ငယ်
(၇) စနေ၏ မန္ဒိ = ဂုလိက မည်သော ဂြိုဟ်ငယ်
(၈) ရာဟု၏ ပါတ = ဗျာတိပါတ မည်သော ဂြိုဟ်ငယ်
(၉) ကေတု၏ ဥပကေတု မည်သော ဂြိုဟ်ငယ်

ဒုမစသော ဂြိုဟ်ငယ်ငါးလုံးသည် တနင်္ဂနွေဂြိုဟ် (နေ)၏ တက္ကာလ အသိုရှိချိန် အခိုက်အတန့်များတွင် ဆိုက်ရောက်လျက်ရှိသော ဖုဋ္ဌစက်အံသာ၌နေမှ ပုဗ္ဗ-ပရ (ရှေ့နှင့်နောက်) စက်အံသာများတွင် ကြန္တိမဏ္ဍလ ဂြိုဟ်ကူးဂြိုဟ်သွားဖက်မှာ နေကိုအခြေပြု၍ ဖြစ်ရောက်ရသော သဘာဝများဖြင့် တည်ရှိကြသည်။

ပရိဓိသည်နေ၏ရှေ့(ပုဗ္ဗ) စက်အံသာ ၄၆ နှင့် ၄၀ လိတ္တာ
ဒုမသည် ။ ။ ။ ၁၃၃ နှင့် ၂၀ လိတ္တာ
ဥပကေတုသည်နေ၏နောက်(ပရ) ။ ၁၃၃ တိတိ။
ကုဒဏ္ဍသည် ။ ။ ၄၃ နှင့် ၂၀ လိတ္တာ
ဗျာတိပါတသည် ။ ။ ၁၃၆ နှင့် ၄၀ လိတ္တာ



ယင်းဂြိုဟ်ငယ် ငါးလုံးကိုရှေးမြန်မာ အခါပေး ကျမ်းများ၌ ဂြိုဟ်များအဖြစ်ဖြင့် ရာသီအံသာတုံကြီး ၅ ချက်ဖြင့် သုံးနှုန်းကြသည်။ ယင်းတို့ကိုခေတ်သိပ္ပံ နက္ခတ္တဗေဒပညာရှင်တို့အမြင်တွင် မကြာခင်အတွင်းမှာ ပါဝင်လာနိုင်စရာ အချက်အလက်များဖြစ်ကြမည်ဟု ယူဆမျှော်လင့်ရပေသည်။

ကာလစသောဂြိုဟ်ငယ်လေးလုံးတို့သည်နက္ခတ်ရာသီစက်၏ စက်အံသာများတွင် အတိအကျ အကွာအဝေး၌ ပုံမှန်မရ။ အခါရာသီ၏ တို-ရှည်-နေ့တာနှင့် ညတာများအရ သိတင်းပတ်၏ တနင်္ဂနွေသော နေ့ခုနစ်ပါးတွင် တက္ကာလအချိန်နာရီများအတိုင်း နေ့နှင့်ည တမျိုးတပုံစီဖြင့် နက္ခတ်ရာသီ၏ ဂြိုဟ်ကူး ကြန္တိမဏ္ဍလ၌ လေးချက်သော ဘာဝဖြင့် ဖြစ်ပေါ်ကျရောက်သော အချက်များပေတည်း။

ယင်းကာလ အဒ္ဓပရဟာရ ယမကဏ္ဍကနှင့် မန္ဒိ ဂြိုဟ်ငယ်လေးလုံးမှ ဂြိုဟ်ကိုကား ဟောကိန်းချက်၌ အရေးပါအရာရောက်သော အချက်အလက် အဖြစ် ထည့်သွင်း ဟောဆိုခြင်းပြုကြ၏။

ထို့ပြင်မမြင်ရသောဝတ္ထုနများအဖြစ် ဂြိုဟ်အသီးသီး၏ ဂြိုဟ်သွားရာလမ်း ကြန္တိမဏ္ဍလ စက်ဝန်း၌ မြောက်နှင့် တောင်သို့ ထွန်းရွေးတတ်သော ပါတအချက်နှင့် မိမိရှိရာသို့ ဆွဲငင်ဆောင်ယူတတ်သော မန္ဒ အချက်များ ရှိကြသည်ကို ကားဂြိုဟ်စကၠ၌ ပါဝင်ကြသည်။ (သံသိုက် ဝင်ရိုးစွန်းချင်း ဘူဝကို သတိပြုမိသည်)

၁၅။ မျက်မှောက်ခေတ် အရံဂြိုဟ်တုများ ( လူလုပ်ဂြိုဟ်ရံ)သို့ ပညာတိုးတက်ထွန်းကားလာသည့်အလျောက် သိပ္ပံပညာရှင်တို့ပြုလုပ်လွှတ်တင်ထားကြသော အရံဂြိုဟ်တုများကိုမြူတိမ်ကင်းစင်သောညအခါများတွင် ကောင်းကင်အရပ်၌ မြင်ကြရပြီ။ ယင်းတို့သည် လ-ကဲ့သို့ကမ္ဘာမြေကို အမြင့်မိုင် ၂၀၀ ကျော်နှင့်၅၀၀ခန့်အရပ်မှ ၂-နာရီခန့်တွင် တပတ်ကျမျှဖြင့် လက်ဝဲရစ် အနောက်မှ အရှေ့သို့ ကမ္ဘာပတ်လမ်းမှာလှည့်ကြသည်။ ယင်းတို့သည် လကဲ့သို့ကမ္ဘာ၏ ယဉ်စွန်းနှစ်ခုအကြား အယနထက်အနိမ့်ကျယ်သောအာတိတ်နှင့် အန္တာတိတ် နှစ်ရပ် အကြားတွင် ၎င်းတို့၏ သွားလမ်းစက်ဝန်းဖြင့် စလှယ်သိုင်း လှည့်ကြသည်ကို မြင်ရသည်။ မြင်ရအချိန်ကာလမှာ တနာရီခန့်စီကြာသည်။ တညလျှင် ၆ ပတ်ကိုမြင်ရခြင်းမရှိပဲလေးပတ်မျှမြင်ရခြင်းရှိသည်။ယင်းတို့၏ အမြင့်ပြမိုးကုတ်စက်အရပြစ်ကြရမည်။ တပတ်မှတပတ် လန်ဂျီတွတ်၃၀ခန့် အနောက်အဖို့သို့ ယင်း၏ကမ္ဘာပတ်စက်ဝန်းလမ်းရွေ့ရောက်သည်။

၁၆။ ယင်းတို့ လှည့်ရောက်သောအရံဂြိုဟ်တုသွားကြန္တိမဏ္ဍလစက်ဝန်းဖြင့် ဒီကွေ့တာကို နှစ်ကြိမ် ဖြတ်သန်းမည်။ ဆိုသော် ကဲ့သို့ မိဿဂေါဠ(ဥတ္တရ)။တူဂေါဠ (ဒက္ခိဏ)။ မကာရမှမိန်၆ ရာသီအရပ်မှာ ဒက္ခိဏမှ ဥတ္တရသို့ ကရကဋ်မှ ဓနု ၆ ရာသီအရပ်မှ ဥတ္တရမှ ဒက္ခိဏသို့စသော လနှင့်တကွ အခြားဂြိုဟ်အစစ်ကြီးများ ရွေ့ရောက် လှည့်ပတ်ကြသကဲ့သို့မဟုတ်ပဲ ဒိဂ်ရောက်အယဉ်သွားမမှန်၊ တောင်မှမြောက်၊



မြောက်မှတောင်ဖြင့် စလှယ်သိုင်း ကူးရောက်ခြင်းမှာ ဆင်ဆင်တူသည်၊

သို့ပင်ဖြစ်ပင့်ကစေး နေလနှင့်တကွ၊ နက္ခတ်ရာသီစက်အောက်၌ လှည့်ရောက်လျက် ရှိကြကုန်သော အင်္ဂါဂြိုဟ်စသောဂြိုဟ်အစစ်ကြီးများ၏ နက္ခတ်၌ယှဉ်ကပ်ပုံ၊ဆင်ဟပ်ပုံ၊ နေကြတ်-လကြတ်-ဂြိုဟ်ကြတ်နှင့် နက္ခတ်ကြတ်ပုံတို့ကို သိမြင်နိုင်ရန်အဖို့များ၌ စီသား၍ နိုင်းယှဉ်နိုင်သော နမူနာသင်ခန်းစာရပ်ကိုများစွာ အသောက်အကူရနိုင်ပေသည်။

အထူးသဖြင့် အရံဂြိုဟ်တု(လူလုပ်)များသည်ကမ္ဘာမြေကိုလှည့်စဉ် ကောင်းကင်တွင် နေကြောင့် ကျရောက်လျက်ရှိသောကမ္ဘာမြေရိပ်၏ မှောင်ထုအတွင်း သို့ တည့်တည့် ဖြတ်ကူးသောအခါ နာရီစက်ခန့်နှင့် တပိုင်းတစိတ်မှ ဖြတ်ကူးသောအခါ ၁၅မိနစ်ခန့်မျှမြင်ရသောလေးပတ်မှနှစ်ပတ်အဖို့တွင် လကြတ်သကဲ့သို့ ဂြိုဟ်တုကြတ်ပုံကို တွေ့မြင်ကြရသည်။

ဂြိုဟ်တု(လူလုပ်)များသည် ကမ္ဘာမြေကို ဒီကွေ့တာဗဟိုစက်မှ တောင်နှင့်မြောက် ဝိက္ခေပ ၂၃½ ယဉ်စွန်းတန်းကို ကျော်လွန်၍ ၂၄° မှ ၆၀° မျှသို့အထိတိမ်းယိမ်းသောပတ်လမ်းမဏ္ဍလဖြင့် ပတ်ရောက်ကြသည်ကို မြင်ကြရသည်။

# ဇာရသမပိုင်း

နက္ခတ်ရာသီခက်ကြီး၏ စက်အံသာပေါင်း ၃၆၀ ဘာဂဏာဘပတ်ပမာဏတွင် နေနှင့်လကိုလှည့်ရောက်ကြရခြင်းမှဖြစ်ပေါ်ကြသော နှစ်-လများ၏ ကာလပမာဏများနှင့် အံသာရက်များ။

၁။ အံသာနှစ်-လ-ရက်။ နေသည်နက္ခတ်ရာသီ စက်ကြီး၏ ဘာဂဏာဘဝက်ဖြစ်သော စက်အံသာပေါင်း ၃၆၀ သို့လှည့်ကူးရွေ့ရောက်ရာတွင် ကြာရှိသော ကာလပမာဏကို အံသာနှစ်တနှစ်ဟုခေါ်သည်။

စက်အံသာပေါင်း ၃၀ စီရှိ တရာသီ၌ ကြာရှိသော ကာလပမာဏကို အံသာလတလဟု ခေါ်သည်။

ယင်းသို့ဖြင့် စက်အံသာ တအံသာသို့ ရွေ့ရောက်သော် အံသာတရက် စသည်ဖြင့် ၃၀ အတိအကျ ရှိရသည်။ နေရောက်ရဝိဖုဋ္ဌမှ အံသာလိတ္တာ စသည်ကို မှတ်ယူခေါ်ဆိုသည်။ နက္ခတ်ခက်မှ ဘာဝပိုင်းများကို ပိုင်းခြားမှတ်သားရာမှ သုံးစွဲသည်။



၂။ သူရိယသံဝစ္ဆရ နှစ်-လ-ရက်။ နေသည် နက္ခတ်ရာသီစက်ကြီး၏ဘာဂဏာတပတ်ဆဖို့သို့နေကိုစွဲ၍မှတ်ယူသော ၂၄နာရီကျစီရှိ ရက်ပေါင်း(၃၆၅-ရက်၊ ၆နာရီ၊ ၁၂မိနစ် ၃၇စက္ကန့်မျှ)လှည့်ကူးရွေ့ရောက်ရာတွင် ကြာရှိသောကာလပမာဏကို သူရိယသံဝစ္ဆရနှစ် တနှစ်ဟုခေါ်ဆိုသည်။

ယင်းသို့ဖြင့် မီသာစသော ရာသီဘာဝများသို့ နေဖြတ်သန်းကူးရောက်ရာမှာ ကြာရှိသော ကာလပမာဏကို သူရိယမာသ သို့မဟုတ် ရဝိဖုဋ္ဌဖြင့် တွက်ယူသောကြောင့် ရဝိဖုဋ္ဌတရာသီဟု ခေါ်ဆိုနိုင်သည်။ (တရာသီမှာ ၃၀ရက်၊ ၁၀ နာရီ ၃၁မိနစ် ၃-၁၂ပိုင်း၁ပိုင်း စက္ကန့်)

ယင်းတွင် ရဝိဖုဋ္ဌ အဆိုက် အရောက်အလိုက် အံသာလိတ္တာစသည်ဖြင့် စက်အံသာ ၃၀ပြည့် (မနေရာတက်) သို့အထိ အံသာလိတ္တာ စသည်ဖြင့် မှတ်ခေါ်သည်။ (နေ) တနင်္ဂနွေဂြိုဟ်၏ နှစ်ကူး မဟာသင်္ကြန်နှင့် တရာသီမှ တရာသီသို့ကူးပြောင်းကြောင်း ဖြစ်သော စုဠ သင်္ကြန်များကို အတိအကျသိရှိရန်များ နေ အဆိုက်အရောက် ကြန္တိနှင့် အခြားဂြိုဟ်များ ရောက်ရာကို သိရန်များနှင့် ဇာတာပွဲရာများတွင် အသုံးပြုသည်။

၃။ စန္ဒရ=တိထိနှစ်၊ တနင်္လာဂြိုဟ်သည် တိထိအကြိမ်ပေါင်း ၃၆၀ပြည့်မြောက်ရန် နေကိုအစွဲပြု၍ မှတ်ယူသော ၂၄နာရီကျစီရှိ ရက်ပေါင်း ၃၅၁ ရက် ၁၄ နာရီ ၂၄မိနစ်မျှကြာရှိသော ကာလ ပမာဏကို စန္ဒရတိထိနှစ်ဟု ခေါ်ဆိုသည်။

နက္ခတ်ရာသီစက်ကြီး၏ စက်အံသာတရပ်ရပ်တွင် (လနှင့် နေတို့ စန္ဒရဖို့ရအရောက်ချင်း ထပ်တူကျုံကြလျက် လမှာ နေထက် စန္ဒရဖို့ဌအရောက်ချင်း လဆုတ်တိတိ ၁၅ဖြင့်( အမာဝါသီ ) လကွယ် တကြိမ်နှင့် တကြိမ်=(တိထိလကွယ်)နှစ်ကြိမ်တို့၏အကြား၌ ဆန်းတိတိ ၁၅နှင့် ဆုတ်တိထိ၁၂။နှစ်ရပ်ပေါင်းတိထိ ၃၀ အတိဖြစ် စေသော ကာလပမာဏ (၂၉ရက်၊ ၈နာရီ၊ ၅၂ မိနစ်)ကို တိထိလ တလဟူ၍ ခေါ်ဆိုသည်။

ယင်းသို့ဖြင့် နက္ခတ်ရာသီ စက်ကြီး၏ စက်အံ သာများ တွင် လသွားကြန္တိမဏ္ဍလ ( လသွားလမ်း ) စက်ဝန်းတွင် ကွယ်ခြင်း ပြည့်ခြင်းနှင့် နေကြတ်ခြင်း လကြတ်ခြင်းများ မဖြစ်မကျုံကြစဖူးသော ဌာနများ မရှိနိုင်ချေ။ ထိုသို့ဖြင့် လသည် မိမိနှင့် ဆင်တူရိုးမှား ဖြစ်ကြသော စန္ဒရနက္ခတ် မာသ ဝေါဟာရမာသများနှင့် ပြည့်ကွယ်တွင် နာရီပိုင်းမှ ၂၄ရက်မျှအထိ နောက်ကျစေနိုင်သော သဘာဝရှိရသည်။ ယင်း၏ ကွယ်ခြင်း ပြည့်ခြင်းကား တိထိ လကွယ်အစစ် ဖြစ်ရသည်။ သို့သော် နှစ်နှစ်နှင့် ဂလမျှ တကြိမ်တကြိမ်တွင် စန္ဒရနက္ခတ်မာသ ဝေါဟာရမာသ တခုခုနှင့် သို့မဟုတ် နှစ်ခုစလုံးနှင့်အံကိုက်ကွယ်ရပြည့်ရခြင်းဖြစ်တတ်သည့်သူရိယ မာသ စန္ဒရနက္ခတ်မာသနှင့် ဝေါဟာရ မာသ များ၏ တမာသ ( တလ ) ပမာဏများ အတွင်းမှာ လ၏ နှစ်ကြိမ် ကွယ်ခြင်းကို သော်လည်း ကောင်း တနင်္ဂနွေရာသီ ပြောင်းမရှိခြင်းကို သော်လည်းကောင်း ကြုံ တွေ့ ပါဝင် သော ဝေါဟာရမာသကို မလမာသ ( လမျက် ) ဖြစ် ကြောင်းပေါ်လွင်လျက် ယင်းမလမာသပါဝင်သောဝေါ



ဟာရနှစ်ကို ၁၃လပြက္ခဒိန် လထပ်ခြင်းကိုပြုရသည်။ သို့ကြုံ ခြင်းမှာ တန်ခူး ကဆုန်နှင့် နယုန်တို့မှာကြုံတတ်သည်။

ဆန်း-ဆုတ်-တိထိပမာဏ လုံးရေများကို အစွဲပြုလျက် ဆန်းဆုတ်တိထိရက်များကို ခေါ်ဆိုမှတ်ယူကြရသည်။

၎င်းသည် အခါယူအခါပေး၊ နေကြတ် လကြတ်များ၌ ပါဝင်မှတ်ယူရသော သဘာဝတွင် ဖြစ်စေရသည်။

၄။ စန္ဒရနက္ခတ်နှစ်၊ နက္ခတ်ရာသီစက်ကြီးတွင် လနှင့် နေသည် လဘပတ်လှည့်မိသော်နေတာန်(မိဿစသော)တ ရာသီ သည်ဖြင့်အသွားအရောက်ချင်း ခြား=ကွာကြသော သဘာဝတမျိုးစီဖြင့် ယင်းတို့၏ဂြိုဟ်သွား ဂြိုဟ် ပတ်ကြန္တိ မဏ္ဍလ စက်ခရီးစဉ်၌ စက်အံသာများ နက္ခတ် များ နှင့် တကွမိဿစသော ၁၂ရာသီများ၏ ဘာဝပိုင်းအခြားများ ဟောရတ်တရင်း နဝင်းများသည် အပိုင်း အစိတ်များကို ဖြတ်ရောက်ကူးကျော်လျက် လအဖို့စန္ဒရနက္ခတ္တမာသ တွက် ရန်နှင့် ပြည့်ရန် ဘာဝဌာနများတွင် တရံတခါမှာအတိကျ သို့မဟုတ် အနီးစပ်တို့တွင်ကွယ်ပြည့် ၁၂ ကြိမ်ဖြစ်စေကာ မိမိ၏ အသွားကြန္တိ မဏ္ဍလ စက်ဝန်းဖြင့် ၁၂ ပတ်လှည့် ရောက်ခြင်း၌ ကြာရှိသော နေမှတ် ၂၄ နာရီကျစီရှိသော ရက်ပေါင်း၃၅၄ရက် ၈နာရီ ၄၈မိနစ် ၃၄စက္ကန့်မျှကြာ ရှိသော ကာလ ပမာဏကို စန္ဒြရ နက္ခတ်နှစ်တနှစ်ဟူ၍ခေါ် သည်။

၅။ လသည် မိဿစသော ၁၂ရာသီ၏ အ ပိုင်းအခြား ဘာဝအစပ်(သန္ဓိ)စက်အံသာ များဖြစ်ကြကုန်သော၃၀°၊ ၆၀°၊၉၀° စသည်ဖြင့် ၃၀ ပမာဏ အကွာ ဌာန များတွင်

ပြည့်ချိန် ၁၂ ရပ်သတ်မှတ်ချက်မှာ ပြည့်၍ ရာသီတာဝ များ၏ စက်အံသာ ၁၅°၊ ၄၅°၊ ၇၅° ဌာနများ၌ တွက်ရသည်။ ယင်းဌာနများသည် နက္ခတ်ခေတ်စာ တွက်ယူဆုံးဖြတ်ရန်နှင့် စန္ဒရနက္ခတ္တဒိဋ္ဌလပြည့် ကွယ်ဌာနများ ဖြစ်သည်။

၆။ စန္ဒရနက္ခတ္တ တလ ၏ ကာလပမာဏသည် ၂၄ နာရီ ကျစီရှိသော ရက်ပေါင်း ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၃ စက္ကန့်မျှ ကြာရှိလေသည်။ ယင်းတွင် လပြည့်ချိန် ယှဉ်တွဲ၍ ပြည့်ကြသော နက္ခတ်များကို အမှတ်ပြုလျက် စိတြမာသ၊ ဝိသာခါမာသ၊ ဇေဋ္ဌမာသစသည်ဖြင့် ခေါ်ဆို သတ်မှတ်သည်။

၇။ ခရစ်နှစ်၏ အခါတပတ်လည် အချိန်ကာလ ပမာဏကို ခရစ်သက္ကရာဇ် အေ-ဒီ၊ ၄၆ ခုမှ အစပြုလျက် ယခုမျက်မှောက်ခေတ်တွင် နေ့ဘ်နေ့တွက်ရက်ပေါင်း ၃၆၅¼ ရက်ဖြင့် သက္ကရာဇ်တွင်လေးနှင့်စား၍ပြတ်သော လေးနှစ်လျှင် တရက်ထပ်လျက် သက္ကရာဇ်ကို လေးရာ စား၍ စားကြွင်း မရ ပြတ်သော နှစ်အဖို့တွင် ရက်ထပ်မပြုသော အစီအစဉ် အရ မှတ်တမ်းထားယူလာသောကြောင့် မြန်မာ သံဒိဋ္ဌမှ သူရိယသံဝစ္ဆရနှစ်တနှစ်၏ ကာလ ပမာဏ နှင့် သဘာဝ နှစ်အပိုင်းအခြားချင်း တူညီ နီးစပ်လျက်ရှိသည်။

၈။ မြန်မာ့ပြက္ခဒိန်၏ မာသမျိုးများ "တွင် မိန်မိဿ၌ မဇ္ဈအညီ ထက်ဝက်စီကို စန္ဒီ ရောင်မှုး လတန်ခူးဟု အထူး မှတ်လင့် ဤနည်းဖြင့်လျှင် ဇဋ္ဌသင့်တက်ဝဲ လှည့်ချ၍ခဲ့လေ၌" ဆိုသော မိန်ရာသီ ဗဟို၏ နောက်ပိုင်း ထက်ဝက်နှင့် မိဿ ရာသီမှ ရှေ့ထက်ဝက်တို့ နှစ်ရပ်ပေါင်း စက်အံသာသည်



နက္ခတ္တစိတြမာသ တန်ခူးလ စသည်ဖြင့် ရာသီသူရိယမာသ များ၏ ထက်ဝက်အဖို့ တစပ်တစပ်စီ၏ အကြား အကြား စက်အံသာပေါင်း ၃၀ ကျစီရှိကြသော နက္ခတ္တမာသများ နှင့် တန်ခူးလ ပြေလစသည်ဖြင့် အစီအစဉ် ၁၂ လချင်း ဘာဝပိုင်းခြင်း နေရောက်ဌာနချင်းများတွင် မြန်မာတို့ နက္ခတ်ခေတ်စာဆုံးဖြတ်ရာမှာ သုံးစွဲရသော နက္ခတ္တ စန္ဒရမာသ ဘာဝများမှ ခေတ်လွှက်ခေတ်ဝင် ခေတ်ဆောင် ခေတ်ချုပ် အပိုင်းအဖြတ်စက်အံသာပိုင်း၊ ရတုပိုင်း၊ ဥတုပိုင်းနှင့် ပိဿိပိုင်းများတွင် နီးစပ်သော သဘာဝကို ရရှိစေသည်။

၉။ မိဿစသော ရာသီမာသ သူရိယမာသ များနှင့် ဇန်နဝါရီစသော ခရစ်လများသည် အချင်းချင်း လဝက် ၁၅ အံသာကျစီ အပိုင်းအခြား ဘာဝများတွင် အံလွဲဖြင့် စပ်တွဲ တွဲလျက်ရှိကြသည်၊ ထို့ကြောင့် တနင်္ဂနွေဂြိုဟ် ခေါ် နေ ရာသီပြောင်းရက်တွင် ခရစ်လများ၏ အလယ်ကျရက် ခရစ်လများ၏ ကုန်ဆုံးရက်များတွင် နေမှာ ရာသီ၏ အလယ် စက်အံသာများမှာ ရှိသောရက်များဖြင့် တအံသာ နှစ်အံသာ တရက် နှစ်ရက်သာသည် တရံတခါ ကွဲကွာလျက် တရံတခါ တူညီကြသည်။

၁၀။ မြန်မာ သံဒိဋ္ဌ ပြက္ခဒိန်များတွင် ပါဝင်လျက်ရှိသော ဝေါဟာရ မာသနှင့် စန္ဒရ တိထိ မာသ၊ စန္ဒရတိထိမာသနှင့် စန္ဒရမာသ၊ စန္ဒရမာသနှင့် နက္ခတ္တစန္ဒရမာသ၊ နက္ခတ္တစန္ဒရမာသနှင့်စန္ဒရနက္ခတ္တဒိဋ္ဌမာသ၊စန္ဒရနက္ခတ္တဒိဋ္ဌမာသနှင့် သူရိယ ရာသီ မာသ စသည်များမှာ အတိုင်း အ

တာ ကာလပမာဏ တည်ချပ်ရောက်ရပ် ဖြစ်ရပ် သဘာဝ တို့၌ အတိုင်းအရှည် အလှည့်အရောက်များတွင် တဖြစ်ရပ် နှင့်တဖြစ်ရပ် ညီသင့်သောအချက်မှ သိသိမျှစီ အချိန်များ မှ နာရီပိုင်းမှရက်၊ ရက်မှလပိုင်းအထိ ရက်လွန် လလွန်တို့ ဖြစ်ပွားလျက်ရှိကြသဖြင့် နှစ် သုံးပိုင်း နှစ်ပိုင်း နှစ်ခန့်မှာ တ ကြိမ် ၁၉ နှစ်ခန့်အတွင်းမှာ ခုနစ်ကြိမ်ခန့် ဝေါဟာရ နှစ်တွင် လ တလ အပိုသွင်း၍ ဝါထပ်ပေးရသည်။

၁၁။ အမှန်သုံးသော နှစ်အပိုင်းအခြား သည်ကား နက္ခတ်ရာသီစက်ကြီး၏ ဘဂဏတပတ်ဖြစ်သော စက်အံသာ ပေါင်း ၃၆၀° ဖြစ်သော အံသာဘဂဏ နှစ်ကို မှတည် လျက် ယင်းစက်အံသာတပတ်အတိအကျသို့ နေရွေ့ရောက် သော သူရိယသံဝစ္ဆရနှစ်ကိုသာ တနှစ်မှတနှစ် သက္ကရာဇ် တခုမှ သက္ကရာဇ်တခုသို့ကူးပြောင်းသည်ဟူသော မိန်ရာသီ နှင့် မိဿရာသီ၏ အကြားအစပ် နက္ခတ်ရာသီ စက်ကြီး၏ စက်အံသာ ၃၆၀° ၏ အဆုံးနှင့် စက်အံသာတစ် တို့၏စရာ အကြားစပ်(သန္ဓိ)ဌာနဘာဝကို တနင်္ဂနွေဂြိုဟ် နေ ၏ ရဝိဖုဋ္ဌရာသီ အံသာ လိတ္တာတို့ အသုဉ်းဖြင့် ထိရောက်ချိန်ကို နှစ်ပြောင်း မဟာသင်္ကြန်ကျချိန်ဟု မြန်မာ့ သံဗိဋ္ဌပြက္ခဒိန် များတွင် တွက်ယူပြတ်ခြားထားသည်။ ယင်းတွင် ကျချိန် ဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြီဟု မသတ်မှတ်သေး။ ရဝိမချုရာသီ အံသာ လိတ္တာအသုဉ်းများ ရချိန်မှ အတာ နှစ်သစ်အဖို့သို့ ကူးသည်ဟု တွက်ယူဆုံးဖြတ်ရသည်။

၁၂။ မဟာသင်္ကြန်သည် ရဝိဖုဋ္ဌဖြင့်ကျ၍ ရဝိမချဖြင့် တက်သည်၊ မဟာသင်္ကြန်ကျချိန်နှင့် တက်ချိန် အကြား



အန္တရအချိန် ပမာဏသည် နှစ်ရက် လေးနာရီ လေးမိနစ် လေးဆယ့်တစ် စက္ကန့်မျှကြာ၏။

တနင်္ဂနွေဂြိုဟ် နေ ၏ ရဝိမချုဟူသည်မှာ ယင်းနေကို အရှေ့အသွား နှေးအောင် မြန်အောင် ရှေ့နောက် ဆွဲ အောင် ငင်ယူတက်သော သိဃ်ဥစ်၊ မန္ဒဥစ်များ မဆွဲမငင် ဘဲ အလယ်အလတ်ဖြင့် တွက်ယူထားအပ်သော မချဂြိုဟ် အဖြစ်တည်ခြင်းကို ဆိုသည်။

၁၃။ နက္ခတ်ရာသီစက်ကြီး၏ စက်အံသာဦးဌာန။

နက္ခတ်ရာသီစက်ကြီး၏ ဘဂဏအဝန်းကြီးတွင် ရှေးရှေး ရှေးပြု သူရိယသိဒ္ဓန္တ သံဗိဋ္ဌနှင့်သရ တွက်ရိုးကျမ်းများတွင် ယင်းစက်ဝန်းကြီး၌အဦးအစနှင့် အဆုံးအစပ်(သန္ဓိအရပ်) အဖြစ်ဖြင့် ပိုင်းဖြတ်မှတ်ယူပြဌာန်းကာ ယခုခေတ် ပထဝီ ပညာသသာသာတွင် ကမ္ဘာမှ ဂရင်းနစ်ဌာန၏ လောင်ဂျီ တွဒ်- မရီဒီအံကိုသုည(၀°)ဒီဂရီ အမှတ်ပြုသကဲ့သို့ သက္ကရာဇ် ဦး၊ နှစ်ဦး၊ စက်အံသာဦး၊ မိဿစသော ရာသီဦးနှင့်ရာသီ ဝဂ္ဂများဖြစ်ကြသော ဟောရာချတ်-ဒြင်း-နဝင်း-ဒွါဒသင်း နှင့် တိံသင်းအစရှိသော ဘာဝပိုင်းများ၏ ဂြိုဟ်ရာ အဦး အဌာနအဖြစ် မိန်ရာသီနှင့် မိဿရာသီ၊ ရေဝတီနက္ခတ်နှင့် အဿဝဏီနက္ခတ် စက်အံသာ ၃၆၀ နှင့် အံသာတစ်တို့၏ အကြားအစပ်(သန္ဓိ) အရာဌာနကို နက္ခတ်ရာသီစက်ကြီး မြောက်နှင့်တောင် မှန်းတည့်တန်း(မျဉ်းကြိုး) သုည (၀°) စက်အံသာမျဉ်းအရပ် အဖြစ် ပိုင်းခြား သတ်မှတ် ထား သည်။

ယင်းသို့ သတ်မှတ်သော ခေတ်နှစ်တွင် အယနအားဝချင်း ထပ်တူကျ (အယန အယိမ်းအယိုင် မရသော နှစ်တွင်) တနင်္ဂနွေဂြိုဟ်ခေါ် နေသည် နက္ခတ်ရာသီစက်ကြီး၏ ဗဟိုမဇ္ဈေစက်ဝန်းကြီးသို့ နေသွား ကြန္တိမဏ္ဍလ စက်ဝန်းခရီးဖြင့် သူညှ (၁°) စက်အံသာမျဉ်းသည် မဇ္ဈေစက်ဝန်းကို ဖြတ်ရောက်ရာအချက်ဆုံ ဆုံပင်လျှင် နေကူးကြန္တိပါတ ဖြတ်သန်းချက် အဖြစ်ဖြင့် ဖြတ်သန်းကူးရောက်ခြင်းဖြစ်၏ အံကျဖြစ်ခဲ့ကြသည်။ ထိုနှင့်တချိန်တည်းမှာပင် ကမ္ဘာ၏ ဗဟိုစက်ဝန်း အိကွေတာသို့ နေ-ဖြတ်သန်း ကျရောက် ကူးကျော်ရသည်။

၁၄။ တနင်္ဂနွေဂြိုဟ် နေသည် နက္ခတ်ရာသီစက်ကြီး၏ မဇ္ဈေဗဟို စက်ဝန်းကို ကြန္တိမဏ္ဍလဖြင့် ဖြတ်သန်းချက်ပါတသည် အယန အယိမ်းအယိုင်မရှိသော ခေတ်နှစ်တွင် ရဝိဖုဋ္ဌရာသီ၊ အံသာ၊ လိတ္တာအသုဉ်း (၀) စက်အံသာ ၃၆၀ ၏ အဆုံးသို့ နေအရောက်တွင် မြန်မာမဟာ သင်္ကြန်ကျရက်ကျချိန်မှာ တပြိုင်တည်း ဖြတ်သန်းရသည်။

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်မှ ၁၅၀၀ ပြည့်ခန့်သို့ အထိများကောင်း အယနအံသာသည် စက်အံသာ ၂၃ နှင့်မျှ အနောက်(နောက်-ပရ)အဖို့သို့ရွှေ့ရောက်လျက် ရှိရသဖြင့် မဟာသင်္ကြန်မကျမီ ၂၃ ရက်မျှစော၍ နက္ခတ် မဇ္ဈေစက်ဝန်းနှင့် ကမ္ဘာ့အိကွေတာဝန်းကြီး နှစ်ရပ်ကိုနေကူး ကြန္တိမဏ္ဍလဖြင့် ပါတ(ဖြတ်သန်းချက်) ဖြတ်သန်း ဆိုက်ရောက်လျက်ရှိရသည်။



ယင်းသို့ စောကူးလျက် ရှိသော်လည်း ဖုဋ္ဌအဆိုက် အရောက်သည် နက္ခတ်ရာသီစက်အံသာ ၃၆၀ အဆုံးနှင့် စက်အံသာတစ်သို့၏ ရေအစပ် သိန္ဓိ (၀°) အံသာ မျဉ်းကြီးအရပ်မှာသာလျှင် ရှိရချေမည်။

သို့သော်(ပရ နောက်) အနောက်အဖို့သို့ ရွှေ့ရောက်လျက် ရှိရသော ၂၃ စက်အံသာ ပမာဏ၏ အချီးမှ ဂေါဠ၊ ဒိဂ်၊ ခန်းတန့်သို့ ဖိလာကြန္တိမှာ ယိမ်းယိုင်သင့် ဝိက္ခေပအံသာ ၉° အံသာ ခန့်မျှသော ပမာဏဘာဝဖြင့် ဥတ္တရဒိဂ် မြောက်ကြီးအဖို့သို့ အယိမ်းစောဘာ နက္ခတ်ရာသီစက်ကြီး၏ စက်အံသာ ၃၃၆ သို့နေ တနင်္ဂနွေဂြိုဟ် ရဝိဖုဋ္ဌ (၁၁ ရာသီ၊ ၆ အံသာ၊ ၃၀ လိတ္တာ) အရောက်မှာ ဗဟိုစက်ဝန်း အိကွေတာကိုကြန္တိပါတဖြင့် ဖြတ်သန်းဆိုက်ကူးလျက်ရှိလေပြီ။ ယင်းမှ အနာဂတ်တွင် ရွှေ့ရှားမှု ၂၄ အံသာ အယိမ်းအယိုင်၌ အချီးကျ ၁၀ အံသာခန့် အယနအပေါင်းခေတ်တွင် စောခြင်း အယန အနုတ် ခေတ်တွင် နှောင်းခြင်းများကို ပုခက်လွှဲသကဲ့သို့ (နှစ်ပေါင်း ၃၆၀၀ မှာ စော) (နှစ်ပေါင်း ၃၆၀၀ မှာ အနှောင်း) အယန အရွှေ့ အယိမ်းယိုင်သဘာဝ ပမာဏအလိုက် အချီးကျ အချီးကျ အဆင့်ဆင့်ကူးလျက် ကူးလျက် ရှိရချေမည်။

အထက်ဖော်ပြပါအကြောင်းအချက်များသည် နက္ခတ်ရာသီစက်ကြီး၏ အနောက် အရှေ့အမှတ်အသား စက်အံသာ ၃၆၀၏အဆုံး အဝသံ မှ စက်အံသာ တစ် ၏ အစ (အာဒိ) သို့ကူးဆဲ လက်ငင်းစက်အံသာသုည(၀°)၌သာ မြန်

ယသို့၏ မဟာသင်္ကြန်ကျအချိန်လက်ငင်းခဏ (တက္ကာလ)၌ တနင်္ဂနွေဂြိုဟ် (နေ)၏ အဆိုက်အရောက် ဒက္ခိဏာဒိဂ်၊ တူဂေါဠမှ ဥတ္တရဒိဂ်၊ မိဿဂေါဠ အရပ်သို့ ဆိုက်ရောက်ရွေ့ ကူး ဖြတ်သန်းခြင်းများကို ဖြစ်ကြုံစေခြင်း သဘာဝပေ တည်း။

၁၅။ ယင်းကဲ့သို့ပင်လျှင် နက္ခတ်ရာသီစက်ကြီး၏ စက် အံသာ ၁၈၀ ကန့်ရာသီအဆုံး တူရာသီအစ သန္ဓိ ဌာနတွင် ဥတ္တရဒိဂ် မိဿဂေါဠမှ ဒက္ခိဏာဒိဂ် တူဂေါဠ အရပ်သို့ ကူး ကျော်ခြင်း သဘာဝကြုံရပြန်သည်။ ဤတွင်လည်း နေရောက် စက်အံသာ ရဝိဖုဋ္ဌ မှာပင် အယနမှသာယနရဝိအရဒိဂ်ကြန္တိ အချိုးကျဖြင့် ကြန္တိပါတ ဖြတ်သန်းချက်ကိုဇော၊နှောင်း ထပ်တူ ဖြစ်ရပ်များအတိုင်း ဖြစ်စေသည်။

ယဉ်ဒွန်းတန်းနှစ်ရပ်အဖို့၌လည်း စက်အံသာ ၉၀ နှင့် ၂၇၀ အရပ်များတွင် ဖုဋ္ဌသဘာဝမှာ အယနနှင့်ကြန္တိ သဘာဝ သို့ ဂေါဠခန်းတန့်၏ အချိုးကျဖြင့် ဆိုက်ရောက် သည်။

ထိုအဓိကဌာနကြီး လေး ချက် မှာကဲ့သို့ ကျန်အခြား သော စက်အံသာ အယနအရွေ့အယိမ်း အဆင့်ဆင့် အခု ဖြစ်သည်။

တနင်္ဂနွေဂြိုဟ်(နေ)၏ သင်္ကြန်ပြောင်းနှင့်တကွ တနင်္ လာဂြိုဟ် အင်္ဂါဂြိုဟ် စသော ဂြိုဟ်များ၏ရာသီကူး၊ ရာသီ သွားများကို တွက်ရာတွင် အယန အယိမ်းကို ပဓာနမပြု၊ စက်အံသာ ဖုဋ္ဌကိုသာ ပဓာနပြုသည်။



၁၆။ နေ့တာ ညတာ နေထွက်ချိန်ဝင်ချိန် အရိပ်ဖဝါး နှင့် ဂြိုဟ်သွား ကြန္တိ တွက်ရာမှာသာလျှင် အယန အရွေ့ အယိမ်းအံသာ စသည်ကို ထည့်သွင်း တွက်ယူခြင်းရှိသည်။ ဂြိုဟ်လက်များကို တွက်ရာ၌ အသုဒ္ဓကိုသုဒ္ဓအဖြစ် အပြုများ မှာ သိသာ၏။

၁၇။ မြန်မာနှစ်မှ သုဒ္ဓိဒိန်ရက်များ

သုဒ္ဓိဒိန်ဟူသည် မြန်မာနှစ်သစ် နှစ်ဆန်း တရက်နေ့မှ အစပြု၍ ရေတွက်လျက် ရက်စဉ်အတိုင်း နှစ်ကုန်အထိမှတ် ယူလာသော ရက်များဖြစ်သည်။

တနင်္ဂနွေဂြိုဟ်၏မိန်မိဿ စသော တရာသီမှ တရာသီသို့ ပြောင်းချိန်မှာ မိန် မိဿစသော ရာသီဘာဝများ၏သန္ဓိ စက်အံသာအရပ်များသို့ ရဝိဖုဋ္ဌဆိုက်ရောက်ချိန်ရက်များကို ကျုံ့ရုံနက္ခတ်ကျမ်း၌ "ကဝသုဒ္ဓိန်နိုင်းချိန်ဆဋ္ဌ (၆)အရင်းပြု လျှင် တံဆရာမေ (၃၆၃) ဋ္ဌဒွါရေနှင့် (၂၈) သုညော ဆဋ္ဌ (၆၀) ကေနဝါ (၉၁) တဗ္ဗါရွှပ (၁၂၃) ဇယမျည်းယူ (၁၅၄) စတုဌာရယ် (၁၈၄) စုဒ္ဒသိစမ္မေ (၂၁၄) ဗုဇ္ဈောဇောနု (၂၄၄) တိမ္မကြန္န (၂၇၃) ရာမခန္တေ (၃၀၃) ဒွါရေတိတိ (၃၃၂) သုဒ္ဓိန်ရှိ၏။" ဆိုသော သုဒ္ဓိဒိန် များအတိုင်း ရာသီသုဒ္ဓိန်များသည် တနင်္ဂနွေဂြိုဟ်အဆိုက်အကူး ကိုသိသာနိုင်သည်။ မြန်မာနှစ်၏ သုဒ္ဓိန်အစသည် ခရစ် ဧပြီလ၁ရက်ကို သုဒ္ဓိန်(၁) ပြု၍ ရှေ့အဖို့သို့ ခရစ်နှစ် တ ပတ်လည် အစဉ်ရောက်ရက် ပေါင်းကို လည်း မှတ်ယူနိုင် သည်။

ထိုဘက် လွယ်ကူလိုလျှင် မြန်မာတို့နှစ်စဉ် ငိုက်နှိပ်ရောင်းချသော သိင်္ဂြိုဟ်သွား မြက္ခဒိန်ကို ကြည့်ရှုရှာဖွေနိုင်သည်။

ရာသီမသိ ပန်းနှင့်ညှိ ဆိုသကဲ့သို့ နက္ခတ်မသိက စန်း (စန်း=လ) နှင့်ညှိ တနည်းအားဖြင့် နက္ခတ်မသိ ဂြိုဟ်သွား ဂြိုဟ်ယှဉ်နှင့်ညှိ၊ ဂြိုဟ်သွား ဂြိုဟ်ရောက်ကိုမသိက နက္ခတ်အမြင်နှင့်ကြည့် ဂြိုဟ်များ၏ကြန့်အသွားကိုမသိက နက္ခတ်ရာသီစက်ကြီးမှ ဂြိုဟ်သွားလမ်းနှင့်ညှိဟူ၍ ၎င်းတို့ အချင်းချင်း အညာမညာ မြကြလှည့်ကြပုံကို လူ့အဆုံးငှာန ဤကမ္ဘာမြေမှ ရှာဖွေ ကြည့်မှတ် ဆက်စပ် မှတ်ယူ ရမည်ဖြစ်သည်။

၁၈။ နက္ခတ်စီး စက်အံသာမှ မိမိတို့၏ ဒေသအရ နေမွန်းတည့်ချိန် (နေ့ ၁၂ နာရီ) မှ လွန်ရောက်သော အချိန် နာရီများကို ရှာယူခြင်း(နေမွန်းတည့်မှ နေမွန်းတည့် အကြား ၂၄ နာရီ)

လိုသော တည့်နက္ခတ်၏ စီးသောစက်အံသာတွင် ထိုနေ့ပကတိ တနင်္ဂနွေ ရောက်သော ရဝိဖုဒ္ဓ စက်အံသာနှင့်နုတ်၊ မနုဘ်လောက်မူ နက္ခတ်စီးအံသာတွင် ၃၆၀ ကူ၍နုတ်၊ နုတ်ကြွင်းကို = ၁၅ ဖြင့်စား၊ ရသဉ်နာသီ၊ ယင်းနာရီစား ကြွင်းကို ၄ နှင့်မြှောက် ဒေသ၏ နေမွန်းတည့်မှ လွန်ရောက်သော ဒေသနာရီ။ (တနည်း မွန်းလွဲ နာရီဖြစ်၏။)

ဥပမာ မြန်မာသက္ကရာဇ် ၁၃၂၉-ခု နတ်တော်လဆန်း ၁၅ ရက် ခရစ် ၁၉၆၇-ခု၊ ဒီဇင်ဘာလ ၁၆ ရက်။ အဿဝဏီနက္ခတ် မွန်းတည့်ချိန်၏ တွက်ယူပုံ။



(က)။ အလိုရှိ အဿဝဏီ၏

နက္ခတ်စီးစက်အံသာ။ ... ၈

(အဿဝဏီ၊လျှ ညီတောက်ပ၊အင်္ဂစီးမှိ)

ထိုနေ့၊ နေရောက်ပကတိစက်အံသာ........ ၂၄၀

မနုတ်လောက်၍=(၈+၃၆၀)=(၃၆၈).... ၃၆၈

နုတ်ကြွင်းစက်အံသာ=(၃၆၈-၂၄၀)

=၁၂၈ ...........၁၂၈

—(၁၂၈÷၁၅)=

၈ နာရီနှင့် အကြွင်း=၈

=အကြွင်း ၈×၄ = ၃၂မိနစ်

=ထို့ကြောင့်ဒေသမွန်းလွဲ=

၈နာရီ ၃၂မိနစ်။

(ခ)။ မိဂသီနက္ခတ်စီးစက်အံသာ

(မိဂါ ခြောက်ဆယ်).... = ၆၀

မနုတ်လောက်၍ =(၆၀+၃၆၀) = ၄၂၀

နေရောက်အံသာ —၂၄၀နှင့်နုတ် = ၂၄၀

နုတ်ကြွင်းစက်အံသာ = ၁၈၀

=(၁၈၀÷၁၅) =၁၂-နာရီ

ထို့ကြောင့် နေလွဲ သန်းခေါင်=၁၂ နာရီတိတိ

(ဂ) မာဃနက္ခတ်စီးစက်အံသာ
=(နဝအက္ခာ) = ၁၂၉

နေထွက်—၇နာရီ(၁၂၉+၃၆)
—၂၄၀=၂၄၉÷၁၅
= ၁၆ နာရီ ၃၆ မိနစ်။

(ဃ) သတ္တဘိသျှ(မဈှောကျသား
သုံးရာ့ဆယ့်သုံး) = ၃၁၃
ထိုနေ့=(၃၁၃-၂၄၀)=၇၃÷၁၅ = ၄ နာရီ
၅၂ မိနစ်

ထိုနေထွက်၇နာရီများတွင် ၁မှ၆ အထိနာရီရသော်နေ မွန်းလွဲ၊ ၇မှ ၁၂ ထိ နေဝင်ကျော်မှ သန်းခေါင်၊ ၁၃ မှ ၁၈ အထိကို သန်းခေါင်ကျော်မှ နေထွက်ထိ၊ ၁၉ မှ ၂၄ အထိ နာရီများကို နေထွက်ကျော်မှ နေမွန်းတည့် အထိများဟူ၍ မှတ်ယူရာ၏။

၁၉။ ဒေသနာရီမှ မွန်းတည်နက္ခတ်စီး စက်အံသာဖြင့် လိုချိန် မွန်းတည့်နက္ခတ်ရှာပုံ။

လိုသော နာရီကို မိနစ်ပြု ၄ နှင့်စား ရသော လဒ်တွင် လိုနေ့ နေရောက် ရဝိဖုဋ္ဌအံသာဖြင့်နှော၊ များလျှင် ၃၆၀ ဖြို အကြွင်းနက္ခတ်စီး စက်အံသာဖြစ်၏။(အံသာ တူရာ နက္ခတ်မွန်းတည့်ချိန်ဖြစ်၏။)

လိုရာနာရီကို ယူရာ၌ မိမိဒေသ၏ နေမွန်းတည့်ချိန်မှအစပြု၍ မှတ်သော နေမွန်းလွဲ အချိန်မှ ရှေ့အဖို့ ဒေသ နေ



မွန်းတည့် ချိန် အထိ ၁ မှ ၂၄ အထိ ကြားနာရီကိုယူရာ၏။

ဥပမာ မြန်မာ ၁၃၂၉ ခု နတ်တော်လဆန်း ၁၅ ရက် ခရစ်နှစ် ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲ ၈ နာရီ ၃၂ မိနစ်အချိန်။

(က) ၈နာရီ ၃၂ မိနစ် = ၅၁၂ မိနစ်
၅၁၂ မိနစ်÷၄ = ၁၂၈အံသာ
ထိုနေ့ နေရောက်အံသာ = ၂၄၀ +
..............
အံသာပေါင်း = ၃၆၈ အံသာ
၃၆၀ ထက်များသဖြင့် = ၃၆၀ —
..............
လိုချိန်နက္ခတ်စီးအံသာ = ၈ အံသာ
မွန်းတည့်နက္ခတ်(အဿဝိုဏ်) =အဿဝဏီနက္ခတ်

(ခ) မွန်းလွဲ ၁၀ နာရီနှင့် ၁၅မိနစ်=၆၁၅ မိနစ်
၆၁၅မိနစ်÷၄ =၁၅၃ ၃/၄ အံသာ
လိုနေ့နေရောက်စက်အံသာ =၂၄၀ +
..............
စက်အံသာပေါင်း =၃၉၃ ၃/၄ အံသာ
၃၆၀ထက်များသဖြင့် =၃၆၀ —
..............
= ၃၃ ၃/၄ အံသာ
(ယာဂါရာမ) = ကြတ္တိကာနက္ခတ်

| | |
|---|---|
| (ဂ) မွန်းလွဲ ၁၆ နာရီ | = ၉၆၀ မိနစ် |
| | = ၂၄၀အံသာ |
| (၂၄၀+၂၄၀) | = ၄၈၀အံသာ |
| (၄၈၀−၃၆၀) | = ၁၂၀အံသာ |
| (ကြယ်ဖုသျှမှာ= တရာ့ခြောက်သာ) | = ဖုသျှနက္ခတ် |

# စုဒ္ဒသမပိုင်း

နိဂုံးအနကြောင်းအရာများ

ဤမြန်မာ့စဉ်လာနက္ခတ်တာရာအမြင်ကြည့် သင်္ချာစာနှင့် နေ၏ကြန္တီဝယာချပ် (ဂြိုဟ်ပတ်ဂြိုဟ်သွားလမ်း)များအကြောင်း၊ စုဆောင်းတင်ပြရေးသားခြင်းကို ရှည်လျားပြီးငွေ့ဖွယ်အဖြစ်သို့ မရောက်စေရန် နိဂုံးပြုပါတော့အံ့။

မိမိဘဝဖြစ်ရပ်င့် ဥာဏ်မမှီနိုင် မကြားစည်နိုင်သောအာသရိယဝါဒမရသော အကြောင်း အချက်များကိုမရေးရဲမရေးနိုင်ခြင်းများအတွက် ဟာချက်များကျန်သည်ကို စိတ်အားငယ်မိပါသည်။

ဟာချက် ဦးဟာကွက်သာလျှင်မဟုတ် ယခုတင်ပြခြင်းများတွင် အခေါ်အဝေါ် အရေးအမှတ် သတ်ပုံ ဆဒ္ဒါဝါစင်္ဂသော အသုံးအနှုန်း အလိုအပို ဝါကျမှားစ၍ရောခဖြစ်ရစ်များကို ခွင့်လွှတ်လျက် ပြင်ဆင်ဖြည့်စွက်၍ ဆက်လက်သုံးသပ်ကြပါကုန်။

ဝမ်းသာအားရ ဖြစ်မိသည်ကား နက္ခတ်တာရာ အမြင်များကို အချိန်အခါအားလျော်စွာ မိမိသိပြီးသမျှ ကြည့်မြင်ရခြင်း၊ သင်္ချာစာစီစဉ်ရာတွင် စနစ်ပုံ-ပုံကြမ်းများကိုရေး ပညာရှိကြီးများရေးသားထားရှိကြသော သိဒ္ဓန္တ၊ သံဟိတ၊ သရကျမ်းများ၊ အာဒိကပ္ပ-အာကာသသျှတ္တရ ကျမ်းများ နှင့် ယင်းရှေးကျမ်းများမှ ခေတ်အားလျော်စွာပေ-ပုရပိုက် ဇယားများတွက်နည်းတွက်ပုံ သချာများ၊ နက္ခတ်များ၌ ရှိသော ကြယ်များ၏ တည်ရှိရာဌာနများ၊ ဂြိုဟ်များ၏သွားရောက်လှည့်ပတ်ခြင်း၊ တပ်- ထပ်- ကြွတ်နှင့် အယှဉ်များ စသည်တို့ကို မျက်မှောက်ခေတ် ပထဝီ ဘာသာရပ် အရ ပေ-ပုရပိုက်ထက် ကျယ်ပြန့်သော ဂရပ် ဇယားများ၊ လုံးတုစနစ်ပုံများ၊ အလုံး၏ဝိုင်းခြမ်းများ၊ လုံးခြမ်းပြန့် စတုရန်းပုံများ လုံးခြမ်းနှင့် ရပ်လုံ့စတုဂံပုံများ၊ စက်ဝိုင်းဝန်း စက်ဝိုင်းဝန်းလျား(ဘဲဥပုံ)အဝန်း၊ ဝန်းစိတ်၊ လုံးနှင့်ခုံး၏အကောက်အကွေး သည်များ ဂြိုဟ်ပတ်လမ်းချင်း ဖြတ်သန်းချက်များကိုရေးမှတ်ခြင်းဖြင့်နက္ခတ်အမြင်၌အသွင်တူအမြင်တူစနစ်ပုံများကို တွေ့ရသဖြင့် ဝမ်းသာ အားရ ရှိလှပါသည်။

ယင်းစနစ်ပုံများကို ဆွဲသား စီစဉ်ခါမှ အာကာသ ကောင်းကင် နက္ခတ်ရာသီစက်ကြီး၏ အရှေ့ အနောက် တောင်မြောက်တည်းဟူသော အရပ်များ။ ရှေ့- နောက် (ပုဗ္ဗ-ပရ) တောင်+မြောက်(ဒက္ခိဏ-ဥတ္တရ) ရှေ့ နောက် အက္ခာ(ပုဗ္ဗအက္ခ ပရအက္ခ) တောင်မြောက်အတိမ်းဥတ္တရနှင့် ဒက္ခိဏ၊ ဝိက္ခေပ,) နေအယဉ်သွားရာ၌ ဥတ္တရယဉ် ခရီး၏





ကင်းမြီးကောက်ဗြိစ္ဆာရာသီ နှင့်ဒက္ခိဏာယဉ်ခရီး၏ စရောက်ရာ ပုဇွန်လုံး-ကရကဋ်ရာသီ တို့ကို သိရှိရပါသည်။ ကောဇာသက္ကရာဇ်နှစ်ကလိယုဂ်ခေတ်များအလိုက် အယနရွေ့၊ ယိမ်းယိုင်သဘာဝ-ဒိဂ်ဝိက္ခေပသို့ နေရောက် ရဝိဖုဋ္ဌစက်အံသာကြီးအရပ်ပေါ်မှသာလျှင် သာယနရဝိအရ ကျရောက်သင့်သော ဒိဂ်ဝိက္ခေပသို့ နေဆိုက်ရောက်ခြင်းရှိရသည်၊

ယင်းအချက်တွင် သာယနရဝိသည် ဇသုဒ္ဓဘာဝ၊ ရဝိဖုဋ္ဌစက်အံသာသည်သာလျှင် သုဒ္ဓဘာဝဖြစ်ရှိရသည်။

အာကာသနက္ခတ်ရာသီစက်တွင် ရာဟုဂြိုဟ်၏ ဌာနဖြစ်သောလ(တနင်္ဂလာဂြိုဟ်)၏ပါတကမ္ဘာမှနေကို တည့်တည့်တန်းတန်းမြင်ရပ် မျက်မြင်မျဉ်းတွင် နေကမ္ဘာ၏ပတ်လမ်း ကြန္တိမဏ္ဍလ စက်ဝန်းကြီး အရပ်သို့ လစဉ်ကမ္ဘာကို လှည့်ရာမှဖြတ်သန်းချက်မှတပါး အခြားသော ဂြိုဟ်များတို့သည် အရှေ့သို့သာ ရွေ့ရှုလည်ကြကုန်လျက် ရာဟုဌာနမှာ အနောက်သို့ ရွေ့ရှားခြင်း သဘာဝရှိရသည်။

ဤတွင် နေမှတပါး အင်္ဂါ ဗုဒ္ဓဟူး စသောဂြိုဟ်ခပ်သိမ်းတို့သည် နေ၏ ကြန္တိမဏ္ဍလ ပတ်လမ်း ပတ်ဝန်း အနီးအပါးတွင် လမ်းထပ် လမ်းဖြတ်၊ လမ်းကပ်များဖြင့် မိမိတို့၏ကြန္တိလမ်းဝန်း ကိုယ်စီကိုယ်စီတွင် နေပတ် ကြန္တိဝန်းသို့ စကြာသွားရာ ဗိုလ်ခြေပါ ဆိုသကဲ့သို့ လှည့်ရောက်လျက် ရှိကြရသည်။ ယင်းသို့လျှင် နက္ခတ်ရာသီစက် ကြီး၏ ဝန်းပတ် ဘဂဏ စက်အံသာစဉ်များ၌ အနောက်မှ အရှေ့သို့(လက်ဝဲရစ်) စက်အံသာဦးမှ နှောင်း( အာဒိမှ အဝသာ၊ ပုဗ္ဗ ပရ)

ဖုဋ္ဌအရောက် စက်အံ့သာတို့ဖြင့် စက်ရာသီများမှာ ဆိုက်ရောက်ကြသည်။

ယင်းဂြိုဟ်တို့၏ မြောက်မှတောင်နှင့် တောင်မှ မြောက်အဖို့ ဒိဂ်ကြန္တိ ဝိက္ခေပ ဆိုက်ရောက်ကြရခြင်းကိုကား ခေတ်နှစ်အရ အယနအံသာကို ခေတ်အားလျော်စွာ နှော၊ နုတ်လျက် တွက်ယူကာ ဒိဂ်ကြန္တိဘာဂကို မှတ်ယူပြီး တွင် နှောရလျှင် ပြန်၍နုတ် နုတ်ရလျှင် ပြန်၍နှောပါမှ ဂြိုဟ်တို့၏ အမှန်ဆိုက်ရောက်ရာ(ဖုဋ္ဌ) စက်အံသာ အခင်အကြွယ် အတိကျ ဌာနကို ရရှိစေသည်။

သို့လျှင် ခေတ်နှစ်များ၏ အယနအံသာကို ဂြိုဟ်တို့၏ ဆိုက်ရောက်သော ဖုဋ္ဌဂြိုဟ်စဉ်မှာ တွဲစပ်၍ အသုံးပြုသော အချက်များကား နေ့တာ ညတာ နေထွက်ချိန် နေဝင်ချိန် အရိပ်ဖီလာနှင့် ကြန္တိအဆိုက်များမှာ အသုံးပြုကြသည်။

ဂြိုဟ်တို့၏ စက်အံသာ ရာသီရောက်၊ ရာသီကူး၊ အထူးသဖြင့် သင်္ကြန်အကျ အကူးများ၌ ရဝိဖုဋ္ဌ စက်အံသာသက်သက်ဖြင့် တွက်ယူရ၏။

နေ-လနှင့် ရာဟုတို့မှာ ယင်းတို့ကြန္တိမဏ္ဍလတပတ်တာ ခရီး၌ မယုတ်မလွန် အချိန်မှန် လှည့်ရောက်ကြသည်။

အင်္ဂါ-ဗုဒ္ဓဟူး စသောဂြိုဟ်များမှာကြန္တိပတ်ခရီးတာကို အတိအကျမရ တရံတခါ လွန်-ယုတ်သောအသွား ပျက်ဆုတ်-တွေ့-ကဲတို့ဖြင့် လှည့်ကြသည်။

ယင်းသို့ ရှိကြခြင်းကို တွက်စဉ် မျက်မြင်များအရ သိရှိနိုင်သည်။



နေ၏ အလှည့်အရောက်ကို နက္ခတ်ရာသီစက်တွင် ပကတိမျက်စိဖြင့် အကြည့်အမြင် ခက်လှသော်လည်း နေ့တာ-ညတာ အရိပ်များနှင့် မဇ္ဈိစက်အီကွေ့တာယဉ်စွန်းတန်းရောက် အချိန်ကာလတို့ဖြင့် သိရ၏။

ညအချိန်များတွင် မြင်ရပ်၌ လှည့်ရောက်ကြသော လ-အင်္ဂါစသောဂြိုဟ်များ၏ နက္ခတ်ရာသီစက်မှာလှည့်ကြသော တပတ်တာ ကြန္တိဝန်း ဂြိုဟ်သွားလမ်းများနှင့်တကွ အဆိုက်အရောက်-အနေးအမြန် ရာသီစေ့ဝင့် နက္ခတ်ကြယ်များ၌ ရောက်-ယှဉ်-ဖြတ်သန်းခြင်းများကို နေထား မပျက်သော ကြယ်နက္ခတ်များဖြင့် မှတ်သားနိုင်သည်။

ဂြိုဟ်တို့သည် နေ၏ခေတ်နှစ်ကြန္တိမဏ္ဍလမှဖီလာဝိက္ခေပသို့ သိပ်ကြီး မတိမ်းပါးကြသော လှည့်သွားခြင်းတို့ဖြင့် ဝိုင်းပတ်သွမ်းကြီးလောင်းပွဲတွင် ရဟန်းတော်များ သွမ်းအလှူခံရန် တေရိစဉ်အလိုက် တန်းစီ၍ ကြွတော်မူသကဲ့သို့ ရှိကြလှည့်ကြသည်။

သို့သော် ဂြိုဟ်တို့တလုံးနှင့်တလုံး အသွားနှုန်း အလှည့်အရောက်နှုန်းများ မတူကြသဖြင့် တာပတ်ဝန်းပတ်ခရီးစဉ်၌ အမြန်အနေး မတူသော ယာဉ်များပြိုင်ကြ လှည့်ကြရောက်ကြသကဲ့သို့ မြန်နှုန်းရှိသော ယာဉ်သည် နှေးသော ယာဉ်ကို ကျော်တက်ခြင်း တပတ်မှတပတ် အထပ်ထပ် အပတ်ပတ်သို့ လှည့်ပတ်ခိုက်မှာ ရှေ့ကနောက်ကသို့ဖြစ်ကြလျက် ဝိုင်းပတ်ခရီးစဉ်၌ တခါတရံ အနေးသည် ရှေ့ကျရာမှ နောက်မှသို့ယှဉ်ကြ၊ ကျော်ကြ ဖြစ်ကြသကဲ့သို့ အာကာသ နက္ခတ်ရာသီစက်၏ စက်အံသာ ၃၆၀ သော

ဘဂဏ တပတ်အဝန်းသို့ ဂြိုဟ်များ သံသရာလည်လျက်ရှိကြသည်။

ကမ္ဘာမှ နက္ခတ်ရာသီစက် အစီအစဉ်တွင် မျက်မြင်အရ ဂြိုဟ်တလုံးနှင့်တလုံး ယှဉ်၊ နီး၊ ကပ်၊ ထပ်၊ ကြတ်၊ နှင့်ဖြတ်ကျော်ခြင်းများကို မြင်ရစေကာမူ အမြင်မှာ ဂြိုဟ်ပတ်စက်ဝန်းကြီး၌ တခရီးတည်းတလမ်းတည်းမှာလိုလို နီးနီးစပ်စပ်ထင်တပ်ရသော်လည်း လှည့်ဝန်းချင်း အကြယ် အကျဉ်း အကွာအဝေး နိမ့်မြင့်သဘာဝများ၌ မတူကြသဖြင့် အနေအထား ပျက်ပြားစေရန် တိုက်ခိုက် ထိပါးခြင်း မဖြစ်နိုင်ချေ။

ကမ္ဘာမြေနှင့် ခနအကြား၌ ရောက်ရှိသော ဂြိုဟ်မှာ ဆန်းလ ကဲ့သို့ အလင်းပမာဏ ငယ်၏။ ကမ္ဘာ၏ သမသတ်စက်၌ လပြည့်မှာကဲ့သို့ ကျရောက်ခိုက် ဂြိုဟ်သည် လင်းဝန်းလင်းရောင်များ၏ ကမ္ဘာမှနေ၏ နောက်ဖက်၌ ကျရောက်ခိုက်မှာ ရှိသောဂြိုဟ်သည် လင်းဝန်းပို၏။ သို့သော် နေကိုကျော်၍ နေနှင့်အနီးရပ်နှင့် နေရောင်လင်းသော ကမ္ဘာ့နေ့အချိန်များမှာ ကြုံကြသဖြင့် ပကတိမျက်စိဖြင့် ကောင်းစွာမမြင်ရ မမြင်နိုင်ချေ။

နောက်ဆက်တွဲ

# ပဥ္စာရသမပိုင်း

ဘဂဏတခု သို့မဟုတ်– ပမာဏတခု၏ အကြီးမှ အသေးသို့နှင့် အသေးမှ အကြီးသို့ အဆင့်ဆင့် အတိုင်းအတာ အခေါ်အဝေါ်နိယာမများ။

ရာသီစက်ဝန်း

| | | | | |
|---|---|---|---|---|
| တဒနု၏တဒနုလိတ္တာ | ၆၀မှာ | = | ၁ | တဒနုလိတ္တာ |
| တဒနုလိတ္တာ | ၆၀မှာ | = | ၁ | အနုလိတ္တာ |
| အနုလိတ္တာ | ၆၀မှာ | = | ၁ | ဝိလိတ္တာ |
| ဝိလိတ္တာ | ၆၀မှာ | = | ၁ | လိတ္တာ |
| အံသာ | ၃၆၀မှာ | = | ၁ | ရာသီစက်ဝန်း |

(အံသာကိုကလာ၊ ထိုမှအဆင့်ဆင့် ဝိကလာ၊ အနုကလာ၊ အနု၏အနုကလာ၊ တဒနုကလာနှင့် တဒနု၏ တဒနုကလာဟူ၍လည်းပိုင်းစိတ်ခေါ်ဝေါ်ကြသည်။)

## မိဿစသော ၁၂ ရာသီ

| | | | | |
|---|---|---|---|---|
| အနုလိတ္တာ | ၆၀မှာ | = | ၁ | ဝိလိတ္တာ |
| ဝိလိတ္တာ | ၆၀မှာ | = | ၁ | လိတ္တာ |
| လိတ္တာ | ၆၀မှာ | = | ၁ | အံသာ |
| အံသာ | ၃၀မှာ | = | ၁ | ရာသီ |
| ရာသီ | ၁၂မှာ | = | ၁ | စက်ဝန်း |

## မိဿစသောရာသီတို့၏ဝဂ္ဂ၆ပါး

| | | | | |
|---|---|---|---|---|
| ဟောရတ် | ၂ခုမှာ | = | ၁ | ရာသီ(မိဿစသည်) |
| တရင်း | ၃ခုမှာ | = | ၁ | ရာသီ |
| နဝင်း | ၉ခုမှာ | = | ၁ | ရာသီ |
| ဒွါဒသင်း | ၁၂ခုမှာ | = | ၁ | ရာသီ |
| တိံသင်း | ၃၀ခုမှာ | = | ၁ | ရာသီ |

## ရာသီဝဂ္ဂ ၆-ပါး၏ ပမာဏ အံသာများ

| | | | |
|---|---|---|---|
| တိံသင်း | ၁ ခုမှာ= | ၁ | အံသာ |
| ဒွါဒသင်း | ၁ ခုမှာ= | ၂ ၁/၂ | အံသာ |
| နဝင်း | ၁ ခုမှာ= | ၃ ၁/၃ | အံသာ |
| တရင်း | ၁ ခုမှာ= | ၁၀ | အံသာ |
| ဟောရတ် | ၁ ခုမှာ= | ၁၅ | အံသာ |
| မိဿစသောရာသီ | ၁ ခုမှာ= | ၃၀ | အံသာ |



## နက္ခတ်ရာသီစက်ဝန်းကြီး၏ဘဂဏ၌ ပါရှိကြသောဝဂ္ဂများ

| | |
|---|---|
| နက္ခတ်ရာသီစက်ကြီး၏ ဘဂဏ တခုလုံးမှာ တိံသင်းပေါင်း | ၃၆၀ |
| နက္ခတ်ရာသီစက်ကြီး၏ ဘဂဏတခုလုံးမှာ ဒွါဒသင်းပေါင်း | ၁၄၄ |
| နက္ခတ်ရာသီစက်ကြီး၏ဘဂဏတခုလုံးမှာ နဝင်းပေါင်း | ၁၀၈ |
| နက္ခတ်ရာသီစက်ကြီး၏ဘဂဏတခုလုံးမှာ တရင်းပေါင်း | ၃၆ |
| နက္ခတ်ရာသီစက်ကြီး၏ဘဂဏတခုလုံးမှာ ဟောရတ်ပေါင်း | ၂၄ |
| နက္ခတ်ရာသီစက်ကြီး၏ ဘဂဏတခုလုံးမှာ မိဿစသောရာသီပေါင်း | ၁၂ |

## နက္ခတ် တလုံးမှ အစိတ်အပိုင်းများ

၄ ဆင့်။

| | | | |
|---|---|---|---|
| အနုဿဍ္ဍိ | ၆၀ မှာ | = ၁ | ဝိဿဍ္ဍိ |
| ဝိဿဍ္ဍိ | ၆၀ မှာ | = ၁ | ဿဍ္ဍိ |
| ဿဍ္ဍိ | ၆၀ မှာ | = | နက္ခတ်တလုံး |

၅ ဆင့်။

အနုဿဍ္ဍိ ၆၀ မှာ = ၁ ဝိဿဍ္ဍိ
ဝိဿဍ္ဍိ ၆၀ မှာ = ၁ ဿဍ္ဍိ
ဿဍ္ဍိ ၁၅ မှာ = ၁ ပါဒ်
၄ ပါဒ်မှာ နက္ခတ်တလုံး။

## လ၏တိထိတခုမှ အပိုင်းအစိတ်များ

အနုဿဍ္ဍိ ၆၀ မှာ = ၁ ဝိဿဍ္ဍိ
ဝိဿဍ္ဍိ ၆၀ မှာ = ၁ ဿဍ္ဍိ
ဿဍ္ဍီ ၆၀ မှာ = ၁ တိထိ

## မြန်မာနာရီအစိတ်အပိုင်းများ

လူတို့မျက်တောင် ၁ခတ် = ၁ ခဏ
၁၀ခဏ = ၁ လျှ
၁၀လျှ = ၁ အက္ခ ( ခရာ လည်းဟူ)
၁၀ ခရာ = ၁ မြန်
၆မြန် = ၁ ဗီဇနာ
၁၅ဗီဇနာ = ၁ ပါဒ်
၄ပါဒ် = ၁ နာရီ
၆၀နာရီ = ၁ ရက်



## တနည်း မြန်မာနာရီ

၆၀အနုရာ = ၁ ဝိခရာ
၆၀ ဝိခရာ = ၁ ခရာ
၆၀ခရာ = ၁ ဗိဇနာ
၆၀ဗိဇနာ = ၁ နာရီ
၆၀နာရီ = ၁ ရက်

## စက်နာရီ

၆၀စက္ကန့် = ၁ မိနစ်
၆၀မိနစ် = ၁ နာရီ
၂၄နာရီ = ၁ ရက်

(ယင်းတွင် စက္ကန့်မှ အောက်သို့ ၆၀ ကျစီ ပိုင်းစိတ်လျက် ဝိစက္ကန့် အနုစက္ကန့်၊ တဒနုစက္ကန့်၊ တဒနု၏တဒနု စက္ကန့်သို့ အဆင့်ဆင့်ပိုင်းစိတ်နိုင်သေးသည်။

## လူ၏အရိပ်ကို ဖဝါးဖြင့် တိုင်းယူခြင်း

၆၈ ဆံခြည် = ၁ မုယော
၆၀ မုယော = ၁ ဖဝါး

### တနည်း ဖဝါးအတိုင်းအတာ

| | | | |
|---|---|---|---|
| ၁၀ ဆံခြည် | = | ၁ | နှမ်း |
| ၆ နှမ်း | = | ၁ | မုယော |
| ၄ မုယော | = | ၁ | လက်သစ် |
| ၁၅ လက်သစ် | = | ၁ | ဖဝါး |

### နေ—လ—ကမ္ဘာ နှင့် နာရီစသော လုံးဝိုင်း၏ပမာဏ များ

| | | |
|---|---|---|
| ၆၀ ဝိလ | = | ၁ ပလ |
| ၆၀ ပလ | = | ၁ ဒဏ္ဍ( ဆောင့် ) |

### နက္ခတ်ရာသီစက်ဝန်းနှင့် မိဿစသောဘာဝများ၏ ပမာဏ လိတ္တာများ

| | | |
|---|---|---|
| နက္ခတ်ရာသီစက်ဝန်းဘဂဏာအခုလုံးမှာ | လိတ္တာပေါင်း | ၂၁၆၀၀ |
| မိဿစသောရာသီတခုမှာ | လိတ္တာပေါင်း | ၁၈၀၀ |
| ဟောရတ်တခုမှာ | လိတ္တာပေါင်း | ၉၀၀ |
| နက္ခတ်တလုံးမှာ | လိတ္တာပေါင်း | ၈၀၀ |
| တရင်းတလုံးမှာ | လိတ္တာပေါင်း | ၃၀၀ |
| နဝင်းတလုံးမှာ | လိတ္တာပေါင်း | ၂၀၀ |
| ဒွါဒသင်းတလုံးမှာ | လိတ္တာပေါင်း | ၁၅၀ |



### မြန်မာပြက္ခဒိန်မှ နှစ်များ၏ ကာလပမာဏများ

သူရိယသံစ္စရ နှစ်တနှစ်= ၃၆၅-ရက်။ ၆-နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်။

နက္ခတ္တစန္ဒရနှစ်တနှစ်=၃၅၄ ရက်၊ ၈ နာရီ၊ ၄၈ မိနစ်၊ ၃၄ စက္ကန့်။

ဝေါဟာရ နှစ်တနှစ် = ၃၅၄ ရက်၊ ၀ နာရီ၊ ၀၀ မိနစ်၊ ၀၀ စက္ကန့်။

ဝေါဟာရဝါငယ်ထပ်နှစ် = ၃၈၄ ရက်

ဝေါဟာရဝါကြီးထပ်နှစ် = ၃၈၅ ရက်

### လ-သုံးမျိုး၏ ကာလ ပမာဏများ

သူရိယမာသ၊ တလ = ၃၀ရက်၊ ၈ နာရီ၊ ၅၁မိနစ်၊ ၃၃ စက္ကန့်။

နက္ခတ္တစန္ဒရမာသ တလ = ၂၉ ရက်၊ ၁၂ နာရီ၊ ၄၄ မိနစ်၊ ၃ စက္ကန့်။

ဝေါဟာရမာသ တလ = ၂၉ ရက်၊ ၁၂ နာရီ၊ ၀၀ မိနစ်၊ ၀၀ စက္ကန့်။

### အလျား အတိုင်း အတာ

| | | |
|---|---|---|
| ၁၂ - လက်မ | = | ၁ ပေ။ |
| ၃ ပေ | = | ၁ ယဒ် (တကိုက်) |

| | | |
|---|---|---|
| ၂၂ ယဗ် | = | ၁ သံကြိုး |
| ၁၀ သံကြိုး | = | ၁ ဖာလုံ |
| ၈ ဖာလုံ | = | ၁ မိုင် |

## မြန်မာအတိုင်းအတာ

| | | |
|---|---|---|
| ၁၀ဆံခြည် | = | ၁နှမ်း |
| ၆နှမ်း | = | ၁မုယော |
| ၄မုယော | = | တလက်သစ် |
| ၈လက်သစ် | = | ၁ မိုက် |
| ၃မိုက် | = | ၁တောင် |
| ၇တောင် | = | ၁တာ |
| ၂၀တာ | = | ၁ဥသဘ |
| ၂၀ဥသဘ | = | ၁ကောသ |
| ၄ကောသ | = | ၁ဂါဝုတ် |
| ၄ဂါဝုတ် | = | ၁ယူဇနာ |

## တနည်း မြန်မာ အတိုင်းအတာ

| | | |
|---|---|---|
| ၁၂လက်သစ် | = | ၁ ထွာ |
| ၂ထွာ | = | ၁တောင် |
| ၂တောင် | = | ၁ကိုက် |
| ၂ကိုက်(၄တောင်) | = | ၁လံ |



| | | |
|---|---|---|
| ၇တောင် | = | ၁တာ |
| ၁၀၀၀တာ | = | ၁မိုင် |
| ၆တိုင်နှင့်တာ၄၀၀ | = | ၁ယူဇနာ |

## ကမ္ဘာ၏အရှေ့ပိုင်း နိုင်ငံများ အတိုင်းအတာ

| | | |
|---|---|---|
| ၁ကီလိုမီတာ | = | ၄ဖာလုံ ၂၁၃ ယဒ်၂ပေ |
| | = | ၁၀၉၃ ၆၃ ယဒ် |
| ၁.၆၀၉၃ကီလိုမီတာ | = | ၁မိုင် |
| ၀.၉၁၄၄ကီလိုမီတာ | = | ၁ယဒ် ( တကိုက် ) (၂တောင်) |
| ၀.၃၀၄၈ မီတာ | = | ၁ပေ |
| ၂၅.၄ မီလီမီတာ | = | ၁လက်မ |

## အယန် မေရု နှင့် စကြဝဠာ အတိုင်းအတာ

| | | | | |
|---|---|---|---|---|
| ပရမာအဏုမြူ | ၃၆ | = | အဏုမြူ | ၁ |
| အဏုမြူ | ၃၆ | = | တဇ္ဇာရီမြူ | ၁ |
| တဇ္ဇာရီမြူ | ၃၆ | = | ရထရေဏုမြူ | |
| ရထရေဏုမြူ | ၃၆ | = | ရသာ | ၁ |
| ရသာ | ၇ | = | ဝါရိနတ | ၁ |
| ဝါရိနတ | ၈ | = | တရစ | ၁ |
| တရစ | ၇ | = | ကထာန | ၁ |
| ကထာန | ၆ | = | ရှုပ | ၁ |
| ရှုပ | ၁ | = | အထွာ | ၁ |

ရှပ ၅ = ၂တောင်နှင့်တထွာသည်(အယနတာ) တခု
ရှပ ၁၄ = ခုနစ်တောင်သည်(မေရုတာ) တခု
ရှပ ၂၄ = တဆယ့်နှစ်တောင်သည်
(စကြဝဠာ) တခု

တာ ၂၀ = ၁ဥသဘ
ဥသဘ ၂၂ = ၁ကောသ
ကောသ ၄ = ၁ဂါဝုတ်
ဂါဝုတ် ၄ = ၁ယူဇနာ

အယနတာပေါင်း၆၄၀၀ = အယန ၁ယူဇနာ
မေရုတာပေါင်း၆၄၀၀ = မေရုရ ၁ယူဇနာ
စကြဝဠာတာပေါင်း၆၄၀၀ = စကြဝဠာ၁ယူဇနာ

**အယနတာဖြင့်**- လူနှင့် တိရစ္ဆာန်တို့၏ အလုံးအရပ် နန်း-အိမ်-ဥယျာဉ်-ရေကန်-လှည်း-လှေ-ထီး စသည်တို့ကို တိုင်းရ၏။

**မေရုရတာဖြင့်**- မြင့်မိုရ်တောင်၊ သတ္တရဘန်၏ အစောက်အချင်း၊အကျယ်အဝန်းများကို တိုင်းတာရ၏။

**စကြဝဠာတာဖြင့်**- သီတာခုနစ်တန်၊ ကျွန်းကြီး၊ကျွန်းငယ်စသည်တို့၏ အစောက်အမြင့် အကျယ်အဝန်း တို့ကို တိုင်းတာရ၏။ (အာဒိကပ္ပ ကမ္ဘာဦးကျမ်း ၁၁၄။ ၂၃ အခန်း၂၃ စာမျက်နှာ ၁၁၄)



## ကမ္ဘာသုံး ခရစ်နှစ်

ကမ္ဘာသုံး ခရစ်နှစ်၏ ကာလပမာဏသည် နေဝင်နေထွက်ရက်ပေါင်း ( ၂၄ နာရီကျစီရှိသော ) ၃၆၅¼ရက် ခန့်မျှဖြစ်သည်။

### ခရစ်နှစ်၏တနှစ်၁၂လနှင့်ရက်များ

(၁) ဇန်နဝါရီလ ၃၁ ရက်
(၂) ဖေဖော်ဝါရီလ ၂၈ ရက်
(၃) မတ်လ ၃၁ ရက်
(၄) ဧပြီလ ၃၀ ရက်
(၅) မေလ ၃၁ ရက်
(၆) ဇွန်လ ၃၀ ရက်
(၇) ဇူလိုင်လ ၃၁ ရက်
(၈) ဩဂုတ်လ ၃၁ ရက်
(၉) စက်တင်ဘာလ ၃၀ ရက်
(၁၀) အောက်တိုဘာ ၃၁ ရက်
(၁၁) နိုဝင်ဘာလ ၃၀ ရက်
(၁၂) ဒီဇင်ဘာလ ၃၁ ရက်

ဇန်နဝါရီ၊ မတ်- မေ၊ ဇူလိုင်ပေ၊ ရက်ရေ သုံးဆဲ့တစ်။
ဩဂုတ်တဖြာ၊အောက်တိုဘာ၊ဒီဇင်ဘာလည်း သုံးဆဲ့တစ်။
ဧပြီဇွန်နှင့် စက်တင်ဘာ၊ နိုဝင်ဘာ ရက်သုံးဆယ်။

ဖေဖော်ဝါရီ၊ လ-တလီ၊ မမှီ နှစ်ဆဲ့ရှစ်။
လေးနှစ်တချက်၊ ၄င်းရက်၊ ပြောင်းလျက်နှစ်ဆဲ့ကိုး။
သက္ကရာဇ်အား၊ လေးရာစား၊ ပြတ်ပြွားနှစ်ဆဲ့ရှစ်။
နှစ်ပေါင်းလေးရာ၊ တရက်သာ၊ ပြန်ကာချေရ၏။

ယင်း၏နှစ်လရက်များ၏ ကာလပမာဏသည် မြန်မာတို့၏ ပြက္ခဒိန်မှ သူရိယ သံဝစ္ဆရနှစ် တနှစ်၏ ကာလပမာဏနှင့် ယခုမျက်မှောက်ခေတ်တွင် တူညီနီးစပ်သော သဘာဝကို ဖြစ်စေ၏။

ခရစ်လ ၁၂ လတို့သည်လည်း မြန်မာနက္ခတ္တစန္ဒရမာသ ၁၂ မာသ(၁၂လ)များနှင့်၊ စိတြမာသသည် ဧပြီလနှင့် စသည်ဖြင့် မာသ(လ)တို့ ချင်းကာလ ပမာဏ သဘာဝများတွင် တူညီနီးစပ်ကြသည်။ သို့သော် မြန်မာတို့၏လ (တနင်းလာဂြိုဟ်)ကိုပဓာနပြုသော လဆန်း လပြည့် လကွယ် စသော လ၏တိထိ ပမာဏ (ရက်များ)နှင့် မကိုက်ညီ၊ နက္ခတ္တစန္ဒရမာသများ၏ ရက်များနှင့်သာလျှင် ကိုက်ညီနီးစပ်ရသည်။

မိဿစသောသူရိယ(ရာသီလ)မာသများနှင့် သော်ကား တနင်္ဂနွေဂြိုဟ်ခေါ် (နေ)၏ တရာသီမှ တရာသီသို့ ရာသီပြောင်းချိန်သည် ခရစ်လများ၏ အလယ်ကျ ရက်များနှင့် နက္ခတ္တမာသ အလယ်ကျဒိဋ္ဌပြည့်ရက်များ၊ ခရစ်လကုန်ရက်နှင့်နက္ခတ္တမာသကုန်ဆုံးသော ဘာဝချင်း ထပ်တူမှ နှစ်ရက်ထက်မကွာကြသော သဘာဝရှိကြသည်။



## နက္ခတ်တာရာအမြင် ကြည့်ဘတ်အပ်ကြောင်း ပိုဒ်စုံရတု

( အစ အချ ပဒ သပ်ခေ့နှက်သုံးချက်ညီ )

၁။ ။နက္ခတ်အမြင်၊ ထဘ်ကောင်းကင်ဝယ်၊ အဦ လင်းထွက်၊ ရာသီစက်ဦ၊ ဝင်းလက်အရောင်၊ ကိုယ်ပိုင်ဆောင်တို့၊ ဆောင်းဘောင်မည်မျှ၊ ရှိလေစွာဟု၊ ရေမြခြင်းငှာ၊ မစွမ်းရာပ၊ အနန္တမှ၊ သဏ္ဍာသော၊ နက္ခတ္တာဟု၊ သညာခေါ်ငြား၊ ကြယ်စုများတွင်၊ နေထားမြဲလတ်၊ တည်ရာရပ်ကို၊ တိုင်းမှတ်ထားပြီး၊ နိသျှဉ်းပြ၊ သိဒ္ဓန္တနှင့်၊ သံဒိဋ္ဌလျှင်၊ ကပ္ပအာဒိ၊ ရှိရှိသမျှ၊ အာကာသလမ်း၊ နက္ခတ်ကျမ်းကို၊ မှီငြမ်းကိုးပြု၊ ရွေးထုတ်စုသော၊ မြင်ရှုနက္ခတ်၊ ထိုအဘတ်ကို၊ တဘ်လတ် မူကား၊ ပညာသားဖြင့်၊ ယောကျ်ားတန်ခွန်၊ လူရည်ချွန်က၊ မိုးစွန်ကမ္ဘာ၊ ကြယ်ကိုဆွတ်သော်၊ မလွှတ်စတမ်း၊ ရမြဲလမ်းကို၊ လက်လှမ်းဆိုက်လူ၊ ဂြိုဟ်ဘုဒ္ဓဟူးယာဉ်၊ သိပ္ပံရှင်တို့၊ လွှတ်ဘင်ကန်ထ၊ အာကာသသို့၊ ရောက်ကြကုန်ပြီ၊ မကြာမီ၌၊ ထိုညှိဂြိုဟ်ကြယ်၊ အသွယ်သွယ်သို့၊ ရောက်ဖွယ်ကိုလျှင်၊ နက္ခတ်မြင်နှင့်၊ ဂြိုဟ်စဉ်ဌာန၊ သူနိုင်မှသာ၊ လိုရှိရာသို့၊ ဒိဋ္ဌထက်ကြပ်၊ ရောက်စေလတ်မည်။ ။နက္ခတ်အမြင် သိဘို့ လိုသည်တည်း။

၂။ ။ထက်ရပ်တခွင်၊ စီအစဉ်ဖြင့်၊ ထပ်တင်ရှိကြ၊ သဘာဝဝယ်၊ ဂ နသေချာ၊ မှတ်ယူကာပ၊ ဒွါဒရာသီ၊ ပိုင်းခြားညီသော၊ သုံးလီကဏ္ဍ၊ အန္တရဟု၊ ခြောက်ဝရတု၊ ရှိကြမှုနှင့်၊ နှစ်ခုယှာဉ်ဆုံး၊ ဥတုသုံးလျှင်၊ မိုးဆုံးဆောင်းနွေ၊ ပိုင်းဝေဖြတ်ခြား၊ ဝီထိသွားကို၊ ပြဘ်သား သိမှို၊ စက်ရာသီ၌၊ ခြောက်လီဝဏ္ဍ၊ ဟောရတ္တသွင်း၊ တြင်းသုံးဖြာ၊ နဝင်္ဂနှင့်၊ ထပ်ကာမှတ်လျှင်း၊ ဒွါဒသင်းပ၊ တိံသင်း သုံးဆယ်၊ ပိုင်နက်နယ်တို့၊ သွယ်သွယ်ဖြာဖြာ၊ သိမြင်ပါက၊ ဇာတာဖွဲ့ရာ၊ လွယ်မည်သာတည့်၊ ကဗျာဖွဲ့မှု၊ စာအနု၌၊ ရေးပြုသမျှ၊ ဓားဂီတဝယ်၊ ဘာဝရာသီ၊ တခုစီမှာ၊ ယှဉ်မိနက္ခတ်၊ စန္ဒာနတ်နှင့်၊ ပြိုင်စပ်လင်းရောင်၊ ထွန်းလက်ပြောင်သော၊ ယှဉ်ဆောင်တာရာ၊ ပြဘင်္ဂါလည်း၊ လမ်းတာသုံးလီ၊ ဗာဟီမဏ္ဍ၊ အဓ္ဌောကျဟု၊ ဆိုပြကြောင်းရာ၊ နက်နဲပါမင့်၊ နွေးမဖင့်ဘဲ၊ လွယ်သင့်မြန်စွာ၊ ဆိုနိုင်ရာ၏၊ ကဗျာသည့်စပ်၊ ထိုနက္ခတ်သည်။ ။ထက်ရပ်အစဉ် ရှိလို့ ဆိုသည်တည်း။

၃။ ။ဆက်စပ်အစဉ်၊ ကမ္ဘာခွင်နှင့်၊ ထက်တွင်တည်ရာ၊ အဓ္ဌာမှ၊ တာရာနက္ခတ်၊ ထိုအဘတ်ကို၊ မှတ်မှတ်သိသိ၊ ပိုင်ပိုင်ရှိမှု၊ အဓိကရ၊ ဖြစ်ပျက်ထသော၊ ထွန်းပထောက်လင်း၊ ရောင်ညီးခြင်းနှင့်၊ အဆင်းဖြာဖြာ၊ ရှိကြရာတွင်၊ ကမ္ဘာဒေသ၊ တည်သမျှမှ၊ မြို့ပြတိုင်းပြည်၊ အတည်တည်မှာ၊ ဘယ်ပြည်ဘယ်မြို့၊ ဖြစ်တို့စို့ဟု၊ သိဘို့တွေ့ပြ၊ နိမိတ္တနှင့်၊ ဂြဟာလှည့်လည်၊ လမ်းကြန့်တွင်၊ တွင်းသည်ယုဒ္ဓ၊ ယှဉ်ယောဂတို့။ ကြုံကြထပ်သည်၊ တိတ်စွဲပြည်



သို့၊ ကောင်းမည်ဆိုးအုံ၊ ဖြစ်လတံ့ဟု၊ နှံ့နှံ့စပ်စပ်၊ မြင်နက္ခတ်မှ၊ ဖြစ်ရပ်သိစွာ၊ ငြိုဟ်ရှစ်ဖြာ၏၊ လမ်းတာရောက်မို့၊ ဗိဂြန္တီ၌၊ ရာသီကူးပြောက်၊ အသွားဖောက်ဟု၊ တောင်မြောက်ဝဲယာ၊ ဗေ့အာကာမှ၊ ဗျူဂ္ဂ–သိဟ၊ နိယတတို့၊ သွားထ–သုံးတန်၊ ဖြစ်ကြဟန်ကြောင့်၊ ဖောက်ပြန်ခြင်းရာ၊ ဤကမ္ဘာ၌၊ မိုးရွာလေတိုက်၊ ပျက်ဆိုက်ဥတု၊ ဆိုးဝါးမှုကြောင့်၊ စိုက်ပြုလယ်ယာ၊ သီးနှံဝါနှံ၊ လူမှာစိတ်ခေတ်၊ ပျက်ရတက်သည်။ ။ဆက်စပ်အစဉ် ကြည့်ဘို့ လိုသည်တည်း။

## မှီငြမ်းစာအုပ်စာတမ်းများ

၁။ သုရိယသိဒ္ဓန္တကျမ်းရင်းကြီး၊ ညောင်ကန် ဆရာတော်၊ ကော်ရော်နေရှင် စာပုံနှိပ်တိုက်၊ ၁၉၃၃။

၂။ ကန်ဦး သံဒိဋ္ဌစကားပြေ ကျမ်းသစ်၊ ဘဒ္ဒန္တကောသလထေရ်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်။

၃။ နေမိတ္တက ဝိဋ္ဌာကျမ်းရင်း၊ မဟာဓမ္မသင်္ကြန် မောင်းထောင် သာသနာပိုင်၊ မြန်မာ့တာရာ ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၂၄။

၄။ ကန်ဦးသံဒိဋ္ဌဇာတာကောက်ကိန်းကျမ်း၊ ဘဒ္ဒန္တကောသလထေရ်၊ ဇမ္ဗူမျက်မှန် စာပုံနှိပ်တိုက် ၁၉၃၈။

၅။ အာဒိကပ္ပကမ္ဗာဦးကျမ်း၊ စစ်ကဲကြီးဦးရွှေနော်။

၆။ ကျိုရှန်ကွတ်ဒီပနီကျမ်း၊ ဦးဖောင်ထူး ပြည်မြို့ သီ-ရိဘုရားသား ၁၂၉၂။

၇။ အာဒိကပ္ပဒွါဒရာသိ နက္ခတ်ကျမ်း၊ ခင်ကြီးဖျော် လောကသာရပုံနှိပ်တိုက်၊ ၁၂၈၇။



၈။ အာကာသသျှုတ္တရ၊ မုံရွေးဆရာတော်၊ မိတ္ထီလာမြို့ (မအေးတင်) ပိဋကတ်ပုံနှိပ်တိုက် ၁၂၉၁။

၉။ လောကုပ္ပတ္တိပကာသနီကျမ်း၊ ဦးဖိုးမြ ကဝိမျက်မှန် ပုံနှိပ်တိုက် ၁၂၈၈။

၁၀။ မဟာသုတ္တာတကကျမ်း၊ ရွှေပြည်ဝန်ကြီး၊ ရတနာသိဒ္ဓိ ပိဋကတ်ပုံနှိပ်တိုက် ၁၉၂၃။

၁၁။ သရဝိဇ္ဇောဒယကျမ်း၊ မဟာမင်းကျော် သခ်ယာ ဇမ္ဗူမျက်မှန် ၁၂၆၅။

၁၂။ သရကျမ်းသစ်စကားပြေ၊ ဦးဒီပဓဇ ရတနာဒီပ ၁၉၃၄။

၁၃။ သံဒိဋ္ဌသင်္ကြန် လက်ရိုးကျမ်း၊ ဘဒ္ဒန္တသီလဝံသ၊ ရတနာဒီပ ၁၂၉၀။

၁၄။ ပကိဏ္ဏကဒီပဏီကျမ်း။

၁၅။ သံဒိဋ္ဌလက်ာတွက်ပုံ၊ ကနီအတွင်းဝန်မင်းကြီး မဟာမင်းခေါင် သခ်ယာဇမ္ဗူမျက်မှန် ၁၂၆၅။

၁၆။ သံဒိဋ္ဌကျမ်းစကားပြေသစ်၊ ဦးဒီပဓဇ မောင်ဝင်းပုံနှိပ်တိုက် ၁၂၉၀။

၁၇။ သရကျမ်းသစ်စကားပြေ၊ ဦးဒီပဓဇ၊ ရတနာဒီပ ပိဋကတ်ပုံနှိပ်တိုက် ၁၉၃၄။

၁၈။ ဘာသုတိတွက်ရိုးစကားပြေကျမ်း။ ဗေဒင်ပညာရှိ ကိုရင်ကြီး။ မန္တလာဘုမ္မိ စာပုံနှိပ်တိုက် ၁၂၉၅။

၁၉။ ကျောင်းသုံး ပထဝီဝင်နှင့် မြေပုံစာအုပ်များ။
၂၀။ အာကာသလောက၊ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း။
၂၁။ ဂြိုဟ်စီးဂြိုဟ်နင်း၊ သခင်ဘသောင်း၊ စာပေဗိမာန်။
၂၂။ နက္ခတ်တာရာပုံ။ ကလိန်စီ။ မြန်မာစာပုံနှိပ်တိုက် ၁၉၀၈။

## ပုံများ

၁။ စက်အံသာ မျဉ်းများပုံ
၂။ ဒီဂ်အံသာမျဉ်းများပုံ
၃။ မဇ္ဈစက်နှင့် ယဉ်စွန်းတန်းများပုံ၊
၄။ စက်အံသာမျဉ်းများနှင့် ဒီဂ်မျဉ်းများပုံ၊
၅။ ဒီဂ်အံသာမျဉ်းများ
၆။ ယဉ်စွန်းတန်းများနှင့် နေကူးကြန့်လမ်း (သာသနရာဝီများအရ)
၇။ နက္ခတ်ရာသီစက်ပုံ
၈။ အယန်နှစ်ရာသီတွင် နက္ခတ်များနှင့် ဗိုဟ်နက္ခတ်များ၌ ပါဝင်ကြသော ကြယ်အသီးသီးတို့၏တည်ရာ စက်အံသာနှင့်၊ ဒီဂ်အံသာများပုံ၊
၉။ ရာသီစက်နှင့် နက္ခတ်တာရာများပုံ၊
၁၀။ နက္ခတ်ရာသီစက်တွင် အယနပိုင်း၌ သာရနရဝိအရ နေကြန့်ကူးပုံ၊
၁၁၊ နက္ခတ်ရာသီစက် တျုရှကျမ်းအရ
၁၂။ နက္ခတ် ရာသီစက်၌ နှစ်ဝဉ်၊ နေရောက်ပြက္ခဒိန်၊
၁၃၊ မြန်မာနိုင်ငံ ညနေပိုင်းစံတော်ချိန်၊ မွန်းလွဲပိုင်း (၆) နာနာရီအချိန်အရ၊ ကမ္ဘာပေါ်အရပ်ရပ်တွင် အချိန်နာရီများ

၁၄။ တပ်ကြည့် နက္ခတ်ရာသီစက်အဖို့ နေခက်ခံနာရီ စက်ဝန်း

၁၅။ မြန်မာသက္ကရာဇ်၊ ၁၃၂၉ ခု၊ နတ်တော်လဆန်း ၁၅ ရက်၊ ည (၈)နာရီတိတိ၊ ခရစ်သက္ကရာဇ် ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၁၆ ရက်၊ ကမ္ဘာ၏ အရှေ့လန်ဂျီကျုဒ် ၉၇ ဒီ အံသာ၌ နက္ခတ်စက်အံသာ ၃၆၀ မွန်းတည့်တည့်ပုံ

၁၆။ နက္ခတ်ရာသီနှင့် ကြန္တိဗေယျာ:ချုပ်နေပတ်လမ်း။

မှတ်ချက်။ ။ပုံ(၁၄) (၇)မှ ဖြတ်ပိုင်း (၁၃) နှင့် (၁၂)ပုံ။ ပုံ ၄ ပုံကို ဗဟိုချင်း ထပ်ယှ လျက် ၇ ကို ၁၄ ၌ ဗဟိုချင်း တွယ်လျက် ၂၂ ၏ မြင်ကွင်းကို လှီးထုတ်ပြီးသော် နက္ခတ် အမြင်ကြည့် ထပ်စက် ပြုလုပ်စီစဉ် အသုံးပြုပါ။

စက်အံသာမျဉ်းများပုံ။



ဒက္ခိဏဂြာနဝိုင်း။ ဥတ္တရဂြာနဝိုင်း။

နိဂိအံသာမျဉ်းများပုံ။



ဒက္ခိဏနိဂိဂြာနဝိုင်း။ ဥတ္တရနိဂိဂြာနဝိုင်း။

မဇ္ဈစက်ခွင်ယာဉ်စွန်းတန်းများပုံ။



ဒက္ခိဏဂြာနဝိုင်း။ ဥတ္တရဂြာနဝိုင်း။

စကြဝဠာ မျဉ်းများနှင့် ဒီဂရီကြောင်းများပုံ ၊



တူရကါလနှင့်ပါဝင်သော အဝိုင်း၊ မိဿာဝါလနှင့်ပါဝင်သော အဝိုင်း၊







နက္ခတ်ဂြာသိ စက်ပုံ ၊



၇) ရာသီတွင် နက္ခတ်များနှင့် ငယ်းနက္ခတ်များ၌ ပါဝင်ကြသော ကြယ်စာသီးသီးတို့၏ တည်ရာ စက်ဝန်းသာနှင့် မြင်ကွင်းပုံ




၈. လမ်းစဉ်သည် မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်အခါ ဖြစ်ကျောက်ငုံး လမ်းစဉ်အနီးစပ်ဖြင့် ၁၃၀၀ မှ ၁၀၀၀ ထိ နှစ်ပေါင်း ၅၀၀ ခန့်ရှာနေသည်ဟု ပြသည်။




ရာသီစက်နှင့် နက္ခတ်တာရာများပုံ



## နေ့ရှက်ရာသီစက် ၊ ကျုံ့ရှာကျမ်းအရ။



ရာသီစက်၏ ဘာဂတာဓနု-သဘာဝ-အဝိုင်း-ဓာတ်စာခေါ်စာငေါ်များ။

# နက္ခတ်ရာသီစက်၌နှစ်စဉ်နေရောက်ပြက္ခဒိန်



ညွှန်ပြချက်။ အပြင်ဘက်ဆုံးစက်ဝန်းအကန့်သည် ဂဏ်ဖွဲ့သားများ။

ယင်းမှအတွင်း - ဒုတိယ - စက်ဝန်း အကန့်သည် ။ မိဿစသော ၁၂-ရာသီ၏ ဘဝပိုင်းများ။

တတိယ- ........ ဧပြီစသော ခရစ်လ-၁၂-လ။

စတုတ္ထ ........ ခရစ်လနှင့်ကိုက်ဆိုင်တတ်သောရက်များ။

ပဉ္စမ ........ သူရိယနှစ်၏ သုဒ္ဓဒိန်များ။

တို့မှအလယ်ပိုင်းတွင်း - နက္ခတ်-၂၇-လုံးနှင့် စုနှစ်စဉ် ချပ်စသော ကြက်တာရာများ။

မှတ်ချက်။ ဤပြက္ခဒိန်စက်တွင် ဂဏ်ဖွဲ့သား၊ တနင်္ဂနွေရာသီပြောင်းနှင့် သုဒ္ဓဒိန်များမှာ နှစ်စဉ် တိုက်ညီစေသည်။

ခရစ်သက္ကရာဇ်ရက်များ - တခါတရံကိုက်ညီ၍၊ တခါတရံတွင် တရက်နှစ်ရက်ကွာတတ်သည်။

မြန်မာနိုင်ငံ ညဥ့်နေ့ပိုင်း စံတော်ချိန် မွန်းလွဲပိုင်း ၆-နာရီ အချိန်အရ၊

ကမ္ဘာပေါ်အရပ်ရပ်တွင်း အချိန်နာရီများ။



မြန်မာနိုင်ငံ စံတော်ချိန်ညဥ့်နေ့ပိုင်း - ၆-နာရီ - အမေရိကသောင်ကိုတွင် ၉ နာရီ၊

ကမ္ဘာ့ချိန် ဂရင်းနစ် မွန်းလွဲ - ၁၂-နာရီ - ဟောင်ကောင်တွင် ဝ နာရီ။

## ထပ်ကြည့် နက္ခတ်ရာသီစက်အဝိုင်း နောက်ခံနာရီစက်ဝန်း ။

(မြန်မာစံတော်ချိန် နာရီ ၊ ၆ ၃ နာရီ = ဂရိုးနစ် စံနာရီ ၊)



လှည့်ပိုင်း နက္ခတ်စက်ပုံ၌ အလိုရှိချိန်တွင် နေရောက်စက်အံသာ (ဆိုဖုန်)ဌာနကို အလိုရှိချိန် နာရီအမှတ်သို့တည့်တည့်ထား၍ ကြည့်ပါ ဝိုင်းထားပါလေ၏၊ ထိုအခါ မြင်ရသောနက္ခတ်များသည် မြင်ရပ် ဖြစ်သော မိုးကုပ်စက်ဝန်း မြင်ကွင်းအတွင်းသို့ရောက်ရှိမည် ။

မြန်မာသက္ကရာဇ် ၁၃၂၉ ခု ၊ နတ်တော်လဆန်း ၁၅ ရက် ၊ ည ၈ နာရီ တိတိ ၊

ခရစ်သက္ကရာဇ် ၁၉၆၇ ခု ၊ ဒီဇင်ဘာလ ၁၆ ရက် ၊

တချက်အားဖြင့် ထိုနေ့တွင် ဂရုဒ်ဝင်သော နက္ခတ်စက်အံသာ ၃၆၀ မှန်းသည့်တည့်ပုံ ၊



နေရောက် ၊ ရာသီ ၊ နက္ခတ်ရာသီစက်အံသာ = ၂၄၀

မြင်ကွင်း ... ရာသီ ... ဂရုဒ်ပေါ်၌ ထက်ဝင်း

... နက္ခတ်ရာသီစက် - ထက်အံသာ = ၃၆၀

... ကြား အကွာ အံသာ = (၃၆၀-၂၄၀)

= ၁၂၀

... နာရီ ... နာရီ = (၁၂၀ ÷ ၁၅)

= ၈ နာရီတိတိ ။

... ည ၈ နာရီ ... ၁၂ နာရီ ။

... နာရီ ... ရောက်သွားကြမည် ။



# နက္ခတ်ရာသီနှင့် ကြန္တီဇယားချုပ်နေပတ်လမ်း ။



ကြန္တီစဉ်အညွှန်း

| | | |
|---|---|---|
| Numbered<br>Process lab | Cut | Stamped |
| Book-Plated | Catalogued Slip.<br>Annotation. | Checked |
| Accessioned<br>B 40461 | Book-cared | Finally Checked and Issued |

Process Stamp.

B 40461



၁၉၆၈ ခုနှစ် အမျိုးသားစာပေ
သုတပဒေသာ ဇာတိယဆု
"မြန်မာ့စဉ်လာ နက္ခတ်တာရာ
အမြင်ကြည့်သင်ခန်းစာ"
ရေးသားသူ - ဦးမိုး

၁၉၀၁ ခုနှစ်တွင် မုံရွာခရိုင် ဘုတလင်မြို့နယ် ယုန်လေးကုန်းရွာ၌ မွေးဖွားသည်။

အသက် ၃၀ အရွယ်ကစ၍ နက္ခတ်အမြင်ကြည့်ပညာကို လေ့လာဆည်းပူးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ပညာသတင်းစာ သူရိယ မဂ္ဂဇင်း သူရိယ သတင်းစာများတွင် မြန်မာ နက္ခတ်ပညာ ဆောင်းပါးများ ရေးသားခဲ့သည်။

အစိုးရ မူလတန်း ကျောင်းအုပ် အဖြစ်ဖြင့် နှစ်ပေါင်း ၄၀ ကျော် အမှုထမ်းခဲ့၍ ယခုအခါ အငြိမ်းစားယူထားပြီး ဖြစ်သည်။

အဖိုး
၄